http://www.dhammadownload.com

မဟာစည်နာယက

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

**သဒ္ဓမ္မရံသီရိပ်သာဆရာတော်**

အရှင်ကုဏ္ဍလာဘိဝံသ

ရေးသားစီရင်သော

# သိကောင်းစရာ

# ဓမ္မပဒေသာ

နဝမတွဲ

သာသနာ-၂၅၄၃ ကောဇာ-၁၃၆၁ ခရစ်-၁၉၉၉

http://www.dhammadownload.com

# ဤစာအုပ်မှာ သိကောင်းစရာ
# ဆောင်ပုဒ်များ

❖ ငါးပါးရန်စု၊ ဆက်ဆံမှုကြောင့်၊ ပစ္စည်းဥစ္စာ၊
အဖြာဖြာ၊ မှန်စွာ နှစ်မမည်။

❖ ပစ္စည်းထဲမှ၊ ထုတ်ယူရ၊ ဒါန အနှစ်မည်။

❖ ဒါနအရာ၊ ဝမ်းမြောက်တာ၊ မှန်စွာဓိက ဖြစ်ပေသည်။

❖ သက်ရှည်ဆင်းလှ၊ ချမ်းသာရ၍၊ များလှခြံရံ၊ စိုးရပြန်၊
ငါးတန်ဒါနအကျိုးတည်း။

❖ ရောဂါအစု၊ ဆက်ဆံမှုကြောင့်၊ ဤကိုယ်ခန္ဓာ၊ အဖြာဖြာ၊
မှန်စွာ နှစ်မမည်။

❖ ခန္ဓာကိုယ်မှ၊ ထုတ်ယူရ၊ သီလ အနှစ်မည်။

❖ အနိစ္စသဘော၊ နှိပ်စက်သောကြောင့်၊ အသက်ဇီဝိ၊
အဖြာဖြာ၊ မှန်စွာ နှစ်မမည်။

❖ သက်ဇီဝမှ၊ ထုတ်ယူရ၊ ဝိပဿ် အနှစ်မည်။

❖ ဝိပဿနာမှာ၊ ဥပေက္ခာ၊ မှန်စွာဓိက ဖြစ်ပေသည်။

❖ အကြောင်းလေးဖြာ၊ ဆုံဖို့ရာ၊ လွန်စွာ ခဲယဉ်းသည်။

❖ ဆုံခဲလှစွာ၊ ကြောင်းလေးဖြာ၊ ဆုံကာနေကြပြီ။

❖ အကြောင်းလေးဖြာ၊ ဆုံခိုက်မှာ၊ အရိယာမဂ်ဟာ ရသင့်သည်။

ဤဆောင်ပုဒ်များနှင့်အလားတူ သိကောင်းစရာများကို
ထည့်သွင်း ဖော်ပြထားပါသည်။

http://www.dhammadownload.com

မဟာစည်နာယက

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

# သဒ္ဓမ္မရံသီရိပ်သာဆရာတော်

# အရှင်ကုဏ္ဍလာဘိဝံသ

ရေးသားစီရင်သော

# သိ ကောင်း စ ရာ

# ဓမ္မပဒေသာ

## နဝမတွဲ

သာသနာ-၂၅၄၃ ကောဇာ-၁၃၆၁ ခရစ်-၁၉၉၉

http://www.dhammadownload.com

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် (၃၁/၉၉) (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၄၃/၉၉) (၁၁)

**ပုံနှိပ်ခြင်း**

ပထမအကြိမ်

အုပ်ရေ - ၃၀၀၀

**ထုတ်ဝေခြင်း**

၁၉၉၉ခုနှစ်၊ အောက်တိုဘာလ

**တန်ဖိုး**

(      )ကျပ်


**မျက်နှာဖုံး**

သီရိနန္ဒာ ပုံနှိပ်တိုက်

**ပုံနှိပ်–ထုတ်ဝေ**

ဦးနန္ဒ [ ၀၃၅၉၇ ]၊ သီရိနန္ဒာ စာပုံနှိပ်တိုက်၊ အမှတ် - ၂၁၅၊ ၃၂လမ်း၊ ရန်ကုန်မြို့မှ ပုံနှိပ်၍၊ ဒု - ဗိုလ်မှူးကြီး တင်အောင် (အငြိမ်းစား) [၀၃၃၆၆] သဒ္ဓမ္မရံသီစာပေ၊ အမှတ် - ၇၊ ဇေယျာခေမာလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေသည်။

http://www.dhammadownload.com



သဒ္ဓမ္မရံသီရိပ်သာပဓာနနာယကဆရာတော်
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
အရှင်ကုဏ္ဍလာဘိဝံသ

http://www.dhammadownload.com

# နိဒါန်း

ယခုဖတ်ရှုကြရမည့်စာအုပ်သည် လစဉ်ထုတ်ဝေလျက်ရှိသော မြတ်မင်္ဂလာစာစောင်နှင့် မြစ်မခစာစောင်တို့၌ သဒ္ဓမ္မရံသီရိပ်သာဆရာတော်ဘုရား ဓမ္မလက်ဆောင်အဖြစ်ဖြင့် ရေးသားချီးမြှင့်ခဲ့သော တရားဆောင်းပါးများကို ပြန်လည် စုပေါင်းကာ ထုတ်ဝေလိုက်သော နဝမတွဲစာအုပ် ဖြစ်ပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်ဘုရား ရေးသားတော်မူခဲ့သော တရားဆောင်းပါးများကို မဖတ်ရှုရသေးသော စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန်နှင့် ဖတ်ရှုပြီးကြသော စာဖတ်ပရိသတ်များလည်း ပြန်လည်လေ့လာကြည့်ရှုနိုင်ကြရန်အတွက် တရားဆောင်းပါးပေါင်း သုံးဆယ့်သုံးပုဒ်ကို စုပေါင်း၍ ဤ နဝမတွဲစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်တို့သည် ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ဟူ၍ များပြားလှပေသည်။ ထိုတရားတော်တို့ကို လူ့ဘောင်၊ လူ့လောက၌ နေထိုင်ကြကုန်သော ပုဂ္ဂိုလ်များ ပြည့်စုံအောင် သင်ယူလေ့လာနိုင်ဖို့ရာ မလွယ်ကူကြပေ၊ ခဲယဉ်းလှပေသည်။ ဤကဲ့သို့ သင်ယူလေ့လာနိုင်ဖို့ရာ ခဲယဉ်းကြသော ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ် တရားတော်တို့မှ မှတ်သားဖွယ်ရာများကို ရှာဖွေထုတ်နုတ်၍ ဤစာအုပ်၌ ရေးသားဖော်ပြထားပါသည်။

ဤစာအုပ်ကို ကျေးဇူးတော်ရှင် သဒ္ဓမ္မရံသီရိပ်သာဆရာတော်ဘုရားက "သိကောင်းစရာ ဓမ္မပဒေသာ" ဟူ၍ အမည်ပေးထားပါသည်။ ပဒေသာဟူသော အမည်သည် ကပ္ပရုက္ခဟူသောပါဠိမှ ပေါက်ပွားဆင်းသက်လာသော အမည် ဖြစ်ပေသည်။

ရှေးအခါက ဘုန်းကံကြီးမားသူများအတွက် ကပ္ပရုက္ခဟု ခေါ်သော ပဒေသာပင်များ မြေမှထွက်ပေါ်၍ လာကြပေသည်။ ယင်းပဒေသာပင်များမှ အဝတ်အထည်နှင့် စားဖွယ်သောက်ဖွယ်စသည်များကို အလိုရှိတိုင်း ဆွတ်ခူးသုံးစွဲနိုင်ကြသကဲ့သို့ "ဤသိကောင်းစရာဓမ္မပဒေသာ" နဝမတွဲစာအုပ်၌လည်း မြတ်စွာဘုရားဟောကြားတော်မူခဲ့သော ပိဋကတ်တရားတော်များမှ သိကောင်းစရာအနှစ်သာရတို့ကို စာဖတ်သူပရိသတ်များ ဆွတ်ခူးထုတ်ယူနိုင်ကြလိမ့်မည်ဟု ဆိုလိုရင်း အဓိပ္ပါယ် ဖြစ်ပေသည်။

http://www.dhammadownload.com

# နိဒါန်း

ဤ "သိကောင်းစရာဓမ္မပဒေသာ" နဝမတွဲစာအုပ်မှ ဆွတ်ခူး ထုတ်ယူနိုင်သော အနှစ်သာရများမှာ -

(၁) လောကီဘက်ကလည်း ရှောင်ကြဉ်ဖွယ် လိုက်နာဖွယ်ရာများ၊ သိကောင်းစရာ သဘောတရားများ၊ ဩဝါဒများ စသည့် အနှစ်သာရများကို ဆွတ်ခူးထုတ်ယူနိုင်ကြမည် ဖြစ်ပေသည်။

(၂) လောကုတ္တရာဘက်ကလည်း ပါဠိတော်၊ အဋ္ဌကထာများမှ လာရှိသော ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ သိထားကြရမည့် ဗုဒ္ဓမြတ်စွာ၏ အခြေခံတရားတော်များ၊ ပြည်ပတရားစခန်းများ၌ သမထဝိပဿနာ ဆိုင်ရာ မေးကြသည်များကို ဖြေကြားပေးခဲ့သော မှတ်တမ်းများကိုလည်း ဆွတ်ခူး ထုတ်ယူ ဖတ်ရှုနိုင်ကြမည်ဖြစ်ပေသည်။

ဤ "သိကောင်းစရာ ဓမ္မပဒေသာ" နဝမတွဲစာအုပ်မှ ထုတ်နုတ်၍ ဟောကြားလိုကြသော တရားဟော တရားပြ ဆရာတော် သံဃာတော်များ အတွက်လည်း လွယ်ကူစွာ လေ့လာနိုင်ဖို့ရာ ပါဠိတော် အဋ္ဌကထာများ၏ စာမျက်နှာ နံပါတ်တို့ကို ထည့်သွင်းဖော်ပြထားပါသည်။

ပါဠိတော် အဋ္ဌကထာများမှလာသော တရားတော်များ၏ အနှစ်သာရများကို ထုတ်ယူကာ ထည့်သွင်းဖော်ပြထားသော ဤ "သိကောင်းစရာ ဓမ္မပဒေသာ" နဝမတွဲစာအုပ်ကို ကြည့်ရှုလေ့လာကြသူ၊ ဟောပြောပြသကြသူ၊ လိုက်နာကျင့်ကြံကြသူ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် မိမိတို့ အလိုရှိအပ် တောင့်တအပ်သည့် လောကီ လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာများကို ခံစားရရှိနိုင်ကြပါစေကုန်သတည်း။

ဦးဥက္ကံသ (ဓမ္မာစရိယ)
ဂန္ဓာရုံ ကျောင်းတိုက်၊
ကျိုက်ဝိုင်း ၊ သမိုင်း၊
ရန်ကုန်မြို့။

http://www.dhammadownload.com

# မာတိကာ


၁။ ကြည်ညိုဖွယ်ရာ ကျောင်းထိုင်ဆရာ ၁

၂။ ရှောင်ကြဉ်ဖွယ်ရာ လိုက်နာဖွယ်ရာ ဩဝါဒကထာ ၅

၃။ အရိပ်ငါးဖြာ တရားရိပ်က ပိုချမ်းသာ ၁၃

၄။ ပညာရှိဟု သိနိုင်ဖွယ်ရာ အင်္ဂါသုံးဖြာ ၁၈

၅။ ဖြည်းဖြည်းပြုပါ ဤငါးဖြာ ၂၃

၆။ အစစ်လေးဖြာ သိကောင်းစရာ ၂၉

၇။ ပျက်စီးတတ်ပါ ဤလေးဖြာ ၃၅

၈။ ပျင်းရိသူမှာ အပြစ်ခြောက်ဖြာ ၃၉

၉။ ပယ်ရှားဖွယ်ရာ မကောင်းသည့် သဘောတရားလေးဖြာ ၄၅

၁၀။ ချစ်ဆေး မုန်းဆေး စသည်လေးဖြာ သိဖွယ်ရာ ၄၉

၁၁။ အလိုရှိအပ်ရာ ပုဂ္ဂိုလ်လေးဖြာ ၅၄

၁၂။ အတုမရှိပါ ဤလေးဖြာ ၆၀

၁၃။ အရေးကြုံမှ သဘောအမှန်ကို သိကြရ ၆၆

၁၄။ ဇနီးမြတ်အင်္ဂါ ဤ (၈)ဖြာ ၇၀

၁၅။ အကြွင်းထားရာ မထားရာ ဤသုံးဖြာ ၇၅

၁၆။ သူယုတ်လက္ခဏာ ရှောင်ကြဉ်ရာ ၈၁

၁၇။ ကိုယ်ပိုင်ဥစ္စာ သိကောင်းစရာ ၈၅

၁၈။ မေတ္တာပွားရာ နည်းနှစ်ဖြာ ၈၈

၁၉။ ဇေတဝန်ရိပ်သာမှ မေးကြ ဖြေပေးရ ၉၆

၂၀။ သိကောင်းစရာ သစ္စာလေးဖြာ ၁၀၁

၂၁။ အေအိုင်တီအပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာအသင်းဖွင့်ပွဲမှာ သိကောင်းစရာ ၁၀၈

http://www.dhammadownload.com

# မာတိကာ


| | | |
|---|---|---|
| ၂၂။ | အကြောက်ဖျောက်ရန် နည်းနှစ်တန် | ၁၁၇ |
| ၂၃။ | ဝါရှင်တန် ဇေတဝနဝိဟာရ တရားစခန်းမှ မေးကြ ဖြေပေးရ | ၁၂၂ |
| ၂၄။ | ဝါရှင်တန်တရားစခန်းမှ မေးကြ ဖြေပေးရ | ၁၂၇ |
| ၂၅။ | အမေရိကန်မှာ သိမ်သမုတ်ပါ သိကောင်းစရာ | ၁၃၂ |
| ၂၆။ | တရားစခန်းသိမ်းမှာ မေးရာ ဖြေပေးပါ | ၁၄၀ |
| ၂၇။ | ချီကာဂိုတရားစခန်းမှ မေးကြ ဖြေပေးရ | ၁၄၄ |
| ၂၈။ | ရိပ်သာ ပျော်မှုန် ငို၍ပြန် | ၁၄၉ |
| ၂၉။ | မည်သို့ သေရမည် မေးပါ ဖြေပေးရာ | ၁၅၄ |
| ၃၀။ | ထိုင်းဘုန်းတော်ကြီး မေးရာ ဖြေပေးပါ | ၁၅၈ |
| ၃၁။ | တိုကျိုသံရုံးမှာ ဟောကြားရာ အနှစ်သာရသုံးဖြာ | ၁၆၃ |
| ၃၂။ | အမျှဝေကာ မိဘကျေးဇူးဆပ်ပါ | ၁၇၉ |
| ၃၃။ | ဗုဒ္ဓဘာသာအဖြစ်မှ ပြောင်းနိုင် - မပြောင်းနိုင် | ၁၉၀ |

http://www.dhammadownload.com

# ကြည်ညိုဖွယ်ရာ ကျောင်းထိုင်ဆရာ

ရှေးခေတ်အခါမှစ၍ ယခုခေတ်အခါတိုင်အောင် မြန်မာပြည်မှ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် မိမိ မိမိတို့၏ ထိုထိုမြို့ရွာဒေသများ၌ ဘုန်းတော်ကြီးကျောင်းများ ဆောက်လုပ်တည်ထားကာ ကိုးကွယ်ဆည်းကပ်လျက် ရှိကြပေသည်။ ထိုဘုန်းတော်ကြီးကျောင်းများ၌ စိတ်နှလုံးကို ပွားစေသည့် ကြည်ညိုလေးစားအပ်သည့် ကျောင်းထိုင်ဆရာတော်များကို ပင့်ဆောင်၍ ကိုးကွယ်ဆည်းကပ်လျက် ရှိကြပေသည်။

ထိုကျောင်းထိုင်ဆရာတော်များ၏ စိတ်နှလုံးကို ပွားစေသည့် ကြည်ညိုဖွယ်ဂုဏ်နှင့် ပြည့်စုံသည်နှင့်အမျှ ကိုးကွယ်ဆည်းကပ်သူ ဒကာဒကာမ အပေါင်းတို့မှာ ကုသိုလ်တရားများ တိုးပွားရရှိကြပေသည်။ ထို့ကြောင့် မြတ်စွာဘုရားက စိတ်နှလုံးကိုပွားစေသည့် ကြည်ညိုဖွယ်ရာဖြစ်သည့် ကျောင်းထိုင်ဆရာတော်များ၏ ပြည့်စုံရမည့်တရား (၅)ပါးကို ဟောကြားတော်မူခဲ့ပါသည်။

၁။ အာကပ္ပသမ္ပန္နော = အသွင်အပြင်နှင့်ပြည့်စုံ၏။
၂။ ဗဟုဿုတော = များသောအကြားအမြင်ရှိ၏။
၃။ ပဋိသလ္လာနာရာမော = တစ်ယောက်တည်း ကိန်းအောင်းခြင်း၌ မွေ့လျော်၏။
၄။ ကလျာဏဝါစော = ကောင်းသောစကားရှိ၏။
၅။ ပညဝါ = ပညာဉာဏ်ရှိ၏ ဟူ၍ ကျောင်းထိုင်ဆရာတော်များ ပြည့်စုံရမည့် တရား (၅)ပါးကို ဟောကြားတော်မူခဲ့ပါသည်။

( အံ = ၂/၂၂၈ )

http://www.dhammadownload.com



၁။ အသွင်အပြင်နှင့် ပြည့်စုံ၏ ဟု ဆိုရာ၌ အကြင်ကျောင်းထိုင်ပုဂ္ဂိုလ်သည် အရပ်တစ်ပါးမှကြွလာသော ဂုဏ်သိက္ခာကြီးမား ထေရ်ကြီး ဝါကြီးများကို ခရီးဦးကြိုဆိုခြင်း၊ မထေရ်ကြီးများ၏ သက်နိး သပိတ်စသော ပရိက္ခရာများကို ကူညီ၍သယ်ဆောင်ခြင်း၊ မထေရ်ကြီးများကို ရှိခိုးဦးချခြင်းစသော ဝတ်ကြီး ဝတ်ငယ်များကို ပြုလုပ်၏။ အရပ်ဝေးမှရောက်လာကြသော ကောင်းမှုရှင် ဒကာ ဒကာမများ၊ ယောဂီများကိုလည်း သင့်လျော်စွာ နေရာချထားပေးခြင်း စသော ဝတ်ကြီး ဝတ်ငယ်နှင့် ပြည့်စုံ၏။ ကြည်ညိုဖွယ်ရာ ကိုယ်အမူအရာ၊ နှုတ်အမူအရာနှင့်လည်း ပြည့်စုံ၏။ ထိုကျောင်းထိုင်ပုဂ္ဂိုလ်ကို အသွင်အပြင်နှင့် ပြည့်စုံသော ကျောင်းထိုင်ပုဂ္ဂိုလ် ဟု ဆိုရပေသည်။

၂။ များသောအကြားအမြင်ရှိ၏ ဟု ဆိုရာ၌ အကြင်ကျောင်းထိုင်ပုဂ္ဂိုလ်သည် မြတ်စွာဘုရားဟောကြားအပ်သော ပိဋကတ်တော် ပါဠိတော်တို့၏ အနက်နှင့်သဒ္ဒါကိုလည်း သိ၏။ ဆောင်သင့်သောပါဠိတော်များကိုလည်း နှုတ်ဖြင့်ဆောင်ထား၏။ ပိဋကတ်တော်များ၏ အစ အလယ် အဆုံးဟူသော ကောင်းခြင်းသုံးပါးကိုလည်း သိ၏။ ပိဋကတ်တော်များ၏ အနက်အဓိပ္ပါယ်တို့ကိုလည်း ပညာဉာဏ်ဖြင့် ထိုးထွင်း၍သိ၏။ ထိုကျောင်းထိုင်ပုဂ္ဂိုလ်ကို များသောအကြားအမြင်ရှိသော ကျောင်းထိုင်ပုဂ္ဂိုလ် ဟု ဆိုရပေသည်။

၃။ တစ်ယောက်တည်း ကိန်းအောင်းခြင်း၌ မွေ့လျော်၏ ဟု ဆိုရာ၌ အကြင်ကျောင်းထိုင်ပုဂ္ဂိုလ်သည် သက်နိး ဆွမ်း ကျောင်း ဆေးဟူသော ပစ္စည်းလေးပါးတို့၌ သာယာတပ်မက်ခြင်းမရှိမူ၍ ခေါင်းပါးသော အကျင့်ရှိ၏။ ဒကာ ဒကာမတို့၌ ခင်မင်တွယ်တာခြင်းမရှိ သာသနာကိစ္စမှတစ်ပါးသောကိစ္စတို့ဖြင့် သီတင်းသုံးဖော် ရဟန်း သာမဏေတို့နှင့် ရောနှောဆက်ဆံ၍ နေထိုင်လေ့မရှိ၊ ကျမ်းဂန်သင်ကြားခြင်း၊ ရေးသားခြင်း၊ ဝိပဿနာတရားပွားများအားထုတ်ခြင်းတို့ဖြင့် တစ်ဦးတည်းသာ နေထိုင်လေ့ရှိ၏။ ထိုကျောင်းထိုင်ပုဂ္ဂိုလ်ကို တစ်ယောက်တည်း ကိန်းအောင်းခြင်း၌ မွေ့လျော်သော ကျောင်းထိုင်ပုဂ္ဂိုလ် ဟု ဆိုရပေသည်။

http://www.dhammadownload.com



၄။ ကောင်းသောစကားရှိ၏ ဟု ဆိုရာ၌ - အကြင်ကျောင်းထိုင် ပုဂ္ဂိုလ်သည် ကျောင်းသားတပည့်ငယ်များ၊ သာသနာ့အကျိုးဆောင် ဒကာ ဒကာမများ၊ အတူတကွနေထိုင်ကြသော သီတင်းသုံးဖော် ရဟန်းသာမဏေများကို ပြောဆိုခွင့်ကြုံ၍ ပြောဆိုရသောအခါ မေတ္တာ ကရုဏာရှေ့ထား၍ ချိုချိုသာသာ ကြင်နာစွာ ပြောဆိုလေ့ရှိ၏။ ထိုကျောင်းထိုင်ပုဂ္ဂိုလ်ကို ကောင်းသောစကားရှိသော ကျောင်းထိုင်ပုဂ္ဂိုလ် - ဟု ဆိုရပေသည်။

အကြင်ကျောင်းထိုင်ပုဂ္ဂိုလ်သည် ပြောဆိုခွင့်ကြုံလာသောအခါ ပြောဆိုသင့်သောအချိန်ရောက်မှသာ ပြောဆို၏။ ယထာဘူတ သဘာဝကျကျ မှန်ကန်သောစကားကိုသာ ပြောဆို၏။ အရိယာအရှင်မြတ်တို့ ပြောဆိုအပ်သည့် သိမ်မွေ့သော စကားတို့ဖြင့်သာ ပြောဆို၏။ အကျိုးနှင့်စပ်သောစကား အကျိုးရှိသောစကားတို့ကိုသာ ပြောဆို၏။ အရာရာတွင် မေတ္တာရှေ့ထား၍သာ ပြောဆိုလေ့ရှိ၏။ ထိုကျောင်းထိုင်ပုဂ္ဂိုလ်ကို ကောင်းသောစကားရှိသော ကျောင်းထိုင်ပုဂ္ဂိုလ် ဟု ဆိုရပေသည်။

၅။ ပညာဉာဏ်ရှိ၏ ဟု ဆိုရာ၌ အကြင်ကျောင်းထိုင်ပုဂ္ဂိုလ်သည် ဆွံ့အခြင်း တွေဝေခြင်းမရှိမူ၍ အရာရာတွင် အကြောင်းဟုတ်သည် မဟုတ်သည်ကို သိသောဉာဏ်ပညာနှင့် ပြည့်စုံ၏။ သာသနာရေးကိစ္စအဝဝနှင့် မိမိတို့၏ ကျောင်းတိုက်ကိစ္စအဝဝတို့၌ ဤအချိန်အခါတွင် ပြုသင့် မပြုသင့်၊ ဤပုဂ္ဂိုလ်များနှင့် အတူတကွ ပြုသင့် မပြုသင့်စသည့်အကြောင်းမှန်များကို သိနိုင်သော ဉာဏ်ပညာနှင့် ပြည့်စုံ၏။ ထိုကျောင်းထိုင်ပုဂ္ဂိုလ်ကို ပညာရှိသော ကျောင်းထိုင် ပုဂ္ဂိုလ် ဟု ဆိုရပေသည်။

ယခုခေတ်အခါသည် ဗုဒ္ဓမြတ်စွာ၏သာသနာတော်ကြီး ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့ကာ ထွန်းပလျက်ရှိပေသည်။ ကမ္ဘာသူ ကမ္ဘာသားတို့က ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကြီးကို အမှန်ကန်ဆုံးအကျင့်လမ်းစဉ်ကို ညွှန်ပြပေးနိုင်သော သာသနာတော်ကြီးဟု ယုံကြည်လာကြပေသည်။ ယခုအချိန်အခါ၌ မြန်မာပြည်

http://www.dhammadownload.com



မှ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကြီးသည်လည်း အခိုင်အမာဆုံး အမှန်ကန်ဆုံးဖြစ်သည်ဟု ကမ္ဘာအရပ်ရပ်မှ လက်ခံ ယုံကြည်လျက် ရှိကြပေသည်။

သို့ဖြစ်၍ မြန်မာပြည်မှ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အမှန်ကန်ဆုံးဖြစ်သည့် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး၏ တည်ရာ ဘုန်းတော်ကြီးကျောင်းများကို တည်ဆောက်ကာ ကိုးကွယ်ဆည်းကပ်လျက် ရှိကြပေသည်။ ဤကဲ့သို့ ကိုးကွယ်ဆည်းကပ်ကြရာတွင် ကျောင်းထိုင်ပုဂ္ဂိုလ်များ ပြည့်စုံရမည့်တရား (၅)ပါး နှင့် ပြည့်စုံသည်ဖြစ်၍ သာသနာတော်ကြီး အရှည်တည်တံ့ကာ တိုးတက်ကြီးပွားအောင် ဆောင်ရွက်နိုင်သည့် ကျောင်းထိုင်ဆရာတော်များကို ရှာဖွေ၍ ကိုးကွယ် ဆည်းကပ်ကြရပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# ရှောင်ကြဉ်ဖွယ်ရာ - လိုက်နာဖွယ်ရာ ဩဝါဒကထာ

" ဩဝါဒကထာချီးမြှင့်ရန် လျှောက်ထားလွှာ "

ရိုသေလေးမြတ်စွာ လျှောက်ထားပါသည်ဘုရား ......

ဘုရားတပည့်တော်တို့၏ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ ၁၃၁၁-ခုနှစ်မှစ၍ ကြွရောက်သီတင်းသုံးပြီး သာသနာပြုခဲ့ရာ လာမည့် ၁၃၆၁-ခုနှစ်တွင် နှစ်(၅၀)ပြည့်မြောက်မည် ဖြစ်ပါသည်ဘုရား။ ထိုနှစ်(၅၀)ပြည့်မြောက်သည့်အခါတွင် မဟာစည် ရွှေရတု အထိမ်းအမှတ် စာစောင်ထုတ်ဝေရန် အစီအစဉ်ရှိပါသည်ဘုရား။ ယင်း မဟာစည်ရွှေရတု စာစောင်တွင် ဆရာတော်ဘုရား၏ ဩဝါဒကထာ ကို အထူးထည့်သွင်းရန် လိုအပ်ပါသောကြောင့် ဩဝါဒကထာ ရေးသားချီးမြှင့်ပေးတော်မူပါရန် ရိုသေလေးမြတ်စွာ လျှောက်ထား တောင်းပန်အပ်ပါသည် အရှင်ဘုရား။

မဟာစည် ရွှေရတုစာစောင်ဖြစ်မြောက်ရေးအဖွဲ့၊
မဟာစည်သာသနာ့ရိပ်သာ၊
၁၆၊ သာသနာ့ရိပ်သာလမ်း၊
ဗဟန်း၊ ရန်ကုန်မြို့။

အထက်ပါ မဟာစည် ရွှေရတုစာစောင်ဖြစ်မြောက်ရေးအဖွဲ့မှ လျှောက်ထား တောင်းပန်သဖြင့် ရေးသားမိန့်ကြားအပ်သည့် -

သဒ္ဓမ္မရံသီရိပ်သာဆရာတော်ဘုရား၏
ရှောင်ကြဉ်ဖွယ်ရာ - လိုက်နာဖွယ်ရာ
ဩဝါဒကထာ။

http://www.dhammadownload.com



ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ သာသနာတော်ကြီးသည် ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်များနှင့် အမှန်တရားကို လိုလားကြသော ကမ္ဘာသူ ကမ္ဘာသားတို့အတွက် အလင်းဓာတ်ကြီးတစ်ခု ဖြစ်ပေသည်။ ဤလမ်းက အမှောင်ဖြစ်သည့် အပါယ် ဘုံဘဝများသို့ သွားရာလမ်းကြောင်းဖြစ်သည်။ ဤလမ်းက အလင်းဖြစ်သည့် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်သို့ သွားရာလမ်းကြောင်းဖြစ်သည်။ ဤလမ်းက တစ်ခါတစ်ခေါက်ရောက်သွားလျှင် နောင်ဘယ်သောအခါမှ အမှောင်သို့ ပြန် မရောက်ရသည့် နိဗ္ဗာန်ချမ်းသာသို့ သွားရာလမ်းကြောင်းဖြစ်သည်ဟု ထွန်းပြ လျက်ရှိပေသည်။

ထိုဗုဒ္ဓမြတ်စွာ၏ အလင်းဓာတ် သာသနာတော်ကြီးသည် (၃)မျိုး ရှိပေသည်။

၁။ သင်ယူအပ်သည့် ပိဋကတ်သုံးပုံဟူသော ပရိယတ္တိသာသနာ၊
၂။ ကျင့်ကြံအပ်သည့် သီလ သမာဓိ ပညာဟူသော ပဋိပတ္တိသာသနာ၊
၃။ သစ္စာလေးပါးကို ထိုးထွင်း၍သိအပ်သည့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟူ သော ပဋိဝေဓ သာသနာဟူ၍ (၃)မျိုး ရှိပေသည်။

ဆောင်ပုဒ်။ ။ သင်ယူ ကျင့်ကြံ၊ ထိုးထွင်းဉာဏ်၊ သုံးတန်သာသနာ။

ထိုသာသနာ (၃)တန် အရှည်တည်တံ့နိုင်ရန်၊ တိုးတက်ကြီးပွားနိုင်ဖို့ ရန်အတွက် ရဟန်းရှင်လူ အားလုံးသော ဗုဒ္ဓဘာသာဝင်ဖြစ်သူတို့သည် ဆောင်ရွက်ကြရပေသည်။ ယင်းကဲ့သို့ဆောင်ရွက်ကြရာတွင် တစ်ဦးချင်းနှစ်ဦး ချင်း စသည်ဖြင့် ဆောင်ရွက်ကြသည်ထက် အဖွဲ့အစည်းများဖြင့် ဆောင်ရွက်ကြ ခြင်းက သာသနာတော်ကြီး အရှည်တည်တံ့နိုင်ရန်၊ တိုးတက်ကြီးပွားနိုင်ရန် အတွက် ပို၍ အားရှိ ပြည့်စုံသည်ဟု သိရှိနားလည် သဘောပေါက်လျက်ရှိကြ ပေသည်။ ထို့ကြောင့် အဖွဲ့အစည်းများ ဖွဲ့စည်းကာ ဆောင်ရွက်ကြရပေသည်။

ထို့ကြောင့်ပင်လျှင် မဟာစည်သာသနာ့ရိပ်သာကြီး၌လည်း ကျေးဇူး တော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးကို ဦးထိပ်ထားကာ မဟာစည် ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူ၍ မဟာစည်သာသနာ့ရိပ်သာ

http://www.dhammadownload.com



ဩဝါဒါစရိယ နာယကအဖွဲ့၊ တစ်ပြည်လုံး မဟာစည်ရိပ်သာများ နာယကအဖွဲ့၊ မဟာစည်နယ်လှည့် ဓမ္မကထိကအဖွဲ့၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၊ ဟိတေသီအဖွဲ့၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့စသည်ဖြင့် အဖွဲ့အစည်းများ ဖွဲ့စည်းကာ ဆောင်ရွက်နေကြရခြင်း ဖြစ်ပေသည်။

ဤကဲ့သို့ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒကိုခံယူ၍ အဖွဲ့အစည်းများ ဖွဲ့စည်းကာ ဆောင်ရွက်ခဲ့ကြသည်ဖြစ်သောကြောင့် ဗုဒ္ဓအလိုကျ မဟာစည်ဆရာတော်ဘုရားကြီး၏ (ဝိပဿနာ) ပဋိပတ္တိသာသနာတော်ကြီးသည် ပြည်တွင်းပြည်ပတို့၌ နေလို လလို ထွန်းပကာ တိုးတက်ကြီးပွားလာရခြင်း ဖြစ်ပေသည်။ ပြည်တွင်း၌ရိပ်သာခွဲများ (၃၆၉)အထိ တိုးတက်ကြီးပွားလာရခြင်းဖြစ်ပေသည်။ ပြည်ပ၌ ရိပ်သာခွဲများ (၂၅)အထိ တိုးတက်ကြီးပွားလာရခြင်း ဖြစ်ပေသည်။

ထို့ကြောင့်ပင်လျှင် ဗုဒ္ဓအလိုကျ မဟာစည်ဆရာတော်ဘုရားကြီး၏ (ဝိပဿနာ) ပဋိပတ္တိသာသနာတော်ကြီး အစဉ်မပြတ် ဆက်ကာ ဆက်ကာ တိုးတက်လာရအောင် မဟာစည်သာသနာ့ရိပ်သာ ဩဝါဒါစရိယ နာယကအဖွဲ့၊ တစ်ပြည်လုံး မဟာစည်ရိပ်သာများ နာယကအဖွဲ့၊ မဟာစည်နယ်လှည့် ဓမ္မကထိကအဖွဲ့၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၊ ဟိတေသီအဖွဲ့၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့တို့သည် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က မိန့်ကြားခဲ့သည့် ဩဝါဒများကို အရာရာတွင် သတိပြုကာ တစ်သွေမတိမ်း လိုက်နာကျင့်သုံးကြရမည် ဖြစ်ပေသည်။

ဤကဲ့သို့ လိုက်နာကျင့်သုံးကြပါက ဗုဒ္ဓအလိုကျ မဟာစည်ဆရာတော်ဘုရားကြီး၏ (ဝိပဿနာ) ပဋိပတ္တိသာသနာတော်ကြီးသည် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကြီး အဓွန့်ရှည်သမျှကာလပတ်လုံး အရှည်တည်တံ့ကာ တိုးတက်ကြီးပွားနေမည်သာ ဖြစ်ပေသည်။

မဟာစည်ရိပ်သာ အဖွဲ့အစည်းအသီးသီးတို့သည် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒအတိုင်း အမြဲမပြတ် လိုက်နာကျင့်သုံးကြသည့်အခါ သတိပြုရန်များမှာ ရှောင်ကြဉ်ဖွယ်ရာများနှင့် လိုက်နာကျင့်သုံးဖွယ်ရာများဟူ၍ (၂)မျိုး ရှိပေသည်။

http://www.dhammadownload.com



## ရှောင်ကြဉ်ဖွယ်ရာ အကြောင်းသုံးဖြာ

၁။ ဘာသာရေးအဖွဲ့အစည်းများ၌ ဦးဆောင်သူအကြီးအမှူး များနေခြင်း။

၂။ ဘာသာရေးအဖွဲ့အစည်း၌ ဦးဆောင်သူအားလုံးတို့သည် မိမိသည်သာ တတ်သိလိမ္မာသည်ဟု ထင်မြင်နေကြခြင်း။

၃။ ဘာသာရေးအဖွဲ့အစည်းတွင် အလုံးစုံသောသူတို့သည် ဦးဆောင်အကြီးအမှူးအဖြစ်ကို လိုချင်နေကြခြင်းဟူ၍ ရှောင်ကြဉ်ဖွယ်ရာအကြောင်း (၃)မျိုး ရှိပေသည်။ ဤရှောင်ကြဉ်ဖွယ်ရာအကြောင်း(၃)မျိုးကို မရှောင်ကြဉ်ပါက ဆုတ်ယုတ်သွားကြမည် ဖြစ်ပေသည်။ ရှောင်ကြဉ်နိုင်ကြမှသာ ဗုဒ္ဓအလိုကျ မဟာစည်ဆရာတော်ဘုရားကြီး၏ (ဝိပဿနာ) ပဋိပတ္တိသာသနာတော်ကြီး အရှည်တည်တံ့ကာ အစဉ်မပြတ် တိုးတက်ကြီးပွားနေမည် ဖြစ်ပေသည်။

၁။ ဘာသာရေးအဖွဲ့အစည်းများ၌ ဦးဆောင်အကြီးအမှူးများနေခြင်း ဟုဆိုရာ၌ အကြင်ဘာသာရေးအဖွဲ့အစည်းတစ်ခုတွင် ရှေ့ဆောင်ဦးစီး ပုဂ္ဂိုလ်တစ်ဦးကို စည်းမျဉ်းဥပဒေအရ တင်မြှောက်ထားခြင်းမရှိမူ၍ ရှေ့ဆောင် ဦးစီးပုဂ္ဂိုလ်အများအပြားဖြစ်နေခဲ့လျှင်၊ ထိုဘာသာရေးအဖွဲ့အစည်းဖြင့် ဆောင်ရွက်ကြသည့်ကိစ္စတို့သည် မတိုးတက်ဘဲ ဆုတ်ယုတ်ပျက်စီးသွားကြမည် ဖြစ်ပေသည်။ ထို့ကြောင့် ဘာသာရေးအဖွဲ့အစည်းတစ်ခု၌ ဦးဆောင်သူ အကြီးအမှူးများနေခြင်းသည် မတိုးတက်ဘဲ ဆုတ်ယုတ်ပျက်စီးခြင်း အကြောင်းတစ်ပါးဖြစ်သည်ဟု ဆိုရပေသည်။

ထို့ကြောင့်ပင်လျှင် မဟာစည်ရိပ်သာ အဖွဲ့အစည်းအသီးသီးတို့သည် ထိုဆုတ်ယုတ်ပျက်စီးခြင်းအကြောင်းများကို ရှောင်ကြဉ်၍ အဖွဲ့အစည်းအသီးသီးတို့၌ ဦးဆောင်သူ အကြီးအမှူးတစ်ဦးတစ်ယောက်ကို တင်မြှောက်ထားကြရခြင်းဖြစ်ပေသည်။ ဤကဲ့သို့ တင်မြှောက်ထားခြင်းသည် တိုးတက်ကြီးပွားကြောင်းတစ်ပါးပင် ဖြစ်ပေသည်။

http://www.dhammadownload.com



ဦးဆောင်မည့်သူ အကြီးအမှူးများ များနေကြသော ဘာသာရေး အဖွဲ့အစည်းတို့၌ ဖြစ်တတ်သည်မှာ တစ်ဦးက ပြုလုပ်ရန်စေခိုင်းထားသော အလုပ်ကိစ္စကို တစ်ဦးက တားမြစ်၏။ တစ်ဦးက တားမြစ်ထားသော အလုပ်ကိစ္စကို တစ်ဦးက ခွင့်ပြုစေပြန်သဖြင့် ပြုလုပ်သင့်ပြုလုပ်ထိုက်သော အလုပ်ကိစ္စများ တွင်ကျယ်စွာ မပြုလုပ်ကြရ၍၊ ထိုဘာသာရေးအဖွဲ့အစည်းသည် မတိုးတက်ဘဲ ပျက်စီးသွားတတ်ကြပေသည်။

ထို့ကြောင့် အကြင်သူသည် အရာရာတွင် အားကိုးအားထား ပြုသင့် ပြုထိုက်သော အသိအလိမ္မာဉာဏ်ပညာအရည်အချင်းနှင့်လည်း ပြည့်စုံ၏။ စိတ်သဘောထားလည်း ဖြောင့်မတ်၏။ ချိုသာ မှန်ကန်သောစကားကိုလည်း ပြောဆိုတတ်၏။ အခွင့်အခါအားလျော်စွာလည်း သည်းခံတတ်၏။ ထိုသို့ သဘောထားရှိသူ တစ်ဦးတစ်ယောက်သောသူကိုသာ ရှေ့ဆောင်အကြီးအမှူး အရာ၌ထား၍ပြုလုပ်ဆောင်ရွက်ကြရပေသည်။ ဤကဲ့သို့ ပြုလုပ်ဆောင်ရွက် ကြလျှင် မဟာစည်ပဋိပတ္တိသာသနာအဖွဲ့အစည်းတို့သည် မဆုတ်ယုတ် မပျက်စီးပါဘဲ တိုးတက်ကြီးပွားနေကြမည်သာ ဖြစ်ပေသည်။

၂။ ဘာသာရေးအဖွဲ့အစည်းတွင် ဦးဆောင်သူအားလုံးတို့သည် မိမိသည်သာ တတ်သိလိမ္မာသည် ဟု ထင်မြင်နေကြခြင်း ဟု ဆိုရာ၌ အကြင် ဘာသာရေး အဖွဲ့အစည်းတစ်ခုတွင် လုပ်ဆောင်ကြသောသူတို့သည် မိမိကိုယ်ကို မိမိတို့ လူတတ်လူလိမ္မာဟူ၍သာ မှတ်ထင်လျက် သူတစ်ပါးတို့၏ ဩဝါဒကို မနာခံ မနာယူမူ၍ သူတစ်မျိုး ငါတစ်ဖုံ ပြုလုပ်နေကြလျှင် ထို ဘာသာရေး အဖွဲ့ အစည်းဖြင့် ပြုလုပ်ဆောင်ရွက်ကြသည့် အလုပ်ကိစ္စတို့သည် မတိုးတက်ဘဲ ဆုတ်ယုတ်ပျက်စီးသွားကြမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် ဦးဆောင်သူ အားလုံးတို့သည် မိမိတို့သည်သာ တတ်သိလိမ္မာသည်ဟူ၍ ထင်မြင်နေခြင်း သည် ဆုတ်ယုတ်ပျက်စီးခြင်း အကြောင်းတစ်ပါးဖြစ်သည်ဟု ဆိုရပေသည်။

ထို့ကြောင့် မဟာစည်ပဋိပတ္တိသာသနာအဖွဲ့အစည်းတို့သည် ထိုကဲ့သို့ မဟုတ်ကြပါဘဲ မိမိတို့သည် ရှေ့ကသွားနိုင်လျှင် ရှေ့ကဖြောင့်ဖြောင့်သွားရာ၏။ အကယ်၍ ရှေ့ကမသွားနိုင်ခဲ့လျှင် ရှေ့ကသွားနိုင်သူကိုရှေ့တင်၍ မိမိတို့က

http://www.dhammadownload.com



ထိုသူ၏နောက်ကလိုက်၍ ပြုလုပ်ဆောင်ရွက်ကြရပေသည်။ ဤကဲ့သို့ ပြုလုပ်ဆောင်ရွက်ကြပါလျှင် မဆုတ်ယုတ် မပျက်စီးပါဘဲ၊ တိုးတက်ကြီးပွားလာကြမည်သာ ဖြစ်ပေသည်။

၃။ အလုံးစုံသောသူတို့သည် ဦးဆောင်အကြီးအမှူး၏အဖြစ်ကို အလိုရှိနေခြင်းဟုဆိုရာ၌ အကြင်ဘာသာရေးအဖွဲ့အစည်းတစ်ခုတွင် ရှိရှိသမျှသောသူတို့သည် အကြီးအမှူးပြုလုပ်လိုကြကုန်၏။ ကိုယ်ကျိုးကိုသာ မျှော်လင့်ကြကုန်၏။ သူကလည်း သူ့အကျိုးစီးပွားကိုသာ မျှော်လင့်၍၊ ငါကလည်း ငါ့အကျိုးစီးပွားကိုသာ မျှော်လင့်၍ ဆောင်ရွက်နေကြလျှင် အများနှင့်ဆက်ဆံသောအကျိုးစီးပွားများ ဆုတ်ယုတ်ပျက်စီးသွားကြမည် ဖြစ်ပေသည်။ ထို့ကြောင့် အလုံးစုံသောသူတို့သည် ဦးဆောင်အကြီးအမှူး၏ အဖြစ်ကို အလိုရှိနေကြခြင်းသည် ဆုတ်ယုတ်ပျက်စီးခြင်းအကြောင်းတစ်ပါး ဖြစ်သည်ဟု ဆိုရပေသည်။

ထို့ကြောင့် မဟာစည် ပဋိပတ္တိသာသနာအဖွဲ့အစည်းများ၌ ဆောင်ရွက်နေကြသည့် အလုံးစုံသော အဖွဲ့သူ အဖွဲ့သားတို့သည် မိမိတို့၏အကျိုးစီးပွားကို မငဲ့ကွက်ပါဘဲ အများအကျိုး၊ မဟာစည် ပဋိပတ္တိသာသနာ၏ အကျိုးတို့ကိုသာ ငဲ့ကွက်၍ ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။ ဤကဲ့သို့ ပြုလုပ်ဆောင်ရွက်ကြပါလျှင် မဆုတ်ယုတ် မပျက်စီးပါဘဲ မဟာစည် ပဋိပတ္တိသာသနာတော်ကြီး တိုးတက်ကြီးပွားနေမည်သာ ဖြစ်ပေသည်။

ထို့ကြောင့်ပင်လျှင် မဟာစည် ပဋိပတ္တိသာသနာအဖွဲ့အစည်းတို့သည် ဦးဆောင်သူအကြီးအမှူး များနေခြင်း၊ မိမိတို့သည်သာ တတ်သိလိမ္မာသည်ဟု ထင်နေခြင်း၊ အလုံးစုံသောသူတို့ ဦးဆောင်အကြီးအမှူး၏အဖြစ်ကို လိုချင်နေ ခြင်းဟူသော ဆုတ်ယုတ်ပျက်စီးကြောင်း (၃)ပါးကို ရှောင်ကြဉ်ကြရမည်ဖြစ်ပေသည်။

ဘာသာရေးအဖွဲ့အစည်းတွင် ရှေ့ဆောင် မများခြင်း၊ ရှေ့ဆောင်နိုင်သူကို ရှေ့ဆောင်တင်၍ ထိုသူ၏စကားကို နာခံခြင်း၊ ကိုယ်ကျိုးကို မငဲ့မူ၍ အများအကျိုးကိုသာ ငဲ့ခြင်းဟူသော တိုးတက်ကြီးပွားကြောင်း (၃)ပါးကို လိုက်နာ၍ ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

http://www.dhammadownload.com



## လိုက်နာဖွယ်ရာ တရားလေးဖြာ

မဟာစည် ပဋိပတ္တိ သာသနာတော်ကြီး တိုးတက်ကြီးပွားအောင် ဆောင်ရွက်နေကြသော အဖွဲ့သူ အဖွဲ့သားတို့သည် သင်္ဂဟဝတ္ထုသုတ္တန်လာ ချီးမြှောက် ထောက်ပံ့ခြင်းတရား (၄)ပါးဖြင့် တစ်ဦးကိုတစ်ဦး ချီးမြှောက် ထောက်ပံ့ကြရမည် ဖြစ်ပေသည်။

၁။ ဒါန = မဟာစည် ပဋိပတ္တိသာသနာတော်ကြီး တိုးတက်ကြီးပွားအောင် ဆောင်ရွက်နေကြသော အဖွဲ့သူ အဖွဲ့သားတို့သည် တစ်ဦးကတစ်ဦးကို နည်းများမဟူ ပေးလှူကြရပေမည်။

၂။ ပေယျဝဇ္ဇ = မဟာစည် ပဋိပတ္တိသာသနာတော်ကြီး တိုးတက်ကြီးပွားအောင် ဆောင်ရွက်နေကြသော အဖွဲ့သူ အဖွဲ့သားတို့သည် တစ်ဦးကိုတစ်ဦးက ပြောဆိုခွင့်ကြုံလာသောအခါ မေတ္တာ ကရုဏာ ရှေ့ထား၍ ချိုချိုသာသာ ကြင်နာစွာ ပြောဆိုကြရပေမည်။

၃။ အတ္ထစရိယ = မဟာစည် ပဋိပတ္တိသာသနာတော်ကြီး တိုးတက်ကြီးပွားအောင် ဆောင်ရွက်နေကြသော အဖွဲ့သူ အဖွဲ့သားတို့သည် တစ်ဦး၏ လောကီအကျိုးစီးပွား၊ လောကုတ္တရာ အကျိုးစီးပွားတို့ကို တစ်ဦးက ဆောင်ရွက်ပေးကြရပေမည်။

၄။ သမာနတ္တတာ = မဟာစည် ပဋိပတ္တိသာသနာတော်ကြီး တိုးတက်ကြီးပွားအောင် ဆောင်ရွက်နေကြသော အဖွဲ့သူ အဖွဲ့သားတို့သည် မိမိတို့နှင့်အတူတကွ ဆောင်ရွက်နေကြသည့် - ကြီးငယ် မဟူ အားလုံးသောသူတို့အား မိမိနှင့်သွားအတူ လာအတူ ချမ်းသာအတူ ဆင်းရဲအတူ နေထိုင်ပေးကြရပေမည်။

http://www.dhammadownload.com



ဤသင်္ဂဟဝတ္ထုသုတ္တန်လာ ချီးမြှောက်ထောက်ပံ့ခြင်း တရား (၄)ပါးတို့ဖြင့် ချီးမြှောက်ထောက်ပံ့ကာ ဆောင်ရွက်ကြပါလျှင် မဟာစည်ပဋိပတ္တိသာသနာ အဖွဲ့သူ အဖွဲ့သားတို့သည် စည်းလုံးညီညွတ်မှုများကို ရရှိကြမည် ဖြစ်ပေသည်။ စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြင့် ဆောင်ရွက်နိုင်ကြမည် ဖြစ်ပေသည်။ ထို့ကြောင့် ဗုဒ္ဓအလိုကျ မဟာစည် ပဋိပတ္တိသာသနာတော်ကြီး အစဉ်မပြတ် တိုးတက်ကြီးပွားလာမည်သာ ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# အရိပ်ငါးဖြာ တရားရိပ်က ပိုချမ်းသာ

လောကထဲ၌ရှိနေကြသည့် အားလုံးသော ပုဂ္ဂိုလ်သတ္တဝါတို့သည် ချမ်းသာခြင်းကို အလိုရှိကြကုန်၏။ ချမ်းသာသည့် အရပ်ဒေသများ၌ နေထိုင်လိုကြပေသည်၊ ချမ်းသာသည့် အရိပ်များကို ခိုလှုံလိုကြပေသည်၊ ထိုချမ်းသာသည့် အရိပ်တို့သည် (၅)မျိုး ရှိကြပေသည်၊ ထိုချမ်းသာသည့်အရိပ် (၅)မျိုးတို့သည် တစ်ဆင့်ထက် တစ်ဆင့် ပို၍ ပို၍ ချမ်းသာလျက်ရှိကြပေသည် ဟု နီတိကျမ်းဆရာများက ဖွင့်ပြ ဖော်ပြကြပေသည်။

| | | |
|---|---|---|
| ၁။ သုခံရုက္ခဿ ဆာယာ၀ | = | သစ်ပင်၏အရိပ်သည် ချမ်းသာ၏။ |
| ၂။ တတော ဉာတိမာတာပိတု | = | ထိုသစ်ပင်အရိပ်ထက် ဆွေမျိုးမိဘတို့၏အရိပ်က ပို၍ ချမ်းသာ၏။ |
| ၃။ တတော အာစေရဿ | = | ထိုဆွေမျိုးမိဘတို့၏အရိပ်ထက် ဆရာ၏အရိပ်က ပို၍ချမ်းသာ၏။ |
| ၄။ တတော ရညော | = | ထိုဆရာ၏ အရိပ်ထက် မင်း၏အရိပ်က ပို၍ ချမ်းသာ၏။ |
| ၅။ တတော ဗုဒ္ဓဿအနေကဒါ | = | ထိုမင်း၏ အရိပ်ထက် မြတ်စွာဘုရား၏တရားအရိပ်က အဆပေါင်းများစွာ ပို၍ ချမ်းသာ၏-ဟု တစ်ဆင့်ထက် |

တစ်ဆင့် ပို၍ ချမ်းသာပုံ (၅)မျိုးကို ဖွင့်ပြ ဖော်ပြကြပေသည်။

http://www.dhammadownload.com



၁။ သစ်ပင်၏အရိပ်သည် ချမ်းသာ၏ ဟု ဆိုရာ၌ နေ လတို့၏ သွားလာလှည့်လည်သောအစဉ်ကို အစွဲပြု၍ နွေဥတု၊ ဆောင်းဥတု၊ မိုးဥတုဟူ၍ (၃)မျိုး ရှိပေသည်။ ထို (၃)မျိုးတို့တွင် နွေဥတုသည် အလွန်ပူအိုက်သောဥတုဖြစ်၏။ ထိုအလွန်ပူအိုက်သော နွေဥတုအခါ၌ ခြေလျင်ခရီးသွားလာကြသော ပုဂ္ဂိုလ်တို့သည် အကိုင်းအခက် အရွက်နှင့်ပြည့်စုံ၍ အရိပ်ကောင်းသော သစ်ပင်၏ အရိပ်ထဲသို့ ဝင်လိုက်သောအခါ ကိုယ်ရော စိတ်ပါ ချမ်းသာမှုများကို ရရှိကြပေသည်။ ထို့ကြောင့် သစ်ပင်အရိပ်သည် ချမ်းသာသည်ဟုဆိုရခြင်း ဖြစ်ပေသည်။

၂။ ယိုသစ်ပင်အရိပ်ထက် ဆွေမျိုးမိဘတို့၏ အရိပ်က ပို၍ ချမ်းသာသည် ဟု ဆိုရာ၌ သစ်ပင်၏အရိပ်ကို ခိုလှုံရခြင်းသည် သစ်ပင်အရိပ်အောက်တွင်နေရသောအခိုက် တစ်ခဏမျှသာ ချမ်းသာမှုကို ရရှိကြ၏။ ဆွေမျိုးမိဘတို့၏ မေတ္တာအရိပ်ကရုဏာအရိပ်တို့ကို ခိုလှုံကြရခြင်းသည် ဆွေမျိုးမိဘတို့၏ စီးပွားဥစ္စာအမွေများကို ရရှိကြ၍ တစ်သက်တာ ချမ်းသာစွာနေထိုင်ကြရ၏။ ထို့ကြောင့် သစ်ပင်၏အရိပ်ထက် ဆွေမျိုးမိဘတို့၏ အရိပ်က ပို၍ချမ်းသာသည် ဟု ဆိုရခြင်းဖြစ်ပေသည်။

ဆောင်ပုဒ် ။ ။ သစ်ပင်အရိပ်ထက်၊ မိဘရိပ်ဟာ၊ ပို၍သာ၊
မှန်စွာချမ်းသာသည်။

အထူးသဖြင့် ဗြဟ္မာတိ မာတာ ပိတရော၊ မိဘတို့သည် သားသမီးတို့အတွက် ဗြဟ္မာနှင့်တူပေသည် ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့်အတိုင်း ငယ်ရွယ်စဉ်အခါက မိဘများ၏ အရိပ်အောက်မှာ နေထိုင်ခဲ့ကြရသော သားသမီးတို့သည် စားဝတ်နေရေးလည်း မပူရ၊ ကျန်းမာရေးအတွက်လည်း မပူရ၊ ပညာတတ်မြောက်ဖို့လည်း မပူရ၍ ဗြဟ္မာနှင့်အတူတကွနေထိုင်ရသကဲ့သို့ ချမ်းသာခြင်းများကို ရရှိကြပေသည်။ ထို့ကြောင့် မိဘတို့၏အရိပ်သည် သစ်ပင်၏အရိပ်၊ ဆွေမျိုးများ၏အရိပ်ထက် ပို၍ ချမ်းသာသည် ဟု ဆိုရပေသည်။

၍

http://www.dhammadownload.com



၃။ ထိုဆွေမျိုးမိဘတို့၏အရိပ်ထက် ဆရာ၏အရိပ်က ပို၍ ချမ်းသာသည် ဟု ဆိုရာ၌ ဆွေမျိုးမိဘတို့၏ အရိပ်ကို ခိုလှုံကြရသော သားသမီးတို့သည် စီးပွားဥစ္စာအမွေများကို ရရှိကြ၍ ချမ်းသာကြပါသော်လည်း ထိုအမွေရရှိကြသော စီးပွားဥစ္စာတို့သည် ရေကြောင့်၊ မီးကြောင့်၊ မင်းကြောင့်၊ ခိုးသူဓါးပြကြောင့် အမွေခံဆိုးများကြောင့် အချိန်မရွေး ပျက်စီးသွားနိုင်ကြပေသည်။

အာစရိယဂုဏ်နှင့်ပြည့်စုံကြသော ဆရာသမားတို့၏ မေတ္တာရိပ်ကို ခိုလှုံကြရသော တပည့်တို့သည် ပညာတည်းဟူသော ရတနာရွှေအိုးကို ရရှိကြသောကြောင့် " ပညာရွှေအိုး လူမခိုးနိုင် " ဟုဆိုသည့်အတိုင်း ရန်သူမျိုး ငါးပါးတို့ကြောင့် မပျက်စီးပါဘဲ ပေးလို့မကုန်နိုင် လှူလို့မကုန်နိုင်အောင်သော ချမ်းသာသုခ အကျိုးတရားတို့ကို ခံစားရရှိကြပေသည်။ ထို့ကြောင့် ဆွေမျိုးမိဘတို့၏ အရိပ်ထက် ဆရာ၏အရိပ်က ပို၍ ချမ်းသာသည်ဟု ဆိုရခြင်းဖြစ်ပေသည်။

လောကုတ္တရာဘက်ဆိုင်ရာပညာများကို သင်ကြားပေးသော ဆရာသမားတို့၏ အရိပ်ကို ခိုလှုံရသော တပည့်တို့သည် ယခုဘဝအတွက်လည်း ဒုစရိုက်အမှု အကုသိုလ်များ နည်းပါး၍ သုစရိုက်အမှု ကုသိုလ်တရားများ တိုးပွားရရှိကြပေသည်။ နောက်နောင်ဘဝများအတွက်လည်း မြင့်မြတ်ရာ မြင့်မြတ်ရာ ဘုံဘဝများသို့ ရောက်ရှိကြပြီး ကောင်းကျိုးချမ်းသာအမျိုးမျိုးတို့ကို ခံစားရရှိနိုင်ကြပေသည်။ နိဗ္ဗာန်ချမ်းသာသို့လည်း မိမိတို့၏ ပါရမီအားလျော်စွာ ရောက်ရှိသွားနိုင်ကြပေသည်။ ထို့ကြောင့် ဆွေမျိုးမိဘတို့၏ အရိပ်ထက် ဆရာ၏အရိပ်က ပို၍ ချမ်းသာသည်ဟု ဆိုရခြင်း ဖြစ်ပေသည်။

ဆောင်ပုဒ် ။ ။ မိဘရိပ်ထက်၊ ဆရာရိပ်ဟာ၊ ပို၍သာ၊
မှန်စွာချမ်းသာသည်။

၄။ ထိုဆရာ၏အရိပ်ထက် မင်း၏အရိပ်က ပို၍ချမ်းသာသည် ဟု ဆိုရာ၌ ဆရာ၏အရိပ်သည် ရတနာရွှေအိုးနှင့်တူသော ပညာတစ်ခုကိုသာ ရရှိစေ၍ ချမ်းသာခြင်းဖြစ်ပေသည်။ မင်းကောင်း မင်းမြတ်တို့၏ မေတ္တာအရိပ် ဘုန်းကံအရိပ်တို့ကို ခိုလှုံကြရသော တိုင်းသူပြည်သားတို့သည် တိုင်းတစ်ပါးမင်းတို့၏

http://www.dhammadownload.com



အနှိပ်အစက်ခံရခြင်း ဘေးရန်တို့မှ လွတ်မြောက်၍ ချမ်းသာ အမျိုးမျိုးတို့ကို ရရှိကာ နေထိုင်ကြရပေသည်။

ဘုန်းကံရှိကြသော မင်းကောင်းမင်းမြတ်တို့က တိုင်းသူပြည်သားတို့အား မေတ္တာရှေ့ထား၍ ခိုးသားဓါးပြ သူပုန် သူကန်ဖြစ်သူ ရန်သူတို့၏ ဘေးရန်အန္တရာယ်တို့ကို ကာကွယ်တားဆီးထားပေးကြသောကြောင့် စီးပွားဥစ္စာရှာလိုသူတို့ကလည်း ချမ်းသာစွာ စီးပွားဥစ္စာ ရှာနိုင်ကြခြင်း၊ ပညာသင်ကြားလိုသူတို့ကလည်း ချမ်းသာစွာ ပညာသင်ကြားနိုင်ကြခြင်း၊ တရားဓမ္မအားထုတ်လိုသူတို့ကလည်း ချမ်းသာစွာ တရားဓမ္မ အားထုတ်နိုင်ကြခြင်းတို့ကြောင့် ချမ်းသာကြရပေသည်။

ဤကဲ့သို့ မင်း၏အရိပ်ကို ခိုလှုံကြရခြင်းသည် ချမ်းသာစွာစီးပွားဥစ္စာကို ရှာနိုင်ခြင်း၊ ချမ်းသာစွာအတတ်ပညာကို သင်ကြားနိုင်ခြင်း၊ ချမ်းသာစွာ တရားဓမ္မ အားထုတ်နိုင်ခြင်းတို့ကို ရရှိနိုင်ကြသောကြောင့် ဆရာ၏ အရိပ်ထက် မင်း၏အရိပ်က ပို၍ ချမ်းသာသည် ဟု ဆိုရခြင်း ဖြစ်ပေသည်။

ဆောင်ပုဒ် ။ ။ ဆရာရိပ်ထက်၊ မင်းအရိပ်ဟာ၊ ပို၍သာ၊ မှန်စွာချမ်းသာသည်။

၅။ ထိုမင်း၏အရိပ်ထက် မြတ်စွာဘုရား၏ တရားအရိပ်က အဆပေါင်းများစွာ ပို၍ ချမ်းသာသည် ဟု ဆိုရာ၌ မင်း၏အရိပ်ကို ခိုလှုံကြရခြင်းသည် ယခုမျက်မှောက်ဘဝအတွက် ချမ်းသာအမျိုးမျိုးတို့ကိုသာ ရရှိနိုင်ကြတာများပေသည်။ မြတ်စွာဘုရား၏ တရားအရိပ်ကို ခိုလှုံကြရခြင်းသည် ယခုမျက်မှောက်ဘဝအတွက် ချမ်းသာအမျိုးမျိုးတို့ကိုလည်း ရရှိနိုင်ကြပေသည်။ နောက်နောင်ဘဝများအတွက် ချမ်းသာအမျိုးမျိုးတို့ကိုလည်း ရရှိနိုင်ကြပေသည်။ ထို့အပြင် နောင်ဘယ်သောအခါမှ ဆင်းရဲဒုက္ခများနှင့် ပြန်လည်မတွေ့ရသည့် နိဗ္ဗာန်ချမ်းသာသို့လည်း ရောက်ရှိသွားကြမည် ဖြစ်ပေသည်။ ထို့ကြောင့်

http://www.dhammadownload.com



မင်း၏အရိပ်ထက် မြတ်စွာဘုရား၏တရားအရိပ်က အဆပေါင်းများစွာ ပို၍ ချမ်းသာသည် ဟု ဆိုရခြင်း ဖြစ်ပေသည်။

ဆောင်ပုဒ် ။ ။ မင်းအရိပ်ထက်၊ တရားရိပ်ဟာ၊ ပို၍သာ၊ မှန်စွာချမ်းသာသည်။

မြတ်စွာဘုရား၏ တရားအရိပ်ကို ခိုလှုံလိုကြသော ပုဂ္ဂိုလ်တို့သည် ကိုယ်အမူအရာ ဖြစ်တိုင်း ဖြစ်တိုင်းကို ရှုမှတ်၍ နေကြရပေသည်။ မိမိတို့၏ ခန္ဓာကိုယ်၌ ကောင်းသည့် ချမ်းသာသည့် သုခဝေဒနာ၊ မကောင်းသည့် ဆိုးသည့် ဒုက္ခဝေဒနာ၊ ကောင်းသည်လည်းမဟုတ်၊ ဆိုးသည်လည်းမဟုတ်၊ အလယ်အလတ် ဖြစ်သည့် ဥပေက္ခာဝေဒနာတို့ကို ရှုမှတ်၍ နေကြရပေသည်။ မိမိတို့၏ စိတ်အမူအရာများ ဖြစ်တိုင်း ဖြစ်တိုင်းကိုလည်း ရှုမှတ်၍ နေကြရပေသည်။ မြင်ရာ၊ ကြားရာ၊ နံရာစသည်တို့၌ မြင်ကာမျှ မတ္တ၊ ကြားကာမျှ မတ္တ၊ နံကာမျှ မတ္တ စသည်တို့၌ တည်အောင် ရှုမှတ်နေကြရပေသည်။ ဤကဲ့သို့ ရှုမှတ်၍ နေခြင်းသည် မြတ်စွာဘုရား၏ တရားအရိပ်ကို ခိုလှုံခြင်းပင် ဖြစ်ပေသည်။

ဤကဲ့သို့ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ ဟူသော သတိပဋ္ဌာန်တရား (၄)ပါးတို့ဖြင့် ဝိပဿနာတရား ရှုမှတ်ပွားများ၍နေခြင်းသည် မြတ်စွာဘုရား၏ တရားအရိပ်ကို ခိုလှုံ၍နေခြင်းဖြစ်ပေသည်။ ရှုမှတ်ပွားများမှုများ ပြည့်စုံသွားသောအခါ နောင် ဘယ်သောအခါမှ ဆင်းရဲဒုက္ခများနှင့် ပြန်လည်၍ မတွေ့ရသည့် နိဗ္ဗာန်ချမ်းသာသို့ ရောက်ရှိသွားကြရမည် ဖြစ်ပေသည်။ ထို့ကြောင့် အရိပ်ချမ်းသာအမျိုးမျိုးတို့ထက် မြတ်စွာဘုရား၏ တရားအရိပ်ချမ်းသာက အဆပေါင်း များစွာ ပို၍ ချမ်းသာသည် ဟု ဆိုရခြင်း ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# ပညာရှိဟု သိနိုင်ဖွယ်ရာ အင်္ဂါသုံးဖြာ

လောကထဲ၌ ရှိနေကြသော လူပုဂ္ဂိုလ်တို့တွင် ပညာရှိသောပုဂ္ဂိုလ်နှင့် ပညာမဲ့သောပုဂ္ဂိုလ်ဟူ၍ (၂)မျိုးရှိပေသည်။ ထို (၂)မျိုးတို့တွင် ပညာရှိပုဂ္ဂိုလ်ဟု သိနိုင်ဖို့ရာမှာ ခဲယဉ်းသည့်အရာတစ်ခုပင် ဖြစ်ပေသည်။ ထို့ကြောင့် နီတိကျမ်းဆရာများက ပညာရှိဟုသိနိုင်ဖို့ရာ အင်္ဂါ (၃)ပါးကို ဖွင့်ပြ ဖော်ပြကြပေသည်။

၁။ ပတ္တာနုရူပကံ ဝါကျံ = အခွင့်အရေးကြုံလာသောအခါ သင့်လျော်သောစကားကို ပြောဆိုတတ်ခြင်း။

၂။ သဘာဝရူပကံ ပိယံ = မိမိနှင့်သင့်လျော်လျောက်ပတ်သော ချစ်အပ်သောသူကို သိခြင်း။

၃။ အတ္တာနုရူပကံ ကောခံ = မိမိနှင့်သင့်လျော် လျောက်ပတ်သော အမျက်ဒေါသထွက်ခြင်း ဟူ၍ ပညာရှိပုဂ္ဂိုလ်ဟု သိနိုင်ဖို့ရာ အင်္ဂါ (၃)ပါးရှိပေသည်။

၁။ အခွင့်အရေးကြုံလာသောအခါ သင့်လျော်သောစကားကို ပြောဆိုတတ်ခြင်း ဟု ဆိုရာ၌ အခွင့်အရေးကြုံလာသောအခါ ထိုအခွင့်အရေး အားလျော်စွာ သင့်လျော်သောစကားကို ပြောဆိုနိုင်ဖို့ရာမှာ ခက်ခဲသောအရာ တစ်ခုပင် ဖြစ်ပေသည်။ အကြင်ပုဂ္ဂိုလ်သည် မျက်မှောက်သံသရာ အပြစ်ဖြစ်ဖွယ်ရာများနှင့် ကြုံလာသောအခါ ထိုမျက်မှောက်အပြစ် သံသရာအပြစ် နှစ်မျိုးလုံးမှ လွတ်ကြောင်းစကားတို့ကို ပြောဆိုတတ်၏။ ထိုပုဂ္ဂိုလ်ကို ပညာရှိအင်္ဂါ တစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဟူ၍ ဆိုရပေသည်။

တစ်ချိန်သောအခါ ကောသလတိုင်း၌ အမျိုးသမီးတစ်ဦး၏ လင်ယောကျ်ား၊ မောင်နှင့်သားတို့သည် တောအုပ်အနီး၌ လယ်ထွန်ယက်နေကြ

http://www.dhammadownload.com



ကုန်၏။ ထိုအခါ ခိုးသားဓါးပြတို့သည် တောအုပ်အတွင်း၌ ခရီးသွားသောသူတို့ထံမှ ပစ္စည်းများကို လုယူ၍ထွက်ပြေးသွားကြ၏။ သက်ဆိုင်ရာအာဏာပိုင်တို့သည် ခိုးသားဓါးပြတို့ကို ရှာဖွေ၍မတွေ့ကြသောကြောင့် လယ်ထွန်ရာအရပ်သို့လာရောက်၍ " သင်တို့သည် တောအုပ်ထဲ၌ လုယက်ပြီး ယခုမှ လယ်ထွန်သမား ဟန်ဆောင်နေကြသည် " ဟု သုံးယောက်သောသူတို့ကို ဖမ်းယူတုပ်နှောင်၍ ကောသလမင်းကြီးထံ ပေးအပ်ကြကုန်၏။

ထိုအခါ အမျိုးသမီးသည် မင်းကြီး၏နန်းတော်အိမ်သို့ လာရောက်၍ " အရှင်မင်းကြီး ကျွန်ုပ်အား ဖုံးလွှမ်းဖွယ်အဝတ်ကို ပေးပါ " ဟု ငိုကြွေးကာ မင်းကြီး၏ နန်းတော်အိမ်ကို အကြိမ်ကြိမ် အဖန်ဖန် လှည့်လည်၍ တောင်းလေ၏။ အဝတ်များကို သွားပေးသောအခါ ဤအဝတ်များကို မယူလိုပါ၊ ကျွန်ုပ်၏ လင်ဟူသော အဝတ်ကိုသာ ယူလိုပါသည်ဟု ပြောသောကြောင့် မင်းကြီးထံ ခေါ်သွားကြလေ၏။

မင်းကြီးထံရောက်သွားသောအခါ မင်းကြီးက မိန့်ကြားသည်မှာ ဤသုံးယောက်သောသူတို့သည် သင်နှင့်ဘယ်လိုတော်သလဲဟု မေးလေ၏။ အရှင်မင်းကြီး တစ်ယောက်သောသူသည် အကျွန်ုပ်၏လင်၊ တစ်ယောက်သောသူသည် အကျွန်ုပ်၏မောင်၊ တစ်ယောက်သောသူသည် အကျွန်ုပ်၏သား ဖြစ်ပါသည် ဟု လျှောက်ထားလေ၏။ မင်းကြီးက ဤသုံးယောက်ကုန်သောသူတို့တွင် တစ်ယောက်သောသူကို သင့်အား ပေးမည် အဘယ်သူကို အလိုရှိသနည်းဟု မေး၏။

အရှင်မင်းကြီး ကျွန်ုပ်အသက်ရှင်နေသည်ရှိသော် လင်ကိုလည်း ရနိုင်ပါသည်။ သားကိုလည်း ရနိုင်ပါသည်။ ကျွန်ုပ်၏မိဘတို့သည် သေဆုံးကုန်ကြပြီဖြစ်သောကြောင့် မောင်, ကိုမရနိုင်တော့ပါ၊ သို့ဖြစ်သောကြောင့် ကျွန်ုပ်အားမောင်, ကို ပေးပါ ဟု လျှောက်ထားလေ၏။ မင်းကြီးသည် ပညာရှိအမျိုးသမီး၏ စကားကို နှစ်သက်၍ လင်နှင့်သား မောင် သုံးယောက်လုံးတို့ကို အပြစ်ဘေးမှ လွှတ်ပေးလိုက်လေ၏။ ဤကဲ့သို့ အခွင့်အရေးကြုံလာသောအခါ အပြစ်ဘေးမှ လွတ်အောင် ပြောဆိုနိုင်သောအမျိုးသမီးကို ပညာရှိပုဂ္ဂိုလ်၏ အင်္ဂါတစ်ပါးနှင့် ပြည့်စုံသောသူ ဟု ဆိုရပေသည်။

http://www.dhammadownload.com



မိမိနှင့်သင့်လျော် လျောက်ပတ်သော ချစ်အပ်သောသူကိုသိခြင်း ဟု ဆိုရာ၌ မိမိနှင့် လျော်ကန်သင့်မြတ်သော ချစ်အပ်သောသူကိုသိဖို့ရာမှာလည်း ခက်ခဲသောအရာတစ်ခုပင် ဖြစ်ပေသည်။ ဤလူ့လောက၌ ချစ်အပ်သောသူတို့သည် အကျဉ်းချုပ်အားဖြင့် အိမ်ထောင်ဖက်အနေဖြင့် ချစ်အပ်သောသူ၊ မိမိ၏ အကျိုးစီးပွားကိုလိုလားသောမိတ်ဆွေအနေဖြင့် ချစ်အပ်သောသူ၊ ဆရာမိဘ အနေဖြင့် ချစ်အပ်သောသူ ဟူ၍ (၃)မျိုးရှိပေသည်။

ထို (၃)မျိုးတို့တွင် အိမ်ထောင်ဖက်အနေဖြင့် ဤသူသည် မိမိနှင့် သင့်လျော်သည်၊ ဤသူသည် မိမိနှင့်မသင့်လျော် ဟု သိနိုင်ဖို့ရာမှာလည်း ခဲယဉ်းလှပေသည်။ အတူတကွလည်း နေမှု ကြာကြာလည်း အတူနေမှု ထိုအိမ်ထောင်ဖက်ဖြစ်သူ၏ သဘောထားကိုလည်း ဆင်ခြင်မှု၊ တကယ်ချစ်အပ်သူ ဟုတ်/မဟုတ် ဆုံးဖြတ်နိုင်သည့်ဉာဏ်ပညာလည်း ရှိမှ ဤသူသည် အိမ်ထောင်ဖက် အနေအားဖြင့် ချစ်အပ်သောသူ ဟု သိနိုင်ပေသည်။ ဤကဲ့သို့ သိနိုင်သော သူကို ပညာရှိဟုသိဖို့ရာ အင်္ဂါတစ်ပါးနှင့်ပြည့်စုံသောသူ ဟူ၍ ဆိုရပေသည်။

အိမ်ထောင်ဖက်အနေအားဖြင့် ချစ်အပ်သောသူကို ရွေးချယ်ရာ၌ သမဇီဝိသုတ္တန်၌ လာသောတရား (၄)ပါးဖြင့် ရွေးချယ်ခြင်းသည် အကောင်းဆုံး အမှန်ကန်ဆုံး ရွေးချယ်ခြင်း ဖြစ်ပေသည်။ ရွေးချယ်ရမည့်တရား (၄)ပါးမှာ - အိမ်ထောင်ဖက်အနေအားဖြင့် ရွေးချယ်အပ်သူနှစ်ဦးတို့သည် -

၁။ သမသဒ္ဓါ = ဘုရား၊ တရား၊ သံဃာ၊ ကံနှင့်ကံ၏အကျိုး ဤငါးမျိုးကို ယုံကြည်သည့် သဒ္ဓါတရားချင်း တူကြရပေမည်။

၂။ သမသီလာ = သူ့သက်မသတ်ခြင်း၊ သူ့ဥစ္စာမခိုးခြင်း၊ သူ့သားမယား မဖျက်ဆီးခြင်း၊ လိမ်မပြောခြင်း၊ အရက်သေစာ မသောက်စားခြင်း စသော ကိုယ်ကျင့်သီလချင်း တူကြရပေမည်။

၃။ သမစာဂါ = စွန့်ကြဲပေးကမ်း လှူဒါန်းကြသည့်နေရာမှာ သဘောထားချင်း တူကြရပေမည်။

http://www.dhammadownload.com



၄။ သမပညာ = သွားသင့်မှ သွား၊ နေသင့်မှ နေ၊ စားသင့်မှ စား၊ ပြောသင့်မှ ပြော စသော အရာဌာနအားလျော်စွာ အဆင်အခြင် ဉာဏ်ပညာချင်းတူကြရပေမည်။ ဤတရား (၄)ပါးတူကြသူတို့သည် အိမ်ထောင်ဖက်အနေအားဖြင့် ချစ်အပ်သောသူများပင် ဖြစ်ကြပေသည်။

၃။ မိမိနှင့်သင့်လျော် လျောက်ပတ်သော အမျက်ဒေါသထွက်ခြင်း ဟုဆိုရာ၌ အမျက် ဒေါသထွက်သောအရာမှာ မိမိ၏အမျက်ဒေါသထွက်ရမည့် အတိုင်းအရှည်ပမာဏကို သိဖို့ရာမှာလည်း ခဲယဉ်းသောအရာ တစ်ခုပင် ဖြစ်ပေသည်။ မိမိ၏အစွမ်းသတ္တိများ ရှိသည်ထက် ပို၍ရှိသည်ဟု အထင်ကြီးပြီး အမျက်ဒေါသကို မချုပ်တည်းနိုင်သောကြောင့် ပျက်စီးကြရသော သာဓကများမှာ ဇာတ်နိပါတ်တော်များ၌ အများအပြားပင် ရှိကြပေသည်။

အထင်ရှားဆုံး သာဓကတစ်ခုမှာ ကလာဗုမင်းပင် ဖြစ်ပေသည်။ ကလာဗုမင်းသည် ဉယျာဉ်ထဲသို့ထွက်၍ ကျောက်ဖျာတစ်ခုပေါ်၌ အဖျော်အဖြေ အမျိုးသမီးတို့ကို ဖျော်ဖြေစေရာတွင် အိပ်ပျော်သွားလေ၏။ ထိုသို့အိပ်ပျော်သွားသောကြောင့် အဖျော်အဖြေ အမျိုးသမီးတို့သည် ဘုရားလောင်းခန္တီဝါဒီ ရသေ့ထံသို့ သွား၍ တရားနာကြလေ၏။

ကလာဗုမင်း နိုးလာသောခါ အဖျော်အဖြေအမျိုးသမီးများ ဘုရားလောင်းထံမှာ တရားသွားနာနေကြသည်ကို သိ၍ ဘုရားလောင်းအား အမျက်ဒေါသခြောင်း ခြောင်း ထွက်ကာ ဘုရားလောင်း၏လက်ခြေ စသည်တို့ကို ဖြတ်စေ၍ သေဆုံးသည်အထိ ရိုက်နှက်ပုတ်ခတ်ခြင်းတို့ဖြင့် ပြစ်မှားလေ၏။ ကလာဗုမင်းသည် ဘုရားလောင်းအား သေဆုံးသည်အထိ ရိုက်ပုတ်ရာမှ ထွက်ခွာသွားစဉ် မြေမျိုခံရ၍ အဝီစိငရဲသို့ကျရောက်သွားလေ၏။ အမျက်ဒေါသကို မချုပ်တည်းနိုင်သောကြောင့် ပျက်စီးရခြင်း ဖြစ်ပေသည်။

မိမိနှင့် သင့်လျော်လျောက်ပတ်သော အမျက် ဒေါသထွက်၍ ပညာရှိဖြစ်ဖို့ရာမှာ ဒေါသသည် မိမိအကျိုးစီးပွားကိုလည်း ဖျက်ဆီးတတ်၏။ သူတစ်ပါးတို့၏ အကျိုးစီးပွားကိုလည်း ဖျက်ဆီးတတ်၏။ အဒေါသ-မေတ္တာသည် မိမိ

http://www.dhammadownload.com



၏အကျိုးစီးပွားကိုလည်း ဖြစ်ထွန်းစေ၏။ သူတစ်ပါးတို့၏ အကျိုးစီးပွားကိုလည်း ဖြစ်ထွန်းစေ၏။ ဒေါသသည် မိမိကို ကူညီစောင့်ရှောက်မည့် မိတ်ကောင်း ဆွေကောင်းများကိုလည်း ပျက်စီးစေ၏။ အဒေါသ-မေတ္တာသည် မိမိကို ကူညီစောင့်ရှောက်မည့် မိတ်ကောင်း ဆွေကောင်းများကိုလည်း တိုးပွားစေ၏ စသည်ဖြင့် ဒေါသ၏အပြစ်နှင့် အဒေါသ-မေတ္တာ၏ အကျိုးတရားတို့ကို ဆင်ခြင်၍ မိမိနှင့် သင့်လျော်လျောက်ပတ်သော အမျက်ဒေါသမျှကိုသာ ထွက်သောသူကို ပညာရှိပုဂ္ဂိုလ်၏ အင်္ဂါတစ်ပါးနှင့် ပြည့်စုံသောသူ ဟူ၍ ဆိုရပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# ဖြည်းဖြည်းပြုပါ ဤငါးဖြာ

လောကထဲ၌ရှိနေကြသော ပုဂ္ဂိုလ်သတ္တဝါတို့သည် ရဟန္တာပုဂ္ဂိုလ်မှ တစ်ပါး ပြုဖွယ်ကိစ္စမရှိသော ပုဂ္ဂိုလ်ဟူ၍ မရှိကြပေ။ ပြုဖွယ်ကိစ္စရှိကြသူတို့သာ ဖြစ်ကြပေသည်။ ထိုပြုဖွယ်ကိစ္စတို့သည် မြန်မြန်ပြုကြရမည့် ပြုဖွယ်ကိစ္စနှင့် ဖြည်းဖြည်း ပြုကြရမည့် ပြုဖွယ်ကိစ္စဟူ၍ (၂)မျိုး ရှိကြပေသည်။

မြန်မြန်ပြုကြရမည့် ပြုဖွယ်ကိစ္စများမှာ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ စသော ကောင်းမှုကုသိုလ်ဖြစ်သည့် ပြုဖွယ်ကိစ္စများကို ယနေ့ပြုခွင့်ရလျှင် ယနေ့ပင် အမြန်ပြုကြရမည် နက်ဖန်ခါသို့ မရွှေ့ဆိုင်းထားကြရပေ။ ဘာကြောင့်လဲဆိုပါလျှင် မိမိတို့၏ အသက်သည် နက်ဖန်ခါ ရှင်ချင်မှ ရှင်တော့မှာ ဖြစ်တဲ့အတွက်ကြောင့် ယနေ့ပင် အမြန်ပြုပါ ဟု မြတ်စွာဘုရားဟောကြားတော်မူသည့်အတိုင်း မြန်မြန်ပြုကြရပေသည်။

ဖြည်းဖြည်းပြုကြရမည့်ကိစ္စများကိုတော့ နီတိကျမ်းဆရာများက (၅)မျိုး ဖွင့်ပြ ဖော်ပြကြပေသည်။

| | | |
|---|---|---|
| ၁။ သိနေ သိပ္ပံ | = | အတတ်ပညာ သင်ယူရာ၌ ဖြည်းဖြည်း သင်ယူရာ၏။ |
| ၂။ သိနေ ဓနံ | = | စီးပွားဥစ္စာ ရှာဖွေရာ၌ ဖြည်းဖြည်း ရှာဖွေရာ၏။ |
| ၃။ သိနေ ပဗ္ဗတ မာရုဟံ | = | မြင့်မားသော တောင်ကုန်းပေါ် သို့ တက်ရာ၌ ဖြည်းဖြည်းတက်ရာ၏။ |

http://www.dhammadownload.com



၄။ သိနေ ကာမဋ္ဌ = ကာမဂုဏ်အရာတွင် အိမ်ထောင်ဖက်ကို ရှာဖွေရာ၌ ဖြည်းဖြည်း ရှာဖွေရာ၏။

၅။ သိနေ ကောဓဋ္ဌ = အမျက်ဒေါသထွက်ရာ၌ ဖြည်းဖြည်းထွက်ရာ၏ဟူ၍ (၅)မျိုး ဖွင့်ပြ ဖော်ပြကြပေသည်။

---

၁။ အတတ်ပညာသင်ယူရာ၌ ဖြည်းဖြည်းသင်ယူရာ၏ ဟု ဆိုရာတွင် အကြင်သူသည် အတတ်ပညာသင်ယူသောအခါ မြန်မြန်တတ်လိုသောကြောင့် ပထမသင်္ခန်းစာကို ကျေကျေပွန်ပွန် မတတ်မြောက်သေးပါဘဲ ဒုတိယသင်္ခန်းစာများကို အမြန် တိုးတက်၍ သင်ယူ၏။ ဒုတိယသင်္ခန်းစာများကို ကျေကျေပွန်ပွန် မတတ်မြောက်သေးပါဘဲ၊ တတိယ - စတုတ္ထစသော သင်္ခန်းစာများကို အမြန် တိုးတက်၍ သင်ယူ၏။

ထိုသူသည် ပထမသင်္ခန်းစာ၊ ဒုတိယသင်္ခန်းစာ စသည်များကို ကျေကျေပွန်ပွန် မတတ်မြောက်ခဲ့သောကြောင့် တတိယ - စတုတ္ထ စသော သင်္ခန်းစာများကို သင်ယူရာ၌ အခက်အခဲများစွာ တွေ့ရမည် ဖြစ်ပေသည်။ ထိုကြောင့် အတတ်ပညာသင်လိုသော စိတ်ဓါတ်များ ကျဆင်းသွားတတ်ပေသည်။

အကြင်သူသည် အတတ်ပညာသင်ယူသောအခါ ပထမသင်္ခန်းစာ စသည်များကို ကျေကျေပွန်ပွန် တတ်မြောက်အောင် ဖြည်းဖြည်း သင်ယူလေ့လာ မှတ်သား၏။ ပထမသင်္ခန်းစာစသည်များကို ကျေပွန်စွာတတ်မြောက်ပြီးမှ ဒုတိယ တတိယ စသော သင်္ခန်းစာများကို ဖြည်းဖြည်း တက်၍ သင်ယူ၏။ ထိုသူသည် သင်ယူခဲ့သော အောက် အောက် သင်္ခန်းစာများမှ အထောက်အကူတို့ကို ရရှိသဖြင့် အထက် အထက် သင်္ခန်းစာ အတတ်ပညာတို့ကို ဆုံးခန်းတိုင်အောင် သင်ကြားတတ်မြောက်နိုင်၏။ ထို့ကြောင့် နီတိကျမ်းဆရာများက အတတ်ပညာသင်ယူရာ၌ ဖြည်းဖြည်းသင်ယူရာ၏ ဟု ဖွင့်ပြ ဖော်ပြကြခြင်း ဖြစ်ပေသည်။

၂။ စီးပွားဥစ္စာ ရှာဖွေရာ၌ ဖြည်းဖြည်း ရှာဖွေရာ၏ ဟု ဆိုရာတွင် အကြင်သူသည် စီးပွားဥစ္စာ ရှာဖွေသောအခါ မြန်မြန်ကြွယ်ဝချမ်းသာလိုသောကြောင့်

http://www.dhammadownload.com



အခြေခံပစ္စည်းဥစ္စာ မရှိသေးပါဘဲ လုပ်ငန်းအမျိုးမျိုးတို့ကို ခဲ့ထွင်တည်ထောင်၍ လုပ်ကိုင်၏။ ထိုသူသည် လုပ်ငန်းအမျိုးမျိုးတို့၌ ကျွမ်းကျင်မှုလည်းမရှိ ပစ္စည်းအင်အားလည်း မပြည့်စွက်နိုင်သောကြောင့် ရည်မှန်းသည့် အတိုင်း ဘယ်လုပ်ငန်းမှ မဖြစ်မြောက်လာ၍ စိတ်ဓါတ်များ ကျဆင်းသွားတတ်ပေသည်။

အကြင်သူသည် စီးပွားဥစ္စာရှာဖွေသောအခါ မိမိကျွမ်းကျင်သော လုပ်ငန်းတစ်ခုခုကို တဖြည်းဖြည်း တိုးတက်လာရအောင် မပြတ်မလပ် လုပ်ကိုင်ရှာဖွေ၏။ ထိုသူသည် မိမိကြိုးစားမှုနှင့်အမျှ တဖြည်းဖြည်း စီးပွားဥစ္စာများ စုဆောင်းမိ၍ ကြွယ်ဝချမ်းသာမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် နီတိကျမ်းဆရာများက စီးပွားဥစ္စာရှာဖွေရာ၌ ဖြည်းဖြည်း ရှာဖွေရာ၏ဟု ဖွင့်ပြ ဖော်ပြကြခြင်း ဖြစ်ပေသည်။

၃။ မြင့်မားသော တောင်ကုန်းပေါ်သို့ တက်ရာ၌ ဖြည်းဖြည်းတက်ရာ၏ဟု ဆိုရာတွင် အကြင်သူသည် ပေ(၄၀၀၀)၊ ပေ(၅၀၀၀) စသည်ဖြင့် မြင့်မားသော တောင်ကုန်းများသို့ တက်သောအခါ မြန်မြန်ရောက်လိုသောကြောင့် အလျင်အမြန်ပြေး၍တက်၏။ ထိုသူသည် တောင်ကုန်းပေါ်သို့ မရောက်မီအမောဆို့၍ မတက်နိုင်တော့ဘဲ ဒုက္ခဖြစ်နိုင်ပေသည်။

အကြင်သူသည် အလွန်မြင့်မားသော တောင်ကုန်းပေါ်သို့ တက်သောအခါ မိမိ၏ ကိုယ်အင်အားနှင့်အမျှ ဖြည်းဖြည်းအမှတ်သတိဖြင့် တက်၏။ ထိုသူသည် မိမိရောက်လိုသော တောင်ကုန်းပေါ်သို့ ကောင်းမွန်စွာ ရောက်သွားမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် နီတိကျမ်းဆရာများက မြင့်မားသော တောင်ကုန်းပေါ်သို့ တက်ရာ၌ ဖြည်းဖြည်းတက်ရာ၏ ဟု ဖွင့်ပြ ဖော်ပြကြခြင်း ဖြစ်ပေသည်။

၄။ ကာမဂုဏ်အရာတွင် အိမ်ထောင်ဖက်ကို ရှာဖွေရာ၌ ဖြည်းဖြည်း ရှာဖွေရာ၏ ဟု ဆိုရာတွင် လူ့ဘောင် လူ့လောက၌ နေထိုင်ကြသော အကြင်

http://www.dhammadownload.com



သူတို့သည် လောကီဘုံသား လူအများတို့၏ သဘာဝအတိုင်း အိမ်ထောင်ဖက် ရှာဖွေကြရပေသည်။ ရှာဖွေသောအခါ အလျင်အမြန် လိုချင်ကြသောကြောင့် မလေ့ မလာ မစဉ်းစားဘဲ အိမ်ထောင်ဖက်ကို ရွေးချယ်အတည်ပြုစာတ်ကြပေသည်။ ထို့နောက်မှ မကိုက်ညီသော တစ်ဦး၏သဘောထားကို တစ်ဦးသိကြသောအခါ စိတ်ဝမ်းကွဲကြပေသည်။ စိတ်မချမ်းသာမှုများ ဖြစ်ကြရပေသည်။ ထိုသူတို့သည် ထိမ်းမြားမည့်နေ့ကျမှ ထွက်ပြေးတိမ်းရှောင်သွားခြင်းများလည်း ရှိကြပေသည်။ နှစ်ဖက်သော လူကြီးမိဘများ မျက်နှာပျက်ကြရပေသည်။ မင်္ဂလာ အခမ်းအနားအတွက် ပစ္စည်းများ ဆုံးရှုံးကြရပေသည်။ ထို့ကြောင့် နီတိကျမ်းဆရာများက ကာမဂုဏ်အရာတွင် အိမ်ထောင်ဖက်ရှာဖွေရာ၌ ဖြည်းဖြည်းရှာဖွေရာ၏ ဟု ဖွင့်ပြ ဖော်ပြကြခြင်း ဖြစ်ပေသည်။

၅။ အမျက်ဒေါသထွက်ရာ၌ ဖြည်းဖြည်းထွက်ရာ၏ ဟု ဆိုရာတွင် အကြင်သူသည် စိတ်ဆိုးအမျက်ထွက်စရာ အကြောင်းများ ဖြစ်ပေါ်လာသောအခါ အကြောင်းအကျိုးကို မစဉ်းစား မဆင်ခြင်ပါဘဲ အမြန်စိတ်ဆိုး အမျက်ထွက်တတ်၏။ ကြမ်းတမ်းသော ကိုယ်အမူအရာ နှုတ်အမူအရာတို့ဖြင့် ဆဲဆို ကြိမ်းမောင်းခြင်းများကို ပြုလုပ်၏။ ထိုသူသည် အပြောမှား အပြုမှားတို့ကို ပြုလုပ်မိသောကြောင့် ကောင်းသောဂုဏ်သိက္ခာများ ထိခိုက်ကျဆင်းသွားရပေသည်။ ခင်မင်ကြည်ညိုနေကြသော မိတ်ကောင်း ဆွေကောင်းတို့ အကြည်ညိုပျက်၍ မိတ်ပျက် ဆွေပျက်ဖြစ်ရပေသည်။ ထို့ကြောင့် နီတိကျမ်းဆရာများက အမျက်ဒေါသထွက်ရာ၌ ဖြည်းဖြည်းထွက်ရာ၏ ဟု ဖွင့်ပြ ဖော်ပြကြခြင်း ဖြစ်ပေသည်။

နောက်တစ်နည်း ဖြည်းဖြည်းပြုလုပ်ရမည့် အရာ (၃)မျိုး၊ နောင်ပြုပြင်ရန် ခက်သောကြောင့် စဉ်းစဉ်းစားစား ဖြည်းဖြည်း ပြုကြရမည့်အရာ (၃)မျိုး ရှိပေသည်။

၁။ အိမ်ထောင်ပြုခြင်း။
၂။ ဘုရားတည်ခြင်း။
၃။ ဆေးမင်ကြောင်ထိုးခြင်း - ဟူ၍ (၃)မျိုး ရှိပေသည်။

http://www.dhammadownload.com



၁။ အိမ်ထောင်ပြုခြင်း - ဟု ဆိုရာ၌ အရှက် (ဟိရိ) အကြောက် (ဩတ္တပ္ပ) နှင့် ပြည့်စုံကြသော အကြင်အမျိုးကောင်းသား အမျိုးကောင်းသမီး တို့သည် အိမ်ထောင်ပြုခြင်းကိစ္စကို တစ်ကြိမ်တစ်ခါသာ ပြုလုပ်လိုကြပေသည်။ အကြိမ်ကြိမ် ပြောင်းလဲ၍ မပြုလုပ်လိုကြပေ၊ ထိုအမျိုးကောင်းသား၊ အမျိုးကောင်းသမီး တို့သည် အိမ်ထောင်ပြုခြင်းကိစ္စကို အကြိမ်ကြိမ်ပြုလုပ်ပြောင်းလဲဖို့ရာမှာ ခက်ခဲသောအရာတစ်ခုပင် ဖြစ်ပေသည်။ ထို့ကြောင့် အိမ်ထောင်ပြုခြင်းကိစ္စကို စဉ်းစဉ်းစားစား ဖြည်းဖြည်း ပြုကြရပေသည်။

၂။ ဘုရားတည်ခြင်း - ဟု ဆိုရာ၌ စေတီတော်နှင့် ရုပ်ထုတော်တို့ကို တည်ထား ကိုးကွယ်ကြရာတွင် သင့်တော်သောအရပ်ဒေသနှင့် ကြည်ညိုဖွယ်ရာ သင့်တော်သော ပုံတော်တို့ကို ရွေးချယ်စိစစ်၍ တည်ထား ကိုးကွယ် ကြရပေသည်။ အကြင်အခါ မသင့်တော်သော အရပ်ဒေသနှင့် ကြည်ညိုဖွယ်မရှိမူ၍ ဘုရား၏ဂုဏ်အင်္ဂါနှင့် မပြည့်စုံသော စေတီတော် ရုပ်ပွားတော်တို့ကို တည်ထား ကိုးကွယ်မိကြ၏။ ထိုအခါ ထိုစေတီတော် ထိုရုပ်ထုတော်တို့ကို မဖျက်ဆီးကောင်းသောကြောင့် ပြုပြင်ပြောင်းလဲဖို့ရာ ခက်ခဲသောအရာတစ်ခုပင် ဖြစ်ပေသည်။ ထို့ကြောင့် ဘုရားတည်ခြင်းကိစ္စကိုလည်း စဉ်းစဉ်းစားစား ဖြည်းဖြည်း ပြုကြရပေသည်။

၃။ ဆေးမင်ကြောင်ထိုးခြင်း - ဟု ဆိုရာ၌ အကြင်ငယ်ရွယ်သူတို့သည် မိမိတို့၏ ခန္ဓာကိုယ်တွင် လက်မောင်း၊ ရင်ဘတ်၊ ကျောကုန်း စသည်တို့၌ ကြောင်ရုပ်၊ ကျားရုပ်၊ ဂဠုန်ရုပ်၊ နတ်ရုပ် စသည့် ဆေးမင်ကြောင်ရုပ်များကို ထိုးကြပေသည်။ ထိုသူတို့သည် နောင်အသက်အရွယ်ကြီးလာသောအခါ ထိုဆေးမင်ကြောင်ရုပ်များကို မနှစ်သက်တော့၍ ဖျောက်ဖျက်လိုသော စိတ်ဆန္ဒများ ဖြစ်ပေါ်လာတတ်ကြပေသည်။ သို့သော် ဆေးမင်ကြောင်များက အသားထဲ၌ စွဲကပ်နေသောကြောင့် ဖျောက်ဖျက်လို့ မရကြတော့ပေ၊ ပြုပြင်ပြောင်းလဲဖို့ရာ ခက်ခဲသောအရာတစ်ခုပင် ဖြစ်ပေသည်။ ထို့ကြောင့် ဆေးမင်ကြောင်ထိုးခြင်း ကိစ္စကိုလည်း စဉ်းစဉ်းစားစား ဖြည်းဖြည်း ပြုကြရပေသည်။

http://www.dhammadownload.com



ထို့ကြောင့် ရှေးပညာရှိများက " အိမ်ထောင်ပြု၊ ဘုရားတည်၊ ဆေးမင်ရည် စုတ်ထိုး၊ ဤသုံးမျိုး ချက်မပိုင်လျှင်၊ နောင်ပြင်ရန် ခက်သည့်အမျိုး " ဟူ၍ ကဗျာစပ်ဆိုကြပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# အစစ်လေးဖြာ သိကောင်းစရာ

လောကထဲ၌ရှိနေကြသော အရာဝတ္ထုဟူသမျှတို့သည် အစစ်နှင့်အတု ဟူ၍ (၂)မျိုး ရှိကြပေသည်။ ထိုအစစ်နှင့်အတု (၂)မျိုးတို့တွင် အားလုံးသောပုဂ္ဂိုလ်သတ္တဝါတို့သည် အစစ်ကိုသာ အလိုရှိကြပေသည်။ အတုကိုအလိုမရှိကြပေ။ ထို့ကြောင့် နီတိကျမ်းဆရာများက အစစ် (၄)မျိုးကို ဖွင့်ပြဖော်ပြကြပေသည်။

၁။ သော ဗန္ဓု ယော ဟိတေ ယုတ္တော = အကျိုးစီးပွား၌ ယှဉ်စေသူသည် ဆွေမျိုးစစ် ဖြစ်၏။

၂။ ပိတရော ဟောန္တိ ပေါသကာ = ယုယပိုက်ထွေး ကျွေးမွေးသူသည် မိဘစစ် ဖြစ်၏။

၃။ တံ မိတ္တံ ယတ္ထ ဝိသာသော = အကျွမ်းဝင်သောသူသည် မိတ်ဆွေစစ် ဖြစ်၏။

၄။ သာ ဘရိယာ ယတ္ထ နိဗ္ဗုတိ = စိတ်နှလုံးကို အေးငြိမ်းစေသူသည် ဇနီးမယားစစ် ဖြစ်၏ ဟူ၍

အစစ်(၄)မျိုးကို ဖွင့်ပြ ဖော်ပြကြပေသည်။

၁။ အကျိုးစီးပွား၌ ယှဉ်စေသူသည် ဆွေမျိုးစစ်ဖြစ်၏ ဟု ဆိုရာ၌ အကြင်သူသည် ဆွေမျိုးရင်းချာပင် ဖြစ်ပါသော်လည်း မိမိ၏အကျိုးစီးပွားကို ကူညီဆောင်ရွက်ပေးခြင်း မရှိပေ၊ ထိုသူကို ဆွေမျိုးရင်းချာပင် ဖြစ်ပါသော်လည်း ဆွေမျိုးစစ်ဟု မဆိုထိုက်ပေ။

အကြင်သူသည် ဆွေမျိုးရင်းချာပင် မဟုတ်ပါသော်လည်း ဆွေမျိုးရင်းချာကဲ့သို့ပင် မိမိ၏အကျိုးစီးပွားများကို အဖက်ဖက်က ကူညီဆောင်ရွက်ပေး၏။

http://www.dhammadownload.com



ထိုသူသည် ဆွေမျိုးရင်းချာပင် မဟုတ်ပါသော်လည်း ဆွေမျိုးစစ်အမှန်ဖြစ်သည် ဟု ဆိုလိုရင်း ဖြစ်ပေသည်။

၂။ ယုယပိုက်ထွေးကျွေးမွေးသူသည် မိဘစစ်ဖြစ်၏ ဟု ဆိုရာ၌ အကြင် မိဘရင်းသည်ကား မိဘရင်းချာပင်ဖြစ်သော်လည်း မိမိအား ယုယပိုက်ထွေး ကျွေးမွေးခြင်း မရှိပေ၊ ထိုသို့သော ယုယ ပိုက်ထွေး ကျွေးမွေးခြင်း မရှိ သော်လည်း ထိုမိဘများကို မိဘမဟုတ် ဟု မယူရပေ၊ ထိုသို့သော မိဘများ ကိုပင် စွမ်းနိုင်သမျှ ကျေးဇူးဆပ်ကြရပေသည်။

အကြင်သူသည် မိဘရင်းချာပင် မဟုတ်ပါသော်လည်း မိဘရင်းချာ ကဲ့သို့ မိမိကို ယုယပိုက်ထွေး ကြင်နာစွာ ပြုစုကျွေးမွေး၏။ ထိုသူကို မိဘစစ် ရင်းချာကဲ့သို့ပင် အသိအမှတ်ပြုကြရပေသည်။ ကျေးဇူးဆပ်ကြရပေသည် ဟု ဆိုလိုရင်း ဖြစ်ပေသည်။

သားငယ် သမီးငယ်တို့ကို ငယ်ရွယ်စဉ်မှစ၍ ယုယပိုက်ထွေး ကျွေးမွေး ခဲ့ကြသော ပညာရှိမိဘတို့သည် သားသမီးတို့အပေါ်၌ ရည်ရွယ်ချက် (၅)မျိုး ထားရှိခဲ့ကြပေသည်။ ထိုရည်ရွယ်ချက် (၅)မျိုးတို့သည် သားသမီးတို့၏ ကျင့် ဝတ် (၅)မျိုးပင် ဖြစ်ကြပေသည်။ သားသမီးတို့သည် ထိုကျင့်ဝတ် (၅)မျိုးတို့ ဖြင့် မိဘတို့၏ ကျေးဇူးကို ဆပ်ကြရပေသည်။

ပညာရှိမိဘတို့၏ သားသမီးတို့အပေါ်၌ ထားအပ်သော ရည်ရွယ်ချက် (၅)မျိုးမှာ -

(က) ပညာရှိမိဘတို့သည် မိမိတို့ဖဝါးလက်နှစ်လုံး၊ ပုခုံးလက်နှစ်သစ် အရွယ်မှစ၍ ယုယပိုက်ထွေးပြုစုကျွေးမွေးခဲ့သော သားငယ်သမီး ငယ်တို့သည် မိဘတို့ အိုမင်းမစွမ်းဖြစ်လာသောအခါ မိဘတို့ကို ပြန်၍ ပြုစုလုပ်ကျွေးကြလိမ့်မည်ဟု ရည်ရွယ်ချက်ထားကြပေသည်။

ဆောင်ပုဒ် ။ ။ မိဘနှစ်ဖြာ၊ အိုမင်းလာ၊ ပြန်တာလုပ်ကျွေးကြလိမ့်မည်။

http://www.dhammadownload.com



(ခ) ပညာရှိမိဘတို့သည် မိမိတို့ ဖဝါးလက်နှစ်လုံး ပုန်းလက်နှစ်သစ် အမှုယ်မှ စ၍ ယုယပိုက်ထွေး ပြုစုကျွေးမွေးခဲ့သော သားငယ်သမီးငယ်တို့သည် မိဘများ အိုမင်းမစွမ်းဖြစ်လာ၍ ရပ်ရွာကိစ္စ အိုးအိမ်ကိစ္စ စသည်များကို မဆောင်ရွက်နိုင်ကြသောအခါ သားငယ် သမီးငယ်တို့သည် မိဘများ၏ ကိစ္စများကို ကူညီဆောင်ရွက်ပေးကြလိမ့်မည် ဟု လည်း ရည်ရွယ်ချက်ထားကြပေသည်။

ဆောင်ပုဒ် ။ ။ မိဘတို့မှာ၊ ပြုဖွယ်ရာ၊ ကူကာလုပ်ပေးကြလိမ့်မည်။

(ဂ) ပညာရှိမိဘတို့သည် မိမိတို့ ယုယပိုက်ထွေး ပြုစုကျွေးမွေးခဲ့သော သားငယ် သမီးငယ်တို့သည် မိဘတို့၏ မျိုးရိုးအစဉ်ကို အရှည်တည်တံ့နေရအောင်၊ မပျက်စီးသွားရအောင် ဆောင်ရွက်ကြလိမ့်မည် ဟုလည်း ရည်ရွယ်ချက်ထားကြပေသည်။

ဆောင်ပုဒ် ။ ။ မျိုးရိုးစဉ်လာ၊ ရှည်မြင့်ကြာ၊ တည်ရာပြုကြပေလိမ့်မည်။

(ဃ) ပညာရှိမိဘတို့သည် မိမိတို့ ယုယပိုက်ထွေး ပြုစု ကျွေးမွေးခဲ့သော သားငယ် သမီးငယ်တို့သည် မိဘတို့၏ ရိုးရာအကျင့်သိက္ခာများကို မပျက်စေဘဲ လိုက်နာကျင့်ကြံ၍ မိဘတို့၏အမွေကို ခံယူကြလိမ့်မည် ဟုလည်း ရည်ရွယ်ချက်ထားကြပေသည်။

ဆောင်ပုဒ် ။ ။ မွေခံထိုက်ရာ၊ ကျင့်ဖွယ်ရာ၊ ကျင့်ကာမွေခံကြလိမ့်မည်။

(င) ပညာရှိမိဘတို့သည် မိမိတို့ ကွယ်လွန်သွားသောအခါ သားငယ်သမီးငယ်တို့သည် မိဘများအတွက် ရည်မှန်း၍ အလှူဒါန ကောင်းမှုများ ပြုကာ အမျှဝေကြလိမ့်မည် ဟု လည်း ရည်ရွယ်ချက် ထားကြပေသည်။

http://www.dhammadownload.com



ဆောင်ပုဒ် ။ ။ ကွယ်လွန်သောခါ၊ လူဖွယ်ရာ၊ လူ့ကာမျှဝေကြလိမ့်မည်။

ဤပညာရှိမိဘများ၏ ရည်ရွယ်ချက် (၅)ပါးကိုပင် သိင်္ဂါလောဝါဒသုတ္တန် ၌ သားသမီးကျင့်ဝတ် (၅)ပါးဖြစ်၏ ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။ ဤသားသမီးကျင့်ဝတ် (၅)ပါးဖြင့်လည်း မိဘတို့၏ ကျေးဇူးကို ပြန်၍ ဆပ်ကြရပေသည်။

၃။ အကျွမ်းဝင်သူသည် မိတ်ဆွေစစ်ဖြစ်၏ ဟု ဆိုရာ၌ အကြင်သူသည် သည်းမခံနိုင်ဟု ထင်ရသောအရာကိုလည်း သည်းခံ၏။ မပေးနိုင်ဟု ထင်ရသော ပစ္စည်းဥစ္စာကိုလည်း ပေး၏။ မပြုပေးနိုင်ဟု ထင်ရသော အမှုကိစ္စကိုလည်း ပြုပေး၏။ မိတ်ဆွေ၌ရှိသော လျှို့ဝှက်အပ်သောအရာများကိုလည်း လုံခြုံစွာ လျှို့ဝှက်၏။ မိမိ၌ လျှို့ဝှက်အပ်သောအရာများကိုလည်း မိတ်ဆွေဖြစ်သူအား ထုတ်ဖော်၍ ပြောကြား၏။ ပစ္စည်းဥစ္စာများ ကုန်ခန်းမွဲသွားပါသော်လည်း မလေးမစား မထီမဲ့မြင်မပြု၊ ဘေးရန်များ ကျရောက်လာသော အခါ၌လည်း စွန့်ပစ်သွားခြင်းမရှိ၊ ထိုသူသည် မိတ်ဆွေစစ် အမှန်ဖြစ်၏ ဟု ဆိုရခြင်း ဖြစ်ပေသည်။

၄။ စိတ်နှလုံးကို အေးငြိမ်းစေသူသည် ဇနီးစစ်ဖြစ်၏ ဟု ဆိုရာ၌ ဇနီးမယားတို့သည် (၇)မျိုး ရှိကြပေသည်။ ထို (၇)မျိုးတို့တွင် သူသတ်နှင့်တူသော ဇနီးမယား၊ ခိုးသူနှင့်တူသော ဇနီးမယား၊ အရှင်နှင့်တူသော ဇနီးမယား ဟူသော အကြင်ဇနီးမယား (၃)ယောက်တို့သည် စိတ်နှလုံးကို အေးငြိမ်းစေသော ဇနီးမယားတို့ မဟုတ်ကြပေ။ စိတ်နှလုံးကို ပူပန်စေတတ်သော ဇနီးမယားတို့ ဖြစ်ကြပေသည်။ ထို့ကြောင့် ထိုဇနီးမယား (၃)ယောက်တို့သည် ဇနီးမယားစစ်များ မဟုတ်ကြပေ။

အမိနှင့်တူသော ဇနီးမယား၊ အစ်မ နှစ်မနှင့်တူသော ဇနီးမယား၊ အဆွေခင်ပွန်းနှင့်တူသော ဇနီးမယား၊ ကျွန်နှင့်တူသော ဇနီးမယား ဟူသော အကြင်ဇနီးမယား (၄)ယောက်တို့သည် စိတ်နှလုံးကို အေးငြိမ်းစေ၏။ ထို့ကြောင့်

http://www.dhammadownload.com



ထိုဇနီးမယား (၄)ယောက်တို့သည် ဇနီးမယားအစစ်အမှန်တို့ဖြစ်ကြ၏ ဟု ဆိုရခြင်း ဖြစ်ပေသည်။

အမိနှင့်တူသော ဇနီးမယားဟူသည် အကြင်ဇနီးမယားသည် အမိသည် သားကို အစဉ်စောင့်ရှောက်သကဲ့သို့ လင်ယောက်ျားကို အခါခပ်သိမ်း အစဉ်သနား ကြင်နာ၍စောင့်ရှောက်၏။ လင်ယောက်ျား ဆည်းပူးရှာဖွေ၍ ရရှိလာသော ပစ္စည်းဥစ္စာများကိုလည်း မပျက်စီး၊ မဆုံးရှုံးရအောင် အစဉ်မပြတ် စောင့်ရှောက်တတ်၏။ ထိုဇနီးမယားသည် အမိနှင့်တူသော ဇနီးမယားဖြစ်၏။

အစ်မ၊ နှစ်မ နှင့်တူသော ဇနီးမယား ဟူသည် အကြင်ဇနီးမယားသည် အစ်မကြီး နှစ်မငယ်တို့သည် မောင်ဖြစ်သူ၌ ရိုသေသကဲ့သို့၊ ထို့အတူ မိမိ၏ လင်ယောက်ျားဖြစ်သူ၌ ရိုသေ၏။ အရှက်အကြောက်နှင့်ယှဉ်သော စိတ်ရှိ၏။ လင်၏အလိုသို့လိုက်တတ်၏။ ထိုဇနီးမယားသည် အစ်မ၊ နှစ်မ နှင့်တူသော ဇနီးမယား ဖြစ်၏။

အဆွေခင်ပွန်းနှင့်တူသော ဇနီးမယားဟူသည် အကြင်ဇနီးမယားသည် ဤလူ့လောက၌ အဆွေခင်ပွန်းဖြစ်သူသည် အရပ်တစ်ပါး၌ နေထိုင်၍ ကြာမြင့်မှ ရောက်ရှိလာသော အဆွေခင်ပွန်းကို မြင်ရသောအခါ လွန်စွာ ဝမ်းမြောက်သကဲ့သို့ လင်ယောက်ျားကို မြင်ရသောအခါ လွန်စွာဝမ်းမြောက်၏။ အမျိုးအနွယ်နှင့် ပြည့်စုံ၏။ အကျင့်သီလရှိ၏။ လင်ယောက်ျား၌ ရိုသေစွာ ကျင့်တတ်၏။ ထိုဇနီးမယားသည် အဆွေခင်ပွန်းနှင့် တူသော ဇနီးမယားဖြစ်၏။

ကျွန်မနှင့်တူသော ဇနီးမယားဟူသည် အကြင်ဇနီးမယားသည် လင်ယောက်ျားက တုတ်ကိုကိုင်၍ ရိုက်ပုတ်မည်ဟု ခြိမ်းခြောက်အပ်သော်လည်း ထိတ်လန့်ခြင်းမရှိ၊ ဒေါသဖြင့် ပြစ်မှားလိုသော စိတ်မရှိ၊ လင်ယောက်ျားကို သည်းခံ၏။ ဒေါသထွက်ခြင်းလည်းမရှိ၊ လင်ယောက်ျားအလိုသို့ လိုက်တတ်၏။ ထိုဇနီးမယားသည် ကျွန်မနှင့် တူသော ဇနီးမယားဖြစ်၏။

http://www.dhammadownload.com



အကြင်ဇနီးမယားတို့သည် အမိနှင့်တူကုန်၏။ အစ်မ၊ နှစ်မနှင့် တူကုန်၏။ အဆွေခင်ပွန်းနှင့် တူကုန်၏။ ကျွန်မနှင့် တူကုန်၏။ ထိုဇနီးမယားတို့သည် စိတ်နှလုံးကိုအေးငြိမ်းစေတတ်သော ဇနီးမယားအစစ်တို့ဖြစ်သောကြောင့် ခန္ဓာပျက်ကြွေ၍ သေပြီးမှ နောက်ကာလ၌ နတ်ပြည်သို့ ရောက်ကြမည် ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# ပျက်စီးတတ်ပါ ဤလေးဖြာ

လောကထဲ၌ရှိနေကြသော ထိုထိုပုဂ္ဂိုလ်တို့သည် ရဟန်းအဖြစ်၊ မင်းအဖြစ်၊ အမျိုးသားအဖြစ်၊ အမျိုးသမီးအဖြစ်စသည်တို့ဖြင့် မိမိတို့၏ သဘာဝတည်ရာချင်း မတူကြပေ။ ဤကဲ့သို့ မတူကြသောကြောင့် ကျင့်သုံးအပ်သည့်တရားချင်းလည်း မတူကြပေ။ ထိုသို့ မတူကြသည့်အဖြစ်ကို ကိုယ်တိုင်မသိပါက ပျက်စီးသွားနိုင်ကြပေသည်။ ထို့ကြောင့် နီတိကျမ်းဆရာများက ပျက်စီးတတ်သော ပုဂ္ဂိုလ် (၄)မျိုးကို ဖွင့်ပြ ဖော်ပြကြပေသည်။

၁။ နဋ္ဌော ယတိ အသန္တုဋ္ဌော = ရဟန်းဖြစ်သူသည် ရရသမျှဖြင့် မရောင့်ရဲလျှင် ပျက်စီး၏။

၂။ သန္တုဋ္ဌော စ မဟီပတိ = မင်းဖြစ်သူသည် ရရသမျှဖြင့် ရောင့်ရဲနေလျှင် ပျက်စီး၏။

၃။ လဇ္ဇာ ဂဏိကာ နဋ္ဌာ = အဖြဟွစရိယအမှုဖြင့် အသက်မွေးသူ အမျိုးသမီးသည် ရှက်နေလျှင် ပျက်စီး၏။

၄။ နိလ္လဇ္ဇာ ကုလဒီတိကာ = အမျိုးကောင်းသမီးဖြစ်သူသည် အရှက်မရှိလျှင် ပျက်စီး၏။

၁။ ရဟန်းဖြစ်သူသည် ရရသမျှဖြင့် မရောင့်ရဲလျှင် ပျက်စီး၏ ဟု ဆိုရာ၌ အကြင်ရဟန်းဖြစ်သူသည် ရရသမျှသော သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါးတို့ဖြင့် ရောင့်ရဲတင်းတိမ်နိုင်၏။ ထိုထို ရရသမျှသော ပစ္စည်းလေးပါးတို့ဖြင့် ရောင့်ရဲတင်းတိမ်၍ ပရိယတ္တိစာပေကျမ်းဂန်များကို သင်ယူလေ့လာ၏။ မဂ် ဖိုလ် နိဗ္ဗာန် တရားထူး တရားမြတ်များ ရသည်အထိ

http://www.dhammadownload.com



ရည်မှန်း၍ ဝိပဿနာတရားကို အားထုတ်၏။ ထိုရဟန်းဖြစ်သူသည် ယခုဘဝနှင့် နောင်ဘဝများအတွက် ချမ်းသာအမျိုးမျိုးတို့ကို ရရှိကာ နိဗ္ဗာန်ချမ်းသာသို့ ရောက်သည်အထိ မဆုတ်မယုတ် မပျက်စီးဘဲ တိုးတက်ကြီးပွားနေမည်သာ ဖြစ်ပေသည်။

အကြင်ရဟန်းဖြစ်သူသည် ရရသမျှသော သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါးတို့ဖြင့် မရောင့်ရဲ မတင်းတိမ်နိုင်သည်ဖြစ်၍ ဗေဒင်ဟောခြင်း၊ ဆေးကုခြင်း၊ လူတို့၏စီးပွားရေးကိစ္စများကို ဆောင်ရွက်ပေးခြင်းစသည်ဖြင့် ရဟန်းတို့ မပြုအပ်သည်များကို ပြုလုပ်နေ၏။ ထိုရဟန်းဖြစ်သူသည် ယခုဘဝနှင့် နောင်ဘဝများအတွက်ပါ ဆင်းရဲဒုက္ခအမျိုးမျိုးတို့နှင့် တွေ့ကြုံကာ အပါယ်ငရဲသို့ ကျရောက်သွားသည်အထိ ဆုတ်ယုတ်ပျက်စီးသွားမည် ဖြစ်ပေသည်။ ထို့ကြောင့် နီတိကျမ်းဆရာများက ရဟန်းဖြစ်သူသည် ရရသမျှဖြင့် မရောင့်ရဲလျှင် ပျက်စီး၏ ဟု ဖွင့်ပြ ဖော်ပြကြခြင်း ဖြစ်ပေသည်။

၂။ မင်းဖြစ်သူသည် ရရသမျှဖြင့် ရောင့်ရဲနေလျှင် ပျက်စီး၏ ဟု ဆိုရာ၌ တိုင်းသူပြည်သားတို့က မင်းအဖြစ်တင်မြှောက်ထား၍ အကြင်မင်းအဖြစ်သို့ ရောက်နေသူသည် တိုင်းသူပြည်သားတို့အတွက် ပစ္စည်းဉစ္စာလာဘ်လာဘများ ရရှိဖို့ရန် ရောင့်ရဲတင်းတိမ်ခြင်း မရှိမူ၍ တရားသဖြင့် ရရှိနိုင်သော နည်းလမ်းအမျိုးမျိုးတို့ဖြင့် ပစ္စည်းဉစ္စာကို ရှာဖွေစုဆောင်းစေ၏။ ကိုယ်တိုင်လည်း ရှာဖွေစုဆောင်းနေ၏။ ထိုမင်းဖြစ်သူသည် မိမိအတွက် တိုင်းပြည် အတွက် ဆုတ်ယုတ်ပျက်စီးခြင်းများ မရှိပါဘဲ တိုးတက်ကြီးပွားနေမည်သာ ဖြစ်ပေသည်။

တိုင်းသူပြည်သားတို့က မင်းအဖြစ်တင်မြှောက်ထား၍ အကြင်မင်းအဖြစ်သို့ရောက်နေသူသည် ရဟန်းတော်များကဲ့သို့ မိမိအတွက် တိုင်းပြည်အတွက် ရရသမျှသော ပစ္စည်းဉစ္စာ လာဘ်လာဘတို့ဖြင့်သာ ရောင့်ရဲတင်းတိမ်နေ၏။ ပစ္စည်းဉစ္စာများကို ရှာဖွေစုဆောင်းခြင်း မရှိဘဲနေ၏။ ထိုမင်းဖြစ်သူသည် မိမိအတွက်၊ တိုင်းပြည်အတွက်ပါ ဆုတ်ယုတ်ပျက်စီးသွားမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် နီတိကျမ်းဆရာများက မင်းဖြစ်သူသည် ရရသမျှဖြင့် ရောင့်ရဲနေလျှင် ပျက်စီး၏ ဟု ဖွင့်ပြ ဖော်ပြကြခြင်း ဖြစ်ပေသည်။

http://www.dhammadownload.com



၃။ အပြဟ္ဗစရိယအမှုဖြင့် အသက်မွေးသူ အမျိုးသမီးသည် ရှက်နေလျှင် ပျက်စီး၏ ဟု ဆိုရာ၌ အကြင်အပြဟ္ဗစရိယအမှုဖြင့် အသက်မွေးသော အမျိုးသမီးသည် မိမိ၏အသက်မွေးမှုကို မိဘ မောင်ဘွား ဆွေမျိုး ဉာတိများ သိသွားမည်ကိုလည်းကောင်း၊ မိတ်ဆွေသင်္ဂဟများ သိသွားမည်ကိုလည်း ကောင်း၊ တိုင်းသူပြည်သားများ သိသွားမည်ကိုလည်းကောင်း မရှက်မကြောက်ဘဲ ပြုလုပ်၏။ ထိုအမျိုးသမီး၏ အပြဟ္ဗစရိယအမှုဖြင့် အသက်မွေးခြင်းသည် မဆုတ်ယုတ်ပါဘဲ တိုးတက်ကြီးပွားနေမည်သာ ဖြစ်ပေသည်။

အကြင် အပြဟ္ဗစရိယအမှုဖြင့် အသက်မွေးသောအမျိုးသမီးသည် မိမိ၏ အသက်မွေးမှုကို မိဘ မောင်ဘွားများ ဆွေမျိုးဉာတိများ သိသွားမည်ကိုလည်းကောင်း၊ မိတ်ဆွေသင်္ဂဟများ သိသွားမည်ကိုလည်းကောင်း၊ တိုင်းသူပြည်သားများ သိသွားမည်ကိုလည်းကောင်း ရှက်ကြောက်နေ၏။ ထိုအမျိုးသမီး၏ အပြဟ္ဗစရိယအမှုဖြင့် အသက်မွေးခြင်းသည် ဆုတ်ယုတ်ပျက်စီးသွားမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် နီတိကျမ်းဆရာများက အပြဟ္ဗစရိယအမှုဖြင့် အသက်မွေးသော အမျိုးသမီးသည် ရှက်နေလျှင် ပျက်စီး၏ ဟု ဖွင့်ပြ ဖော်ပြကြခြင်းဖြစ်ပေသည်။

ဤအပြဟ္ဗစရိယအမှုဖြင့် အသက်မွေးခြင်းအလုပ်ကို မြန်မာပြည်မှ ပညာရှိသူတော်ကောင်းများ ဖြစ်ကြသည့် အမျိုးကောင်းသား အမျိုးကောင်းသမီးတို့က အလွန်ပင် စက်ဆုပ်လျက်ရှိကြပေသည်။ မပြုသင့် မပြုထိုက်သော အသက်မွေးခြင်း တစ်ခုဖြစ်၏ဟူ၍ ယူဆကြပေသည်။ ထို့ကြောင့် ထို အပြဟ္ဗစရိယ အမှုဖြင့် အသက်မွေးခြင်းမှ အထူး ရှောင်ကြဉ်ကြရမည် ဖြစ်ပေသည်။

၄။ အမျိုးကောင်းသမီးဖြစ်သူသည် အရှက်မရှိလျှင် ပျက်စီး၏ဟု ဆိုရာ၌ အကြင်အမျိုးကောင်းသမီးသည် သူ့သက်သတ်ရမှာ၊ သူ့ဥစ္စာခိုးရမှာ၊ သူ့သား၊ သူ့လင်ယောကျ်ားများကို လွန်ကျူးရမှာ၊ လိမ်ပြောရမှာ၊ အရက်သေစာ သောက်စားရမှာ အလွန်ပင်ရှက်၏။ ထိုအမျိုးကောင်းသမီးသည် ယခုဘဝ

http://www.dhammadownload.com



အတွက် နောင်ဘဝများအတွက် ချမ်းသာအမျိုးမျိုးတို့ကို ရရှိကာ နိဗ္ဗာန်ချမ်းသာသို့ ရောက်သည်အထိ မဆုတ်ယုတ် မပျက်စီးဘဲ တိုးတက်ကြီးပွားသွားမည်သာ ဖြစ်ပေသည်။

အကြင်အမျိုးကောင်းသမီးသည် သူ့သက်သတ်ရမှာလည်း မရှက်၊ သူ့ဥစ္စာ ခိုးရမှာလည်း မရှက်၊ သူ့သား သူ့လင်ယောကျ်ားကို လွန်ကျူးရမှာလည်း မရှက်၊ လိမ်ပြောရမှာလည်း မရှက်၊ အရက်သေစာ သောက်စားရမှာလည်း မရှက်ပါဘဲ လွန်ကျူးပြုလုပ်နေ၏။ ထိုအမျိုးကောင်းသမီးသည် ပစ္စည်းရှားပါးခြင်း၊ မကောင်းသည့် ဂုဏ်သတင်းတို့ဖြင့် ကျော်ကြားခြင်း၊ အရာရာမှာ မျက်နှာငယ်ခြင်း၊ သေခါနီးမှာ တွေတွေဝေဝေ ကြောက်လန့်၍ သေရခြင်း၊ အပါယ်ငရဲသို့ ကျရောက်ရခြင်းတို့ဖြင့် ဆုတ်ယုတ်ပျက်စီးသွားမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် နီတိကျမ်းဆရာများက အမျိုးကောင်းသမီးဖြစ်သူသည် အရှက်မရှိလျှင် ပျက်စီး၏ ဟု ဖွင့်ပြ ဖော်ပြကြခြင်း ဖြစ်ပေသည်။

ဤကဲ့သို့ ပျက်စီးခြင်းများ မရှိကြစေရန် -

- ရဟန်းတော်တို့သည် ရရသမျှ ပစ္စည်းလေးပါးတို့ဖြင့် ရောင့်ရဲကြရပေသည်။
- မင်းဖြစ်သူတို့သည် မရောင့်ရဲပါဘဲ ပစ္စည်းဥစ္စာတို့ကို တရားသဖြင့် ရအောင် ရှာဖွေကြရပေသည်။
- မြန်မာပြည်သူ အမျိုးသမီးတို့သည် အပြဟ္မစရိယအမှုဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်ကြရပေသည်။
- အားလုံးသော အမျိုးကောင်းသမီးတို့သည် ဒုစရိုက်အမှု၌ အရှက်မရှိခြင်းမှ ရှောင်ကြဉ်ကြရပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# ပျင်းရိသူမှာ အပြစ်ခြောက်ဖြာ

လောကထဲ၌ ရှိကြသော ပုဂ္ဂိုလ်တို့သည် ပျင်းရိတတ်သောသူနှင့် မပျင်းမရိ ထက်သန်သော လုံ့လဝီရိယရှိသူဟူ၍ (၂)မျိုးရှိပေသည်။ ထို (၂)မျိုးတို့တွင် မပျင်းမရိ ထက်သန်သော လုံ့လဝီရိယရှိသူတို့သည် ယုတ်ညံ့သော အကုသိုလ်တရားတို့မှ ကင်းဆိတ်၍ ချမ်းသာစွာနေရ၏။ ကြီးမားလှသော အရဟတ္တဖိုလ် (ရဟန္တာ) ဖြစ်သည့်တိုင်အောင် အကျိုးတရားတို့နှင့် ပြည့်စုံရ၏။ ပျင်းရိသောသူသည် ယုတ်ညံ့သော အကုသိုလ်တရားတို့နှင့် ရောပြွမ်း၍ ဆင်းရဲစွာနေရ၏။ ကြီးမားလှသော အရဟတ္တဖိုလ် (ရဟန္တာ) ဖြစ်သည့်တိုင်အောင် ရရှိနိုင်သည့် အကျိုးတရားတို့မှ ဆုတ်ယုတ်သွားရ၏ဟု မပျင်းမရိသူ၏ အကျိုးတရားများနှင့် ပျင်းရိသူ၏ ဆုတ်ယုတ်သွားပုံများကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

ထို့ကြောင့် နီတိကျမ်းဆရာများက ပျင်းရိသူ၏ ဆုတ်ယုတ်သွားသော အပြစ် (၆)မျိုးကို ဖော်ပြကြပေသည်။

၁။ အလသဿ ကုတော သိပ္ပံ = ပျင်းရိသူအား အတတ်ပညာ မရရှိနိုင်။

၂။ အသိပ္ပဿ ကုတော ဓနံ = အတတ်ပညာ မရှိသောသူအား ပစ္စည်းဥစ္စာ မရရှိနိုင်။

၃။ အဓနဿ ကုတော မိတ္တံ = ပစ္စည်းဥစ္စာမရှိသောသူအား မိတ်ဆွေကောင်း မရရှိနိုင်။

၄။ အမိတ္တဿ ကုတော သုခံ = မိတ်ဆွေကောင်းမရှိသောသူအား ချမ်းသာကို မရရှိနိုင်။

http://www.dhammadownload.com



၅။ အသုခဿ ကုတော ပုညံ = ချမ်းသာမရှိသောသူအား ကောင်းမှုကုသိုလ် မပြုလုပ်နိုင်။

၆။ အပုညဿ ကုတ္တော ဝရံ = ကောင်းမှုကုသိုလ် မရှိသောသူအား နိဗ္ဗာန်ချမ်းသာကို မရရှိနိုင်ဟူ၍

ပျင်းရိသောသူ၏ ဆုတ်ယုတ်သွားသော အပြစ် (၆)မျိုးကို ဖွင့်ပြ ဖော်ပြကြပေသည်။

၁။ ပျင်းရိသောသူအား အတတ်ပညာ မရရှိနိုင်ဟု ဆိုရာ၌ ပျင်းရိ ခြင်းတို့သည် အကျဉ်းချုပ်အားဖြင့် (၂)မျိုးရှိပေသည်။ အတတ်ပညာ သင်ယူရာ၌ ပျင်းရိခြင်း၊ အလုပ်အကိုင် လုပ်ကိုင်ရာ၌ ပျင်းရိခြင်း ဟူ၍ (၂)မျိုး ရှိနိုင်ပေသည်။

ထို (၂)မျိုးတို့တွင် အလုပ်အကိုင် လုပ်ကိုင်ရာ၌ ပျင်းရိခြင်းသည် မိမိစိတ်ဝင်စားဖွယ်ဖြစ်သည့် အလုပ်အကိုင်များကို လုပ်ကိုင်ရသောအခါ ပျောက်ကင်းသွားနိုင်ပေသည်။ အတတ်ပညာ သင်ယူရာ၌ ပျင်းရိခြင်းသည် အတတ်ပညာသင်ယူရာတွင် အသက်အရွယ်ကြီးလာလေလေ အတတ်ပညာသင်ယူရာ၌ အခက်အခဲများနှင့် တွေ့ရလေလေ ဖြစ်ကြရပေသည်။ ထို့ကြောင့် ပျင်းရိသောသူအား အတတ်ပညာကို မရရှိနိုင်ဟု ဆိုရခြင်း ဖြစ်ပေသည်။

ပျင်းရိခြင်းရှိနေသူ၊ ပျင်းရိခြင်းများနေသူကို အနန္တကျေးဇူးရှင် မွေးသမိခင်ကပင် မကြည်ဖြူ မနှစ်သက် မခင်မင်တော့ဘဲ ဖြစ်လာတတ်ပေသည်။ အခြားသော ညီအစ်ကို မောင်နှမ၊ မိတ်ဆွေသင်္ဂဟတို့ကလည်း မကြည်ဖြူ မနှစ်သက်၊ မခင်မင်ဘဲ ဖြစ်လာတတ်ကြပေသည်။ ပျင်းရိခြင်းများသောသူတို့သည် လောကနှင့် ဓမ္မ နှစ်ဌာနလုံးမှာ ဆုတ်ယုတ်သွားကြမည် ဖြစ်ပေသည်။ ထို့ကြောင့် ပျင်းရိခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သည့် ထက်သန်သော လုံ့လဝီရိယဖြင့် အတတ်ပညာကို သင်ယူကြရပေသည်။

၂။ အတတ်ပညာမရှိသောသူအား ပစ္စည်းဥစ္စာ မရရှိနိုင် ဟု ဆိုရာ၌ ပစ္စည်းဥစ္စာ ရှာဖွေခြင်းတို့သည် အကျဉ်းချုပ်အားဖြင့် အတတ်ပညာဖြင့် ပစ္စည်း

http://www.dhammadownload.com



ဥစ္စာ ရှာဖွေခြင်း၊ အတတ်ပညာမတတ်၍ ကိုယ်ကာယ လုပ်အားဖြင့် ရှာဖွေခြင်း ဟူ၍ (၂)မျိုးရှိပေသည်။

အတတ်ပညာဖြင့် ပစ္စည်းဥစ္စာရှာသောသူတို့သည် မိမိ၏အတတ်ပညာနှင့်လျော်ညီသော လုပ်ငန်းအမျိုးမျိုးတို့ကို ထူထောင်၍ လုပ်ကိုင်နိုင်သဖြင့် မိမိ ရည်မှန်းသည့်အတိုင်း ပစ္စည်းဥစ္စာများကို ရရှိနိုင်ကြပေသည်။ အတတ်ပညာမတတ်၍ ကိုယ်ကာယ လုပ်အားဖြင့် ပစ္စည်းဥစ္စာရှာသောသူတို့သည် တစ်နေ့စာ တစ်လစာ တစ်နှစ်စာအတွက် စားလောက် ဝတ်လောက် နေလောက်ရုံမျှဖြစ်သည့် ပစ္စည်းဥစ္စာများကိုသာ ရရှိကြမည်ဖြစ်ပေသည်။ အပိုအလျှံ ပစ္စည်းဥစ္စာများကို ရရှိနိုင်ကြမည် မဟုတ်ပေ။ ထို့ကြောင့် အတတ်ပညာမရှိသောသူအား ပစ္စည်းဥစ္စာ မရရှိနိုင် ဟု ဆိုရခြင်းဖြစ်ပေသည်။

ပစ္စည်းဥစ္စာရှိသောသူတို့သည် မိမိကိုယ်တိုင်လည်း ချမ်းသာစွာ စားသုံးကာ နေထိုင်ကြရပေသည်။ မိမိနှင့်အတူနေကြသော မိဘများလည်း ချမ်းသာစွာ စားသုံးကာ နေထိုင်ကြရပေသည်။ သားသမီးများလည်း ချမ်းသာစွာ စားသုံးကာ နေထိုင်ကြရပေသည်။ မိမိ၏ အလုပ်သမားများလည်း ချမ်းသာစွာ စားသုံးကာ နေထိုင်ကြရပေသည်။ အလှူခံပုဂ္ဂိုလ်များကို လှူဒါန်းရသောကြောင့် နောင်ဘဝများအတွက်လည်း ချမ်းသာကြရပေသည်။

ပစ္စည်းဥစ္စာ မရှိကြသောသူတို့သည် မိမိကိုယ်တိုင်လည်း ဆင်းရဲနွမ်းပါးကာ နေထိုင်ကြရပေသည်။ မိမိနှင့်အတူတကွ နေထိုင်ကြသည့် မိဘများလည်း ဆင်းရဲနွမ်းပါးကာ နေထိုင်ကြရပေသည်။ သားသမီးများလည်း ဆင်းရဲနွမ်းပါးကာ နေထိုင်ကြရပေသည်။ မိမိကို မှီခိုကြသော အလုပ်သမားများလည်း ဆင်းရဲနွမ်းပါးကာ နေထိုင်ကြရပေသည်။ အလှူခံပုဂ္ဂိုလ်များကို မလှူဒါန်းနိုင်သောကြောင့် နောင်ဘဝများအတွက်လည်း ဆင်းရဲနွမ်းပါးဖို့ရာ ဖြစ်ကြရပေသည်။ ထို့ကြောင့် ပျင်းရိခြင်း၏ ဆန့်ကျင်ဖက်ဖြစ်သည့် ထက်သန်သော လုံ့လဝီရိယဖြင့် အတတ်ပညာသင်ခြင်း၊ ပစ္စည်းဥစ္စာရှာဖွေခြင်းတို့ကို ပြုကြရပေသည်။

၃။ ပစ္စည်းဥစ္စာမရှိသောသူအား မိတ်ဆွေကောင်းကိုမရရှိနိုင် ဟု ဆိုရာ၌ ပစ္စည်းဥစ္စာ မရှိသောသူသည် မိတ်ကောင်းဆွေကောင်းတို့အား ဧည့်ဝတ်

http://www.dhammadownload.com



ကျေပွန်အောင် မပြုစုနိုင်သောကြောင့် မိတ်ကောင်း ဆွေကောင်းတို့မှ ဆုတ်ယုတ်သွားတတ်ပေသည်။ မိတ်ကောင်းဆွေကောင်းများမရှိဘဲဖြစ်နေတတ်ပေသည်။ ထို့ကြောင့် ပစ္စည်းဥစ္စာမရှိသောသူအား မိတ်ဆွေကောင်းကို မရနိုင် ဟု ဆိုရခြင်း ဖြစ်ပေသည်။

မိတ်ကောင်းဆွေကောင်း သူတော်ကောင်းများနှင့် ပေါင်းသင်းရမှသာ ယခုမျက်မှောက်ဘဝချမ်းသာနှင့် နောက်နောင်ဘဝများ၌ ချမ်းသာအမျိုးမျိုးတို့ကို ရရှိနိုင်ကြပေသည်။ မဂ် ဖိုလ် နိဗ္ဗာန် တရားထူး တရားမြတ်များကို ရရှိနိုင်ကြပေသည်။ မိတ်ကောင်းဆွေကောင်း သူတော်ကောင်းများနှင့် မပေါင်းသင်းရသောသူတို့သည် ယခုမျက်မှောက်ဘဝ ချမ်းသာများကိုလည်း မရရှိနိုင်၊ နောက်နောင်ဘဝများ၌ ချမ်းသာအမျိုးမျိုးတို့ကိုလည်း မရရှိနိုင်၊ မဂ် ဖိုလ် နိဗ္ဗာန် တရားထူး တရားမြတ်များကိုပင် မရရှိနိုင်ဘဲ ဖြစ်သွားတတ်ကြပေသည်။ ထို့ကြောင့် ပျင်းရိခြင်း၏ ဆန့်ကျင်ဖက်ဖြစ်သည့် ထက်သန်သော လုံ့လ ဝီရိယဖြင့် အတတ်ပညာကိုသင်ခြင်း၊ ပစ္စည်းဥစ္စာကို ရှာဖွေခြင်း၊ မိတ်ကောင်းဆွေကောင်း သူတော်ကောင်းတို့နှင့် ပေါင်းသင်းခြင်းကို ပြုကြရပေသည်။

၄။ မိတ်ဆွေကောင်းမရှိသောသူအား ချမ်းသာကို မရရှိနိုင် ဟု ဆိုရာ၌ မိတ်ဆွေကောင်း သူတော်ကောင်းများနှင့် ပေါင်းသင်းနေထိုင်ရသူတို့သည် ကိုယ်ချမ်းသာ စိတ်ချမ်းသာမှုများကို ရရှိကြပေသည်။ မိတ်ဆွေကောင်း မရှိမူ၍ မိတ်ဆွေဆိုးများနှင့် ပေါင်းသင်းနေထိုင်ရသောသူတို့သည် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲမှုများ ဖြစ်ကြရပေသည်။ ထို့ကြောင့် မိတ်ဆွေကောင်းမရှိသောသူအား ချမ်းသာကို မရရှိနိုင်ဟု ဆိုရခြင်း ဖြစ်ပေသည်။

ကလျာဏမိတ္တ မိတ်ကောင်းဆွေကောင်းရှိကြသောသူတို့သည် ယခုမျက်မှောက်ဘဝမှာလည်း ကိုယ်ချမ်းသာမှု စိတ်ချမ်းသာမှုများကို ရရှိကြမည် ဖြစ်ပေသည်။ နောက်နောင်ဘဝများ၌လည်း ကိုယ်ချမ်းသာခြင်း၊ စိတ်ချမ်းသာခြင်း အကျိုးများကို ရရှိကြမည် ဖြစ်ပေသည်။ မဂ် ဖိုလ် နိဗ္ဗာန် တရားထူး တရားမြတ်များကိုလည်း ရရှိကြမည် ဖြစ်ပေသည်။

http://www.dhammadownload.com



တစ်ချိန်သောအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ရောက်လာပြီးလျှင် " မြတ်စွာဘုရား . . . ကလျာဏမိတ္တ မိတ်ဆွေကောင်းရှိသောသူသည် အရိယာမဂ် ဖိုလ် တရားထူး တရားမြတ်တို့ကို ရရှိဖို့ရာ ထက်ဝက်တော့ သေချာသည် ဟု ထင်ပါသည်ဘုရား " ဟူ၍ လျှောက်ထားလေ၏။ မြတ်စွာဘုရားက ထက်ဝက်သာမဟုတ် အလုံးစုံအပြည့်အဝ သေချာသည်ဟု မိန့်ကြားတော်မူလေ၏။

ထို့ကြောင့် ပျင်းရိခြင်း၏ ဆန့်ကျင်ဖက်ဖြစ်သည့် ထက်သန်သော လုံ့လဝီရိယဖြင့် အတတ်ပညာသင်ခြင်း၊ စီးပွားဥစ္စာကို ရအောင် ရှာဖွေခြင်း၊ မိတ်ကောင်းဆွေကောင်း သူတော်ကောင်းတို့ကို ရှာဖွေ၍ ပေါင်းသင်းခြင်းတို့ဖြင့် လောကီချမ်းသာ လောကုတ္တရာချမ်းသာတို့ကို ရရှိအောင် အားထုတ်ကြရပေသည်။

၅။ ချမ်းသာမရှိသောသူအား ကောင်းမှုကုသိုလ်မပြုလုပ်နိုင်ဟု ဆိုရာ၌ မိတ်ကောင်း ဆွေကောင်းများနှင့် ပေါင်းသင်းရသောသူသည် ကိုယ်ချမ်းသာမှု စိတ်ချမ်းသာမှုများကို ရရှိ၍ ကောင်းမှုကုသိုလ်များကို ပြုလုပ်နိုင်ပေသည်။ မိတ်ကောင်းဆွေကောင်းမရှိ၍ မိတ်ဆွေဆိုးများနှင့် ပေါင်းသင်းနေရသောသူတို့သည် ကိုယ်ချမ်းသာမှု စိတ်ချမ်းသာမှု မရှိကြသဖြင့် ကောင်းမှုကုသိုလ်များကို မပြုလုပ်နိုင်ကြပေ။ ထို့ကြောင့် ချမ်းသာမရှိသောသူအား ကောင်းမှုကုသိုလ် မပြုလုပ်နိုင် ဟု ဆိုရခြင်း ဖြစ်ပေသည်။

၆။ ကောင်းမှုကုသိုလ်မရှိသောသူအား နိဗ္ဗာန်ချမ်းသာကို မရနိုင်ဟု ဆိုရာ၌ ဒါန၊ သီလ၊ ဘာဝနာဟူသော ကောင်းမှုကုသိုလ်များ ရှိကြသောသူတို့သည် ဝိပဿနာတရားကို ဆက်လက်၍ အားထုတ်လိုက်လျှင် အကြောင်း ညီညွတ်ပါက ယခုဘဝမှာပင် နိဗ္ဗာန်ချမ်းသာသို့ ရောက်ရှိသွားကြရမည် ဖြစ်ပေသည်။ ကောင်းမှုကုသိုလ်မရှိသောသူတို့သည် ဤဘဝမှ စုတေသွားသောအခါ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဟူသော အပါယ်လေးဘုံသို့ ရောက်သွားကြတာများပေသည်။ နိဗ္ဗာန်ချမ်းသာသို့ ရောက်ဖို့ရာမှာ အလွန်ပင် ဝေးကွာ

http://www.dhammadownload.com



သွားကြရပေသည်။ ထို့ကြောင့် ကောင်းမှုကုသိုလ်မရှိသောသူအား နိဗ္ဗာန်ချမ်းသာကို မရနိုင်ဟုဆိုရခြင်း ဖြစ်ပေသည်။

မျှင်းရှိသောသူမှာ အပြစ် (၆)ဖြာ ဖြစ်လာသကဲ့သို့ မပျင်းမရိထက်သန်သော လုံ့လ ဝီရိယရှိသူမှာ အကျိုး (၆)မြာ ရရှိနိုင်ပေသည်။

မပျင်းမရိ ထက်သန်သော လုံ့လဝီရိယရှိသောသူသည်

၁။ အတတ်ပညာ တတ်မြောက်ခြင်းအကျိုး၊
၂။ အလိုရှိအပ်သော စီးပွားဥစ္စာများကို ရရှိခြင်းအကျိုး၊
၃။ မိတ်ကောင်း၊ ဆွေကောင်းများကို ရရှိခြင်းအကျိုး၊
၄။ ကိုယ်ချမ်းသာ စိတ်ချမ်းသာဖြင့် နေရခြင်းအကျိုး၊
၅။ ကောင်းမှုကုသိုလ်များနှင့် ပြည့်စုံရခြင်းအကျိုး၊
၆။ တစ်ခါရောက်သွားလျှင် နောင်ဘယ်သောအခါမှ ဆင်းရဲဒုက္ခနှင့် ပြန်မတွေ့ရသည့် နိဗ္ဗာန်ချမ်းသာကို ရရှိခြင်းအကျိုး ဟူသော ဤအကျိုး (၆)မျိုးကို ကောင်းမွန်စွာ ရရှိနိုင်ပေသည်။

သဒ္ဓမ္မရံသီ ရိပ်သာဆရာတော်

http://www.dhammadownload.com

## ပယ်ရှားဖွယ်ရာ မကောင်းသည့်သဘောတရားလေးဖြာ

လောကထဲ၌ရှိနေကြသော ထိုထိုပုဂ္ဂိုလ်တို့၏ သန္တာန်၌ ကောင်းသည့် သဘောတရားနှင့် မကောင်းသည့် သဘောတရားဟူ၍ (၂)မျိုးရှိနေကြပေသည်။ မကောင်းသည့်သဘောတရားများကို ပယ်ရှား၍ ကောင်းသည့် သဘောတရားများကို ပြည့်စုံသည်ထက် ပြည့်စုံလာအောင် အားထုတ်ကြရပေသည်။ ထို့ကြောင့် နီတိကျမ်းဆရာများက မဏိကုဏ္ဍလဝတ္ထုမှ ထုတ်ဆောင်၍ ပယ်ရှားရမည့် မကောင်းသည့် သဘောတရား (၄)မျိုးကို ဖွင့်ပြ ဖော်ပြ ကြပေသည်။

၁။ အလသော ဂိဟီ ကာမဘောဂီ န သာဓု = အိမ်ရာထောင်သည့် ထောင်ခြင်းသူတို့ [illegible] နေသူ [illegible] ရှိနေလျှင် [illegible]

၂။ အသညတော ပဗ္ဗဇိတော န သာဓု = ရဟန်းတော်[illegible] ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံး စောင့်စည်းခြင်း မရှိလျှင် မကောင်း။

၃။ ရာဇာ အနိသမ္မကာရီ န သာဓု = မင်းဖြစ်သူသည် မဆင်မခြင် ပြုလုပ်လျှင် မကောင်း။

http://www.dhammadownload.com



**၄။ ပဏ္ဍိတော ကောဓနော တမ္ဗိ န သာဓု ။** ပညာရှိဖြစ်သူသည် အမျက်ဒေါသ မာန်၊ ပြင်းထန်စွာထွက်နေလျှင်မကောင်းဟူ၍မကောင်းသည့်သဘောတရား (၄)မျိုးကို ဖော်ပြ ဖွင့်ပြကြပေသည်။

၁။ **အိမ်ရာတည်ထောင် လူတို့ဘောင်၌နေသူသည် ပျင်းရိခြင်း သဘောတရားရှိနေလျှင် မကောင်းဟုဆိုရာ၌** အကြင်သူသည် အိမ်ရာတည်ထောင် လူတို့ဘောင်၌ နေထိုင်သူဖြစ်လျက် ပျင်းရိသဖြင့် အတတ်ပညာသင်ခြင်း၊ စီးပွားဥစ္စာရှာခြင်းတို့ကို မပြုလုပ်ဘဲ နေလေ၏။ ထိုသူသည် ယခု မျက်မှောက်ဘဝနှင့် နောင်သံသရာဘဝများပါ ဆုတ်ယုတ်သွားမည်သာဖြစ်၏။ ထို့ကြောင့် အိမ်ရာတည်ထောင် လူတို့ဘောင်၌နေသူသည် ပျင်းရိခြင်းသဘောတရား ရှိနေလျှင် မကောင်းဟု ဆိုရခြင်း ဖြစ်ပေသည်။

ပျင်းရိသောသူသည် ပညာလည်း မရရှိ စီးပွားဥစ္စာလည်း မရရှိ၍ မိမိကိုယ်တိုင်လည်း ဆင်းရဲနွမ်းပါးကာ နေရ၏။ မိမိနှင့်အတူတကွ နေထိုင်ကြသော မိဘများလည်း ဆင်းရဲနွမ်းပါးကာ နေထိုင်ကြရ၏။ သားသမီးများလည်း ဆင်းရဲနွမ်းပါးကာ နေထိုင်ကြရ၏။ မိမိကို မှီခိုနေကြသော အလုပ်သမားများလည်း ဆင်းရဲနွမ်းပါးကာ နေထိုင်ကြရ၏။ အလှူခံပုဂ္ဂိုလ်များကိုလည်း မလှူဒါန်းနိုင်သောကြောင့် နောင်ဘဝများမှာ ဆင်းရဲနွမ်းပါးဖို့ရာ ဖြစ်ကြရ၏။

သို့ဖြစ်၍ အိမ်ရာတည်ထောင် လူတို့ဘောင်၌ နေသောသူသည် ယခုမျက်မှောက်ဘဝနှင့် နောင်သံသရာဘဝများအတွက်ပါ ဆင်းရဲနွမ်းပါးခြင်း၏ အကြောင်းဖြစ်သည့် ပျင်းရိခြင်းသဘောတရားကို ပယ်ရှား၍ ယခုမျက်မှောက်ဘဝနှင့် နောင်သံသရာဘဝများအတွက်ပါ ကြီးပွားချမ်းသာခြင်း၏ အကြောင်းဖြစ်သည့် ထက်သန်သော လုံ့လဝီရိယကို ဖြစ်စေလျက် အတတ်ပညာ သင်ယူခြင်း၊ စီးပွားဥစ္စာရှာဖွေခြင်းများကို ပြုလုပ်ကြရမည်ဟု ဆိုလိုရင်းဖြစ်ပေသည်။

http://www.dhammadownload.com



၂။ ရဟန်းဘောင်၌နေသူသည် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံး စောင့်သုံးခြင်းမရှိလျှင် မကောင်းဟုဆိုရာ၌ အကြင်ရဟန်းဘောင်၌နေသောသူသည် ကိုယ် နှင့် နှုတ်ကို စောင့်ထိန်းရသည့် သီလ သိက္ခာပုဒ်များကို လုံခြုံအောင် စောင့်ထိန်းခြင်းလည်းမရှိ၊ စိတ်ကို စောင့်ထိန်းရသည့် သမထ ဝိပဿနာ ဘာဝနာတရားကိုလည်း ပွားများခြင်းမရှိမူ၍နေ၏။ ထိုရဟန်းဘောင်၌နေသောသူသည် သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါး ရှားပါး၍ ဆင်းရဲစွာနေရခြင်း၊ အတူနေ သီတင်းသုံးဘော်တို့၏ မကြည်ညို၍ ဆင်းရဲစွာနေရခြင်းတို့ဖြင့် ဆုတ်ယုတ်သွားပေသည်။ နောက်နောင်ဘဝများ၌လည်း ယုတ်နိမ့်သည့်ဘုံဘဝများသို့ ရောက်သွားတတ်ပေသည်။ ထို့ကြောင့် ရဟန်းဘောင်၌နေသူသည် ကိုယ်-နှုတ်-နှလုံး သုံးပါးလုံးကို မစောင့်သုံးလျှင် မကောင်းဟူ၍ ဆိုရခြင်း ဖြစ်ပေသည်။

သို့ဖြစ်၍ ရဟန်းဘောင်၌ နေသောသူတို့သည် ဆင်းရဲခြင်း၏ အကြောင်းဖြစ်သည့် ကိုယ်-နှုတ်-နှလုံး သုံးပါးလုံး မစောင့်သုံးခြင်းကို ပယ်ရှား၍ ယခုမျက်မှောက်ဘဝ၌ ပစ္စည်းလေးပါး ချမ်းသာခြင်း သီတင်းသုံးဘော်တို့၏ အကြည်ညိုကိုခံယူရခြင်း၏ အကြောင်းဖြစ်သည့် သီလသိက္ခာပုဒ်တို့ကို လုံခြုံအောင် စောင့်ထိန်းကြရပေသည်။ (ယခုမျက်မှောက်ဘဝနှင့် နောင်သံသရာဘဝများတွင်) နိဗ္ဗာန်ချမ်းသာကို ရရှိခြင်း၏အကြောင်းဖြစ်သည့် သမထ ဝိပဿနာဘာဝနာတရားတို့ကို ပွားများအားထုတ်ကြရပေသည်ဟု ဆိုလိုရင်း ဖြစ်ပေသည်။

၃။ မင်းဖြစ်သူသည် မဆင်မခြင်ပြုလုပ်လျှင် မကောင်းဟုဆိုရာ၌ တိုင်းပြည်အုပ်ချုပ်ရန် မင်းအဖြစ်တင်မြှောက်ခြင်း ခံရသော အကြင်မင်းဖြစ်သူသည် တိုင်းသူပြည်သားတို့အား တရားဥပဒေနှင့် လျော်ညီစွာ စောင့်ရှောက်ကြရပေသည်။ ဤကဲ့သို့ မဟုတ်ပါဘဲ တရားဥပဒေနှင့် ညီ-မညီကို မဆင်ခြင် မစဉ်းစားမူ၍ ကိုယ်ထင်မြင်ရာ ကိုယ်ပြုလုပ်နေ၏။ ထိုမင်းဖြစ်သူသည် ယခုဘဝနှင့် နောင်ဘဝများအတွက်ပါ ဆုတ်ယုတ်သွားမည် ဖြစ်ပေသည်။ ထို့ကြောင့်

http://www.dhammadownload.com



မင်းဖြစ်သူသည် မဆင်မခြင် ပြုလုပ်လျှင် မကောင်းဟု ဆိုရခြင်း ဖြစ်ပေသည်။

သို့ဖြစ်၍ တိုင်းပြည်အုပ်ချုပ်ရန် မင်းအဖြစ်တင်မြှောက်ခြင်းခံရသော သူတို့သည် အရာရာတွင် မဆင်မခြင် မပြုလုပ်မူ၍ တိုင်းသူပြည်သားတို့အား အကျိုးများစေနိုင်သည့်အရာများကို ဆင်ခြင်စဉ်းစားကာ တရားဥပဒေနှင့် လျော်ညီစွာ ပြုလုပ်ကြရပေသည် ဟု ဆိုလိုရင်း ဖြစ်ပေသည်။

၄။ ပညာရှိဖြစ်သူသည် အမျက်ဒေါသမာန် ပြင်းထန်စွာ ထွက်နေလျှင် မကောင်းဟုဆိုရာ၌ အကြင်ပညာရှိပုဂ္ဂိုလ်သည် သူတစ်ပါးတို့အား လောဘ-ဒေါသ-မောဟ-မာန်မာန-များ နည်းပါးအောင် ဟောပြောပြသဆိုဆုံးမရမည့် ပုဂ္ဂိုလ်ဖြစ်လျက်၊ မိမိကိုယ်တိုင်က လောဘ-ဒေါသ-မောဟ-မာန်မာနများ ကြီးလျက် ခက်ထန်သောသဘောရှိနေ၏။ ထိုပညာရှိပုဂ္ဂိုလ်သည် မိမိအတွက် သူတစ်ပါးတို့အတွက်ပါ ဆုတ်ယုတ်ဖွယ်များ ဖြစ်သွားနိုင်ပေသည်။ ထို့ကြောင့် ပညာရှိဖြစ်သူသည် အမျက်ဒေါသမာန် ပြင်းထန်စွာ ထွက်နေလျှင် မကောင်း ဟု ဆိုရခြင်း ဖြစ်ပေသည်။

သို့ဖြစ်၍ ပညာရှိပုဂ္ဂိုလ်တို့သည် မိမိလည်း ဆုတ်ယုတ်ကြောင်း သူတစ်ပါးတို့လည်း ဆုတ်ယုတ်ကြောင်းဖြစ်သည့် လောဘ-ဒေါသ-မောဟ-မာန်မာန စသော အကုသိုလ်အယုတ်တရားတို့ကို ပယ်ရှား၍ အလောဘ-အဒေါသ-အမောဟ စသော ကုသိုလ်အမြတ်တရားတို့ကို ဖြစ်ပေါ်လာရအောင် တိုးပွားလာရအောင် အားထုတ်ကြရမည် ဟု ဆိုလိုရင်း ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# ချစ်ဆေးမုန်းဆေး စသည်လေးဖြာ သိဖွယ်ရာ

လောကထဲ၌ ရှိနေကြသော ပုဂ္ဂိုလ်သတ္တဝါတို့တွင် ရဟန္တာပုဂ္ဂိုလ်မှ တစ်ပါး အားလုံးသော ပုဂ္ဂိုလ်သတ္တဝါတို့သည် ချစ်ခြင်းနှင့် မုန်းခြင်းဟူ၍ ဤ (၂)ပါး အနည်းနှင့် အများ ရှိနေကြပေသည်။ ရဟန္တာပုဂ္ဂိုလ်မှတစ်ပါး အခြားသောပုဂ္ဂိုလ်သတ္တဝါတို့သည် ချစ်ခြင်းကိုသာ အလိုရှိကြပေသည်။ မုန်းခြင်းကို အလိုမရှိကြပေ။ ထိုချစ်ခြင်းနှင့် မုန်းခြင်းကို နီတိကျမ်းဆရာများက ဆေးဖြင့် ဥပမာတင်စား၍ ချစ်ဆေးနှင့်မုန်းဆေးစသည်ဖြင့် ဆေး (၄)မျိုး ဖွင့်ပြ ဖော်ပြကြပေသည်။

| | | |
|---|---|---|
| ၁။ ဒါနံ သိနေဟ ဘေသဇ္ဇံ | = | ပေးကမ်းလှူဒါန်းခြင်းဒါနသည် ချစ်ဆေး ဖြစ်၏။ |
| ၂။ မစ္ဆေရံ ဒေါသနောသဓံ | = | ဝန်တိုခြင်း မစ္ဆရိယသည် မုန်းဆေးဖြစ်၏။ |
| ၃။ ဒါနံ ယသဿီ ဘေသဇ္ဇံ | = | ပေးကမ်းလှူဒါန်းခြင်းဒါနသည် အခြံအရံ များစေသော ဆေးဖြစ်၏။ |
| ၄။ မစ္ဆေရံ ကပဏောသဓံ | = | ဝန်တိုခြင်း မစ္ဆရိယသည် အခြံအရံကင်းမဲ့၍ အထီးကျန်စေသောဆေး ဖြစ်၏ ဟူ၍ (၄)မျိုး ဖွင့်ပြ ဖော်ပြကြပေသည်။ |

၁။ ပေးကမ်းလှူဒါန်းခြင်းဒါနသည် ချစ်ဆေးဖြစ်၏ ဟု ဆိုရာ၌ ပေးကမ်းလှူဒါန်းခြင်းတို့သည် (၂)မျိုးရှိပေသည်၊ မိမိထက်မြင့်မြတ်သူ၊ မိမိနှင့် တန်းတူဖြစ်သော ပုဂ္ဂိုလ်တို့အား ချီးမြှောက်လို၍ ပူဇော်လို၍ မေတ္တာဖြင့် ပေးကမ်းလှူဒါန်းခြင်းနှင့် မိမိအောက်နိမ့်ကျသည့် ဆင်းရဲနွမ်းပါးသူတို့အား သနား၍ ကရုဏာဖြင့် ပေးကမ်းလှူဒါန်းခြင်းဟူ၍ (၂)မျိုးရှိပေသည်။ ထို (၂)မျိုး

http://www.dhammadownload.com



တို့တွင် - အကြင်သူသည် မည်သည့်ပေးကမ်းလှူဒါန်းခြင်းဖြင့် ဖြစ်စေ ပေးလှူ၏။ ထိုပေးကမ်းလှူဒါန်းသူကို ခံယူသူများက ချစ်ခင်ကြသည်မှာ ထင်ရှားလှပေသည်။ ထို့ကြောင့် ပေးကမ်းလှူဒါန်းခြင်းဒါနသည် ချစ်ဆေးဖြစ်၏ဟု ဆိုရခြင်း ဖြစ်ပေသည်။

၂။ ဝန်တိုခြင်း မစ္ဆရိယသည် မုန်းဆေးဖြစ်၏ ဟု ဆိုရာ၌ အကြင်သူသည် ပူဇော်ထိုက်သူကိုပင်ဖြစ်စေ၊ ဆင်းရဲနွမ်းပါးသူကိုပင်ဖြစ်စေ၊ ပေးသင့်ပေးထိုက်လှူသင့်လှူထိုက်သည့်အခွင့်များ ကြုံလာပါလျက် ပေးသင့်ပေးထိုက်၊ လှူသင့်လှူထိုက်သည့် အချိန်သို့ ရောက်နေပါလျက် ဝန်တို၍ မပေးလှူဘဲ နေလေ၏။ ထိုသူကို မုန်းကြမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် ဝန်တိုခြင်း မစ္ဆရိယသည် မုန်းဆေးဖြစ်၏ဟု ဆိုရခြင်း ဖြစ်ပေသည်။

မုန်းဆေးဖြစ်သည့် ဝန်တိုခြင်း မစ္ဆရိယတို့သည် (၅)မျိုး ရှိပေသည်

| | | |
|---|---|---|
| ၁။ အာဝါသ မစ္ဆရိယ | = | မိမိတို့၏ အိမ်ရာ တိုက်တာအရိပ်အာဝါသတို့၌ ဝန်တိုခြင်း။ |
| ၂။ ကုလမစ္ဆရိယ | = | မိမိတို့၏ မိသားစုအမျိုးအနွယ်တို့၌ ဝန်တိုခြင်း။ |
| ၃။ လာဘ မစ္ဆရိယ | = | မိမိတို့ရရှိလာသော လာဘ်လာဘပစ္စည်းဥစ္စာတို့၌ ဝန်တိုခြင်း။ |
| ၄။ ဝဏ္ဏ မစ္ဆရိယ | = | မိမိတို့၏ အဆင်းလှပတင့်တယ်ခြင်း၌ ဝန်တိုခြင်း။ |
| ၅။ ဓမ္မ မစ္ဆရိယ | = | မိမိတို့ တတ်သိထားသည့် တရား၌ ဝန်တိုခြင်း ဟူ၍ (၅)မျိုး ရှိပေသည်။ |

ထို (၅)မျိုးတို့တွင် မိမိတို့၏ အိမ်ရာတိုက်တာအရိပ်အာဝါသတို့၌ ဝန်တိုခြင်းဟုဆိုရာတွင် အကြင်သူသည် အကြောင်းအားလျော်စွာ မိမိတို့ အိမ်ရာတိုက်တာ အရိပ်အာဝါသတို့၌ သူတစ်ပါးတို့ ခေတ္တခဏ လာရောက်၍ တည်းခိုနေထိုင်သည်ကိုပင် အလွန်တွန့်တိုကာ ဝန်တိုနေ၏။ ထိုသူအား သူတစ်ပါးတို့က

http://www.dhammadownload.com



ချစ်ခင်ကြမည်မဟုတ်ပေ။ မုန်းကြမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် မိမိတို့၏အိမ်ရာတိုက်တာအရိပ်အာဝါသတို့၌ ဝန်တိုခြင်းသည် မုန်းဆေးတစ်ခုပင်ဖြစ်၏ ဟု ဆိုရခြင်း ဖြစ်ပေသည်။

မိမိတို့၏ မိသားစုအမျိုးအနွယ်တို့၌ ဝန်တိုခြင်းဟု ဆိုရာတွင် အကြင်သူသည် အကြောင်းအားလျော်စွာ သူတစ်ပါးတို့က မိမိတို့၏ မိသားစုအမျိုးအနွယ်များနှင့် လာရောက်၍ ဆက်ဆံပြောဆိုနေထိုင်ကြသည်ကို အလွန်မကျေနပ် ဝန်တိုနေတတ်၏။ ထိုသူအား သူတစ်ပါးတို့က ချစ်ခင်ကြမည်မဟုတ်ပေ။ မုန်းကြမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် မိမိတို့၏ မိသားစု အမျိုးအနွယ်တို့၌ ဝန်တိုခြင်းသည်လည်း မုန်းဆေးတစ်ခုပင် ဖြစ်၏ဟု ဆိုရခြင်းဖြစ်ပေသည်။

မိမိတို့ ရရှိလာသော လာဘ်လာဘပစ္စည်းဥစ္စာတို့၌ ဝန်တိုခြင်း ဟု ဆိုရာတွင် အကြင်သူသည် မိမိတို့ ရရှိလာသော လာဘ်လာဘပစ္စည်းဥစ္စာများကို သူတစ်ပါးတို့က ခေတ္တခဏ ကိုင်တွယ်အသုံးပြုတာကိုပင် အလွန်မကျေနပ် ဝန်တိုနေတတ်၏။ ထိုသူအား သူတစ်ပါးတို့က ချစ်ခင်ကြမည်မဟုတ်ပေ။ မုန်းကြမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် မိမိတို့ရရှိလာသောလာဘ်လာဘပစ္စည်းဥစ္စာတို့၌ ဝန်တိုခြင်းသည် မုန်းဆေးတစ်ခုပင် ဖြစ်၏ဟုဆိုရခြင်း ဖြစ်ပေသည်။

မိမိတို့၏ အဆင်းလှပတင့်တယ်ခြင်း၌ ဝန်တိုခြင်း ဟု ဆိုရာတွင် အကြင်သူသည် မိမိ၏အဆင်းလှပတင့်တယ်ခြင်းကို သူတစ်ပါးတို့က လိုချင်တောင့်တသောအားဖြင့် ကြည့်တာကိုပင် အလွန်မကျေနပ် ဝန်တိုနေတတ်၏။ ထိုသူကို သူတစ်ပါးတို့က ချစ်ခင်ကြမည်မဟုတ်ပေ။ မုန်းကြမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် မိမိတို့၏ အဆင်းလှပတင့်တယ်ခြင်း၌ ဝန်တိုခြင်းသည် မုန်းဆေးတစ်ခုပင် ဖြစ်၏ဟု ဆိုရခြင်း ဖြစ်ပေသည်။

မိမိတို့ တတ်သိထားသည့်တရားတို့၌ ဝန်တိုခြင်းဟုဆိုရာတွင် အကြင်သူသည် မိမိတတ်မြောက်သိရှိထားသောတရားဓမ္မများကို သူတစ်ပါးတို့အား မတတ်မြောက်စေချင် မသိရှိစေချင်၍ တရား၌ဝန်တိုနေ၏။ ထိုသူကို သူတစ်ပါးတို့က ချစ်ခင်ကြမည်မဟုတ်ပေ။ မုန်းကြမည်သာ ဖြစ်ပေသည်။ ထို့ကြောင့်

http://www.dhammadownload.com



မိမိတို့ တတ်သိထားသည့်တရား၌ ဝန်တိုခြင်းသည်လည်း မုန်းဆေးတစ်ခုပင် ဖြစ်၏ဟု ဆိုရခြင်းပင် ဖြစ်ပေသည်။

အကြင်အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ဝန်တိုခြင်း မစ္ဆရိယသည်ကား အကုသိုလ်တရားဖြစ်၍ မချစ်အပ်သော မုန်းဆေးဖြစ်၏ ဟု သိကြရ၏။ ထို့ကြောင့် ထိုအမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ဝန်တိုခြင်း မစ္ဆရိယကို ရှောင်ကြဉ်ကြရပေသည်။ အကြင်အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ပေးကမ်းလှူဒါန်းခြင်း ဒါနသည်ကား ကုသိုလ် တရားဖြစ်၍ ချစ်အပ်သောဆေးဖြစ်၏ဟု သိကြရ၏။ ထို့ကြောင့် ထိုအမျိုး ကောင်းသား အမျိုးကောင်းသမီးတို့သည် ပေးကမ်းလှူဒါန်းခြင်း ဒါနကို ပြုကြရပေသည် ဟု ဆိုလိုရင်းဖြစ်ပေသည်။

၃။ ပေးကမ်းလှူဒါန်းခြင်း ဒါနသည် အခြံအရံများစေသောဆေး ဖြစ်၏ဟု ဆိုရာ၌ အကြင်သူတို့သည် မိမိတို့ပြုလုပ်အပ်သည့် အလုပ်ကိစ္စများကို လာ ရောက်၍ ကူညီလုပ်ကိုင်ဆောင်ရွက်ပေးသူတို့အား ပေးကမ်းလှူဒါန်းခြင်းများ ကို ပြုလေ့ရှိကြ၏။ ထိုသူတို့၌ ချစ်ခင်အပ်သော အခြံအရံပရိသတ်များ ပေါမများ နေတတ်၏။ ထို့ကြောင့် ပေးကမ်းလှူဒါန်းခြင်း ဒါနသည် အခြံအရံများစေ သောဆေးဖြစ်၏ ဟု ဆိုရခြင်း ဖြစ်ပေသည်။

၄။ ဝန်တိုခြင်းမစ္ဆရိယသည် အခြံအရံကင်းမဲ့၍ အထီးကျန်စေသောဆေး ဖြစ်၏ဟုဆိုရာ၌ အကြင်သူတို့သည် မိမိတို့လုပ်ကိုင်အပ်သော အလုပ်ကိစ္စ များကို လာရောက်၍ ကူညီဆောင်ရွက်ပေးသူတို့အား ပေးကမ်း လှူဒါန်း စွန့်ကြဲခြင်း မရှိမူ၍ ဝန်တိုခြင်းသဘောရှိ၏။ ထိုသူတို့၌ အကြောင်းကိစ္စ ရှိလာသောအခါ ကူညီဆောင်ရွက်ပေးမည့် အခြံအရံများ မရှိဘဲ အထီးကျန်သူ များ ဖြစ်နေတတ်ကြ၏။ ထို့ကြောင့် ဝန်တိုခြင်း မစ္ဆရိယသည် အခြံအရံကင်း မဲ့၍ အထီးကျန်စေသောဆေးဖြစ်၏ဟု ဆိုရခြင်း ဖြစ်ပေသည်။

အကြင်အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ဝန်တိုခြင်း မစ္ဆရိယသည်ကား အကုသိုလ်တရားဖြစ်၍ အခြံအရံကင်းမဲ့ကာ အထီးကျန်

http://www.dhammadownload.com



စေသောဆေး ဖြစ်၏ဟု သိကြရ၏။ ထို့ကြောင့် ထိုအမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ဝန်တိုခြင်း မစ္ဆရိယကို ရှောင်ကြဉ်ကြရပေသည်။ အကြင်အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ပေးကမ်းလှူဒါန်းခြင်း ဒါနသည်ကား ကုသိုလ်တရားဖြစ်၍ အခြံအရံများစေသောဆေးဖြစ်၏ဟု သိကြရ၏။ ထို့ကြောင့် ထိုအမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ပေးကမ်းလှူဒါန်းခြင်း ဒါနကို ပြုကြရပေသည်ဟု ဆိုလိုရင်း ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# အလိုရှိအပ်ရာ ပုဂ္ဂိုလ်လေးဖြာ

လူ့လောကထဲ၌ နေထိုင်ကြရသော ပုဂ္ဂိုလ်တို့သည် အချိန်ကာလ အရာဌာနအားလျော်စွာ ဆောင်ရွက်ဖွယ်ရာကိစ္စများ ရှိကြမြဲ ဖြစ်ပေသည်။ ဤကဲ့သို့ ဆောင်ရွယ်ဖွယ်ရာကိစ္စများ ရှိလာသောအခါ သင့်တော်သောပုဂ္ဂိုလ်များနှင့် အတူတကွ ဆောင်ရွက်ကြရပေသည်။ သင့်တော်သောပုဂ္ဂိုလ်များနှင့် ဆောင်ရွက်ကြမှသာ အလိုရှိအပ်သော အကျိုးကိစ္စများ အချိန်မီပြီးမြောက်နိုင်ကြပေသည်။ ထို့ကြောင့် သင့်တော်သောပုဂ္ဂိုလ်များကို အလိုရှိကြရပေသည်။ ထိုကြောင့်ပင်လျှင် နီတိကျမ်းဆရာများက အချိန်ကာလ အရာဌာန အားလျော်စွာ အလိုရှိအပ်သော ပုဂ္ဂိုလ် (၄)မျိုးကို ဖွင့်ပြ ဖော်ပြကြပေသည်။

၁။ **သင်္ဂါမေ သူရ မိစ္ဆန္တိ** = စစ်မြေပြင်အရပ်၌ ရဲရင့်သောသူကို အလိုရှိကြရပေသည်။

၂။ **မန္တီသု အကုတူဟလံ** = တိုင်ပင်သောအခါတို့၌ အုတ်အုတ်ကျက်ကျက် မပြုတတ်သူကို အလိုရှိကြရပေသည်။

၃။ ပိယဉ္စ အန္နပါနေသု = စားကောင်း သောက်ဖွယ်တို့ကို စားသောက်ရသောအခါတို့၌ ချစ်ခင်သောသူကို အလိုရှိကြရပေသည်။

၄။ အတ္ထေ ဇာတေစ ပဏ္ဍိတံ = ဖြေရှင်းဖွယ်ရာ အကြောင်းကိစ္စဖြစ်ပေါ်လာသောအခါ ပညာရှိပုဂ္ဂိုလ်ကို အလိုရှိကြရပေသည်။

http://www.dhammadownload.com



၁။ စစ်မြေပြင်အရပ်၌ ရဲရင့်သောသူကို အလိုရှိကြရသည် - ဟု ဆိုရာ၌ စစ်မြေပြင်တွင် သူနိုင် ကိုယ်နိုင် အပြိုင်စစ်တိုက်ကြရာ၌ အသက်နှင့် ခန္ဓာ ပျက်စီးရမည်မှ ကြောက်ထိတ်လန့်နေသူများကို အလိုမရှိအပ်ပေ၊ တိုင်းပြည် နှင့်ဘာသာ သာသနာအတွက် အသက်နှင့်ခန္ဓာကို မငဲ့ကွက်ပါဘဲ ရဲရင့်စွာ တိုက်ခိုက်မှု၊ သူရသတ္တိရှိသူကိုသာ အလိုရှိကြရပေသည်။ ထို့ကြောင့် နီတိ ကျမ်းဆရာများက စစ်မြေပြင်အရပ်၌ ရဲရင့်သောသူကို အလိုရှိကြရပေသည် ဟု ဖွင့်ပြ ဖော်ပြကြခြင်း ဖြစ်ပေသည်။

၂။ တိုင်ပင်အပ်သောအခါတို့၌ အုတ်အုတ်ကျက်ကျက် မပြောတတ်သောသူ ကို အလိုရှိကြရပေသည် - ဟု ဆိုရာ၌ တိုင်ပင်ခြင်းတို့သည် (၂)မျိုး ရှိပေသည်။ နှစ်ဦးချင်း သုံးဦးချင်း စသည်ဖြင့် လျှို့ဝှက်စွာ တိုင်ပင်ခြင်း၊ အသင်း အဖွဲ့အများစု နှင့် ပွင့်ပွင့်လင်းလင်း တိုင်ပင်ခြင်း ဟူ၍ (၂)မျိုးရှိပေသည်။

ထိုတိုင်ပင်ခြင်း (၂)မျိုးတို့တွင် လျှို့ဝှက်ဖွယ်ရာများကို နှစ်ဦးချင်း သုံး ဦးချင်း တိုင်ပင်ကြရာတို့၌ တိုတိုတောင်းတောင်း အုတ်အုတ်ကျက်ကျက် အော်ကျယ်ဟစ်ကျယ် ပြောဆိုတတ်သူ၊ မိမိတို့ တိုင်ပင်လျှို့ဝှက်အပ်သော စကား တို့ကို သူတစ်ပါးတို့အား ထုတ်ဖော်၍ ပြောတတ်သူတို့ကို အလိုမရှိအပ်ပေ။

လျှို့ဝှက်ဖွယ်များကို တိုင်ပင်ကြရာ၌ သိပ်သိပ်သည်းသည်း တိုးတိုးသာ သာ စိတ်ရှည်စွာ သည်းခံ၍ ပြောတတ်သူ၊ အကြောင်းနှင့်အကျိုးကိုပြ၍ လည်ပတ်အောင် ပြောတတ်သူ၊ မိမိတို့ လျှို့ဝှက်ကာ တိုင်ပင်အပ်သော စကား တို့ကို သိုသိပ်၍ ထားတတ်သော သူကိုသာ အလိုရှိအပ်ပေသည်။

အသင်းအဖွဲ့အများစုနှင့် ပွင့်ပွင့်လင်းလင်း တိုင်ပင်ကြရာ၌လည်း အကြောင်းဟုတ်သည် မဟုတ်သည်ကို မစဉ်းစား၊ မဆင်ခြင်မူ၍ ထင်ရာ မြင်ရာကို ပြောတတ်သူ၊ ကိုယ့်စကားမှ ဟုတ်သည်ဟု ထင်တတ်သူ၊ အော်ကျယ် ဟစ်ကျယ် ပြောတတ်သူ၊ ဂုဏ်ပကာသနကို အလိုရှိအပ်သူတို့ကို အလိုမရှိအပ် ဟု လောကနီတိအဖွင့်အကျယ်ကျမ်းကို ရေးသားတော်မူခဲ့သော ညောင်တုန်း မြို့ ရွှေဟင်္သာတောရတိုက် အဂ္ဂမဟာပဏ္ဍိတ-စံကျောင်းဆရာတော်ဘုရားကြီး က မိန့်ကြား ဖွင့်ပြတော်မူခဲ့ပါသည်။

http://www.dhammadownload.com



စိတ်နှလုံးကောင်းထား၍ သိပ်သိပ်သည်းသည်း ကျစ်လစ်ပိပြားစွာ အလိုရှိရာအကျိုးများ ပြီးစီးအောင် ပြောဆို တိုင်ပင်တတ်သူကိုသာ အလိုရှိအပ်ပေသည် ဟု မိန့်ကြား ဖွင့်ပြတော်မူခဲ့ပါသည်။

ထို့ကြောင့်ပင်လျှင် နီတိကျမ်းဆရာများက တိုင်ပင်သောအခါတို့၌ အုတ်အုတ်ကျက်ကျက် မပြုတတ်သူကို အလိုရှိကြရပေသည် ဟု ဖွင့်ပြ ဖော်ပြကြရခြင်း ဖြစ်ပေသည်။

လောကနီတိအဖွင့်အကျယ်ကျမ်းကို ရေးသားတော်မူခဲ့သော စံကျောင်းဆရာတော်ဘုရားကြီးက အစည်းအဝေးများ၌ တိုင်ပင်ကြသူတို့ သတိပြုဖွယ်ရာများကိုလည်း ထပ်မံ၍ ဖွင့်ပြ မှာကြားတော်မူခဲ့သည်မှာ အစည်းအဝေးပြုလုပ်ခြင်းသည် မဆုတ်ယုတ်မူ၍ တိုးတက်ကြီးပွားကြောင်း(အပရိဟာနိယ)တရား (၇)ပါးတို့တွင် တစ်ပါးအပါအဝင်ဖြစ်၍ ကြီးပွားကြောင်းတရား အစစ်အမှန် ဖြစ်ပေသည်။ သို့ပါသော်လည်း အစည်းအဝေးပွဲ မကျင်းပတတ်လျှင် အစည်းအဝေးပြုလုပ်သည့်အတွက် သာ၍ပင် စိတ်ဝမ်းကွဲပြားသွားတတ်ကြပေသည်။

ထို့ကြောင့် အစည်းအဝေးပွဲများ ပြုလုပ်သောအခါ ဒေါသ မာန်မာနနှင့် ပြောခြင်း၊ ကျယ်လောင်စွာပြောခြင်း၊ သူတစ်ခွန်း ငါတစ်ခွန်းစည်းမျဉ်းမရှိ ပြောခြင်း၊ စိတ်တိုတတ်ခြင်းတို့ကို မဖြစ်စေမူ၍ မေတ္တာရှေ့ထားလျက်၊ မာန်မာနကို သိမ်းဆည်းလျက်၊ ရည်ရွယ်ရင်း ဖြစ်သော အကျိုးများ ပြီးစီးအောင်မြင်အောင်၊ သိပ်သိပ်သည်းသည်း အကျိုးအကြောင်းတို့ကို ပြလျက် ဆွေးနွေးတိုင်ပင်ကြရာ၏ ဟု မှာကြားတော်မူခဲ့ပါသည်။ သတိပြုဖွယ်ကောင်းလှပါပေသည်၊ လိုက်နာဖွယ်ကောင်းလှပါပေသည်။

၃။ စားကောင်းသောက်ဖွယ်များကို စားသောက်ရသောအခါတို့၌ ချစ်ခင်အပ်သောသူကို အလိုရှိကြပေသည် ဟုဆိုရာ၌ လူဖြစ်သောပုဂ္ဂိုလ်တို့သည် နှစ်သက်ဖွယ်ရာ၊ ကြည်နူးဖွယ်ရာ၊ ကောင်းမြတ်သောအဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့များနှင့် တွေ့ကြုံရသောအခါ မိမိတို့ ချစ်ခင်အပ်သော ပုဂ္ဂိုလ်တို့ကို သတိရမြဲ ဖြစ်ကြပေသည်။ တောင့်တလာတတ်ကြပေသည်။ အလိုရှိ

http://www.dhammadownload.com



လာတတ်ကြပေသည်။ ထို့ကြောင့် နီတိကျမ်းဆရာများက စားကောင်းသောက်ဖွယ်များကို စားသောက်သောအခါတို့၌ ချစ်ခင်အပ်သောသူကို အလိုရှိကြပေသည် ဟု ဖွင့်ပြ ဖော်ပြကြခြင်း ဖြစ်ပေသည်။

စားသောက်ရသောအခါ ချစ်ခင်အပ်သောသူတို့ကို အလိုရှိကြပေသည် ဟု ဆိုရာ၌ ထင်ရှားသည့် စားသောက်သောအခါကို သတ်မှတ်၍ (ဥပလက္ခဏနည်းဖြင့်) ဖွင့်ပြခြင်း ဖြစ်ပေသည်။ ကောင်းမြတ်သည့် ကြည်ညိုဖွယ်ရာအဆင်း၊ ကြည်နူးဖွယ်ရာအသံ၊ နှစ်သက်ဖွယ်ရာအနံ့၊ နှစ်သက်ဖွယ်ရာအတွေ့အထိ တို့ကို တွေ့ကြုံခံစား ရသောအခါတို့၌လည်း ချစ်ခင်အပ်သောသူများကို အလိုရှိမြဲ ဖြစ်ကြပေသည်။ သတိရမြဲဖြစ်ကြပေသည်။ တောင့်တမြဲဖြစ်ကြပေသည်။

အထူးသဖြင့် ကြည်နူးဖွယ်ရာ၊ ကြည်ညိုဖွယ်ရာ၊ တန်ခိုးကြီးဘုရားများ စေတီတော်များသို့ သွားရောက်၍ ဖူးမြင်ရသောအခါ မိမိတို့ ချစ်ခင် လေးစားအပ်သော မိဘ ဘိုးဘွား ဆရာသမားများနှင့် ချစ်ခင်အပ်သော ပုဂ္ဂိုလ်များကို အထူးသတိရလာတတ်ကြပေသည်။ အတူတကွလာရောက်၍ ဖူးမြင်စေလိုကြသော စိတ်ဆန္ဒများ ဖြစ်လာတတ်ကြပေသည်။ အလိုရှိလာတတ်ကြပေသည်၊

ထို့အပြင် အထူးသဖြင့် အိန္ဒိယပြည် ဗုဒ္ဓဂယာ စသည်များသို့ သွားရောက်၍ စေတီ ပုထိုးများကို ဖူးမြင်ရသောအခါတို့၌ ချစ်ခင်အပ်သော မိဘ ဆွေမျိုးစသည်တို့ကို အထူးသတိရ တောင့်တ အလိုရှိကြသည်မှာ ပို၍ပင် ထင်ရှားလှပေသည်။

ရှေးအခါက စားသောက်ဖွယ်ကို ရရာ၌ ချစ်ခင်သူကို သတိရ၍ သွားရောက်ကာ အတူတကွ စားသောက်သဖြင့် စစ်ပြေငြိမ်းသွားသော သာဓကတစ်ခု ရှိခဲ့ဖူးလေသည်။

ရှေးအခါက သီဟိုဠ်ကျွန်း (ယခုသီရိလင်္ကာ)၌ မေဃဝဏ္ဏအမတ်ကြီးသည် အကြောင်းတစ်ပါးကြောင့် အလွန်ချစ်ခင်အပ်သော မဟာသေန မင်းကြီးကို တော်လှန်ပုန်ကန်၍ စစ်တိုက်၏။ ထိုအခါ တစ်နေ့သ၌ မေဃဝဏ္ဏအမတ်ကြီး မှာ ကောင်းမြတ်သည့် စားသောက်ဖွယ်များ ရရှိလာ၏။ ထို့ကြောင့် မဟာသေန မင်းကြီးကို သတိရလာသဖြင့် တစ်ယောက်တည်း ကိုယ်တိုင်သွား

http://www.dhammadownload.com



ရောက်၍ မဟာသေန မင်းကြီးအား ဆက်သလေ၏။ မင်းကြီးနှင့် အတူတကွ စားသောက်လေ၏။ ဤကဲ့သို့ အတူတကွ စားသောက်ခြင်းဖြင့် အကြောင်းမှန်ကိုသိကာ စစ်ပြေငြိမ်းခဲ့ဖူးပေသည်။

၄။ ဖြေရှင်းဖွယ်ရာ အကြောင်းကိစ္စဖြစ်ပေါ်လာသောအခါ ပညာရှိပုဂ္ဂိုလ်ကို အလိုရှိကြရပေသည် ဟု ဆိုရာ၌ ပညာမဲ့သောသူတို့၏ ဆောင်ရွက်ချက်များသည် အကျိုးရှိအောင်ပင် ဆောင်ရွက်ပါသော်လည်း အကျိုးမဲ့များသာဖြစ်တာ များကြပေသည်။ ထို့ကြောင့် အကြောင်းကိစ္စဖြစ်ပေါ်လာသောအခါ ပညာမဲ့သူများကို အလိုမရှိအပ်ပေ၊ ပညာရှိပုဂ္ဂိုလ်များကိုသာ အလိုရှိကြရပေသည်။

ဖြေရှင်းဖွယ်ရာ အကြောင်းကိစ္စ ဖြစ်ပေါ်လာသောအခါ ပညာရှိပုဂ္ဂိုလ်တို့၏ ဖြေရှင်းချက် ဆောင်ရွက်ချက်တို့သည် ယခုဘဝအတွက်လည်း အကျိုးရှိ၊ နောင်ဘဝများအတွက်လည်း အကျိုးရှိ၊ မိမိအတွက်လည်း အကျိုးရှိ၊ သူတစ်ပါးတို့အတွက်လည်း အကျိုးရှိကြပေသည်။ ထို့ကြောင့် နီတိကျမ်းဆရာများက ဖြေရှင်းဖွယ်ရာ အကြောင်းကိစ္စဖြစ်ပေါ်လာသောအခါ ပညာရှိပုဂ္ဂိုလ်ကို အလိုရှိကြရပေသည် ဟု ဖွင့်ပြ ဖော်ပြကြခြင်း ဖြစ်ပေသည်။

တစ်ချိန်သောအခါ ဘုရားလောင်းသည် ဗာရာဏသီပြည်၌ လှည်းမှူးဖြစ်လေ၏။ တစ်နေ့သောအခါ လှည်းကုန်သည်ငါးရာတို့ကို ဦးဆောင်၍ ကုန်ရောင်း ကုန်ဝယ်ထွက်လေ၏။ ရေမရှိသည့် ယူဇနာ - ၆၀၊ မိုင် - ၄၈၀ ရှိသော သဲကန္တာရခရီးကို ဖြတ်ကျော်ကြလေ၏။ ထိုသို့ဖြတ်ကျော်ကြရာတွင် လှည်းဖြင့်တင်ဆောင်လာသောရေများ ကုန်သွားကြလေ၏။ လှည်းကုန်သည်ငါးရာတို့သည် ရေငတ်ပြီးသေရတော့မည့်ဘေးနှင့် တွေ့ကြုံနေကြရလေ၏။ ထိုအခါ ဘုရားလောင်းပညာရှိလှည်းမှူးသည် တူးဖော်လျှင် ရေရနိုင်သည့် မြေနေရာကို ရှာဖွေပေးလေ၏။

အတောင် - ၆၀ထိအောင် တူးဖော်ပါသော်လည်း ရေမရရှိ၍ လှည်းကုန်သည်ငါးရာတို့သည် လက်မှိုင်ချကာ သေဘေးမှ ထိတ်လန့်၍ နေကြလေ၏။ ထိုအခါ ဘုရားလောင်းသည် အတောင် - ၆၀ နက်သည့် ရေတွင်း

http://www.dhammadownload.com



ထဲသို့ သက်ဆင်း၍ ရေတွင်း၏အောက်ခံကျောက်ဖျာအပြင်ကို နားဖြင့်ကပ်၍ နားထောင်ကြည့်ရာ အောက်တွင်ရေများ စီးသွားနေသည့်အသံကို ကြားရလေ၏။ ထိုအခါ တပည့်ငယ်တစ်ဦးကို သံတူဖြင့် ကျောက်ဖျာကို ရိုက်ထုစေသဖြင့် ရေများ အရှိန်အဟုန်ပြင်းစွာ ပန်းထွက်လာလေ၏။

လှည်းကုန်သည်ငါးရာတို့သည် ရေငတ်၍သေကြရမည့်ဘေးမှ လွတ်မြောက်ကာ ကုန်ရောင်း ကုန်ဝယ်ခြင်းများပြုကြရပေသည်။ အမြတ်အစွန်းများ နှစ်ဆ သုံးဆ လေးဆအထိ ရရှိကြပေသည်။ ဤကဲ့သို့ ဘုရားလောင်း ပညာရှိသည် မိမိအကျိုး သူတစ်ပါးအကျိုးတို့ကို (ဘဝပေါင်းများစွာ) ဆောင်ရွက်ပေးနိုင်ခဲ့ပေသည်။ ထိုကြောင့် နီတိကျမ်းဆရာများက ဖြေရှင်းဖွယ်ရာ အကြောင်းကိစ္စဖြစ်ပေါ်လာသောအခါ ပညာရှိပုဂ္ဂိုလ်ကို အလိုရှိကြရပေသည်ဟု ဖွင့်ပြ ဖော်ပြခြင်း ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# အတုမရှိပါ ဤလေးဖြာ

လောကဌ် ဖြစ်လာကြသော သဘောတရားတို့သည် အတုမရှိသော သဘောတရားနှင့် အတုရှိသော သဘောတရားဟူ၍ (၂)မျိုးရှိနိုင်ပေသည်။ ထို (၂)မျိုးတို့တွင် အတုရှိသော သဘောတရားတို့သည် ထင်ရှားကြပေသည်။ အတုမရှိသော သဘောတရားတို့သည် မထင်ရှားကြပေ။ ထို့ကြောင့် နီတိကျမ်းဆရာများက အတုမရှိသော သဘောတရား (၄)မျိုးကို ဖွင့်ပြ၊ ဖော်ပြကြပေသည်။

၁။ နတ္ထိ ဝိဇ္ဇာ သမံ မိတ္တံ = အတတ်ပညာနှင့်တူသော အဆွေခင်ပွန်းမည်သည် မရှိ။

၂။ နစ ဗျာဓိသမော ရိပု = အနာရောဂါနှင့်တူသော ရန်သူမည်သည်မရှိ။

၃။ နစ အတ္တသမံ ပေမံ = မိမိနှင့်တူသော ချစ်အပ်သောသူ မရှိ။

၄။ နစ ကမ္မသမံ ဗလံ = ကံနှင့်တူသော အားအစွမ်းမည်သည် မရှိ

ဟူ၍အတုမရှိသော သဘောတရားတို့သည် (၄)မျိုး ရှိသည်ဟု ဖော်ပြ၊ ဖွင့်ပြကြပေသည်။

၁။ အတတ်ပညာနှင့်တူသော အဆွေခင်ပွန်း မည်သည် မရှိဟု ဆိုရာဌ် ရှေးဦးစွာ အဆွေခင်ပွန်းနှင့် ရန်သူတို့ကို သိထားသင့်ကြပေသည်။ လောကဌ် အဆွေခင်ပွန်းဟူ၍လည်းကောင်း၊ ရန်သူဟူ၍လည်းကောင်း (၂)မျိုး ရှိကြပေသည်။ ထို (၂)မျိုးတို့ကို မည်ကဲ့သို့ ခွဲခြား၍ သိရပါမည်နည်းဆိုလျှင် ချစ်ခင်သောစိတ်ထားဖြင့် မိမိတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးနေသောသူကို

http://www.dhammadownload.com



အဆွေခင်ပွန်း ဟု သိကြရပေသည်။ မချစ် မုန်းသောစိတ်ထားဖြင့် မိမိတို့၏ အကျိုးစီးပွားမဲ့ကို ဆောင်ရွက်နေသောသူကို ရန်သူဟု သိကြရပေသည်။

ဤလူ့လောက၌ လူတို့သည် မိမိတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးနေကြသော အဆွေခင်ပွန်းများ အနည်းနှင့်အများ ရှိနေကြပေသည်။ ထို အဆွေခင်ပွန်းတို့တွင် မိခင် ဖခင် ဆရာသခင်တို့သည် မိမိတို့၏ အကျိုးစီးပွားကို လိုလား တောင့်တကြ၍ အများဆုံးဆောင်ရွက်ပေးနေကြသော ပုဂ္ဂိုလ်တို့ ဖြစ်ကြပေသည်။ ထို့ကြောင့် မိခင်-ဖခင် ဆရာသခင်တို့သည် အကောင်းဆုံး၊ အမြတ်ဆုံး အဆွေခင်ပွန်းများ ဖြစ်ကြပေသည်။

ထိုကဲ့သို့ အကောင်းဆုံး အမြတ်ဆုံး အဆွေခင်ပွန်းများပင် ဖြစ်ကြပါသော်လည်း မိခင် ဖခင် ဆရာသခင်တို့သည် အသက်ထင်ရှားရှိနေစဉ် အခိုက်အတန့်သာ မိမိတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးနိုင်ကြပေသည်။ ကွယ်လွန်သွားသောအခါ မိမိတို့၏ အကျိုးစီးပွားကို မဆောင်ရွက်ပေးနိုင်ကြတော့ပေ။ မိမိတို့ ကိုယ်တိုင် တတ်မြောက်ထားသော အတတ်ပညာတို့သည် မိမိတို့၏ အကျိုးစီးပွားများကို အစဉ်မပြတ် ဆောင်ရွက်ပေးနိုင်ကြ၏။ ထို့ကြောင့် နီတိကျမ်းဆရာများက အတတ်ပညာနှင့်တူသော အဆွေခင်ပွန်းမည်သည် မရှိ ဟု ဖွင့်ပြ၊ ဖော်ပြကြခြင်း ဖြစ်ပေသည်။

၂။ အနာရောဂါနှင့်တူသော ရန်သူမည်သည်မရှိ ဟု ဆိုရာ၌ မိမိတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သူ ရန်သူတို့သည် မိမိတို့ကို အမြဲတမ်း နှိပ်စက်လို့ မရကြပေ။ ရန်သူများနှင့် တွေ့ကြုံရသည့်အခါ၊ ရန်သူများက အခွင့်သာနေသော အခါတို့၌သာ နှိပ်စက်လို့ ရကြပေသည်။ ရန်သူများနှင့် မတွေ့ကြုံရသောအခါ၊ တွေ့ကြုံရပါသော်လည်း မိမိတို့က အခွင့်သာနေသောအခါ ကာကွယ်နိုင်သော အခါတို့၌ နှိပ်စက်လို့ မရကြပေ။

မိမိတို့၏ ခန္ဓာကိုယ်၌ ဖြစ်ပေါ်လာသော အနာရောဂါတို့သည် စက္ကန့်ပိုင်း မလပ်၊ မိနစ်ပိုင်း မလပ် အမြဲမပြတ် မိမိတို့ကို ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်အောင် နှိပ်စက်လျက် ရှိကြပေသည်။ ထို့ကြောင့် နီတိကျမ်းဆရာများက အနာရောဂါနှင့်တူသော ရန်သူမည်သည် မရှိ-ဟု ဖွင့်ပြ ဖော်ပြကြခြင်း ဖြစ်ပေသည်။

http://www.dhammadownload.com



အနာရောဂါတို့သည် အမြဲမပြတ် နှိပ်စက်တတ်သော ရန်သူဖြစ်သောကြောင့် အနာရောဂါကင်း၍ ကျန်းမာခြင်း နှင့် ပြည့်စုံအောင် နေကြရပေသည်။ အနာရောဂါကင်း၍ ကျန်းမာခြင်း နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည် "အာရောဂျာ ပရမာ လာဘာ" = ကျန်းမာခြင်းနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည် အကောင်းဆုံးလာဘ်ကို ရထားခြင်း ဖြစ်ကြပေသည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

အနာရောဂါကင်း၍ ကျန်းမာခြင်းနှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့သည် တရားအားထုတ်သောအခါ ယုံကြည်ခြင်း၊ ကျန်းမာခြင်း၊ စိတ်ထားဖြောင့်မတ်ခြင်း၊ ကြိုးစားခြင်း၊ ဖြစ်ပျက်ကိုမြင်ခြင်း ဟူသော တရားအားထုတ်ကြောင်း၊ တရားရကြောင်းအင်္ဂါ (၅)ပါးတို့တွင် (၂)နံပါတ်အင်္ဂါနှင့် ပြည့်စုံနေသောကြောင့် တရားရကြောင်း အထောက်အပံ့ကောင်းတစ်ခု ဖြစ်ပေသည်။

ထို့ကြောင့် တရားထူး တရားမြတ်များ ရလိုကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ကျန်းမာခြင်းနှင့်ပြည့်စုံအောင် နေထိုင်ကြရပေသည်။ ကျန်းမာခြင်းနှင့် ပြည့်စုံဖို့ရာမှာ မိမိတို့ကြိုက်နှစ်သက်ကြသည့် အအေးအပူစသော ဥတုရာသီများနှင့် မိမိတို့ကြိုက်နှစ်သက်ကြသည့် အစားအစာများ ပင်ဖြစ်ကြပါသော်လည်း မိမိတို့၏ ကျန်းမာရေးနှင့် မသင့်တော်ခဲ့သော် ရှောင်ကြဉ်ကြရပေသည်။ ဤကဲ့သို့ ရှောင်ကြဉ်နိုင်ပါက ကျန်းမာခြင်းနှင့် ပြည့်စုံကြမည်ဟု အဋ္ဌကထာဆရာများက ဖွင့်ပြ ထားကြပေသည်။

၃။ မိမိနှင့်တူသော ချစ်အပ်သောသူမည်သည် မရှိ ဟု ဆိုရာ၌ ချစ်ခြင်းတို့သည် (၂)မျိုးရှိပေသည်။ မိမိကိုယ်ကိုမိမိ ချစ်ခြင်း၊ သူတစ်ပါးကို ချစ်ခြင်းဟူ၍ (၂)မျိုးရှိပေသည်။ သူတစ်ပါးကို ချစ်ခြင်းသည်လည်း (၂)မျိုး ရှိပေသည်။ လောဘတဏှာဖြင့် ချစ်ခြင်း၊ အကျိုးစီးပွားကို လိုလား၍ အဒေါသ= မေတ္တာဖြင့် ချစ်ခြင်းဟူ၍ (၂)မျိုးရှိပေသည်။ ဤနေရာ၌ အဒေါသ=မေတ္တာဖြင့် ချစ်ခြင်းကို ယူသင့်ပေသည်။

http://www.dhammadownload.com



**ထိုထိုပုဂ္ဂိုလ်သတ္တဝါတို့၏ အကျိုးစီးပွားကို လိုလား၍ မေတ္တာတရား ပွားများသောအခါ ပွားများရမည့်အစဉ်မှာ ရှေ့ဦးစွာ (အချစ်အပ်ဆုံး) မိမိကိုယ်ကို ပွားများရမည်၊ ဒုတိယ - ချစ်ခင်အပ်သောပုဂ္ဂိုလ်တို့ကို ပွားများရမည်။ တတိယ - မချစ်လွန်း မမုန်းလွန်း အလယ်အလတ်ဖြစ်သူများကို ပွားများရ** မည်၊ စတုတ္ထ ရန်သူဖြစ်သူများကို ပွာများရမည် ဟု ပွားများရမည့် ပုဂ္ဂိုလ်တို့၏ အစဉ်ကို ကျမ်းဂန်များ၌ ပြဆိုထားသည့်အတိုင်း ပွားများကြရပေသည်။

ထိုကဲ့သို့ အစဉ်ထား၍ ပွားများကြရာ၌ (အချစ်အပ်ဆုံး) မိမိကိုယ်ကို အစပြု၍ ရှေ့ဦးစွာ ပွားများရမည်ဟု ပြဆိုထားခြင်းဖြင့် ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း မိမိ၏ အကျိုးစီးပွားကို အလိုအရှိဆုံးဖြစ်သည်၊ မိမိကိုယ်ကို မိမိ အချစ်ဆုံး ဖြစ်သည်ဟု ဆိုသည့်အဓိပ္ပါယ်မှာ ထင်ရှားလှပေသည်။ ထိုကြောင့် နီတိကျမ်း ဆရာများက မိမိနှင့်တူသော ချစ်အပ်သောသူမည်သည် မရှိ ဟု ဖွင့်ပြ၊ ဖော်ပြထားခြင်း ဖြစ်ပေသည်။

မိမိကိုယ်ကိုမိမိ အချစ်ဆုံးဟုဆိုပါသော်လည်း မြတ်စွာဘုရား၏ တရားဒေသနာတော်အရ မိမိကိုယ်ကို တကယ်ချစ်ရာရောက်သူနှင့် မိမိကိုယ်ကို တကယ်ချစ်ရာမရောက်သူ ဟူ၍ (၂)မျိုးကွဲပြားလျက် ရှိပေသည်။ မိမိကိုယ်ကို ချစ်သဖြင့် ချမ်းသာစေချင်၍ သူ့အသက်သတ်၍ သူ့ဥစ္စာခိုး၍ စီးပွားရှာခြင်း၊ လိမ်ညာပြော၍ စီးပွားရှာခြင်း တို့ဖြင့် အသက်မွေးကြသောသူတို့သည် မိမိကိုယ်ကို တကယ်ချစ်ရာ မရောက်ကြပေ၊ မချစ်ရာပင် ရောက်နေကြပေသည်။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၍ သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်၍ လိမ်ပြောခြင်းမှ ရှောင်ကြဉ်၍ စီးပွားဥစ္စာရှာခြင်းတို့ဖြင့် အသက်မွေးသောသူတို့သည်သာ မိမိကိုယ်ကို တကယ်ချစ်ရာ ရောက်ကြပေသည်။

၄။ **ကံနှင့်တူသော အား-အစွမ်း မည်သည် မရှိ ဟု ဆိုရာ၌ "ကမ္မံ သတ္တေ ဝိဘဇတိ" ကံ-သည်သာ ပုဂ္ဂိုလ်သတ္တဝါတို့ကိုဝေဖန်လျက်ရှိ၏ဟု မြတ်စွာဘုရား** ဟောကြားတော်မူသည့်အတိုင်း ပုဂ္ဂိုလ်သတ္တဝါတို့၏ အသက်ရှည်+တို၊ အနာနည်း+များ၊ အဆင်းလှ+မလှ၊ တန်ခိုးကြီးမား+တန်ခိုးနည်းပါး၊ ပစ္စည်းပေါများ+ပစ္စည်းနည်းပါး၊ အမျိုးမြင့်မြတ်+အမျိုးယုတ်ညံ့၊ ပညာကြီးမား+ပညာ

http://www.dhammadownload.com



နည်းပါးကြသည့် အဖြစ်များကို ကံ-ကသာ ဝေဖန်ပေးခြင်း ဖြစ်ပေသည်။ ကံ- ကသာ ပြုလုပ်ပေးခြင်း ဖြစ်ပေသည်ဟု သိကြရပေသည်။

(ဥပရိပဏ္ဏာသ - ၂၄၄)

ထို့ကြောင့် နီတိကျမ်းဆရာများက ကံ-နှင့်တူသော အား-အစွမ်း မည်သည် မရှိ-ဟု ဖွင့်ပြ၊ ဖော်ပြကြခြင်း ဖြစ်ပေသည်။

ထို့အပြင် အား-အစွမ်းကြီးမား၍ မကြံစည်အပ်သောအရာ - ၄မျိုးကို မြတ်စွာဘုရား ဟောကြားတော်မူရာတွင် ကံသည်လည်း တစ်မျိုး အပါအဝင် ဖြစ်ပေသည်၊ မကြံစည်အပ်သော အရာ -၄မျိုးမှာ -

၁။ ဗုဒ္ဓဝိသယော = မြတ်စွာဘုရား၏အရာ၊
၂။ ဈာန ဝိသယော = ဈာန်အဘိညာဉ်၏အရာ၊
၃။ ကမ္မဝိပါကော = ကံ၏အကျိုးပေးသောအရာ၊
၄။ လောကစိန္တာ = လောက၏ မကြံစည်နိုင်သောအရာ ဟူ၍ (၄)မျိုး ဟောကြားတော်မူခဲ့ပါသည်။

ဤ (၄)မျိုးတို့သည် သူ့သဘာဝအလျောက် ကြီးမားသော အားအစွမ်း ရှိကြသည်ဖြစ်၍ မကြံစည်အပ်သော အရာတို့ဖြစ်ကြပေသည်။ ဤမကြံစည် အပ်သောအရာ (၄)မျိုးတို့တွင် ကံသည်လည်း အား အစွမ်းကြီးမား၍ မကြံစည် အပ်သော အရာတစ်ခုပင် ဖြစ်ပေသည်။ ထို့ကြောင့် ကံနှင့်တူသော အားအစွမ်း မည်သည်မရှိဟူ၍လည်း ဆိုနိုင်ပေသည်။

## အကုသိုလ်ကံ အားအစွမ်းကြီးမားပုံ

အမိကိုသတ်ခြင်း၊ အဖကိုသတ်ခြင်း၊ ရဟန္တာကိုသတ်ခြင်း၊ ဘုရားကို သွေးစိမ်းတည်အောင်ပြုခြင်း၊ သံဃာကို ကွဲပြားအောင်ပြုခြင်းဟူသော အနန္တ ရိယကံ (၅)ပါးကို ပြုမိကြသည့် ပုဂ္ဂိုလ်တို့သည် ယခုဘဝမှ စုတေသွားသော

http://www.dhammadownload.com



အခါ အပါယ်ငရဲသို့သာ ကျရောက်သွားကြရပေသည်၊ အနန္တရိယကံ (၅)ပါး၏ အကျိုးပေးကို မည်သည့်ကုသိုလ်ကံဖြင့်မှ ကာကွယ်လို့မရကြပေ၊ မည်သည့် တန်ခိုးရှင်တို့မှ ကာကွယ်ပေးလို့မရကြပေ၊ ဘုရားရှင်သော်မှ ကာကွယ်ပေးလို့ မရဘဲ ဖြစ်ကြရပေသည်။ ဤကဲ့သို့ အနန္တရိယ အကုသိုလ်ကံတို့သည် အား အစွမ်းကြီးမားကြပေသည်။ ထို့ကြောင့်လည်း ကံနှင့် တူသော အား အစွမ်း မည်သည် မရှိဟု ဆိုနိုင်ပေသည်။

## ကုသိုလ်ကံ အားအစွမ်းကြီးမားပုံ

ရူပကုသိုလ်ကံ (၅)ပါး၊ အရူပကုသိုလ်ကံ (၄)ပါးတို့ကို ရရှိထားကြသော ပုဂ္ဂိုလ်တို့သည် ယခုဘဝမှ ကွယ်လွန်စုတေသွားသောအခါ ဗြဟ္မာပြည်သို့သာ ရောက်သွားကြရပေသည်။ ရူပကုသိုလ်ကံ၊ အရူပကုသိုလ်ကံတို့၏ အကျိုးပေး တို့ကို မည်သည့်အကုသိုလ်ကံ ကမှ မတားမြစ်နိုင်ပေ၊ မည်သည့်ပုဂ္ဂိုလ်များကမှ မတားမြစ်နိုင်ကြပေ၊ ရူပဘုံ၊ အရူပဘုံများသို့သာ ရောက်ကြရပေသည်။ ဤကဲ့သို့ ရူပ-အရူပကုသိုလ်ကံတို့သည် အား အစွမ်းကြီးမားကြပေသည်။ ထို့ကြောင့်လည်း "ကံနှင့်တူသော အားအစွမ်းမည်သည် မရှိ" ဟု ဆိုနိုင်ပေ သည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# အရေးကြုံမှ သဘောအမှန်ကိုသိကြရ

ဤလူ့လောက၌ လူတို့၏ သဘောအမှန်ကို သိဖို့ရာမှာ ခက်ခဲသော အရာတစ်ခုပင် ဖြစ်ပေသည်။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ဤသူသည် ဖြူစင်သော စိတ်သဘောထားရှိသူ မဖြူစင်သောစိတ်သဘောထားရှိသူ ဟု သိနိုင်ဖို့ရာမှာ ခက်ခဲသောအရာတစ်ခုပင် ဖြစ်ပေသည်။ ထို့ကြောင့် ရွှေငွေတို့၏အကဲကို ခတ်တတ်ဖို့ရာ ခက်သည်ထက်၊ လူတို့၏အကဲကို ခတ်တတ်ဖို့ရာက ပို၍ခက်ပေသည်ဟု ဆိုရိုးပြုကြပေသည်။ လူတစ်ဦးတစ်ယောက်၏ ဖြူစင် မဖြူစင်သော စိတ်သဘောအမှန်ကို အရေးကြုံလာသည့်အခါကျမှ သိနိုင်ကြပေသည်။

ထို့ကြောင့် လူတို့၏ သဘောအမှန်များကို အရေးကြုံလာသော အခါကျမှ သိနိုင်ကြဖို့ရာ ပုဂ္ဂိုလ်လေးမျိုးတို့ကို နီတိကျမ်းဆရာများက ဖွင့်ပြ ဖော်ပြ ထားကြပေသည်။

| | | |
|---|---|---|
| ၁။ ပေသနေ ဘစ္စံ | = | ကိစ္စတစ်ခုခုကို စေခိုင်းသောအခါကျမှ စေခိုင်းအပ်သော အလုပ်သမား၏ သဘောအမှန်ကို သိကြရပေသည်။ |
| ၂။ ဘယာဂတေ ဗန္ဓုံ | = | ဘေးရန်အန္တရာယ်များ ကျရောက်လာသည့်အခါကျမှ ဆွေမျိုးသားချင်းတို့၏ သဘောအမှန်ကို သိကြရပေသည်။ |
| ၃။ အပ္ပကာသု မိတ္တံ | = | ပစ္စည်းနည်းပါး မွဲသွားသောအခါကျမှ မိတ်ဆွေများ၏ သဘောအမှန်ကို သိကြရပေသည်။ |

http://www.dhammadownload.com



၄။ ဝိဘဝက္ခယေ ဒါရံ = ခံစားဖွယ်ရာ စည်းစိမ်ဥစ္စာများ ပျက်စီးကုန်ဆုံး သွားသောအခါကျမှ အိမ်သူဇနီးမယား၏သဘော အမှန်ကို သိကြရပေသည်ဟူ၍ လေးမျိုးဖွင့်ပြ ဖော်ပြကြပေသည်။

၁။ ကိစ္စတစ်ခုခုကို စေခိုင်းသောအခါကျမှ စေခိုင်းအပ်သော အလုပ်သမား၏ သဘောအမှန်ကို သိကြရပေသည် ဟုဆိုရာ၌၊ အကြင်အခါ အလုပ်သမားတစ်ဦးကို အလုပ်တာဝန်ပေး၍ မစေခိုင်းရသေးပေ၊ ထိုအခါ ထိုအလုပ်သမား၏ စိတ်သဘောထား ဖြူစင်မှု၊ မဖြူစင်မှု၊ အလုပ်ကျွမ်းကျင်မှု၊ မကျွမ်းကျင်မှု စသည့်သဘောအမှန်ကို မသိကြရသေးပေ။

အကြင်အခါ အလုပ်သမားတစ်ဦးကို အလုပ်တာဝန်ပေး၍ စေခိုင်းလိုက်၏။ ထိုအခါကျမှ ထိုအလုပ်သမား၏ စိတ်သဘောထား ဖြူစင်မှု၊ မဖြူစင်မှု၊ အလုပ်ကျွမ်းကျင်မှု၊ မကျွမ်းကျင်မှု စသည့် သဘောအမှန်ကို သိကြရပေသည်။ ထို့ကြောင့် ကိစ္စတစ်ခုခုကို စေခိုင်းသောအခါကျမှ စေခိုင်းအပ်သော အလုပ်သမား၏ သဘောအမှန်ကို သိကြရပေသည်။

၂။ ဘေးရန်အန္တရာယ်များ ကျရောက်လာသည့်အခါကျမှ ဆွေမျိုးသားချင်းတို့၏ သဘောအမှန်ကို သိကြရပေသည် ဟု ဆိုရာ၌ အကြင်ဘေးရန်အန္တရာယ်များ မကျရောက်မူ၍ ချမ်းသာစွာ နေထိုင်ကြရ၏။ ထိုအခါ ဆွေမျိုးသားချင်းတို့၏ တကယ်ချစ်ခင် ကြင်နာခြင်း အကျိုးစီးပွားများလိုလားခြင်းတို့ကို မသိနိုင်ကြပေ။

အကြင်အခါ အသက်နှင့် စည်းစိမ်ဥစ္စာတို့ပါ ပျက်စီးစေနိုင်လောက်သည့် ဘေးရန်အန္တရာယ်များ ကျရောက်လာ၏။ ထိုအခါကျမှသာ ဆွေမျိုးသားချင်းတို့၏ တကယ်ချစ်ခင် ကြင်နာခြင်း အကျိုးစီးပွားများ လိုလားခြင်းတို့ကို သိနိုင်ကြပေသည်။

http://www.dhammadownload.com



အသက်နှင့်စည်းစိမ်ဥစ္စာများ ပျက်စီးစေနိုင်လောက်သည့် ဘေးရန် အန္တရာယ်များနှင့် တွေ့ကြုံရတော့မည့်အခါ၊ ရှောင်ကွင်းလို့မရ တကယ်ပင် ဘေးရန်အန္တရာယ်များနှင့် တွေ့ကြုံနေရသည့်အခါတို့၌ တကယ်ချစ်ခင် ကြင်နာမှု၊ အကျိုးစီးပွားများကို လိုလားမှု မရှိကြသော ဆွေမျိုးသားချင်းတို့ သည် တစ်နည်းနည်းဖြင့် ရှောင်ခွာ၍ သွားကြမည်သာ ဖြစ်ပေသည်။

တကယ်ချစ်ခင်ကြင်နာမှု၊ အကျိုးစီးပွားများကို လိုလားမှုရှိကြသော ဆွေမျိုးသားချင်းတို့သည် မည်သည့်ဘေးရန်အကြောင်းကြောင့်မှ ရှောင်ခွာ ၍သွားခြင်းမရှိကြပါဘဲ၊ သေအတူ ရှင်အတူ ချမ်းသာအတူ ဆင်းရဲအတူသာ နေထိုင်ကြ၍ ကူညီကြမည် ဖြစ်ပေသည်။ ထို့ကြောင့် ဘေးရန်အန္တရာယ်များ ကျရောက်လာသည့်အခါကျမှ ဆွေမျိုးသားချင်းတို့၏ သဘောအမှန်ကို သိကြ ရပေသည်ဟု ဆိုရခြင်း ဖြစ်ပေသည်။

၃။ စီးပွားဥစ္စာများ နည်းပါး မွဲသွားသောအခါကျမှ မိတ်ဆွေများ၏ သဘောအမှန်ကို သိကြရပေသည်ဟု ဆိုရာ၌ အကြင်အခါ ပစ္စည်းဥစ္စာများ ပြည့်ပြည့်စုံစုံ ရှိနေ၏။ ထိုအခါ မိတ်ဆွေဖြစ်သူများသည် ချစ်ခင်ကြည်ညိုသော အမူအရာတို့ဖြင့် ဝင်ထွက်သွားလာ ပေါင်းသင်းဆက်ဆံလျက် ရှိကြပေသည်။

အကြင်အခါ စီးပွားဥစ္စာများ ပျက်စီးသွား၍ ဆင်းရဲနွမ်းပါးသွား၏။ ထိုအခါ အကြင်မိတ်ဆွေဖြစ်သူတို့သည် ဝင်ထွက်သွားလာ၍ ပေါင်းသင်းဆက် ဆံခြင်း မရှိကြတော့ပါဘဲ ရှောင်ခွာ၍ သွားကြ၏။ အကြင်မိတ်ဆွေဖြစ်သူတို့ သည် စီးပွားဥစ္စာများ ပျက်စီး၍ နွမ်းပါးသွားပါသော်လည်း စီးပွားဥစ္စာများ ပြည့်စုံနေစဉ်ကကဲ့သို့ပင် ဝင်ထွက်သွားလာ၍ ပေါင်းသင်းဆက်ဆံလျက် ရှိကြ ပေသည်။ ထို့ကြောင့် စီးပွားဥစ္စာ နည်းပါး မွဲသွားသောအခါကျမှ မိတ်ဆွေ များ၏ သဘောအမှန်ကို သိကြရပေသည် ဟု ဆိုရခြင်း ဖြစ်ပေသည်။

၄။ ခံစားဖွယ် စည်းစိမ်ဥစ္စာများ ပျက်စီးကုန်ဆုံးသွားသော အခါကျမှ အိမ်သူ ဇနီးမယား၏ သဘောအမှန်ကို သိကြရပေသည်ဟု ဆိုရာ၌ အကြင်

http://www.dhammadownload.com



အခါ ခံစားဖွယ်ရာ စည်းစိမ်ဉစ္စာများ ပြည့်ပြည့်စုံစုံ ရှိနေ၏။ ထိုအခါ အိမ်သူဇနီးမယား၏ သဘောအမှန်ကို မသိကြရသေးပေ။ အကြင်အခါ ခံစားဖွယ်ရာ စည်းစိမ်ဉစ္စာများ ပျက်စီးကုန်ဆုံးသွား၏။ ထိုအခါ အိမ်သူဇနီးမယား၏ သဘောအမှန်ကို သိကြရပေသည်။

အကြင်ဇနီးမယားတို့သည် ခံစားဖွယ်ရာ စည်းစိမ်ဉစ္စာများပြည့်ပြည့်စုံစုံရှိနေသောအခါ၊ မိမိတို့၏ ခင်ပွန်းသည် လင်ယောကျ်ားများအပေါ်၌ လွန်စွာ ပျူပျူငှာငှာ ကြည်ဖြူစွာ ဆက်ဆံလျက်ရှိကြ၏။ ခံစားဖွယ်ရာ စည်းစိမ်ဉစ္စာများ ပျက်စီး ကုန်ဆုံးသွားသောအခါ လင်ယောကျ်ားများအပေါ်၌ မကြည်မဖြူ ငြူစူကာ ဆက်ဆံလျက် ရှိကြ၏။

အကြင်ဇနီးမယားတို့သည် ခံစားဖွယ်ရာ စည်းစိမ်ဉစ္စာများ ပျက်စီးကုန်ဆုံးသွားငြားသော်လည်း ခင်ပွန်းသည် လင်ယောကျ်ားတို့၏ အပေါ်၌ စည်းစိမ်ဉစ္စာများ ပြည့်ပြည့်စုံစုံရှိနေသောအခါ၌ကဲ့သို့ပင် ပျူပျူငှာငှာ ကြည်ဖြူစွာ ဆက်ဆံလျက်ပင် ရှိကြပေ၏။ ထို့ကြောင့် ခံစားဖွယ်ရာ စည်းစိမ်ဉစ္စာများ ပျက်စီး ကုန်ဆုံးသွားသောအခါကျမှ အိမ်သူ ဇနီးမယား၏ သဘောအမှန်ကို သိကြရပေသည် ဟု ဆိုရခြင်း ဖြစ်ပေသည်။

ဤကဲ့သို့ အရေးကြုံလာသောအခါကျမှ သိကြရမည်ဟု ဆိုရာ၌ ခိုင်းစေအပ်သောအခါကျမှ အလုပ်သမားများ၏ သဘောအမှန်ကို သိကြရပေသည်။

ဘေးရန်အန္တရာယ်များ ကျရောက်လာသည့်အခါကျမှ ဆွေမျိုးသားချင်းတို့၏ သဘောအမှန်ကို သိကြရပေသည်။

စီးပွားဉစ္စာများ နည်းပါး မွဲသွားသောအခါကျမှ မိတ်ဆွေများ၏ သဘောအမှန်ကို သိကြရပေသည်။

စည်းစိမ်ဉစ္စာများ ပျက်စီးကုန်ဆုံးသွားသောအခါကျမှ အိမ်သူ ဇနီးမယားများ၏ သဘောအမှန်ကို သိကြရပေသည်။

ထို့ကြောင့် အရေးကြုံလာသောအခါကျမှသာ ထိုထိုပုဂ္ဂိုလ်တို့၏ သဘောအမှန်များကို သိကြရပေသည်ဟု နီတိကျမ်းဆရာများက ဖွင့်ပြ၊ ဖော်ပြကြခြင်း ဖြစ်ပေသည်။

http://www.dhammadownload.com



ထိုထိုပုဂ္ဂိုလ်တို့၏ သဘောအမှန်ကို သိအောင် ပြုပြီးမှ ပေါင်းသင်းဆက်ဆံကြရခြင်းသည် အကုသိုလ်တရားများ နည်းပါး၍ ကုသိုလ်တရားများ ပြည့်စုံလာဖို့ရာ ဖြစ်ကြပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# ဇနီးမြတ်အင်္ဂါ ဤ(၈)ဖြာ

ဘုရားနှင့်ပစ္စေကဗုဒ္ဓါများ မဖြစ်မီ လူ့ဘဝက ဘုရားပစ္စေကဗုဒ္ဓါ အလောင်းတော်များနှင့် လူ့ဘောင်လူ့လောက၌ နေထိုင်ကြသူတို့သည် မြတ်နိုး ဖွယ်ရာဖြစ်သည့် ဇနီးမယားတို့နှင့်သာ အတူတကွ နေထိုင်လိုကြပေသည်။ မြတ်နိုးဖွယ်ရာ ဇနီးမယားများကို ရှာဖွေရွေးချယ်၍ အတူတကွ နေထိုင်ကြ ပေသည်။ မြတ်နိုးဖွယ်ရာ ဇနီးမယားတို့၏ အင်္ဂါ (၈)ပါးကို နီတိကျမ်းဆရာ များက ဖွင့်ပြ ဖော်ပြကြပေသည်။

၁။ ဘုဉ္ဇေသု ဇနနီဝ = စားသောက်သောအခါတို့၌ မိခင်ကဲ့သို့ နှစ်သက်ဖွယ်ရာကို ပြုပေးတတ်၏။

၂။ မဏ္ဍေသု ဇနနီဝ = အဝတ်တန်ဆာ ဆင်ယင်သောအခါတို့၌ မိခင်ကဲ့သို့ နှစ်သက်ဖွယ်ရာကို ပြုပေး တတ်၏။

၃။ ဂုယှေဋ္ဌာနေ ဘဂိနီဝ = လျှို့ဝှက်အပ်၊ ကျစ်လစ်အပ်သောအရာ တို့၌ "နှမရင်း" ကဲ့သို့ လွန်စွာရှက်တတ်၏။

၄။ ကမ္မေသု ပတ္တေသု ဒါသီဝ = ပြုဖွယ်ရာ အမှုကိစ္စတို့၌ ကျွန်မကဲ့သို့ ရိုရို သေသေ ပြုပေးတတ်၏။

၅။ ဘယေသု မန္တီ = ဘေးရန်ရှိသောအခါတို့၌ တိုင်ပင်ဖော် တိုင်ပင်ဘက် ဖြစ်၏။

၆။ ဘယနေသု ရာမယေ = အိပ်သောအခါတို့၌ မွေ့လျော်ဖွယ်ရာကို ပြုပေးတတ်၏။

၇။ ရူပီသု သိက္ခာ = အိမ်တွင်း အိမ်ပတို့၌ အဆင်းလှအောင် ပြုပြင်တတ်၏။

http://www.dhammadownload.com



၈။ ကုပေနေသုံ ခန္တိ = အမျက်ဒေါသ ထွက်သောအခါတို့၌ သည်းခံတတ်၏။ ဤအင်္ဂါ (၈)ပါးနှင့် ပြည့်စုံသောဇနီးမယားတို့သည် မြတ်သောဇနီးမယားများ ဖြစ်ကြပေသည် ဟု နီတိကျမ်းဆရာများက ဖွင့်ပြ ဖော်ပြကြပေသည်။

အမိနှင့်တူသည့် အင်္ဂါ (၂)ပါး ကို တစ်ပေါင်းတည်းပြု၍ အင်္ဂါ (၇)ပါး ဟူ၍လည်း ဆိုနိုင်ပေသည်။

၁။ စားသောက်သောအခါတို့၌ မိခင်ကဲ့သို့ နှစ်သက်ဖွယ်ရာကို ပြုပေးတတ်၏ ဟု ဆိုရာ၌ အကြင်ဇနီးမယားသည် သားငယ် သမီးငယ်တို့အား ကျန်းမာရေးနှင့်လျော်ညီသော စားဖွယ် သောက်ဖွယ်များကို စီမံ၍ ယုယကြင်နာစွာ ကျွေးမွေးသကဲ့သို့ အရှင်လင်ယောကျာ်းအား ကျန်းမာရေးနှင့်လျော်ညီသော စားဖွယ်သောက်ဖွယ်များကို စီမံ၍ ယုယကြင်နာစွာ အနီးကပ် ပြုစုလုပ်ကျွေး၏။ ထိုဇနီးမယားသည် အမိနှင့်တူသော ဇနီးမယားဖြစ်၏ဟု ဆိုရပေသည်။

၂။ အဝတ်တန်ဆာ ဆင်ယင်သောအခါတို့၌ မိခင်ကဲ့သို့ နှစ်သက်ဖွယ်ရာကို ပြုပေးတတ်၏ဟု ဆိုရာ၌ အကြင်ဇနီးမယားသည် သားငယ် သမီးငယ်တို့နှင့် သင့်လျော်သော အဝတ်တန်ဆာများကို စီမံ၍ တင့်တယ်အောင် ဝတ်ဆင်ပေးသကဲ့သို့ အရှင်လင်ယောကျာ်းနှင့် သင့်လျော်သော အဝတ်တန်ဆာတို့ကို ပြုပြင်စီမံပေးတတ်၏။ ထိုဇနီးမယားသည်လည်း အမိနှင့်တူသော ဇနီးမယားပင် ဖြစ်၏ဟု ဆိုရပေသည်။

၃။ လျှို့ဝှက်အပ်၊ ကျစ်လစ်အပ်သောအရာတို့၌ "နှမရင်း"ကဲ့သို့လွန်စွာ ရှက်တတ်၏ဟုဆိုရာ၌ အကြင်ဇနီးမယားသည် မမြင်သင့် မမြင်ထိုက်သော အင်္ဂါ အကြီး အငယ်တို့ကို ဖုံးကွယ်အပ်သောအရာ၊ ကျစ်လစ်အပ်သောအရာ တို့၌ "နှမရင်း" ကဲ့သို့ လွန်စွာ ရှက်တတ်၏။ ထိုဇနီးမယားသည် နှမနှင့်တူသော ဇနီးမယား ဖြစ်၏ဟု ဆိုရပေသည်။

http://www.dhammadownload.com



၄။ ပြုဖွယ်ရာအမှုကိစ္စတို့၌ ကျွန်မကဲ့သို့ ရိုရိုသေသေပြုပေးတတ်၏ ဟု ဆိုရာ၌ အကြင်ဇနီးမယားသည် အရှင်လင်ယောကျ်ားက ပြုဖွယ်ရာကိစ္စများကို စေခိုင်းသောအခါ စေခိုင်းသောအမှုကိစ္စတို့ကို မညည်းညူဘဲ အခိုင်းအစေ တစ်ဦးကဲ့သို့ ကြည်ဖြူစွာ ပြီးမြောက်အောင် လုပ်ကိုင်ဆောင်ရွက်ပေးတတ်၏။ ထိုဇနီးမယားသည် ကျွန်မနှင့်တူသော ဇနီးမယားဖြစ်၏ ဟု ဆိုရပေသည်။

၅။ ဘေးရန်ရှိလာသောအခါတို့၌ တိုင်ပင်ဖော် တိုင်ပင်ဘက်ဖြစ်၏ ဟု ဆိုရာ၌ အကြင်ဇနီးမယားသည် မိမိတို့အတွက် ဘေးရန်များ ကျရောက်လာတော့မည့်အခါ၊ တကယ်ဘေးရန်များနှင့် ရင်ဆိုင်တွေ့ကြုံနေကြရသောအခါ တို့၌ ထိုဘေးရန်တို့မှ လွတ်မြောက်ကြောင်းများကို တိုင်ပင်လိုက်သောအခါ လွတ်မြောက်ဖို့ရာ နည်းလမ်းမှန်များကို ပြောပြတတ်၏။ တိုင်ပင်လို့ရ၏။ ထိုဇနီးမယားသည် မိတ်ဆွေကောင်းနှင့်တူသော ဇနီးမယားဖြစ်၏ဟု ဆိုရပေသည်။

၆။ အိပ်သောအခါတို့၌ မွေ့လျော်ဖွယ်ရာကို ပြုပေးတတ်၏ဟု ဆိုရာ၌ အကြင်ဇနီးမယားသည် အရှင်လင်ယောကျ်ား၏ ကုတင်၊ အိပ်ရာများကို အိပ်ချင်ဖွယ်ရာ သန့်ရှင်းမှု၊ ဖြူစင်မှုများရှိအောင် ခင်းကျင်းပြုပြင်ပေးတတ်၏။ ထိုဇနီးမယားသည် ဝတ္တရားကျေပွန်သည့် တပည့်နှင့်တူသော ဇနီးမယား ဖြစ်၏ ဟု ဆိုရပေသည်။

၇။ အိမ်တွင်း အိမ်ပတို့၌ အဆင်းလှအောင် ပြုပြင်တတ်၏ ဟု ဆိုရာ၌ အကြင်ဇနီးမယားသည် အိမ်တွင်း၌ ရှိသော ဗီရို၊ ကုလားထိုင်၊ စားပွဲ စသည်တို့ကို တင့်တယ်လှပ နေရာတကျဖြစ်အောင် ပြုပြင်တတ်၏။ အိမ်ပ ခြံဝင်း အတွင်း၌လည်း ပန်းပင် သစ်ပင်တို့ကို တင့်တယ်လှပ နေရာတကျ ရှိအောင် ပြုပြင်တတ်၏။ ထိုဇနီးမယားသည် (အိမ်တွင်းမှုလုပ် သိမ်းထုပ် သေချာ) ဟူသော ဇနီးမယားတို့၏ ကျင့်ဝတ်နှင့် ပြည့်စုံသော ဇနီးမယား ဖြစ်၏ ဟု ဆိုရပေသည်။

http://www.dhammadownload.com



၈။ အမျက်ဒေါသထွက်သောအခါတို့၌ သည်းခံတတ်၏ ဟု ဆိုရာ၌ အကြင်ဇနီးမယားသည် အရှင်လင်ယောကျ်ားက အမျက်ဒေါသထွက်၍ ကြိမ်းမောင်း ငေါက်ငမ်းကာ ပြောဆိုပါသော်လည်း အမျက်ဒေါသ မထွက်ပါဘဲ သည်းခံတတ်၏။ လင်ယောကျ်ား၏ အလိုသို့လိုက်တတ်၏။ ထိုဇနီးမယားသည် ကျွန်မနှင့်တူသော ဇနီးမယားဖြစ်၏ဟု ဆိုရပေသည်။

ပြဆိုအပ်ခဲ့ပြီးသော အင်္ဂါ (၈)ပါးနှင့် ပြည့်စုံသော ဇနီးမယား နှင့် အတူတကွ နေထိုင်ကြရသော အရှင်လင်ယောကျ်ား အမျိုးကောင်းသားတို့သည် (ပုဂ္ဂလသပ္ပါယ) သင့်လျော်သော ပုဂ္ဂိုလ်ဟူသော ဇနီးမယားများနှင့် အတူတကွ နေထိုင်ကြရသောကြောင့် ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာ ရှိကြရမည် ဖြစ်ကြပေသည်။

ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော ဟု ပဋ္ဌာန်းပါဠိတော် ဥပနိဿယပစ္စည်း၌ မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း ထိုအင်္ဂါ (၈)ပါးနှင့် ပြည့်စုံသော ဇနီးမယားတို့နှင့် အတူတကွ နေထိုင်ကြရသော အရှင်လင်ယောကျ်ားတို့သည် သင့်လျော်သော ပုဂ္ဂိုလ်ဇနီးမယားဟူသော (ဥပနိဿယပစ္စည်း) အကြောင်းကြောင့် ကုသိုလ်တရားများ တိုးပွားရရှိနေကြမည် ဖြစ်ပေသည်။ ဝိပဿနာတရား အားထုတ်သောအခါ တရားရကြောင်း အထောက်အပံ့ကောင်းများ ဖြစ်သွားနိုင်ကြမည် ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# အကြွင်းထားရာ မထားရာ ဤသုံးဖြာ

လောက၌ ဆောင်ရွက်ဖွယ်တို့သည် (၂)မျိုးရှိပေသည်။ အကြွင်းအကျန်ထား၍ ဆောင်ရွက်ဖွယ်နှင့် အကြွင်းအကျန်မထားအပ်သော ဆောင်ရွက်ဖွယ်ဟူ၍ (၂)မျိုး ရှိပေသည်။

ထို (၂)မျိုးတို့တွင် အကြွင်းအကျန်ထား၍ ဆောင်ရွက်ဖွယ်များမှာ (၃)မျိုး ရှိပေသည်။

၁။ အစားစားသောအခါ အကြွင်းအကျန်ထား၍ စားကြရပေသည်။
၂။ စကားပြောသောအခါ အကြွင်းအကျန်ထား၍ ပြောကြရပေသည်။
၃။ အဆောက်အဦးများ ဆောက်လုပ်သောအခါ အချို့သော အဆောက်အဦးများ၌ အကြွင်းအကျန်ထား၍ ဆောက်လုပ်ကြရပေသည်။ ဤကဲ့သို့ (၃)မျိုး ရှိပေသည်။

၁။ အစားစားသောအခါ အကြွင်းအကျန်ထား၍ စားကြရပေသည် ဟုဆိုရာ၌ မဂ် ဖိုလ် နိဗ္ဗာန် တရားထူး တရားမြတ်များရသည်အထိ ရည်မှန်းကာ ဝိပဿနာတရား အားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် အစားစားသောအခါ စားနိုင်သည်မှ လေးလုတ် ငါးလုတ်မျှ လျှော့၍ အကြွင်းထား၍ စားသုံးကြရမည်ဟု အရှင်သာရိပုတ္တရာမထေရ် မိန့်ကြားသည့်အတိုင်း လေးလုတ် ငါးလုတ်လျှော့၍ အကြွင်းထား၍ စားသုံးကြရပေသည်။ လေးလုတ် ငါးလုတ် မလျှော့နိုင်ခဲ့လျှင် မိမိလျှော့နိုင်သမျှ လျှော့၍ အကြွင်းထား၍ စားသုံးကြရပေသည်။

ဆောင်ပုဒ် ။ ။ စားနိုင်သည်မှ၊ ငါးလုတ်မျှ၊ လျှော့ချသုံးဆောင်ရာ။

http://www.dhammadownload.com



၂။ စကားပြောသောအခါ အကြွင်းအကျန်ထား၍ ပြောကြရပေသည်ဟု ဆိုရာ၌ ပညာရှိပုဂ္ဂိုလ်တို့သည် စကားပြောသောအခါ မိမိပြုလုပ်စွမ်းနိုင်သမျှ အားလုံးကို အကုန်ထုတ်ဖော်၍ ပြောလေ့မရှိကြပေ၊ အကြွင်းအကျန်ထား၍ ခြွင်းချက်နှင့် ပြောလေ့ရှိကြပေသည်။

ဥပမာ = ဆရာတော် သံဃာတော်ကြီးတို့ကို အကြောင်းတစ်ပါးပါး ဖြင့် သွားရောက်၍ ပင့်ဖိတ်သောအခါ ဆရာတော် သံဃာတော်ကြီးများက အကြောင်းညီညွတ်ခဲ့လျှင် ကြွလာမည်ဟု မိန့်ကြားလေ့ရှိကြပေသည်။ အကြောင်းညီညွတ်လျှင် ဟူ၍ ဆိုခြင်းသည် ခြွင်းချက်အကြွင်းထား၍ မိန့်ကြားခြင်း ဖြစ်ပေသည်။

ကြမ်းပေါက်ကျလျှင် နှုတ်လို့ ထုတ်လို့ ရပေသည်။ စကားလွန်လျှင် နှုတ်လို့မရဟူ၍ ရှေးလူကြီးများ ဆိုရိုးစကားရှိပေသည်။ သို့ဖြစ်၍ စကားကို အကြွင်းအကျန်ထား၍ ပြောကြရပေသည်။

၃။ အဆောက်အဦးများ ဆောက်လုပ်သောအခါ အချို့သော အဆောက် အဦးများ၌ အကြွင်းအကျန်ထား၍ ဆောက်လုပ်ကြရပေသည်ဟု ဆိုရာ၌ အချို့သော အဆောက်အဦးတို့ကို ဆောက်လုပ်ကြသော ဗိသုကာ တို့သည် သက်ဆိုင်ရာ အကြီးအကဲ အတတ်ပညာရှင်များနှင့် အိမ်ရှင်တို့၏ အလိုကျ နှစ်သက်ဖွယ်ရာများကို ပြုပြင်နိုင်ရန်အတွက် အကြွင်းအကျန် ထား၍ ဆောက်လုပ်ကြရပေသည်။

ဥပမာ = တံခါးများ၏ အတွင်းဖွင့်နှင့် အပြင်ဖွင့်၊ တံခါးများ၏ အကျဉ်း အကျယ်၊ အိပ်ခန်း စားသောက်ခန်းများ၏ အကျဉ်းအကျယ်တို့ကို အပြီးသတ် မဆောက်လုပ်မူ၍ သက်ဆိုင်ရာပုဂ္ဂိုလ်များ၏ ပြုပြင်နိုင်ရန်အတွက် အကြွင်း အကျန်ထား၍ ဆောက်လုပ်ကြရပေသည်။ ဤကဲ့သို့ အကြွင်းအကျန်ထား၍ ဆောင်ရွက်ဖွယ်တို့သည် (၃)မျိုး ဖြစ်ကြပေသည်။

အကြွင်းအကျန်မထားအပ်သော ဆောင်ရွက်ဖွယ်များမှာလည်း (၃)မျိုး ပင် ရှိပေသည်ဟု နီတိကျမ်းဆရာများက ဖွင့်ပြထားကြပေသည်။

http://www.dhammadownload.com



၁။ ဣဏသေသော = ကြွေးမြီကို အကြွင်းအကျန်မထားရခြင်း။
၂။ အဂ္ဂိသေသော = မီးကြွင်းမီးကျန်ကို မထားရခြင်း။
၃။ သတြုသေသော = ရန်ကြွင်း ရန်ငြိုးမထားရခြင်း ဟူ၍ (၃)မျိုး ဖွင့်ပြ ဖော်ပြထားကြပေသည်။

ဤ(၃)မျိုးကို အကြွင်းအကျန်ထားခဲ့သော် နောင်သောအခါတွင် အဆင့်ဆင့် တိုးပွားလာကြသဖြင့် မျက်မှောက်ဘဝ အကျိုးစီးပွားနှင့် နောင်သံသရာဘဝ အကျိုးစီးပွားတို့ကို ပျက်ပြားစေကြ၏။ ဆင်းရဲဒုက္ခအမျိုးမျိုးတို့ကို ဖြစ်ပွားစေကြ၏။ ထို့ကြောင့် ထို (၃)မျိုးတို့ကို အကြွင်းမထားရ ဟု ဆိုလိုရင်း ဖြစ်ပေသည်။

၁။ ကြွေးမြီကို အကြွင်းအကျန်မထားရခြင်း ဟု ဆိုရာ၌ ရှေးခေတ်အခါမှစ၍ ယခုခေတ်အခါတိုင်အောင် ရောင်းဝယ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ကုမ္ပဏီလုပ်ငန်းစသည်များကို လုပ်ကိုင်ကြသော ပုဂ္ဂိုလ်တို့တွင် မိမိတို့၌ ငွေကြေးအရင်းအနှီး နည်းပါးကြသော ပုဂ္ဂိုလ်တို့သည် ထိုထိုဘဏ် ထိုထိုငွေကြေး ပြည့်စုံသော ပုဂ္ဂိုလ်တို့ထံမှ အတိုးပေးကာ ငွေကြေး ချေးကြရပေသည်။ အကြွေးယူကြရပေသည်။

ထိုငွေကြေးများကို လ အပိုင်းအခြား၊ နှစ်အပိုင်းအခြားအားဖြင့် ချေးငှား၍ လုပ်ငန်းများကို လုပ်ကြရပေသည်။ ချေးငှားခဲ့သော လ အပိုင်းအခြား၊ နှစ်အပိုင်းအခြားများ ပြည့်သွားသောအခါ ပြန်၍ဆပ်ကြရပေသည်။ ချေးယူထားသည့် ငွေကြေးများကို ပြန်၍ဆပ်နိုင်ပါသော်လည်း မဆပ်သေးပဲ အကြွင်းထား၍ မနေကြရပေ၊ မဆပ်ဘဲနေခဲ့သော် နောင်သောအခါ အတိုးများက ဆထက်တိုးလာ၍ မဆပ်နိုင်တော့ဘဲ ဖြစ်သွားတတ်ကြပေသည်။

ကြွေးမြီမဆပ်နိုင်သောကြောင့် မျက်မှောက်ဘဝလောကအပြစ်ဖြစ်သည့် ထောင်ဒဏ်အကျခံရခြင်း စသော အပြစ်အမျိုးမျိုးတို့ကို ခံကြရပေ

http://www.dhammadownload.com



သည်။ သံသရာအပြစ်ဖြစ်သည့် အပါယ်ငရဲသို့ ကျရောက်ကြရပေသည်။ နောင်ဘဝများ၌ သူတစ်ပါးတို့၏ အခိုင်းအစေ (ကျွန်)များ ဖြစ်နေတတ်ကြပေသည်။ ထို့ကြောင့် ကြွေးမြီ အကြွင်းအကျန်ကို မထားရဟု ဆိုလိုရင်း ဖြစ်ပေသည်။

၂။ မီးကြွင်း မီးကျန်ကို မထားရခြင်း ဟု ဆိုရာ၌ မီးသည် ထမင်း ဟင်းစသည်တို့ကို ချက်ပြုတ်ခြင်းစသော ကိစ္စအမျိုးမျိုးတို့ကို ပြီးမြောက်စေနိုင်သောကြောင့် လူတို့အတွက် အကျိုးပြုသော အရာဝတ္ထုပင် ဖြစ်ပေသည်။ အကျိုးပြုသော အရာဝတ္ထုပင် ဖြစ်ပါသော်လည်း မငြိမ်းသက်ဘဲ အကြွင်းအကျန် ထားခဲ့သော် မိမိ၏အကျိုးစီးပွားနှင့် သူတစ်ပါးတို့၏အကျိုးစီးပွားတို့ကို လောင်ကျွမ်းပျက်စီးစေတတ်သည့် ရန်သူတစ်မျိုးပင် ဖြစ်ပေသည်။ ထို့ကြောင့် မီးကြွင်း မီးကျန်များကို မထားရ ဟု ဆိုလိုရင်း ဖြစ်ပေသည်။

၃။ ရန်ကြွင်း ရန်ငြိုး မထားရခြင်းဟုဆိုရာ၌ ရန်ကြွင်းရန်ငြိုးထားခြင်းတို့သည် ဒေါသကြီးသော ပုဂ္ဂိုလ်တို့၌ ဖြစ်တာများကြပေသည်။ ထိုရန်ကြွင်းရန်ငြိုးထားခြင်းတို့သည် အဆင့်ဆင့် ကြီးထွားမှုများ ဖြစ်လာခဲ့သော် မိမိတို့၏ စည်းစိမ်ဥစ္စာ၊ အသက်နှင့်ခန္ဓာပါ ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်သွားနိုင်ကြပေသည်။ သူတစ်ပါးတို့၏ စည်းစိမ်ဥစ္စာ၊ အသက်နှင့်ခန္ဓာလည်း ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်သွားနိုင်ကြပေသည်။

ရန်ကြွင်း ရန်ငြိုးထားခြင်းသည် ယခုမျက်မှောက်ဘဝ၌လည်း ဆင်းရဲခြင်း၏ အကြောင်းဖြစ်ပေသည်။ နောက်နောင်ဘဝများ၌လည်း ဆင်းရဲခြင်း၏ အကြောင်းဖြစ်ပေသည်။ ထို့ကြောင့် ရန်ကြွင်း ရန်ငြိုးမထားရ ဟု ဆိုလိုရင်း ဖြစ်ပေသည်။

ယခုဘဝနှင့် နောက်နောင်ဘဝများ၌ ဆင်းရဲကြောင်းဖြစ်ပုံမှာ ကြက်မနှင့် ကြောင်မ၊ သမင်မ နှင့် ကျားသစ်မတို့၏ သာဓကဖြင့် ထင်ရှားလှပေသည်။

( ဓမ္မပဒ - ၄-၁/၃၁)

http://www.dhammadownload.com



ရှေးအခါက ခင်ပွန်းသည် လင်တူအမျိုးသမီးနှစ်ယောက်တို့တွင် တစ်ဦးက တစ်ဦး၏ ကိုယ်ဝန်သားများကိုလည်း ပျက်စီးစေ၍၊ အသက်ကိုလည်း ပျက်စီးအောင်ပြုလုပ်သဖြင့် အဖျက်ဆီးခံရသော အမျိုးသမီးသည် သေခါနီးတွင် ရန်ငြိုးထားကာ နောင်ဘဝများ၌ မိမိ၏ကိုယ်ဝန်သားငယ်များနှင့် မိမိကိုပါ သေဆုံးအောင်ပြုလုပ်သူ အမျိုးသမီး၏ သားငယ်များနှင့် သူ့ကိုပါ စားနိုင်သောသူ ဖြစ်ရပါလို၏ ဟု ဆုတောင်းကာ ကွယ်လွန်သွားလေ၏။ ထိုအမျိုးသမီးသည် ထိုအိမ်၌ပင် ကြောင်မဖြစ်လေ၏။

ခင်ပွန်းသည်လင်တူအမျိုးသမီး၏ ကိုယ်ဝန်သားများနှင့် အသက်ကိုပါ ဖျက်ဆီးခဲ့သော အမျိုးသမီးသည်လည်း သေဆုံးသွားသောအခါ ထိုအိမ်၌ပင် ကြက်မဖြစ်လေ၏။ ထိုကြက်မမှ ဥများ ဥ-လာသောအခါ ကြောင်မသည် ဥသမျှ ကြက်ဥများကို လာရောက်၍ စားလေ၏။ ကြက်မကိုပါစားတော့မည့် အခါမှာ ကြက်မ-က ဆုတောင်းပြန်၏။ နောင်ဘဝများတွင် ထိုကြောင်မကို စားနိုင်သူဖြစ်ရပါလို၏ ဟု ရန်ငြိုးထားကာ ဆုတောင်း၍ သေဆုံးသွားလေ၏။ တောအရပ်၌ ကျားသစ်မ သွားဖြစ်လေ၏။ ကြောင်မသည် သမင်မ ဖြစ်လေ၏။

သမင်မ မှ မွေးသမျှ သားငယ်များကို ကျားသစ်မ က လာရောက်၍ စားလေ၏။ ဤကဲ့သို့ ရန်ကြွင်း ရန်ငြိုးထားခြင်းကြောင့် အမျိုးသမီး (၂)ဦး တို့သည် ဘဝအဆက်ဆက်တို့၌ အနိုင်အထက် သတ်ဖြတ်ခြင်းကို ခံရ၍ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံရပေသည်။ ထို့ကြောင့် ရန်ကြွင်း ရန်ငြိုးမထားရ ဟု ဆိုလိုရင်း ဖြစ်ပေသည်။ ရန်ငြိုးမထားအပ်ကြောင်း မြတ်စွာဘုရား မိန့်ကြားတော်မူခဲ့သည်မှာ ရန်သူဖြစ်သူက မိမိ၏လက်ခြေတို့ကို ငါးမန်းစွယ်လွှဖြင့် ဖြတ်နေပါသော်လည်း ထိုရန်သူအပေါ်၌ အမျက်ထွက်နေလျှင် ရန်ငြိုးထားနေလျှင် ငါဘုရား၏ အဆုံးအမကို လိုက်နာသူမဟုတ်ပေ ဟု မိန့်ကြားတော်မူခဲ့ပါသည်။

ရန်သူဖြစ်သူ တစ်ပါးသူက အမျက်ထွက်နေသည် ရန်ငြိုးထားနေသည် ကိုသိလျက်နှင့်ပင် မိမိက အမျက်မထွက်ဘဲ၊ ရန်ငြိုးမထားဘဲနေနိုင်ခြင်းသည် မိမိအကျိုး၊ သူတစ်ပါးအကျိုးဟူသော အကျိုးနှစ်ပါးလုံးအတွက် ကျင့်သုံးနေသူ ဖြစ်သည်ဟု ဟောကြားတော်မူခဲ့ပါသည်။

http://www.dhammadownload.com



ရန်နှင့်ရန်ချင်း မတုံ့နှင်းနှင့် တုံ့နှင်းနေက ပျက်စီးကြ၏။ ရန်မလိုမှ ရန်ပြိုသည်၊ ရန်လိုလျှင် ရန်ပိုတတ်လှသည်ဟု ရှေးပညာရှိများကလည်း ဆိုရိုးပြုခဲ့ကြပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# သူယုတ်လက္ခဏာ ရှောင်ကြဉ်ရာ

လူ့လောကထဲ၌ ဖြစ်လာကြသူတို့သည် မိမိတို့၏ ဝေလေ့ဝါသနာ စရိုက်အားလျော်စွာအမူအရာအားဖြင့် တစ်ဦးနှင့်တစ်ဦး မတူကြပေ။ နီတိကျမ်းဆရာများက ထိုထိုလူပုဂ္ဂိုလ်တို့၏ ပြုမူ ပြောမူ ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ကို ကြည့်၍ သူယုတ်လက္ခဏာရှိသူနှင့် သူမြတ်လက္ခဏာရှိသူတို့ကို ဖွင့်ပြ ဖော်ပြကြပေသည်။

နီတိကျမ်းဆရာများ ဖော်ပြကြသည့် သူယုတ်လက္ခဏာရှိသူများမှာ (၃)မျိုး ရှိပေသည်။

| | | |
|---|---|---|
| ၁။ အနဝှါယံ ဂမယန္တော | = | သူ မခေါ်ဘဲလျက်၊ သူ့အိမ်သို့ သွားလေ့ရှိ၍ သူယုတ်လက္ခဏာရှိသူ။ |
| ၂။ အပုဋ္ဌ ဗဟုဘာသကော | = | သူ မမေးပါဘဲလျက်၊ များစွာစကားပြောလေ့ရှိ၍ သူယုတ်လက္ခဏာရှိသူ။ |
| ၃။ အတ္တဂုဏံ ပကာသန္တော | = | မိမိ၏ဂုဏ်ကျေးဇူးများကို ဖော်ပြလေ့ရှိ၍ သူယုတ်လက္ခဏာရှိသူ ဟူ၍ (၃)မျိုး ရှိပေသည်။ |

ဤလက္ခဏာသုံးမျိုးရှိသောသူတို့သည် မိမိအတွက်လည်း ဂုဏ်သိက္ခာပျက်၍ အကျိုးမများ၊ သူတပါးတို့အတွက်လည်း အနှောင့်အယှက်ဖြစ်၍ အကျိုးမများ ဖြစ်ကြရပေသည်။ ထို့ကြောင့် သူ မခေါ်ဘဲ သူ့အိမ်သို့ သွားခြင်းမှ ရှောင်ကြဉ်ကြရပေသည်။ သူ မမေးဘဲလျက် စကားများစွာပြောခြင်းမှ ရှောင်ကြဉ်ကြရပေသည်။ မိမိ၏ဂုဏ်ကျေးဇူးများကို အကြောင်းမဲ့ဖော်ပြခြင်းမှ ရှောင်ကြဉ်ကြရပေသည်။

http://www.dhammadownload.com



ဤကဲ့သို့ ရှောင်ကြဉ်ကြရမည်ကို လောကနီတိအဖွင့်အကျယ်ကျမ်းကို ရေးသားတော်မူခဲ့သော ညောင်တုန်းမြို့ ရွှေဟသ်ာတောရ အဂ္ဂမဟာပဏ္ဍိတ - စံကျောင်းဆရာတော်ဘုရားကြီးက သူယုတ်အဖြစ်မှ လွတ်ကင်းအောင် ရှောင်ကြဉ်ပြီး နေနိုင်ဖို့ရာ ရေးသားဖွင့်ပြတော်မူခဲ့သည်မှာ -

(၁) သူမခေါ်ဘဲ သူ့အိမ်သို့ သွားလေ့ရှိ၍ သူယုတ်လက္ခဏာရှိသူ ဟုဆိုရာ၌ - ဤလောက၌ လူဖြစ်သူတို့သည် ကိုယ်စီကိုယ်ငှ အလုပ်အကိုင် ရှိရမြဲ ဖြစ်ချေ၏။ ပေါ့သွမ်း လေလွင့်လျက် လည်ပတ်ကာ နေလိုသော သဘောဖြင့် သူတစ်ပါးတို့ဖိတ်ခေါ်ခြင်းလည်းမရှိ၊ တစ်စုံတစ်ရာ ပြုလုပ်ဖွယ်ကိစ္စလည်း မရှိမူ၍ သူတစ်ပါးတို့အိမ်ရာ၊ အလုပ်အကိုင်ဌာနများသို့ အပျော်အပါး လှည့်လည်သွားလာပြီးလျှင် ရောက်တတ်ရာရာ စကားတို့ကို ပြောကြား၍ နေခြင်းအားဖြင့် မိမိအတွက်လည်း အလုပ်အကိုင်ပျက်ခြင်း၊ သူတစ်ပါးတို့အတွက်လည်း အလုပ်အကိုင်ပျက်ခြင်းတို့ဖြင့် စိတ်ညစ်ညူးခြင်းကို ဖြစ်စေ၏။ သို့ဖြစ်၍ သူမခေါ်ဘဲလျက် သူ့အိမ်သို့ သွားခြင်းသည် များစွာ မသင့်လျော်ချေ။

ထို့ကြောင့် တည်ကြည်သောစိတ်ဖြင့် တစ်စုံတစ်ခုသော အလုပ်ကို မြဲမြံစွာလုပ်လိုသော စိတ်ဆန္ဒမရှိပါဘဲ၊ ရောက်တတ်ရာရာ သွားလာ လည်ပတ်၍ နေသောသူကို နီတိကျမ်းဆရာ၏ အလိုအားဖြင့် "သူယုတ်"ဟူ၍ ခေါ်ဆိုရ၏။ သို့ဖြစ်၍ တစ်စုံတစ်ခုသော အမှုကိစ္စ မရှိပါဘဲလျက်၊ သူမခေါ်ပါဘဲလျက် သူတစ်ပါးအိမ်သို့ သွားလာလည်ပတ်မှုကို မပြုမိကြရအောင် အထူးသတိဆောင်၍ ရှောင်ကြဉ်ကြရမည်။

(၂) သူမမေးပါဘဲလျက် များစွာစကားပြောလေ့ရှိ၍ သူယုတ်လက္ခဏာရှိသူဟု ဆိုရာ၌ စကားပြောဆိုသောအရာ၌လည်း တည်တည်တံ့တံ့၊ အရေးအခွင့်အားလျော်စွာ ပြောဆိုမှသာ ထိုစကားသည် အဖိုးထိုက်တန်၍ လေးနက်၏။ ထိုသို့မဟုတ်မူ၍ ရောက်တတ်ရာရာ ပြောဆိုအပ်သောစကားသည် သူရူးတို့၏ စကားနှင့် တူ၏။ များစွာလေးနက်ခြင်း ရှိသည် မဟုတ်ချေ။

http://www.dhammadownload.com



ထို့ကြောင့် ထိုကဲ့သို့ မဆင်မခြင် ထင်ရာမြင်ရာ များစွာပြောဆိုသောသူကို နီတိကျမ်းဆရာ၏ အလိုအားဖြင့် "သူယုတ်"ဟုခေါ် ဆိုရ၏။ သို့ဖြစ်၍ သူတစ်ပါးတို့က မမေးမြန်းပါဘဲလျက် သူ့ရှုးပမာ ရောက်တတ်ရာရာ (ဖြစ်ဆန်းကာမျှ) ဖြစ်ကတတ်ဆန်း စကားများကို မပြောမိအောင် အထူးသတိဆောင်၍ ရှောင်ကြဉ်ကြရမည်။

(၃) မိမိ၏ဂုဏ်ကျေးဇူးများကို ဖော်ပြလေ့ရှိ၍ သူယုတ်လက္ခဏာရှိသူဟု ဆိုရာ၌ ဤလူ့လောက၌ များသောအားဖြင့် ဂုဏ်ရှိသူကိုသာ အသိအမှတ် ပြုကြပေသည်။ ထို့ကြောင့် ဂုဏ်ကို မလိုလားသူမှာ အလွန်နည်းပါးလှ၏။ ထိုသို့ပင် ဖြစ်သော်လည်း မိမိဂုဏ်လိုချင်သည့်အဖြစ်ကို သူတစ်ပါးတို့ မသိရအောင် ပိပိပြားပြား၊ အသားသေသေ၊ အနေကျကျ သိုသိပ်ထားကြရပေသည်။ မိမိ၌ရှိသောဂုဏ်ကို ထုတ်ဖော်ပလွှားခြင်း မပြုကြရပေ။ အရေးအခွင့်ရောက်လာ၍ ထုတ်ပြသင့်သောအခါကျမှ ထုတ်ဖော်၍ ပြရ၏။

ဤကဲ့သို့ မိမိ၏ဂုဏ်ကျေးဇူးများကို မျိုသိပ်၍မထားနိုင်ဘဲ ထုတ်ဖော်၍ ပြောကြားနေလျှင် နီတိကျမ်းဆရာ၏ အလိုအားဖြင့် "သူယုတ်"ဟု ခေါ်ဆိုရ၏။ သူယုတ်ဖြစ်သည့်အပြင် တရားမရနိုင်သောသူလည်း ဖြစ်သွားနိုင်ပေသည်။

အနုရုဒ္ဓမဟာဝိတက္ကသုတ္တန်၌ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်မှာ မိမိ၏သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကို ထုတ်ဖော်၍ ပြောကြားနေသူသည် အလိုကြီးသူ လောဘထူထပ်သူဖြစ်၍ မဂ် ဖိုလ် နိဗ္ဗာန် တရားထူးတရားမြတ်များကို မရရှိနိုင်ပေ။ အလိုနည်း၍ မိမိ၏ သီလ၊ သမာဓိ၊ ပညာဂုဏ်များကို ထုတ်ဖော်၍ ပြောကြားခြင်း မရှိပါဘဲ၊ ဝိပဿနာတရားကို ကြိုးစား၍ အားထုတ်သောသူများသာ မဂ် ဖိုလ် နိဗ္ဗာန် တရားထူး တရားမြတ်များကို ရရှိနိုင်ကြပေသည်ဟု ဟောကြားတော်မူခဲ့ပါသည်။

ဆောင်ပုဒ် ။ ။ အလိုကြီးသူ၊ လောဘထူ၊ ရယူတရားမဟုတ်ပေ။
အလိုနည်းပါး၊ ရှုမှတ်ပွား၊ ရပြားတရားပေ။

http://www.dhammadownload.com



သို့ဖြစ်၍ သူယုတ်အဖြစ်မှ လွတ်ကင်းကာ၊ မဂ် ဖိုလ် နိဗ္ဗာန်တရားထူး တရားမြတ်များကို ရရှိဖို့ရန်အတွက် မိမိ၏ဂုဏ်ကျေးဇူးများကို အချိန်အခါ မဟုတ်သည်၌ ထုတ်ဖော်၍ မပြောကြားပါဘဲ သက်ဆိုင်ရာ မိမိတို့၏ အလုပ်များကိုသာ ကြိုးစား၍ လုပ်ကိုင်အားထုတ်ကြရပေသည်။

ဤကဲ့သို့ နီတိကျမ်းဆရာများ၏ အလိုအားဖြင့် ပြဆိုအပ်သော သူယုတ်အဖြစ်မှ လွတ်ကင်း၍ သူတော်သူမြတ်အဖြစ်ဖြင့် တရားထူး တရားမြတ်များကို ရယူလိုကြသော အမျိုးကောင်းသား အမျိုးကောင်းသမီး တို့သည် -

သူ မခေါ်ပါဘဲလျက် သူ့အိမ်သို့ သွားခြင်းမှ ရှောင်ကြဉ်ကြရမည်။

သူမမေးပါဘဲလျက် များစွာ စကားပြောကြားခြင်းမှ ရှောင်ကြဉ်ကြရမည်။

မိမိ၏ ဂုဏ်ကျေးဇူးများကို အချိန်အခါ မဟုတ်သည်၌ ထုတ်ဖော်၍ ပြောကြားခြင်းမှ ရှောင်ကြဉ်ကြရမည် ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# ကိုယ်ပိုင်ဥစ္စာ သိကောင်းစရာ

လောကထဲ၌ ဖြစ်လာကြသူတို့သည် ရဟန်းရှင်လူ မည်သူမဆို မိမိတို့ ပိုင်ဆိုင်သည့် ကိုယ်ပိုင်ပစ္စည်းဥစ္စာ တစ်ခုခုတော့ ရှိကြရပေသည်။ ကိုယ်ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာတစ်ခုခုမရှိပါက၊ ပရိသတ်အလယ် မတင့်တယ်ဘဲ ဖြစ်ကြရပေသည်။ ထို့ကြောင့် နီတိကျမ်းဆရာများက ပုဂ္ဂိုလ်အလိုက် မိမိတို့ပိုင်ဆိုင်သည့် ကိုယ်ပိုင်ပစ္စည်း လေးမျိုးကို ဖွင့်ပြ ဖော်ပြထားကြပေသည်။

၁။ ဣတ္ထီနံ ဓနံ ရူပံ = အမျိုးသမီးတို့၏ ကိုယ်ပိုင်ဥစ္စာသည် အဆင်းလှခြင်း ဖြစ်ပေသည်။
၂။ ပုရိသာနံ ဓနံ ဝိဇ္ဇာ = အမျိုးသားတို့၏ ကိုယ်ပိုင်ဥစ္စာသည် အတတ်ပညာ ဖြစ်ပေသည်။
၃။ ဘိက္ခူနံ ဓနံ သီလံ = ရဟန်းတော်တို့၏ ကိုယ်ပိုင်ဥစ္စာသည် သီလ ဖြစ်ပေသည်။
၄။ ရာဇာနံ ဓနံ ဗလံ = အစိုးရမင်းတို့၏ ကိုယ်ပိုင်ဥစ္စာသည် စစ်သည် ဗိုလ်ပါများနှင့် ပြည့်စုံခြင်းအား ဖြစ်ပေသည်။

၁။ အမျိုးသမီးတို့၏ ကိုယ်ပိုင်ဥစ္စာသည် အဆင်းလှခြင်း ဖြစ်ပေသည် ဟု ဆိုရာ၌ အမျိုးသမီးတို့မှာ အား အစွမ်း (၅)မျိုးရှိသည် ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။ ( သံ-၂/၄၄၃)

၁။ ရူပ ဗလံ = ရုပ်ရည်အဆင်း လှပတင့်တယ်ခြင်း အား အစွမ်း၊
၂။ ဘောဂဗလံ = ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝခြင်း အား အစွမ်း၊

http://www.dhammadownload.com



၃။ ဉာတိဗလံ = ဆွေမျိုးဉာတိမိဘများ ပြည့်ပြည့်စုံစုံရှိခြင်း အား အစွမ်း၊
၄။ ပုတ္တ ဗလံ = သားသမီးများနှင့် ပြည့်စုံခြင်း အား အစွမ်း၊
၅။ သီလ ဗလံ = အကျင့်သီလနှင့် ပြည့်စုံခြင်း အား အစွမ်း ဟူ၍ ငါးမျိုး ရှိပေသည်။

ထို အား အစွမ်း ငါးမျိုးတို့တွင် ရူပဗလံ = ရုပ်ရည်အဆင်းလှပ တင့်တယ်ခြင်း အား အစွမ်းသည် (၁)နံပါတ် အား အစွမ်းပင် ဖြစ်ပေသည်။ ထိုရုပ်ရည်အဆင်းလှပတင့်တယ်ခြင်း အား အစွမ်းကိုပင် နီတိကျမ်းဆရာများ က အမျိုးသမီးတို့၏ ကိုယ်ပိုင်ဥစ္စာဖြစ်သည်ဟု ဖွင့်ပြ ဖော်ပြကြခြင်း ဖြစ်ပေသည်။

အမျိုးသမီးတို့သည် မိမိတို့၏ အဆင်းလှပခြင်းသည် ကိုယ်ပိုင်ဥစ္စာ ဖြစ်သည်ဟု သိကြသည့်အားလျော်စွာ အမျိုးသားတို့ထက်ပို၍ အဆင်းလှပ တင့်တယ်ခြင်းကို ပြုပြင်ကြရပေသည်။ လှပတင့်တယ်သည့် အဝတ်တန်ဆာ များကို ဝတ်ဆင်ကြရပေသည်။ ရှေးပညာရှိများက အဝတ်တန်ဆာ အမျိုးမျိုး တို့တွင် သီလသည် အကောင်းဆုံး ဝတ်ဆင်စရာ တန်ဆာတစ်မျိုးပင် ဖြစ်ပေ သည်ဟု ဖော်ပြထားကြပေသည်။ ထို့ကြောင့် အမျိုးသမီးတို့သည် အခြားသော အဝတ်တန်ဆာများတို့ထက် သီလ အဝတ်တန်ဆာကို ပို၍ ဝတ်ဆင်ကြရ ပေသည်။

၂။ အမျိုးသားတို့၏ ကိုယ်ပိုင်ဥစ္စာသည် အတတ်ပညာ ဖြစ်ပေသည်ဟု ဆိုရာ၌ အိမ်ထောင်ရှင်မိသားစုတို့တွင် အိမ်ထောင်ဦးစီးဖြစ်သည့် အမျိုးသား များက သိပ္ပံပညာ ဝိဇ္ဇာပညာ စသည့် အတတ်ပညာတစ်ခုခုကို မတတ် မြောက်ခဲ့သော် မိသားစုအားလုံး အဖက်ဖက်က မပြည့်မစုံ ဖြစ်နေတတ် ကြပေ သည်။

အိမ်ထောင်ရှင်မိသားစုတို့တွင် အိမ်ထောင်ဦးစီးဖြစ်သည့် အမျိုးသား များက သိပ္ပံပညာ ဝိဇ္ဇာပညာစသည့် အတတ်ပညာ တစ်ခုခုကို ပြည့်စုံစွာ တတ်မြောက်ခဲ့သော် မိသားစုအားလုံးတို့၏ ချမ်းသာစွာ နေနိုင်ရေး၊ သားသမီး တို့၏ အတတ်ပညာတတ်မြောက်ရေး၊ စီးပွားဥစ္စာများ တိုးတက်ကြီးပွားရေး

http://www.dhammadownload.com



တို့သည် ပြည့်စုံလာကြမည် ဖြစ်ပေသည်။ ထို့ကြောင့် နီတိကျမ်းဆရာများက အမျိုးသားတို့၏ ကိုယ်ပိုင်ဥစ္စာသည် အတတ်ပညာဖြစ်သည်ဟု ဖွင့်ပြ ဖော်ပြကြခြင်း ဖြစ်ပေသည်။

၃။ ရဟန်းတော်များ၏ ကိုယ်ပိုင်ဥစ္စာသည် သီလ ဖြစ်ပေသည် ဟု ဆိုရာ၌ သီလမရှိသော ရဟန်းတော်များသည် သင်္ကန်းရှားပါးခြင်း၊ ဆွမ်းရှားပါးခြင်း၊ ကျောင်းရှားပါးခြင်း၊ ဆေးပစ္စည်းရှားပါးခြင်းများ ဖြစ်နေတတ်ကြပေသည်။

သီလနှင့်ပြည့်စုံကြသော ရဟန်းတော်တို့သည် သင်္ကန်းပေါများခြင်း၊ ဆွမ်းပေါများခြင်း၊ ကျောင်းပေါများခြင်း၊ ဆေးပစ္စည်းပေါများခြင်း၊ အသုံးအဆောင်ပစ္စည်းများ ပေါများခြင်းတို့နှင့် ပြည့်စုံနေတတ်ကြပေသည်။

ဤကဲ့သို့ သီလရှိသောရဟန်းတော်တို့သည် ပစ္စည်းလေးပါးနှင့် ပြည့်စုံကြသောကြောင့် သီလသည် ရဟန်းတော်တို့၏ ကိုယ်ပိုင်ဥစ္စာဖြစ်သည်ဟု နီတိကျမ်းဆရာများက ဖွင့်ပြ ဖော်ပြကြခြင်း ဖြစ်ပေသည်။

၄။ အစိုးရမင်းတို့၏ ကိုယ်ပိုင်ဥစ္စာသည် စစ်သည်ဗိုလ်ပါများနှင့် ပြည့်စုံခြင်းအား ဖြစ်ပေသည်ဟုဆိုရာ၌ စစ်သည်ဗိုလ်ပါများနှင့် မပြည့်စုံသည့် အစိုးရမင်းတို့သည် တိုင်းတစ်ပါးမင်းတို့၏ နှိပ်စက်ခြင်း၊ လုယက်ဖျက်ဆီးခြင်းတို့ကို ခံကြရသောကြောင့် မိမိတို့၏ တိုင်းပြည်နှင့် မိမိတို့၏ ဘာသာသာသနာ လူမျိုးများ အဖက်ဖက်က ဆုတ်ယုတ်သွားကြရမည် ဖြစ်ပေသည်။

စစ်သည်ဗိုလ်ပါများနှင့် ပြည့်စုံကြသော အစိုးရမင်းတို့သည် တိုင်းတစ်ပါးမင်းတို့၏ နှိပ်စက်ခြင်း၊ လုယက်ဖျက်ဆီးခြင်းတို့ကို မခံကြရသောကြောင့် မိမိတို့၏ တိုင်းပြည်နှင့် မိမိတို့၏ ဘာသာ သာသနာ လူမျိုးများ အဖက်ဖက်က ပြည့်စုံ၍ တိုးတက်လာကြမည် ဖြစ်ပေသည်။ ထို့ကြောင့် အစိုးရမင်းတို့၏ ကိုယ်ပိုင်ဥစ္စာသည် စစ်သည်ဗိုလ်ပါများနှင့် ပြည့်စုံခြင်း အား ဖြစ်သည်ဟု နီတိကျမ်းဆရာများက ဖွင့်ပြ ဖော်ပြကြခြင်း ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# မေတ္တာပွားရာ နည်းနှစ်ဖြာ

လောကီနယ်ထဲ၌ နေထိုင်ကြသော ပုဂ္ဂိုလ်တို့သည် မိမိတို့လည်း ချမ်းသာစွာ နေထိုင်လိုကြပေသည်။ မိမိတို့၏ မိသားစု မိမိတို့၏ ဆွေမျိုး မိတ်သင်္ဂဟများ၊ မိမိတို့၏ တိုင်းသူပြည်သားများမှစ၍ အားလုံးသော ပုဂ္ဂိုလ် သတ္တဝါတို့၏ ချမ်းသာစွာ နေထိုင်ရခြင်းတို့ကိုလည်း အလိုရှိကြပေသည်။ ဤကဲ့သို့ ချမ်းသာစွာ နေထိုင်ရခြင်းကို အလိုရှိကြပါလျှင် မေတ္တာတရားကို ပွားများ၍ နေထိုင်ကြရမည် ဖြစ်ပေသည်။

မေတ္တာတရား ပွားများ၍ နေခြင်းသည် လောကီနယ်တွင် အကောင်း ဆုံးနေခြင်း ဖြစ်ပေသည်။ မေတ္တာတရားပွားများ၍ နေခြင်းသည် မိမိအတွက် လည်း အကျိုးများသောနေခြင်း ဖြစ်ပေသည်။ သူတစ်ပါးတို့အတွက်လည်း အကျိုးများသောနေခြင်း ဖြစ်ပေသည်။ မေတ္တာတရားပွားများ၍ နေခြင်းသည် မိမိအတွက်လည်း အကျိုး (၁၁)မျိုး ရရှိနိုင်ပေသည်။ သူတစ်ပါးတို့အတွက်လည်း ချမ်းသာအမျိုးမျိုးတို့ကို ရရှိစေနိုင်ပေသည်။ ထို့ကြောင့် မေတ္တာကမ္မဋ္ဌာန်းကို ရဟန်းရှင်လူ မည်သူမဆို ပွားများသင့်လှပေသည်။

မေတ္တာဟူသော ပါဠိ၏ အနက်မှာ ချစ်ခြင်းဟူသော အနက် ဖြစ်ပေ သည်။ ထိုချစ်ခြင်းသည် ထိုထိုပုဂ္ဂိုလ် သတ္တဝါတို့ကို လောဘတဏှာဖြင့် စွဲလမ်း ၍ ချစ်ခြင်းနှင့် ထိုထိုပုဂ္ဂိုလ်သတ္တဝါတို့၏ အကျိုးစီးပွားကို လိုလားသောအားဖြင့် ချစ်ခြင်းဟူ၍ (၂)မျိုး ရှိပေသည်။ ထို (၂)မျိုးတို့တွင် မေတ္တာကမ္မဋ္ဌာန်းပွားများရာ၌ လောဘတဏှာဖြင့် ချစ်ခြင်းကို မယူရပေ။ အကျိုးစီးပွားကို လိုလားသော အားဖြင့် ချစ်ခြင်းကိုသာ ယူရပေသည်။

မေတ္တာကမ္မဋ္ဌာန်း ပွားများမည့်ပုဂ္ဂိုလ်တို့သည် ရှေးဦးစွာ မေတ္တာပွား နည်းကို သိထားသင့်ကြပေသည်။ မေတ္တာကမ္မဋ္ဌာန်းပွားများနည်းသည် အကျဉ်း

http://www.dhammadownload.com



ချုပ်အားဖြင့် (၂)မျိုး ရှိပေသည်။

(၁) ကုသိုလ်ပါရမီဖြစ် မေတ္တာပွားများသောနည်း
(၂) ဈာန်သမာဓိ ဖြစ်အောင် မေတ္တာပွားများသောနည်း ဟူ၍ (၂)မျိုး ရှိပေသည်။

## ကုသိုလ်ပါရမီဖြစ်မေတ္တာပွားများပုံ (၃)မျိုး

၁။ မနောကံ ကုသိုလ်ပါရမီဖြစ် မေတ္တာပွားများခြင်း
၂။ ဝစီကံ ကုသိုလ်ပါရမီဖြစ် မေတ္တာပွားများခြင်း
၃။ ကာယကံ ကုသိုလ်ပါရမီဖြစ် မေတ္တာပွားများခြင်း ဟူ၍ (၃)မျိုး ရှိပေသည်။

## မနောကံမေတ္တာပွားပုံ

(၁) မနောကံ ကုသိုလ်ပါရမီဖြစ် မေတ္တာပွားခြင်းဆိုသည်မှာ မိမိတို့ မြင်မြင်သမျှ၊ ကြားကြားသမျှ၊ စိတ်ကူးထဲမှာ ပေါ်လာသမျှ ပုဂ္ဂိုလ်သတ္တဝါတို့ကို ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေမည်၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ ဟု ထိုထိုပုဂ္ဂိုလ်သတ္တဝါတို့၏ အကျိုးစီးပွားကို လိုလားသောအားဖြင့် စိတ်ဖြင့် မေတ္တာပွားခြင်း ဖြစ်ပေသည်။

## ဝစီကံမေတ္တာပွားများပုံ

(၂) ဝစီကံကုသိုလ်ပါရမီဖြစ် မေတ္တာပွားများခြင်းဆိုသည်မှာ ဘုရားဝတ်တက်ပြီးသောအခါ စသည်တို့၌ အဝေရာဟောန္တု အစရှိသည်ဖြင့် အားလုံးသော ပုဂ္ဂိုလ် သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ စသည်ဖြင့် ရွတ်ဆို ပွားများခြင်းနှင့် မိမိတို့နှင့် တွေ့ကြုံရသမျှ ပုဂ္ဂိုလ်သတ္တဝါမှန်သမျှတို့အား လောက

http://www.dhammadownload.com



ဓမ္မနှစ်ဌာနလုံး အကျိုးရှိကြောင်း ချမ်းသာကြောင်းဖြစ်သည့် စကားတို့ဖြင့် ပြောကြားပေးခြင်းပင် ဖြစ်ပေသည်။

လောကရေးရာဖက်က တိုးတက်ကြီးပွားလိုသော ပုဂ္ဂိုလ်တို့အား လိုအပ်သောအခါ တိုးတက်ကြီးပွားကြောင်း စကားများ ပြောကြားပေးကြရပေသည်။ မိမိတို့၏ လုပ်ငန်းများ၌ တက်ကြွထက်သန်သော လုံ့လဝီရိယရှိခြင်း၊ ရရှိလာသော ပစ္စည်းများကို ပျက်စီးမှု မရှိရအောင် လုံခြုံစွာ ထိန်းသိမ်းစောင့်ရှောက်ရခြင်း၊ မိတ်ဆွေကောင်းများ၏ အကူအညီကောင်းများကို ရယူခြင်း၊ ဝင်ငွေ ထွက်ငွေတို့ကို မျှတအောင် သုံးစွဲခြင်းတို့ဖြင့် ကြီးပွားလာနိုင်ပေသည် စသည်ဖြင့် ပြောကြားပေးခြင်းတို့သည် ဝစီကံမေတ္တာပွားများခြင်းပင် ဖြစ်ပေသည်။

ဓမ္မရေးရာဖက်က တိုးတက်ကြီးပွားလိုသော ပုဂ္ဂိုလ်တို့အား လိုအပ်သောအခါ တရားတိုးတက်ကြောင်း၊ တရားရကြောင်းများကို ပြောကြားပေးကြရပေသည်။ တရားအားထုတ်သောအခါမှာ ရှေးဦးစွာ သီလကို လုံခြုံအောင် စောင့်ထိန်းကြရပေသည်။ သီလလုံခြုံမှ စိတ်တည်ငြိမ်မှု သမာဓိဖြစ်လာနိုင်ပေသည်။ သမာဓိဖြစ်မှ ဝိပဿနာဉာဏ်များ ဖြစ်လာနိုင်ပေသည်။ ဝိပဿနာဉာဏ်များ ပြည့်စုံလာမှ မဂ်ဖိုလ်နိဗ္ဗာန် တရားထူး တရားမြတ်များကို ရရှိနိုင်ပေသည် စသည်ဖြင့် ပြောကြားပေးခြင်းတို့သည် ဝစီကံ မေတ္တာပွားများခြင်းပင် ဖြစ်ပေသည်။

## ကာယကံမေတ္တာပွားများပုံ

(၃) ကာယကံကုသိုလ်ပါရမီဖြစ် မေတ္တာပွားများခြင်း ဆိုသည်မှာ မိမိတို့နှင့် တွေ့ရကြုံရ ဆုံရသမျှ ပုဂ္ဂိုလ်သတ္တဝါမှန်သမျှတို့ကို ချမ်းသာစေကြောင်း ကိုယ်အမူအရာတို့ဖြင့် ဆက်ဆံခြင်း ပြုလုပ်ပေးခြင်းတို့ပင် ဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ရဟန်းတော် သံဃာတော်များအတွက် နေရာထိုင်ခင်းများ ပြုပြင်ပေးခြင်း၊ ခင်းပေးခြင်း၊ ဆွမ်းခဲဘွယ်များကို ချက်ပြုတ်

http://www.dhammadownload.com



ပေးခြင်း၊ အလှူဒါန ပြုလုပ်ပွဲများ၌ နေရာထိုင်ခင်းများ ပြုပြင်ပေးခြင်း၊ ခင်းပေးခြင်း၊ ချက်ပြုတ်ပေးခြင်း စသည်တို့ဖြင့် သူတစ်ပါးတို့အား ချမ်းသာစေရန် ကိုယ်အမှုအရာအားဖြင့် ပြုလုပ်ပေးခြင်းတို့သည် ကာယကံ မေတ္တာပွားများခြင်းပင် ဖြစ်ပေသည်။

ခရီးသွားရာတွင် မိမိက ထိုင်ဖို့ရာ နေရာကျယ်ကျယ်ပြန့်ပြန့် ရရှိထားပြီး တစ်ပါးသူတစ်ဦးက ကျဉ်းကျပ်စွာနေထိုင်ရသည်ကို တွေ့မြင်ခဲ့သော် မိမိနေရာသို့ ပြောင်းရွှေ့နေထိုင်ဖို့ရာ နေရာပေးခြင်း၊ မီးရထား မော်တော်ကားများ စီးရာတွင် သင့်တော်သည့် နေရာကို မရကြသော ရဟန်းတော်များ နှင့် အသက်ကြီးသူများ၊ မကျန်းမာသူများ၊ မသန်စွမ်းသူများကို တွေ့မြင်ရသောအခါ မိမိနေရာကိုပေး၍ ထိုင်စေခြင်းစသည်တို့သည် ကာယကံမေတ္တာပွားများခြင်းပင် ဖြစ်ပေသည်။

ဤကဲ့သို့ မိမိတို့နှင့် တွေ့ကြုံရသမျှ အားလုံးသော ပုဂ္ဂိုလ်သတ္တဝါတို့ကို စိတ်ဖြင့် ချမ်းသာပါစေဟု နှလုံးသွင်းခြင်း၊ နှုတ်ဖြင့် ချမ်းသာကြောင်း စကားများကို ပြောဆိုပေးခြင်း၊ ကိုယ်ဖြင့် ချမ်းသာအောင် ဆောင်ရွက်ပေးခြင်းတို့သည် ပါရမီကုသိုလ်ဖြစ် မေတ္တာပွားများခြင်းပင် ဖြစ်ပေသည်။

## ချမ်းသမာဓိဖြစ်အောင်မေတ္တာပွားများပုံ

ချမ်းသမာဓိဖြစ်အောင် မေတ္တာပွားများလိုသော ပုဂ္ဂိုလ်တို့သည် ရှေးဦးစွာ မေတ္တာမပွားများရသူများကို သိထားသင့်ကြပေသည်။

## ရှေးဦးစွာမေတ္တာမပွားသင့်သူများ

ချမ်းမရနိုင်သောကြောင့် ကွယ်လွန်သွားသောသူများကို မေတ္တာမပွားရပေ။ ရာဂတဏှာဖြစ်လာတတ်သောကြောင့် အသွင်မတူသူ တစ်ဦးတည်းသော အမျိုးသမီး အမျိုးသားတို့ကို ရှေ့ဦးစွာမေတ္တာမပွားရပေ။ သောက ဖြစ်

http://www.dhammadownload.com



လာတတ်သောကြောင့် ချစ်ခင်လွန်းသူများကို ရှေးဦးစွာ မေတ္တာမပွားရပေ။ မေတ္တာဓါတ်ဖြစ်တာ နှေးနေတတ်သောကြောင့် မချစ်လွန်း၊ မမုန်းလွန်း အလယ်အလတ်ဖြစ်သူများကို ရှေးဦးစွာ မေတ္တာ မပွားရပေ၊ ဒေါသဖြစ်တတ်သောကြောင့် ရန်သူ ဖြစ်သူကို ရှေးဦးစွာ မေတ္တာမပွားရပေ။

ဆောင်ပုဒ် ။ ။ သေသူ၊ သွင်မတူ၊ ချစ်လွန်းသူနှင့် အလယ်ဖြစ်သူ၊ ရန်သူကိုပါ၊ ဤငါးဖြာ၊ ဦးစွာ မပွားရ။

ဈာန်သမာဓိဖြစ်အောင် မေတ္တာ ကမ္မဋ္ဌာန်း ပွားများလိုသော ပုဂ္ဂိုလ်တို့သည် မေတ္တာပွားများရမည့် အစဉ်ကိုလည်း သိထားကြရပေသည်။ ရှေးဦးစွာ ပထမ မိမိကိုယ်ကို ပြန်၍ မေတ္တာပွားကြရပေသည်။ ဒုတိယ ချစ်ခင်အပ်သော ပုဂ္ဂိုလ်တို့ကို မေတ္တာပွားများကြရပေသည်။

တတိယ မချစ်လွန်းမမုန်းလွန်း အလယ်အလတ်ဖြစ်သော ပုဂ္ဂိုလ်တို့ကို မေတ္တာပွားများကြရပေသည်။ စတုတ္ထ ရန်သူဖြစ်သောပုဂ္ဂိုလ်တို့ကို မေတ္တာပွားများ ကြရပေသည်။ ဈာန်သမာဓိ ဖြစ်အောင် မေတ္တာကမ္မဋ္ဌာန်းပွားများလိုကြသော ပုဂ္ဂိုလ်တို့သည် ဆိတ်ငြိမ်ရာ အရပ်သို့ ချဉ်းကပ်၍ မိမိတို့ ထိုင်တတ်သလို ဒူးတုပ်၍ဖြစ်စေ၊ တင်ပျဉ်ခွေ၍ ဖြစ်စေ ကြာကြာထိုင်နိုင်သော ဣရိယာပုတ်ဖြင့် ထိုင်ကြရပေသည်။ ခါးကိုလည်း တည့်တည့် မတ်မတ် ခေါင်းကိုလည်း တည့်တည့်မတ်မတ် ထားကြရပေသည်။ မျက်စိကိုလည်း မှိတ်ထားကြရပေသည်။

## အစဉ်ထား၍ မေတ္တာပွားရပုံ

ရှေးဦးပထမ မိမိကိုယ်ကို ငါသည် ဘေးရန် ကင်းပါစေ၊ စိတ်ဆင်းရဲကင်းပါစေ၊ ကိုယ်ဆင်းရဲကင်းပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိခန္ဓာဝန်ကို ရွက်ဆောင်နိုင်ပါစေဟု နှလုံးသွင်း၍ စိတ်ဖြင့် ပွားများကြရပါသည်။

http://www.dhammadownload.com



မိမိချမ်းသာချင်သလို အားလုံးသော ပုဂ္ဂိုလ်သတ္တဝါတို့သည်လည်း ချမ်းသာခြင်းကို အလိုရှိကြပေသည်ဟု မေတ္တာဓါတ်ကို ပျိုးထောင်ပေးလိုက်ခြင်းပင် ဖြစ်ပေသည်။

ထို့နောက်မှ (ဒုတိယ) မေတ္တာပွားများသူသည် အမျိုးသားဖြစ်လျှင် မိမိ အဖိုး ဖခင် ဦးကြီး ဦးလေးစသော ချစ်ခင်အပ်သည့် ပုဂ္ဂိုလ်တို့ကို ပကတိသော မျက်စိဖြင့် မြင်ရသကဲ့သို့ အာရုံပြု၍ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာဝန်ကို ရွက်ဆောင် နိုင်ကြပါစေဟု နှလုံးသွင်း၍ စိတ်ဖြင့် ပွားများကြရပေသည်။

မေတ္တာပွားများသူသည် အမျိုးသမီးဖြစ်လျှင် မိမိ၏အဖွား၊ မိခင်၊ ဒေါ်ကြီး၊ ဒေါ်လေးစသော ချစ်ခင်အပ်သည့် ပုဂ္ဂိုလ်တို့ကို ပကတိသော မျက်စိဖြင့် မြင်ရသကဲ့သို့ စူးစိုက်ကာ အာရုံပြု၍ ဘေးရန် ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေဟု နှလုံးသွင်း၍ စိတ်ဖြင့် ပွားများကြရပါသည်။

ထို့နောက်မှ (တတိယ) မချစ်လွန်း၊ မမုန်းလွန်း အလယ်အလတ်၌ ဖြစ်သော ပုဂ္ဂိုလ်တို့သည် ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ ဟု နှလုံးသွင်း၍ စိတ်ဖြင့် ပွားများကြရပါသည်။

ထို့နောက်မှ (စတုတ္ထ) ရန်သူဖြစ်သော ပုဂ္ဂိုလ်တို့သည် ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေဟု နှလုံးသွင်း၍ စိတ်ဖြင့် ပွားများကြရပါသည်။

ဤကဲ့သို့ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဟူ၍ အစဉ်ထားကာ ပွားများအားထုတ်ရမည်ဟု ဆိုပါသော်လည်း အကယ်စင်စစ်တော့ ချစ်ခင်အပ်သော ပုဂ္ဂိုလ်တို့၌ ဈာန်သမာဓိဖြစ်အောင် ပွားများပြီးမှသာ မချစ်လွန်း မမုန်းလွန်းသူနှင့် ရန်သူဖြစ်သော သူတို့ကို ပွားများကြရမည် ဖြစ်ပေသည်။

http://www.dhammadownload.com



## မေတ္တာ၏ရန်သူ (၂)မျိုး

မေတ္တာကမ္မဋ္ဌာန်းပွားများသောအခါ မေတ္တာကမ္မဋ္ဌာန်းကို ဖျက်ဆီးတတ်သည့် ရန်သူ ၂-မျိုး ရှိပေသည်။ လောဘသည် မေတ္တာကမ္မဋ္ဌာန်း၏ အနီးရန်သူ ဖြစ်ပေသည်။ သောကသည် မေတ္တာကမ္မဋ္ဌာန်း၏ အဝေးရန်သူ ဖြစ်ပေသည်။ မေတ္တာပွားရင်း ပွားရင်းနှင့် ပွားများအပ်သောသူအပေါ် မှာ မသိမသာ လောဘတဏှာဖြစ်နေတတ်ပေသည်။ မေတ္တာပွားရင်းပွားရင်းနှင့် ပွားများအပ်သောသူအတွက် စိုးရိမ်ခြင်းသောက မသိမသာ ဖြစ်နေတတ်ကြပေသည်။ ထိုအနီးရန်သူ အဝေးရန်သူ (၂)မျိုးတို့မှ လွတ်ကင်းအောင် အထူးသတိထား၍ ပွားများကြရပေသည်။

ထိုကဲ့သို့ ပွားများကြရာ၌ မေတ္တာကမ္မဋ္ဌာန်းသည် ပုဂ္ဂိုလ်ပညတ်ကို အာရုံပြုသော ကမ္မဋ္ဌာန်းဖြစ်၍ မိမိမေတ္တာပွားများအပ်သော ပုဂ္ဂိုလ်ကို ပကတိသော မျက်စိဖြင့် မြင်ရသကဲ့သို့ မြင်အောင် စူးစိုက်၍ ပွားများကြရပေသည်။

မေတ္တာကမ္မဋ္ဌာန်းပွားများခါစမှာတော့ ပွားများနေသည့်စိတ်သည် အာရုံတစ်ပါးသို့ ရောက်ရောက်သွားမည် ဖြစ်ပေသည်။ သတိရတာနှင့် မေတ္တာပွားများအပ်သော ပုဂ္ဂိုလ်အာရုံသို့ ပြန်ရောက်အောင် သတိပြု၍ စူးစိုက်ကာ ပွားများကြရပေသည်။ ဆက်ကာ ဆက်ကာ ပွားများ၍ သမာဓိအားကောင်းလာသောအခါ မိမိမေတ္တာပွားရာ ပုဂ္ဂိုလ်အာရုံ၌ မှတ်သိစိတ်ကပ်၍ တည်နေသကဲ့သို့ ဖြစ်လာမည် ဖြစ်ပေသည်။ ထိုနောက် ဆက်ကာ ဆက်ကာ ပွားများလိုက်၍ သမာဓိများ တစ်ဆင့် ရင့်ကျက်အားရှိလာသောအခါ မေတ္တာဈာန်သမာဓိ မေတ္တာဈာန် ဖြစ်လာမည် ဖြစ်ပေသည်။

မေတ္တာဈာန်သမာဓိ မေတ္တာဈာန်ရသွားပြီးသော ပုဂ္ဂိုလ်တို့သည် လောကီနယ်တွင် မည်သည့် ချမ်းသာနှင့်မျှ မတူသည့် အကောင်းမြတ်ဆုံး ချမ်းသာကို ရရှိသည်ကို ကိုယ်တိုင်တွေ့သိကြရမည် ဖြစ်ပေသည်။ မေတ္တာအကျိုး (၁၁)မျိုးကိုလည်း ရရှိကြမည် ဖြစ်ပေသည်။

http://www.dhammadownload.com



## မေတ္တာအကျိုး (၁၁)မျိုး မဟာစည် ဆောင်ပုဒ်

အိပ်နိုးချမ်းသာ၊ ကောင်းစွာ အိပ်မက်၊ ချစ်လျက် လူနတ်၊ စောင့်လတ် နတ်များ၊ မီးဆိပ်ဓါးတို့၊ ရှောင်ရှားကိုယ်မှာ၊ လျှင်စွာ စိတ်တည်၊ ရွှင်ကြည် မျက်နှာ၊ သေခါမတွေ၊ လားလေပြဟ္မာ၊ ဆယ့်တစ်ဖြာသည်၊ မေတ္တာပွားမှု အကျိုးတည်း။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# ဇေတဝန်ရိပ်သာမှ မေးကြဖြေပေးရ

အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်၊ ရေးဗားဆိုက် သကျမုနိရိပ်သာနှင့် ဝါရှင်တန်ဒီစီ ဇေတဝနရိပ်သာမှ ဆရာတော်ဦးခိပ္ပပညော နှင့် ဦးဝီရပညောတို့က တရားဟော၊ တရားပြ ပင့်လျှောက်ကြသဖြင့် ဆရာတော်နှင့် ဦးကောဝိဒ၊ ဦးတင်ဦးလှိုင်တို့သည် ရန်ကုန်မှ ၁၃၆၀ပြည့် ကဆုန် လဆန်း (၁)ရက် (၂၆-၄-၉၈) တနင်္ဂနွေနေ့က ကြွလာခဲ့ကြပါသည်။ တရားစခန်းများ၏ အစီအစဉ်အရ ရေးဗားဆိုက်သကျမုနိရိပ်သာ၌ (၁၀)ရက်၊ ချီကာဂိုမွေ့ရာမ် ထိုင်းဘုန်းတော်ကြီးကျောင်း၌ (၅)ရက် တရားစခန်းများဖွင့်၍ ဆောင်ရွက်ခဲ့ကြပါသည်။

ထိုရေးဗားဆိုက်သကျမုနိရိပ်သာတရားစခန်းနှင့် ချီကာဂိုတရားစခန်းများ၌ တရားဟော တရားပြဆောင်ရွက်ပြီးသောအခါ ဝါရှင်တန် ဇေတဝနဝိဟာရရိပ်သာ၌ ၁၃၆၀ပြည့်၊ ကဆုန်လဆုတ် (၈)ရက် (၁၈-၅-၉၈) တနင်္လာနေ့မှစ၍ နယုန်လဆန်း (၂)ရက် (၂၇-၅-၉၈) ဗုဒ္ဓဟူးနေ့အထိ (၁၀)ရက် တရားစခန်းဖွင့်၍ တရားဟော၊ တရားပြ ဆောင်ရွက်ကြပါသည်။ နေ့လည် (၂)နာရီမှ ညနေ (၄)နာရီထိ တရားစစ်ပေးရပါသည်။ ည (၇)နာရီမှ (၈)နာရီထိ တရားဟောပေးရပါသည်။ ယောဂီ (၂၀)ကျော်ခန့် ရှိပါသည်။

မေး ။ ။ ထိုသို့ တရားစစ်ပေးရာတွင် ယောဂီများက သူတို့သိလိုရာများကို လျှောက်ထားကြပါသည်။ အသက် (၆၀)ရှိ သုစိတ္တာ အမည်ရှိသူ အမေရိကန်၌ နေထိုင်သူ ဗီယက်နမ်အမျိုးသမီးယောဂီက လျှောက်ထားသည်မှာ သူဝိပဿနာ တရားထိုင်၍ အားထုတ်ရာတွင် အမှတ်ကောင်းလာသောအခါ လက်မ (၂)ခု ထောင်လာလိုက် အောက်သို့ ပြန်ကျသွားလိုက်နှင့် သူ့အလိုလို လှုပ်ရှားလာ

http://www.dhammadownload.com



ပါသည်။ တရားသဘော ဟုတ်ပါရဲ့လား . . . ဟု လျှောက်ထားပါသည်။

ဖြေ ။ ။ ဝိပဿနာတရားအားထုတ်၍ (၄)နံပါတ် ဥဒယဗ္ဗယဉာဏ်သို့ ရောက်လာသောအခါ တရားပီတိများ ဖြစ်ပေါ်လာတတ်ကြပေသည်။ အချို့သော ပီတိများမှာ လူသာမန် မဆိုထားနှင့် နတ်သာမန်တို့ပင် မခံစားနိုင်သော နှစ်သက်သာယာဖွယ်ဖြစ်သည့် ပီတိများ ဖြစ်ကြပေသည်။ အချို့သော ပီတိများမှာ ဆန်းကြယ်စွာ ခန္ဓာကိုယ် တုန်ခါ လှုပ်ရှားမှုများ ဖြစ်လာကြပေသည်။ ခန္ဓာကိုယ် တုန်ခါလှုပ်ရှားမှုများ ဖြစ်လာသောပီတိကို ဥဗ္ဗေဂပီတိလို့ ဆိုရပါသည်။ ယောဂီသူစိတ္တာ၏ လက်မနှစ်ခု အပေါ်သို့ ထောင်တက်လိုက် အောက်သို့ ပြန်ကျလိုက်နှင့် လှုပ်ရှားနေခြင်းသည် ဥဗ္ဗေဂပီတိဖြစ်သည်ဟု ဖြေကြားပေးခဲ့ရပါသည်။

မေး ။ ။ ယောဂီသူစိတ္တာက လျှောက်ထားပြန်သည်မှာ ဖောင်းတယ် ပိန်တယ် လို့ ရှုမှတ်ရာ၌ တစ်ခါ တစ်ခါ ဖောင်းစနှင့် ဖောင်းဆုံး၊ ပိန်စနှင့် ပိန်ဆုံးများကို တွေ့မြင်ရပါသည်။ တစ်ခါ တစ်ခါ ဖောင်းစ ဖောင်းဆုံး မထင်ရှားပါဘဲ၊ ပိန်ဆုံး တစ်ခုသာ ထင်ရှားပါသည်။ ဘယ်လို သဘောပါလဲဟု လျှောက်ထားပြန်ပါသည်။

ဖြေ ။ ။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ပြသောနည်းဖြင့် ဖောင်းတယ်၊ ပိန်တယ်ဟု ဝိပဿနာတရား ရှုမှတ်၍ ဥဒယဗ္ဗယဉာဏ်သို့ ရောက်လာသောအခါ ဖောင်းစနှင့် ဖောင်းဆုံး၊ ပိန်စနှင့် ပိန်ဆုံးများ ထင်ရှားလာတတ်ကြပေသည်။ ဖောင်းစက ဖြစ်၊ ဖောင်းဆုံးကပျက် ဖြစ်ပေသည်။ ယောဂီသူစိတ္တာမှာ ဥဒယဗ္ဗယဉာဏ်သို့ ရောက်လာသောကြောင့် ဖောင်းစနှင့် ဖောင်းဆုံး ပိန်စနှင့် ပိန်ဆုံးတို့ကို တွေ့မြင်ရခြင်း ဖြစ်ပေသည်။

တစ်ခါ တစ်ခါ ဖောင်းစနှင့် ဖောင်းဆုံး ပိန်စတို့ မထင်ရှားပါဘဲ ပိန်ဆုံး တစ်ခုသာ ထင်ရှားလာခြင်းသည် ယောဂီသူစိတ္တာအတွက် အဖြစ်နှင့် အပျက်

http://www.dhammadownload.com



ကို သိသော ဥဒယဗ္ဗယဉာဏ်မှ အပျက်ကိုသိသော ဘင်္ဂဉာဏ်သို့ တက်ဖို့ရာ အစပျိုးလာခြင်း ဖြစ်ပေသည်။ ဘင်္ဂဉာဏ်သို့ ရောက်သွားသောအခါ ဖောင်းစနှင့် ပိန်စတို့ မထင်ရှားတော့ပါဘဲ၊ ဖောင်းဆုံးပိန်ဆုံးကိုသာ ထင်ရှားလာတတ်ကြပေသည်။

ထို့ကြောင့် ပိန်ဆုံးတစ်ခုသာ ထင်ရှားလာခြင်းသည် ယောဂီသုစိတ္တာအတွက် ဥဒယဗ္ဗယဉာဏ်မှ ဘင်္ဂဉာဏ်သို့ တက်ဖို့ရာ အစပျိုးလာခြင်း ဖြစ်ပေသည်ဟု ဖြေကြားပေးခဲ့ရပါသည်။

**မေး ။ ။** ယောဂီသုစိတ္တာက လျှောက်ထားပြန်သည်မှာ ဝိပဿနာတရားရှုမှတ်ရာတွင် အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ကို တစ်ခါတစ်ခါ သိမြင်လာပါသည်။ အနိစ္စလက္ခဏာနှင့် အနတ္တလက္ခဏာတို့ထက် ဒုက္ခလက္ခဏာကို ပို၍ ထင်ရှားစွာ သိမြင်ရပါသည် ဟု လျှောက်ထားပြန်ပါသည်။

**ဖြေ ။ ။** ဥဒယဗ္ဗယဉာဏ်သို့ ရောက်လာကြသော အချို့သော ယောဂီပုဂ္ဂိုလ်တို့သည် ဖြစ်ပြီးတာနှင့် ပျက်သွားတာ မမြဲခြင်း အနိစ္စ၊ ဖြစ်ခြင်း ပျက်ခြင်းတို့က လျင်မြန်လှသဖြင့် နှိပ်စက်နေသကဲ့သို့ ဖြစ်၍ ဆင်းရဲခြင်းဒုက္ခ၊ ဖြစ်ခြင်းပျက်ခြင်းသဘောတို့ဖြင့် နှိပ်စက်နေသော ဒုက္ခများကို ဘယ်လိုမှ ကာကွယ်၍ မရသဖြင့် ကိုယ်အစိုးမရခြင်း အနတ္တတို့ကို သိလာတတ်ကြပေသည်။

မိမိတို့၏ ဘဝ ဘဝက ပါလာသော ဓါတ်ခံအားလျော်စွာ အချို့သော ယောဂီပုဂ္ဂိုလ်တို့သည် အလောဘ ဓါတ်ခံပါလာသဖြင့် အနိစ္စကို ပို၍ ထင်ရှားစွာ သိမြင်ကြရပေသည်။ အချို့သော ယောဂီပုဂ္ဂိုလ်တို့သည် အဒေါသ-မေတ္တာ ဓါတ်ခံ ပါလာသဖြင့် ဒုက္ခကို ပို၍ ထင်ရှားစွာ သိမြင်ကြရပေသည်။ အချို့သော ယောဂီပုဂ္ဂိုလ်တို့သည် အမောဟဓါတ်ခံပါလာသဖြင့် အနတ္တကို ပို၍ ထင်ရှားစွာ သိမြင်ကြရပေသည်။ ယောဂီသုစိတ္တာသည် အဒေါသ-မေတ္တာ ဓါတ်ခံပါလာသဖြင့် ဒုက္ခကို ပို၍ ထင်ရှားစွာ သိမြင်ရခြင်း ဖြစ်သည်ဟု ဖြေကြားပေးခဲ့ရပါသည်။

(အဌသာလိနီ - ၁၇၃)

http://www.dhammadownload.com



မေး ။ ။ အသက် (၆၂)နှစ်ရှိ တူအန် အမည်ရှိသူ အမေရိကန်၌ နေထိုင်သူ ဗီယက်နမ်အမျိုးသမီးယောဂီက လျှောက်ထားသည်မှာ သူဝိပဿနာတရား အားထုတ်တာ (၃)နှစ်ရှိသွားပါပြီ။ ထိုင်မှတ် စင်္ကြံမှတ် အထွေထွေအမှတ်တို့ကို အရှင်ဘုရား ဟောကြားသည့်အတိုင်း ပညတ်ကို ခွာ၍ ပရမတ်ကို ရှုမှတ်ပါ သော်လည်း တစ်ခါ တစ်ခါသာ ပရမတ်ကို ရှုမှတ်လို့ရပါသည်။ တစ်ခါ တစ်ခါ ပညတ်ကိုပဲ ရှုမှတ်နေရပါသည်။ ပညတ်ကို စွန့်ခွာ၍ မရဘဲ ဖြစ်နေပါသည် ဟု လျှောက်ထားပါသည်။

ဖြေ ။ ။ ပညတ်ကို စွန့်ခွာလို့မရဟူ၍ လျှောက်ထားရာ၌ ငယ်ရွယ်စဉ်အခါ သိတတ်သည့်အရွယ်မှစ၍ မိမိခန္ဓာကိုယ်၊ သူတစ်ပါးခန္ဓာကိုယ်တို့၌ အထည် ဒြပ်ပညတ်ကိုသာ သိခဲ့ကြပေသည်။ ယင်းကဲ့သို့ ပညတ်ကိုသာ သိခဲ့ကြတဲ့ အလေ့အကျင့်များက များခဲ့ကြပေသည်။ ထို့ကြောင့် ပညတ်ကို တော်တော် နှင့် စွန့်ခွာ၍ မရဘဲ ဖြစ်ကြရပေသည်။

အထည်ဒြပ်ပညတ်ကို သိတာများခဲ့ကြသည်မှာ ယခုဘဝမှာသာ မဟုတ်ပေ၊လွန်ခဲ့ပြီးသောအတိတ်ဘဝပေါင်းများစွာက သူပဲ၊ ငါပဲ၊ အမျိုးသား ပဲ၊ အမျိုးသမီးပဲ စသည်ဖြင့် ပညတ်ကိုပင် ခွဲ၍ သိခဲ့ကြသည့် အလေ့အကျင့် များက အလွန်ပင် များခဲ့ကြပေသည်။ ထိုကြောင့် ပညတ်ကို တော်တော်နှင့် စွန့်ခွာလို့မရဘဲ ဖြစ်နေကြရပေသည်။

ပညတ်သည် သမထကမ္မဋ္ဌာန်း ပွားများအားထုတ်ကြသော ပုဂ္ဂိုလ်တို့ အား သမထကမ္မဋ္ဌာန်းပွားများနေသည့် အခိုက်သာ သမာဓိကို ဖြစ်စေနိုင်သော ကြောင့် ကောင်းကျိုးရရှိကြပေသည်။ အခြားတစ်ပါးသောအခါတို့၌ ပညတ် သည် ပုဂ္ဂိုလ်သတ္တဝါတို့အား ကောင်းကျိုးကို မဖြစ်စေ၊ စွဲလမ်းမှုများကို ဖြစ်စေပြီး၊ ဒုက္ခကိုသာ ဖြစ်စေတာများကြပေသည်။ ဝိပဿနာတရား ပွားများ အားထုတ် ကြရာ၌ ပညတ်သည် ပရမတ်ကို ဖုံးထားတတ်သောကြောင့် တရားအတွေ့ ကို နှေးစေတတ်ပေသည်။ တရားရှေ့သို့ တက်တာ နှေးစေတတ်ပေသည်။

http://www.dhammadownload.com



ထို့ကြောင့် ဝိပဿနာတရား ပွားများ အားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် ပုံသဏ္ဍာန်ဒြပ် ပညတ်ကို စွန့်ခွာနိုင်သမျှ စွန့်ခွာ၍ ပရမတ်သဘောကိုသာ သိအောင် စူးစိုက်၍ ရှုမှတ်ကြရပေသည်။

မေး ။ ။ အသက် (၅၇)နှစ်ရှိ လိယင်ဒေါ်စ် အမည်ရှိသူ အမေရိကန်၌ နေထိုင်သူ အမျိုးသမီး ယောဂီက လျှောက်ထားသည်မှာ တရားစခန်းသိမ်း၍ အိမ်သို့ ပြန်ရောက်သွားသောအခါ အိမ်မှုကိစ္စအဝဝတို့ကြောင့် တရားမမှတ်ဘဲ နေတာများပါသည်၊ တရားမမှတ်ဘဲ မနေမိအောင် ဘယ်လိုများ နှလုံးသွင်း ရပါမလဲ ဟု လျှောက်ထားပါသည်။

ဖြေ ။ ။ ရိပ်သာတရားစခန်းမှ အိမ်သို့ ပြန်ရောက်သွားသောအခါ တရား မမှတ်ဘဲ မနေမိအောင် နှလုံးသွင်းဖို့ရာမှာ သင်သည် ယနေ့ဝိပဿနာတရား ကို ရှုမှတ်နိုင်ပါသော်လည်း နောက်နေ့မှာ နောက်နှစ်များမှာ ရောဂါဝေဒနာ များ ဖိစီးလာ၍သော်လည်းကောင်း၊ သေဆုံးကွယ်လွန်သွား၍သော် လည်းကောင်း၊ သင်သည် ဝိပဿနာတရားကို မရှုမှတ်နိုင်တော့ဘဲ ဖြစ်သွား နိုင်ပေသည်။ ကျန်းမာနေခိုက် အသက်ရှင်နေခိုက်မှာ နိဗ္ဗာန်ကို မြင်ပြီး၊ အပါယ် တံခါးကို ပိတ်သွားစေနိုင်သည့် ဝိပဿနာတရားကို ရှုမှတ်နေသင့်သည် ဟု နှလုံးသွင်းပါက အိမ်ပြန်ရောက်သွားသော်လည်း တရားမရှုမှတ်ဘဲ နေနိုင်တော့ မည် မဟုတ်ပေဟု ဖြေကြားပေးခဲ့ရပါသည်။

ဖြေကြားပေးစဉ်က အကျဉ်းမျှသာ ဖြေကြားပေးနိုင်ခဲ့ပါသည်။ တရား ဆောင်းပါး ဖတ်ရှုသူများ ပြည့်စုံစွာ မှတ်သားစေနိုင်ရန်အတွက် အကျယ် ဖွင့်ပြကာ ရေးသားလိုက်ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# သိကောင်းစရာ သစ္စာလေးဖြာ

ဗုဒ္ဓမြတ်စွာ ဟောကြားအပ်သော တရားတော်တို့တွင် သစ္စာ (၄)ပါး တရားသည် ရှေးဦးစွာ ဟောကြားအပ်သော တရားတော် ဖြစ်ပေသည်။ သစ္စာ (၄)ပါးတရားသည် အကြောင်းနှင့်အကျိုးအားဖြင့် ဆက်စပ်နေပုံမှာ အထင်ရှားဆုံးတရား ဖြစ်ပေသည်။ ပိဋကတ် (၃)ပုံ တို့တွင် သစ္စာ (၄)ပါး မှ လွတ်သော တရားဟူ၍ မရှိပေ။ အားလုံးသော ပိဋကတ်တော်တို့၌ သစ္စာ (၄)ပါး ပါဝင်နေပေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့သည် သစ္စာ (၄)ပါး တရားကို အထူးပင် သိထားသင့်ကြပေသည်။

ဗုဒ္ဓမြတ်စွာ၏တရားတော်တို့သည် ယခုအချိန်တွင် ကမ္ဘာ၌ ပျံ့နှံ့လျက်ရှိနေပေသည်။ ဗုဒ္ဓတရားတော်တို့ကို ကမ္ဘာသူ ကမ္ဘာသားတို့က အထူး အလေးဂရုပြုလာသော အချိန် ဖြစ်ပေသည်။ ဗုဒ္ဓဘာသာမှ တစ်ပါးသော ဘာသာဝင် ပုဂ္ဂိုလ်တို့ကလည်း ဗုဒ္ဓမြတ်စွာ၏ တရားတော်တို့ကို စိတ်ဝင်စားလျက်ရှိကြပေသည်။ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့နှင့် တွေ့ဆုံကြသောအခါ သိကောင်းစရာ ဗုဒ္ဓ၏ တရားတော်များကို မေးမြန်းလေ့ရှိကြပေသည်။ သိကောင်းစရာတရားတော်တို့တွင် သစ္စာ (၄)ပါး တရားသည် အခြေခံအကျဆုံး သိကောင်းစရာ တရားတော် ဖြစ်ပေသည်။ ထို့ကြောင့် သစ္စာ (၄)ပါး တရားကို ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တိုင်း သိထားသင့်ကြပေသည်။

သစ္စာ (၄)ပါး တရားကို ရှေးဦးစွာ နာကြားအပ်သော သုတမယဉာဏ်ဖြင့် သိထားသင့်ကြပေသည်။ ဒုတိယ မှားမှားအားထုတ်အပ်သောဘာဝနာမယဉာဏ်ဖြင့်လည်း သိအောင် အားထုတ်အင့်ကြပေသည်။

http://www.dhammadownload.com



သုတမယဉာဏ်ဖြင့် သိဖို့ရာ သစ္စာ (၄)ပါးမှာ -

၁။ ဒုက္ခသစ္စာ = ဆင်းရဲခြင်းအမှန်ဖြစ်သည့်တရား
၂။ သမုဒယသစ္စာ = ဆင်းရဲခြင်း၏ အကြောင်းအမှန်ဖြစ်သည့်တရား
၃။ နိရောဓသစ္စာ = ဆင်းရဲခြင်း၏ ချုပ်ငြိမ်းရာ အမှန်ဖြစ်သည့်တရား
၄။ မဂ္ဂသစ္စာ = ဆင်းရဲခြင်း၏ ချုပ်ငြိမ်းရာသို့ သွားရာလမ်းကြောင်း အမှန်ဖြစ်သည့်တရား ဟူ၍ (၄)ပါး ဖြစ်ပေသည်။

သုတမယဉာဏ်ဖြင့်သစ္စာ (၄)ပါးသိပုံ

(၁) လောဘတဏှာတစ်ခုကို ကြဉ်ပယ်၍ လောကီခန္ဓာ (၅)ပါးသည် ဆင်းရဲခြင်း အစစ်အမှန် ဖြစ်သောကြောင့် ဒုက္ခသစ္စာတရား မည်၏။ ထိုဒုက္ခသစ္စာကို ပိုင်းခြား၍ သိရမည် ဖြစ်ပေသည်။
ပိုင်းခြား၍သိရမည့်ဒုက္ခများမှာ . . .

၁။ ဇာတိ = ပဋိသန္ဓေနေရခြင်း
၂။ ဇရာ = အိုရခြင်း
၃။ မရဏ = သေရခြင်း
၄။ သောက = စိုးရိမ်ရခြင်း
၅။ ပရိဒေဝ = ငိုကြွေးရခြင်း
၆။ ဒုက္ခ = ကိုယ်ဆင်းရဲခြင်း
၇။ ဒေါမနဿ = စိတ်ဆင်းရဲခြင်း
၈။ ဥပါယာသ = ပြင်းစွာပူပန်ရခြင်း
၉။ အပ္ပိယသမ္ပယောဂ = မချစ်သောသူနှင့်ယှဉ်တွဲ၍နေရခြင်း
၁၀။ ပိယဝိပ္ပယောဂ = ချစ်ခင်သူများနှင့် ကွေကွင်းရခြင်း
၁၁။ သံခိတ္တေနပဉ္စုပါဒါနက္ခန္ဓာ = အကျဉ်းချုပ်အားဖြင့် ဥပါဒါနက္ခန္ဓာ (၅)ပါး ဆင်းရဲခြင်း ဟူ၍ (၁၂)မျိုး ဖြစ်ပေသည်။

http://www.dhammadownload.com



(၂) လောဘတဏှာသည် ဆင်းရဲခြင်း၏အကြောင်းအမှန် ဖြစ်သောကြောင့် သမုဒယသစ္စာတရား မည်၏။ ထိုဆင်းရဲခြင်း၏အကြောင်းအမှန် ဖြစ်သော လောဘတဏှာသည် ပယ်ရမည့်တရား ဖြစ်ပေသည်။

ပယ်ရမည့် လောဘတဏှာမှာ . . .

(က) အာရုံ(၆)ပါးတို့ကို သာယာတပ်မက်နေသည့် ကာမတဏှာ

(ခ) အတ္တကောင်၊ ငါကောင်သည် မြဲသည်ဟု အယူရှိသော သဿတဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာ၊ ရူပဘဝ၊ အရူပဘဝ တို့၌ သာယာတပ်မက်သော ဘဝတဏှာ

(ဂ) သတ္တဝါတွေ ကွယ်လွန်သွားပြီးလျှင် ဘဝမရှိတော့ပြီ၊ ဘဝ ပြတ်သွားပြီ ဟု ယူဆသော ဥစ္ဆေဒဒိဋ္ဌိနှင့်တကွ ဖြစ်သော ဝိဘဝတဏှာ ဟူ၍ (၃)မျိုး ဖြစ်ပေသည်။

(၃) နိဗ္ဗာန်သည် ဆင်းရဲခြင်း၏ ချုပ်ငြိမ်းရာ အမှန်ဖြစ်သောကြောင့် နိရောဓသစ္စာတရား မည်၏။ ထိုနိဗ္ဗာန်သည် မျက်မှောက်ပြုရမည့်တရား ဖြစ်ပေသည်။ ထိုမျက်မှောက်ပြုအပ်သော နိဗ္ဗာန်သည် အသက်ရှင်နေကြသော အရိယာပုဂ္ဂိုလ်တို့ အာရုံပြုသောအားဖြင့် မျက်မှောက်ပြုအပ်သော သဉပါဒိသေသနိဗ္ဗာန်၊ ပရိနိဗ္ဗာန် စံဝင်သွားကြသော ရဟန္တာပုဂ္ဂိုလ်တို့ ရောက်ရှိသွားကြသည့် အနုပါဒိသေသ နိဗ္ဗာန်ဟူ၍ (၂)မျိုး ဖြစ်ပေသည်။

(၄) မဂ္ဂင်(၈)ပါးသည် ဆင်းရဲခြင်း၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ သွားရာလမ်းကြောင်း အမှန်ဖြစ်သောကြောင့် မဂ္ဂသစ္စာတရားမည်၏။ ထိုမဂ္ဂသစ္စာသည် ပွားများအပ်သောတရားဖြစ်ပေသည်။ ပွားများအပ်သော တရားများမှာ သမ္မာဒိဋ္ဌိ = မှန်ကန်စွာဖြင့် သိခြင်း၊ သမ္မာသင်္ကပ္ပ = မှန်ကန်စွာ ကြံစည်ခြင်း၊ သမ္မာဝါစာ = မှန်ကန်စွာ ပြောဆိုခြင်း၊ သမ္မာကမ္မန္တ = မှန်ကန်စွာ ပြုလုပ်ခြင်း၊ သမ္မာအာဇီဝ = မှန်ကန်စွာ အသက်မွေးခြင်း၊ သမ္မာဝါယာမ = မှန်ကန်စွာ လုံ့လပြုခြင်း၊ သမ္မာသတိ = မှန်ကန်စွာ သတိရခြင်း၊ သမ္မာသမာဓိ = မှန်ကန်စွာတည်ကြည်ခြင်း ဟူ၍ (၈)မျိုး ရှိပေသည်။

http://www.dhammadownload.com



## သစ္စာ (၄)ပါး အကြောင်းနှင့် အကျိုး ဖြစ်ပုံ

ထိုသစ္စာ (၄)ပါးတို့တွင် ဒုက္ခသစ္စာနှင့် နိရောဓသစ္စာတို့သည် အကျိုးသစ္စာများ ဖြစ်ကြပေသည်။ ထိုသစ္စာ (၄)ပါးတို့တွင် ဒုက္ခသစ္စာသည် သမုဒယသစ္စာကြောင့် ဖြစ်ပေါ်လာသော ဆင်းရဲခြင်း၏အမျိုးမျိုး အကျိုးတရား ဖြစ်ပေသည်။ နိရောဓသစ္စာသည် မဂ္ဂသစ္စာကို ပွားများခြင်းကြောင့် ဖြစ်ပေါ်လာသော ချမ်းသာစစ်ချမ်းသာမှန် အကျိုးတရား ဖြစ်ပေသည်။ ထို့ကြောင့် ဒုက္ခသစ္စာနှင့် နိရောဓ သစ္စာတို့သည် အကျိုးသစ္စာတို့ ဖြစ်ကြပေသည်။

သမုဒယသစ္စာနှင့် မဂ္ဂသစ္စာတို့သည် အကြောင်းသစ္စာတို့ ဖြစ်ကြပေသည်။ သမုဒယသစ္စာသည် ဒုက္ခသစ္စာဖြစ်ခြင်း၏ အကြောင်း ဖြစ်ပေသည်။ မဂ္ဂသစ္စာသည် နိရောဓသစ္စာဖြစ်ခြင်း၏ အကြောင်းဖြစ်ပေသည်။ ထို့ကြောင့် သမုဒယသစ္စာနှင့် မဂ္ဂသစ္စာတို့သည် အကြောင်းသစ္စာတို့ ဖြစ်ကြပေသည်။

## သစ္စာ (၄)ပါးကို ဝိပဿနာရှုရပုံ မရှုရပုံ

ဒုက္ခသစ္စာနှင့် သမုဒယသစ္စာတို့သည် လောကီသစ္စာများ ဖြစ်ကြပေသည်။ ထိုလောကီသစ္စာဖြစ်ကြသည့် ဒုက္ခသစ္စာနှင့် သမုဒယသစ္စာကို ဝိပဿနာရှုကြရပေသည်။ မဂ္ဂသစ္စာနှင့် နိရောဓသစ္စာတို့သည် လောကုတ္တရာသစ္စာများ ဖြစ်ကြပေသည်။ ထိုမဂ္ဂသစ္စာနှင့် နိရောဓသစ္စာတို့ကို ဝိပဿနာ မရှုကြရပေ ဟု သုတမယဉာဏ်ဖြင့် သိကြရပေသည်။

## ဘာဝနာမယဉာဏ်ဖြင့် သစ္စာ (၄)ပါးသိပုံ

ဝင်လေ ထွက်လေ ထိသိ အာနာပါနဖြင့် ဝိပဿနာရှုရာ၌ နာမရူပ ပရိစ္ဆေဒဉာဏ်မှစ၍ သစ္စာ (၄)ပါးကို သိခြင်းကိစ္စ ပြီးနေကြပေသည်။ မဂ္ဂသစ္စာကို ပွားများခြင်းကိစ္စ၊ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းကိစ္စ၊ သမုဒယသစ္စာကို ပယ်ခြင်းကိစ္စ၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းကိစ္စ ပြီးမြောက်နေကြပေသည်။

http://www.dhammadownload.com



## မဂ္ဂသစ္စာကို ပွားများခြင်းကိစ္စပြီးပုံ

ဝင်လေ ထွက်လေတို့၏ထိမှုကို ရှုမှတ်နေခိုက်တွင် သုတ္တန်နည်းအရ မဂ္ဂင် ရှစ်ပါး ပါဝင်နေသည်ဖြစ်၍ မဂ္ဂသစ္စာကို ပွားများခြင်းကိစ္စ ပြီးမြောက်နေပေသည်။

ဝင်လေ ထွက်လေတို့၏ ထိမှုကို ရှုမှတ်နေခိုက်တွင် ဝစီဒုစရိုက် (၄) ပါးမှ ရှောင်ကြဉ်ခြင်း = သမ္မာဝါစာ၊ ကာယဒုစရိုက် (၃)ပါးမှ ရှောင်ကြဉ်ခြင်း = သမ္မာကမ္မန္တ၊ ကာယဒုစရိုက် (၃)ပါး ဝစီဒုစရိုက် (၄)ပါးတို့မှ ရှောင်ကြဉ်၍ အသက်မွေးခြင်း = သမ္မာအာဇီဝဟူသော သီလမဂ္ဂင် (၃)ပါးတို့သည် ကိုယ် နှုတ်တို့ဖြင့် လွန်ကျူးမှုရှိမှ သီလပျက်သည်။ ဝင်လေ ထွက်လေတို့၏ ထိမှုကို ရှုမှတ်နေခိုက်တွင် စိတ်ဖြင့်ပင် လွန်ကျူးမှုမရှိသောကြောင့် သီလမဂ္ဂင် (၃)ပါး စင်ကြယ်စွာ ပါဝင်နေပေသည်။

ဝင်လေထွက်လေတို့၏ထိမှုကိုရှုမှတ်နေခိုက်တွင် သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟူသော သမာဓိမဂ္ဂင် (၃)ပါးလည်း ပါဝင်နေပေသည်။ ဝင်လေ၊ ထွက်လေတို့၏ ထိမှုပေါ် ခိုက်မှာ ရှုမှတ်နိုင်ရအောင် လုံ့လစိုက်ခြင်းသည် သမ္မာဝါယာမ ဖြစ်ပေသည်။ ထိမှုပေါ် လာသည်နှင့် တစ်ပြိုင်နက် (မမေ့နေပါဘဲ) မှတ်သိနိုင်ခြင်းသည် သမ္မာသတိ ဖြစ်ပေသည်။ ဝင်လေ ထွက်လေတို့၏ ထိမှုများ အစမှ အဆုံးတိုင်အောင် မှတ်သိစိတ်ကို တည်အောင် ထားပေးလိုက်ခြင်းသည် သမ္မာသမာဓိ ဖြစ်ပေသည်။ ဤကဲ့သို့ သမာဓိမဂ္ဂင် (၃)ပါး လည်း ပါဝင်နေပေသည်။

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဟူသော ပညာမဂ္ဂင် (၂)ပါးလည်း ပါဝင်နေပေသည်။ ဝင်လေ ထွက်လေတို့၏ ထိမှု အပေါ် သို့ မှတ်သိစိတ် တည့်တည့် ရောက်သွားရအောင် တင်ပေးလိုက်ခြင်းသည် သမ္မာသင်္ကပ္ပ ဖြစ်ပေသည်။ ထိမှုပေါ် သို့ မှတ်သိစိတ် ရောက်သွားသောအခါ ထိမှုက မသိတတ်သည့် ရုပ်တရား၊ မှတ်သိလိုက်တာက သိတတ်သည့် နာမ်တရားဟု အမှန်အတိုင်း နာမ်နှင့် ရုပ်ကို ပိုင်းခြား၍သိခြင်းသည် သမ္မာဒိဋ္ဌိ ဖြစ်ပေသည်။ ဤကဲ့သို့ ပညာမဂ္ဂင် (၂)ပါးလည်း ပါဝင်နေပေသည်။

http://www.dhammadownload.com



ယခုပြဆိုခဲ့ပြီးသည့်အတိုင်း ဝင်လေ ထွက်လေတို့၏ ထိမှုကို ရှုမှတ်ရာ၌ သီလမဂ္ဂင် (၃)ပါး၊ သမာဓိမဂ္ဂင် (၃)ပါး၊ ပညာမဂ္ဂင် (၂)ပါးဟူသော မဂ္ဂင် (၈)ပါးလုံး ပါဝင်နေသောကြောင့် မဂ္ဂသစ္စာကို ပွားများခြင်းကိစ္စ ပြီးမြောက်နေပေသည်။

## ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းကိစ္စပြီးပုံ

ဝင်လေ၊ ထွက်လေတို့၏ ထိမှုတို့သည် ရုပ်ဒုက္ခသစ္စာ ဖြစ်ပေသည်။ ဝင်လေ ထွက်လေတို့၏ ထိတိုင်း၊ ထိတိုင်း လိုက်၍ မှတ်သိ မှတ်သိနေခြင်းတို့သည် နာမ်ဒုက္ခသစ္စာ ဖြစ်ပေသည်။ ဤကဲ့သို့ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းကိစ္စလည်း ပြီးမြောက်နေပေသည်။

## သမုဒယသစ္စာကိုပယ်ခြင်းကိစ္စပြီးပုံ

ဝင်လေ၊ ထွက်လေတို့၏ ထိမှုများကို ရှုမှတ်နေသည့်အခိုက်တွင် လောဘတဏှာ၊ သမုဒယဖြစ်ခွင့် မရ၍၊ ယင်းသမုဒယကို ဖြစ်ခွင့်မရအောင် ပယ်ထားခြင်းဖြင့် သမုဒယသစ္စာကို ပယ်ခြင်းကိစ္စပြီးမြောက်နေပေသည်။

## နိရောဓသစ္စာသို့ ဆိုက်ရောက်ခြင်းကိစ္စပြီးပုံ

ဝင်လေ၊ ထွက်လေတို့၏ ထိမှုများကို ရှုမှတ်နေခိုက်တွင် သမုဒယ လောဘတဏှာသည် ဖြစ်ခွင့်မရ၍ ချုပ်ငြိမ်းသွားပေသည်။ သမုဒယတဏှာ ချုပ်ငြိမ်းသွားခြင်းကြောင့် စွဲလမ်းခြင်း ဥပါဒါန်လည်း ချုပ်ငြိမ်းသွားပေသည်။ ဥပါဒါန်ချုပ်ငြိမ်းသွားခြင်းကြောင့် ကံများလည်း ချုပ်ငြိမ်းသွားကြပေသည်။ ကံများ ချုပ်ငြိမ်းသွားခြင်းကြောင့် ဘဝများလည်း ချုပ်ငြိမ်းသွားကြပေသည်။ ဘဝများချုပ်ငြိမ်းသွားခြင်းကြောင့် ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း၊ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်း စသော ဒုက္ခအမျိုးမျိုးတို့ ချုပ်ငြိမ်းသွား

http://www.dhammadownload.com



ကြရပေသည်။ ဤကဲ့သို့ ချုပ်ငြိမ်းသွားခြင်းဖြင့် တဒင်္ဂ နိရောဓသို့ ဆိုက်ရောက်ခြင်းကိစ္စ ပြီးမြောက်သွားပေသည်။

ဆောင်ပုဒ် ။ ။ ပွားသိ ပယ်ဆိုက်၊ ဖြစ်ခိုက်ရှုပါ၊ ဤလေးဖြာ၊
မှန်စွာ သိရမည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်
(၁၀-၆-၁၉၉၈)

http://www.dhammadownload.com

# အေအိုင်တီ အပြည်ပြည်ဆိုင်ရာဗုဒ္ဓဘာသာအသင်း ဖွင့်ပွဲမှာ သိကောင်းစရာ

အမေရိကန်နိုင်ငံမှ ဆရာတော်ဦးခိပ္ပပညောနှင့် ဦးဝီရပညောတို့က ပင့်လျှောက်ကြသဖြင့် ဆရာတော်နှင့် ဦးကောဝိဒ၊ ဦးတင်ဦးလှိုင်တို့သည် ၁၃၆၀ပြည့်၊ ကဆုန်လဆန်း (၁)ရက် (၂၆-၄-၉၈) တနင်္ဂနွေနေ့မှစ၍ အမေရိကန်နိုင်ငံတရားစခန်း (၆)ခုသို့ ကြွရောက်၍ တရားဟော တရားပြ ဆောင်ရွက်ခဲ့ကြပါသည်။

အပြန်ခရီးတွင် ဘန်ကောက်မြို့ အေအိုင်တီ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ အသင်းဖွင့်ပွဲသို့ ကြွရောက်၍ တရားဟောကြားပေးပါရန် အေအိုင်တီ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာအသင်း၏ ဥက္ကဋ္ဌ ဦးစိုးဝင်းမြင့်က ပင့်လျှောက်သဖြင့် ဆရာတော်နှင့် ဦးတင်ဦးလှိုင်တို့သည် ကြွရောက်၍ အေအိုင်တီ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ အသင်း၏ တည်းရာ ခန်းမဆောင်၌ သာသနာ ၃-တန် အရှည်တည်တံ့ရန် တရားတော်ကို ဟောကြားပေးခဲ့ရပါသည်။

အပြည်ပြည်မှ ဗုဒ္ဓဘာသာဝင် ကျောင်းသူ၊ ကျောင်းသားများ၊ အေအိုင်တီ မှ ဆရာ ဆရာမများ၊ (အေအိုင်တီ)မှ သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် ဘန်ကောက်မြို့ အဆမ်းရှင်တက္ကသိုလ် (ABAC)မှ ဆရာ ဆရာမများလည်း လာရောက်၍ တရားနာ ကြပေသည်။ တရားနာပရိသတ် (၂၀၀)ကျော်ခန့်ရှိပါသည်။ ဦးတင်ဦးလှိုင်က အင်္ဂလိပ်လို ဘာသာပြန်ပေးပါသည်။

တရားနာပရိသတ်များနှင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံလွန်တော်မူသွားပြီးသောအခါ ဗုဒ္ဓမြတ်စွာ ထားတော်မူခဲ့သည့် အဆုံးအမ သာသနာတော်ကြီးကို သက်တော်ထင်ရှား မြတ်စွာဘုရားကဲ့သို့ မှီခိုအား

http://www.dhammadownload.com



ထားကာ ကိုးကွယ်ဆည်းကပ်၍ နေကြရပေသည်။ သာသနာတော်ကြီး၏ အဆုံးအမကို ခံယူ၍ ကျင့်သုံးကာ နေထိုင်ကြရပေသည်။ ထိုဗုဒ္ဓမြတ်စွာ၏ အဆုံးအမ သာသနာတော်ကြီး အရှည်တည်တံ့နိုင်မြဲအောင်လည်း ဆောင်ရွက်ကြရပေသည်။

ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ သာသနာတော်ကြီးသည် ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်များနှင့် ကမ္ဘာသူ ကမ္ဘာသားတို့အတွက် အလင်းဓာတ်ကြီး တစ်ခု ဖြစ်ပေသည်။ ထိုအလင်းဓာတ်သာသနာတော်ကြီးက လမ်း (၃)သွယ်ကို ထွန်းပြပေးလျက်ရှိပေသည်။

(က) ဤလမ်းက သွားလျှင် အမှောင်ဖြစ်သည့် အပါယ် (၄)ဘုံသို့ ရောက်သွားနိုင်ကြပေသည်။

(ခ) ဤလမ်းက သွားလျှင် အလင်းဖြစ်သည့် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်သို့ ရောက်သွားနိုင်ကြပေသည်။

(ဂ) ဤလမ်းကသွား၍ တစ်ခါတစ်ခေါက် ရောက်သွားလျှင် နောင်ဘယ်သောအခါမှ အမှောင်သို့ ပြန်မရောက်နိုင်သည့် နိဗ္ဗာန်သို့ ရောက်သွားနိုင်ကြပေသည်ဟု အလင်းဓါတ်သာသနာတော်ကြီးက ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်များနှင့် ကမ္ဘာသူ ကမ္ဘာသားတို့ကို ထွန်းပြလျက် ရှိနေပေသည်။

(က) ဤလမ်းကသွားလျှင် အမှောင်ဖြစ်သည့် အပါယ် (၄)ဘုံသို့ ရောက်သွားနိုင်သည်ဟု ဆိုရာ၌ အပါယ် (၄)ဘုံသည် ဉာဏ်ရောင်အလင်း မရှိသောကြောင့် အမှောင် ဖြစ်ပေသည်။ ဒုစရိုက် (၁၀)ပါး အကျင့်လမ်းစဉ်သည် အပါယ်သို့သွားရာ အမှောင်လမ်း ဖြစ်ပေသည်။

ဒုစရိုက် (၁၀)ပါးဟူသည် သူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးခြင်း၊သူ့သားမယားကို လွန်ကျူး ဖျက်ဆီးခြင်းဟူသော ကာယဒုစရိုက် (၃)ပါး၊ လိမ်ပြောခြင်း၊ ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းစွာ ဆဲဆိုကြိမ်းမောင်း၍ ပြောဆိုခြင်း၊ အကျိုးမရှိသည်များကို ပြောဆိုခြင်းဟူသော ဝစီဒုစရိုက် (၄)ပါး၊ သူတစ်ပါးဥစ္စာကို မတရားသဖြင့် ယူဖို့ရာ ကြံစည်ခြင်း၊ သူတစ်ပါးတို့ ဆုံးရှုံးနစ်နာဖို့

http://www.dhammadownload.com



ရာကို ကြံစည်ခြင်း၊ အယူလွဲ အယူမှားကို ယူခြင်း ဟူသော မနောဒုစရိုက် (၃)ပါးဟူ၍ ဒုစရိုက် (၁၀)ပါး ဖြစ်ပေသည်။

(ခ) ဤလမ်းက သွားလျှင် အလင်းဖြစ်သည့် လူပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်သို့ရောက်သွားနိုင်ကြပေသည်ဟု ဆိုရာ၌ လူပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့သည် ဉာဏ်ရောင် အလင်းရှိသောကြောင့် အလင်းဖြစ်ကြပေသည်။ သုစရိုက် (၁၀)ပါး အကျင့်လမ်းစဉ်သည် လူပြည် နတ်ပြည် ဗြဟ္မာ့ပြည်သို့သွားရာ အလင်းလမ်း ဖြစ်ပေသည်။

သုစရိုက် (၁၀)ပါး ဟူသည် သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူ့ဥစ္စာကို ခိုးခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူ့သားမယားကို လွန်ကျူး ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ခြင်း ဟူသော ကာယသုစရိုက် (၃)ပါး၊ လိမ်ပြောခြင်း မှ ရှောင်ကြဉ်ခြင်း၊ ကုန်းတိုက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကြမ်းတမ်းစွာ ဆဲဆိုကြိမ်းမောင်း၍ ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ အကျိုးမရှိသည်များကို ပြောဆိုခြင်း မှ ရှောင်ကြဉ်ခြင်း ဟူသော ဝစီသုစရိုက် (၄)ပါး၊ သူတစ်ပါးဥစ္စာကို မတရားယူဖို့ရာ ကြံစည်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါးတို့ ဆုံးရှုံးနစ်နာရအောင် ကြံစည်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ အယူလွဲ အယူမှားကို ယူခြင်းမှ ရှောင်ကြဉ်ခြင်း ဟူသော မနောသုစရိုက် (၃)ပါးဟူ၍ သုစရိုက် (၁၀)ပါးတို့ ဖြစ်ကြပေသည်။

(ဂ) ဤလမ်းကသွား၍ တစ်ခါတစ်ခေါက် ရောက်သွားလျှင် နောင်ဘယ်သောအခါမှ အမှောင်သို့ ပြန်မရောက်နိုင်သည့် နိဗ္ဗာန်သို့ ရောက်သွားနိုင်ကြပေသည် ဟု ဆိုရာ၌ ဝိပဿနာတရား အားထုတ်၍ ရှေးဦးစွာသောတာပတ္တိမဂ်ဉာဏ်ဖြင့် အာရုံပြု၍ နိဗ္ဗာန်သို့ တစ်ကြိမ် ရောက်သွားသည်နှင့် တစ်ပြိုင်နက် အမှောင်ဖြစ်သည့် အပါယ်ဘုံများသို့ ဘယ်သောအခါမှ ပြန်၍မရောက်ကြရတော့ပေ။ နိဗ္ဗာန်သည် အမှောင်ဖြစ်သည့် ကိလေသာတို့မှ လွတ်ကင်းရာ အလင်းဆုံး ဖြစ်ပေသည်။ သတိပဋ္ဌာန်တရား -၄ပါး အကျင့်လမ်းစဉ်သည် ကိလေသာ အမှောင်တို့မှ လွတ်ကင်းရာ နိဗ္ဗာန်သို့ သွားရာ အလင်းဆုံးလမ်းဖြစ်ပေသည်။

http://www.dhammadownload.com



သတိပဋ္ဌာန်တရား (၄)ပါး ဟူသည် -

၁။ ကိုယ်အမူအရာများ ဖြစ်တိုင်း ဖြစ်တိုင်းကို သိအောင် ရှုမှတ်ရသည့် ကာယာနုပဿနာသတိပဋ္ဌာန်။

ဆောင်ပုဒ် ။ ။ **ကိုယ်အမူအရာ၊ ဖြစ်တိုင်းမှာ၊ မှန်စွာ သိရမည်။**

၂။ ကောင်းသည့် သုခဝေဒနာ၊ ဆိုးသည့် ဒုက္ခဝေဒနာ၊ ကောင်းသည်လည်း မဟုတ် ဆိုးသည်လည်း မဟုတ် အလယ်အလတ်ဖြစ်သည့် ဥပေက္ခာဝေဒနာတို့ကို သိအောင် ရှုမှတ်ရသည့် ဝေဒနာနုပဿနာ သတိပဋ္ဌာန်။

ဆောင်ပုဒ် ။ ။ **ကောင်းဆိုးလတ်ပါ၊ ဝေဒနာ၊ ပေါ်တာ သိရမည်။**

၃။ လောဘနှင့်တကွ ဖြစ်သောစိတ်၊ ဒေါသနှင့်တကွ ဖြစ်သောစိတ်၊ ဝိစိကိစ္ဆာနှင့်တကွ ဖြစ်သောစိတ် စသည်ဖြင့် စိတ်အမူအရာများ ဖြစ်တိုင်း ဖြစ်တိုင်းကို သိအောင်ရှုမှတ်ရသည့် စိတ္တာနုပဿနာ သတိပဋ္ဌာန်။

ဆောင်ပုဒ် ။ ။ **စိတ်အမူအရာ၊ ဖြစ်တိုင်းမှာ၊ မှန်စွာ သိရမည်။**

၄။ မြင်ရာ ကြားရာ စသည်တို့၌ မြင်ကာမျှမတ္တသဘော၊ ကြားကာမျှ မတ္တသဘောစသည့်သဘောတရားများကို သိအောင် ရှုမှတ်ရသည့် ဓမ္မာနုပဿနာသတိပဋ္ဌာန် ဟူ၍ ၄ပါးတို့ ဖြစ်ကြပေသည်။

ဆောင်ပုဒ် ။ ။ **သဘောတရား၊ ထင်ပေါ်ငြား၊ ပိုင်းခြား သိရမည်။**

http://www.dhammadownload.com



## သာသနာ (၃)တန် သိဖို့ရန်

အလင်းဓါတ်ဖြစ်သည့် ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ သာသနာတော်ကြီးသည် ၃-မျိုး ရှိပေသည်။

၁။ သင်ယူအပ်သည့် ပိဋကတ် (၃)ပုံ တည်းဟူသော ပရိယတ္တိသာသနာ

၂။ ကျင့်ကြံအပ်သည့် သီလအကျင့်၊ သမာဓိအကျင့်၊ ပညာအကျင့်တည်းဟူသော ပဋိပတ္တိသာသနာ

၃။ သစ္စာ (၄)ပါးကို ထိုးထွင်း၍ သိတတ်သည့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် တည်းဟူသော ပဋိဝေဓသာသနာ ဟူ၍ (၃)မျိုး ရှိပေသည်။

ဆောင်ပုဒ် ။ ။ သင်ယူ၊ ကျင့်ကြံ၊ ထိုးထွင်းဉာဏ်၊ (၃)တန် သာသနာ။

တရားနာပရိသတ်များနှင့်တကွ ဗုဒ္ဓဘာသာဝင်တို့သည် မိမိတို့ သန္တာန်မှာ သာသနာ -၃တန် တည်ရှိလာဖို့ရန် အားထုတ်ကြရပေသည်။

၁။ ပရိယတ္တိသာသနာ တည်ရှိဖို့ရာမှာ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ ဟူ၍ သရဏဂုံ ဆောက်တည်ပုံ ပါဠိကိုလည်း သင်ယူကြရပေသည်။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ စသည်ဖြင့် ငါးပါးသီလခံယူပုံ ပါဠိကို သင်ယူကြရပေသည်။ ဘုရားဂုဏ်တော် (၉)ပါး၊ တရားဂုဏ်တော် (၆)ပါး၊ သံဃာဂုဏ်တော် (၉)ပါး စသည့် ပါဠိများကိုလည်း သင်ယူကြရပေသည်။ ဤကဲ့သို့ သင်ယူခြင်းများသည် မိမိသန္တာန်၌ ပရိယတ္တိသာသနာတည်လာခြင်းပင် ဖြစ်ပေသည်။

၂။ သင်ယူခဲ့သည့်အတိုင်း ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းခြင်း၊ ရှစ်ပါးသီလ၊ ကိုးပါးသီလများကို စောင့်ထိန်းခြင်း၊ သမထတရား၊ ဝိပဿနာတရားတို့ကို ပွားများ အားထုတ်ခြင်းတို့သည် မိမိသန္တာန်၌ ပဋိပတ္တိသာသနာ တည်လာခြင်းပင် ဖြစ်ပေသည်။

http://www.dhammadownload.com



၃။ အမြင့်ဆုံး၊ အမြတ်ဆုံးအားဖြင့် ဝိပဿနာတရားအားထုတ်၍ သစ္စာ(၄)ပါးကို ထိုးထွင်း၍ သိသော မဂ်ဉာဏ် ဖိုလ်ဉာဏ်များ မိမိတို့သန္တာန်၌ ဖြစ်ပေါ်လာခြင်းသည် ပဋိဝေဓသာသနာတည်လာခြင်းပင် ဖြစ်ပေသည်။ အနိမ့်ဆုံး၊ အယုတ်ဆုံးအားဖြင့် ဝိပဿနာတရား အားထုတ်၍ နာမ်နှင့် ရုပ်ကို ပိုင်းခြားကာ ထိုးထွင်း၍ သိလာခြင်းသည် မိမိတို့သန္တာန်၌ ပဋိဝေဓသာသနာ တည်လာခြင်းပင် ဖြစ်ပေသည်။

ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ပြသော နည်းဖြင့် ဝိပဿနာတရားအားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် ထိုင်၍ ရှုမှတ်သောအခါ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်ဟု ရှုမှတ်ကြရပေသည်။ ရှုမှတ်ခါစ သမာဓိဉာဏ်များ မဖြစ်သေးမီမှာတော့ မည်ကဲ့သို့မျှ ထူးခြားစွာ မသိကြရသေးပေ။ သမာဓိဉာဏ်များ ဖြစ်လာသောအခါ ရှုမှတ်နေစဉ်မှာပင် ဖောင်းတာက တစ်ခြား၊ မှတ်သိလိုက်တာက တစ်ခြား၊ ပိန်တာက တစ်ခြား၊ ထိတာက တစ်ခြား၊ မှတ်သိလိုက်တာက တစ်ခြားဟူ၍ ကွဲပြားကာ ထိုးထွင်း၍ သိလာကြပေသည်။

ဖောင်းတာ၊ ပိန်တာ၊ ထိုင်တာ၊ ထိတာတို့က မသိတတ်သည့် ရုပ်တရား၊ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်လို့ မှတ်သိ မှတ်သိလိုက်တာတို့က သိတတ်သည့် နာမ်တရားဟူ၍ ကွဲပြားကာ နာမ်နှင့် ရုပ်ကို ထိုးထွင်း၍ သိခြင်းသည် မိမိတို့ သန္တာန်၌ အနိမ့်ဆုံး၊ အယုတ်ဆုံးအားဖြင့် ပဋိဝေဓသာသနာတည်လာခြင်းပင် ဖြစ်ပေသည်။ ပဋိဝေဓသာသနာ မိမိတို့သန္တာန်မှာ တည်ရှိမှသာ သာသနာတော်နှင့် တွေ့ကြုံရခြင်း အကျိုး ပြည့်စုံကြမည် ဖြစ်ပေသည်။ သာသနာ ၃-တန် အရှည်တည်တံ့အောင် ဆောင်ရွက်နိုင်ကြမည် ဖြစ်ပေသည်။

သာသနာ (၃)တန် တည်တံ့နိုင်ပုံ ဥပမာမှာ -

ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟူသော သာသနာသုံးတန် တည်တံ့နေပုံမှာ ရေကန်တစ်ခု၌ (၁)ကန်ပေါင် (၂)ရေ (၃)ကြာဟူ၍ ၃-မျိုးရှိရာတွင် ကန်ပေါင်ရှိမှ ရေတည်ရှိနိုင်ပေသည်။ ရေရှိမှသာ ကြာရှိ နိုင်သကဲ့သို့ ပရိယတ္တိသာသနာက ကန်ပေါင်နှင့် တူပေသည်။

http://www.dhammadownload.com



ပဋိပတ္တိသာသနာက ရေနှင့် တူပေသည်။ ပဋိဝေဓသာသနာက ကြာနှင့်တူပေသည်။

ထို့ကြောင့် ကန်ပေါင်နှင့် တူသည့် ပိဋကတ်တော်များကိုလည်း သင်ယူကြရပေသည်။ ရေနှင့်တူသည့် သီလသမာဓိပညာအကျင့်များကိုလည်း ကျင့်ကြံအားထုတ်ကြရပေသည်။ ရေနှင့်တူသည့် ပဋိပတ္တိသာသနာပြည့်စုံမှသာလျှင် ကြာနှင့်တူသည့် ပဋိဝေဓသာသနာတည်ရှိလာနိုင်မည် ဖြစ်ပေသည်။ ဤကဲ့သို့ ပဋိဝေဓသာသနာအထိ သာသနာ-၃တန် အရှည်တည်ဖို့ရန်မှာ သတိပဋ္ဌာန်တရား -၄ပါး ဖြင့် ဝိပဿနာတရားအားထုတ်ကြရပေသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူသွားပြီးသောအခါမှာ သတိပဋ္ဌာန်တရား -၄ပါး ဖြင့် ဝိပဿနာတရား ပွားများအားထုတ်မှုရှိမှသာ သာသနာတော်ကြီး အရှည်တည်တံ့နိုင်တော့မည့် အကြောင်းကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

တစ်ချိန်သောအခါ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ပုဏ္ဏားတစ်ယောက်သည် မြတ်စွာဘုရားထံသို့ ရောက်လာခဲ့ပါသည်။ မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာစကားပြောကြားပြီးသောအခါ မြတ်စွာဘုရားကို လျှောက်ထားပါသည်။

မြတ်စွာဘုရား . . . မြတ်စွာဘုရားပရိနိဗ္ဗာန်စံလွန်တော်မူသွားပြီးသောအခါ မြတ်စွာဘုရား၏ အဆုံးအမ သာသနာသည် မည်မျှလောက် အရှည်တည်တံ့နိုင်ပါသနည်း . . . အရှည်တည်တံ့နိုင်ခြင်း အကြောင်းကို သိလိုပါသည် . . . ဟု လျှောက်ထားသဖြင့် သာသနာအရှည် မတည်တံ့နိုင်ခြင်းအကြောင်းနှင့် အရှည်တည်တံ့နိုင်ခြင်း အကြောင်းတို့ကို ဟောကြားတော်မူခဲ့ပါသည်။

အို . . . ပုဏ္ဏား၊ ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူသွားပြီးသောအခါမှာ ငါဘုရား၏ တပည့်သား ရဟန်း သံဃာတော်များနှင့် သာသနာတော်ကို ကိုးကွယ်ဆည်းကပ်ကြသည့် ဒကာ၊ ဒကာမတို့သည် သတိပဋ္ဌာန်တရား -၄ပါးကို မပွားများ၊ အားမထုတ်ကြလျှင် ငါ-ဘုရား၏ သာသနာတော်သည် အရှည်မတည်တံ့နိုင်တော့ပေ၊ ကွယ်သွားမည် ဖြစ်ပေသည်ဟု ဟောကြားတော်မူလိုက်ပါသည်။ တရားနာပရိသတ်များနှင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်များ သတိ

http://www.dhammadownload.com



ထားဖွယ် ကောင်းလှသဖြင့် ဆောင်ပုဒ်စီထားပါသည်။ ဆိုကြည့်သင့်ကြပါသည်။

ဆောင်ပုဒ် ။ ။ **သတိပဋ္ဌာန်တရား၊ မပွားများလျှင်၊ သာသနာပင် အစဉ်ကွယ်လိမ့်မည်။**

ထို့နောက် မြတ်စွာဘုရား ဆက်လက်၍ ဟောကြားတော်မူပြန်သည်မှာ -

"ငါ-ဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသောအခါမှာ ငါ-ဘုရား၏ တပည့်သား ရဟန်းသံဃာတော်များနှင့် သာသနာတော်ကို ကိုးကွယ်ဆည်းကပ်ကြသော ဒကာ၊ ဒကာမတို့သည် သတိပဋ္ဌာန်တရား ၄-ပါးကို ပွားများ အားထုတ်နေကြလျှင် ငါ-ဘုရား၏ သာသနာတော်သည် အရှည်တည်တံ့နေလိမ့်မည်"ဟု ဟောကြားတော်မူခဲ့ပါသည်။

ထို့ကြောင့် တရားနာပရိသတ်များနှင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အချိန်ရသမျှ သတိပဋ္ဌာန်တရား ၄-ပါးဖြင့် ဝိပဿနာတရားကို ပွားများအားထုတ်နေကြရခြင်း ဖြစ်ပေသည်။

ဆောင်ပုဒ် ။ ။ **သာသနာမကွယ်ရန်၊ သတိပဋ္ဌာန်၊ အမှန်ပွားရမည်၊ သာသနာမကွယ်လို၊ သတိပဋ္ဌာန်ကို၊ ပွားကို ပွားရမည်။**

ဤကဲ့သို့ ဘန်ကောက်မြို့ အေအိုင်တီ-အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာအသင်းဖွင့်ပွဲ၌ သာသနာသုံးတန် အရှည်တည်တံ့ရန် တရားတော်ကို နာကြားရသဖြင့် နာကြားရသောအတိုင်း လိုက်နာကျင့်ကြံပွားများ အားထုတ်နိုင်ကြပြီးလျှင် မိမိတို့ အလိုရှိအပ် တောင့်တအပ်သော တရားထူး တရားမြတ်တို့ကို ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာ ဖြစ်သော နိဗ္ဗာန်ချမ်းသာကို လွယ်ကူသော အကျင့်ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု . . . သာဓု . . . သာဓု

http://www.dhammadownload.com



ဘန်ကောက်မြို့၊ အေအိုင်တီ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာအသင်း ဖွင့်ပွဲ၌ ဟောကြားစဉ်က ဒုစရိုက် (၁၀)ပါး၊ သုစရိုက် (၁၀)ပါး၊ သတိပဋ္ဌာန် တရား ၄-ပါးတို့ကို အကျဉ်းမျှသာ ဟောကြားပေးနိုင်ခဲ့ပါသည်။ တရားဆောင်း ပါး ဖတ်ရှုသူများ အကျယ်ကို လွယ်ကူစွာ သိနိုင်ကြစေရန်အတွက် ဒုစရိုက် (၁၀)ပါး သုစရိုက် (၁၀)ပါး သတိပဋ္ဌာန်တရား -၄ပါး တို့ကို အကျယ်ဖွင့်ပြ ကာ ရေးသား ဖော်ပြလိုက်ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်
(၂၃-၆-၁၉၉၈)

http://www.dhammadownload.com

# အကြောက်ဖျောက်ရန် နည်းနှစ်တန်

အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်၊ ရေးဗားဆိုက် သကျမုနိရိပ်သာနှင့် ဝါရှင်တန် ဇေတဝန ဝိဟာရ ရိပ်သာမှ ဦးခိပ္ပပညောနှင့် ဦးဝီရပညောတို့က တရားဟော တရားပြ ပင့်လျှောက်ကြသဖြင့် ဆရာတော်နှင့် ဦးကောဝိဒ၊ ဦးတင်ဦးလှိုင်တို့သည် ရန်ကုန်မှ ၁၃၆၀-ပြည့်၊ ကဆုန်လဆန်း (၁)ရက်၊ (၂၆-၄-၉၈) တနင်္ဂနွေနေ့က ကြွလာခဲ့ကြပါသည်။ တရားစခန်းများ၏ အစီအစဉ်အရ ရေးဗားဆိုက် သကျမုနိရိပ်သာ၌ (၁၀)ရက်၊ ချီကာဂို ဓမ္မာရာမ် ထိုင်းဘုန်းတော်ကြီးကျောင်း၌ (၅)ရက်၊ ဝါရှင်တန် ဇေတဝနဝိဟာရရိပ်သာ၌ (၁၀)ရက် တရားစခန်းများ ဖွင့်၍ ဆောင်ရွက်ခဲ့ကြပါသည်။

ဝါရှင်တန် ဇေတဝနဝိဟာရ ရိပ်သာတရားစခန်းကို ၁၃၆၀-ပြည့်၊ ကဆုန်လဆုတ် (၈)ရက် (၁၈-၅-၉၈) တနင်္လာနေ့မှစ၍ နယုန်လဆန်း (၂)ရက်၊ (၂၇-၅-၉၈) ဗုဒ္ဓဟူးနေ့အထိ (၁၀)ရက် တရားစခန်းဖွင့်၍ တရားဟော၊ တရားပြ ဆောင်ရွက်ကြပါသည်။ နယုန်လဆန်း (၂)ရက် (၂၇-၅-၉၈) ဗုဒ္ဓဟူးနေ့တွင် တရားစခန်းသိမ်းပွဲ ပြုလုပ်ကြပါသည်။ တရားစခန်းသိမ်းပွဲသို့ အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ နေထိုင်ကြသော ဦးတင်ညွန့်နှင့် ဇနီး ဒေါ်တင်တင်ထွဋ်တို့သည် ဆရာတော်ထံ လာရောက်၍ ပစ္စည်းလေးပါးအတွက် နဝကမ္မများ လာလှူဒါန်း ကြပါသည်။ တရားဓမ္မနှင့် စပ်သော လျှောက်ထားဖွယ်များကိုလည်း လျှောက်ထားကြပါသည်။

မေး။ ။ ဦးတင်ညွန့် - ဒေါ်တင်တင်ထွဋ်တို့မှာ တစ်အိမ်တည်း အတူနေသည့် မောင်မျိုးမောင် (ခေါ်) သားတစ်ယောက်ရှိပါသည်။ ထိုသားသည် အသက် (၂၇)နှစ်ရှိပြီး ဖြစ်သော်လည်း အလွန်ကြောက်တတ်သောသူ ဖြစ်ပေသည်။

http://www.dhammadownload.com



မိဘများ ကွယ်လွန်သွားပြီးသည့်နောက် ဘယ်လိုနေထိုင်ရမည်ကိုလည်း စိုးရိမ်ကြောက်လန့်ခြင်း ဖြစ်နေပေသည်။ ထိုသား၏ ကြောက်လန့်မှုများကို ပျောက်ကင်းစေနိုင်သည့် တရားနည်းလမ်းများကို မိန့်ကြားပေးပါဟု မိဘဖြစ်သူ ဦးတင်ညွှန့်-ဒေါ်တင်တင်ထွေးတို့က လျှောက်ထားကြပါသည်။ ထို့ကြောင့် အကြောက်ဖျောက်နည်း (၂)ပါးကို ဟောကြားပေးခဲ့ရပါသည်။

## အကြောက်ဖျောက်နည်း (၂)ပါး

ဖြေ။ ။ ကြောက်စရာ အာရုံအမျိုးမျိုးတို့နှင့် တကယ်တွေ့ကြုံရ၍ ကြောက်စိတ်များ ပြင်းထန်စွာ ဖြစ်လာသောအခါ ကြောက်စရာ အာရုံအမျိုးမျိုးတို့နှင့် မတွေ့ကြုံရပါသော်လည်း စိတ်ထဲတွင် တွေးကြံဆပြီး ကြောက်စိတ်များ ပြင်းထန်စွာ ဖြစ်လာသောအခါတို့၌ ကြောက်စိတ်ကို ပယ်ဖျောက်ဖို့ရာ အကျဉ်းချုပ်အားဖြင့် နည်း (၂)ပါး ရှိပေသည်။

(၁) ကြောက်စိတ်များ ဖြစ်လာသောအခါ မြတ်စွာဘုရား၏ ဂုဏ်တော်များကို ပွားများခြင်း၊ မိမိ၏ အသက်နှင့် ခန္ဓာကိုယ်ကို မြတ်စွာဘုရားအား လှူဒါန်းထားခြင်းတို့ဖြင့် ကြောက်စိတ်ကို ပယ်ဖျောက်ခြင်း။

(၂) ဝိပဿနာတရား အဆင့်အတန်း မှီအောင် အားထုတ်ခြင်းဖြင့် ကြောက်စိတ်ကို ပယ်ဖျောက်ခြင်းဟူ၍နည်း (၂)နည်း ရှိပေသည်။

၁။ ကြောက်စိတ်များ ဖြစ်ပေါ်လာသောအခါ မြတ်စွာဘုရား၏ ဂုဏ်တော်များကို ပွားများခြင်း၊ မိမိ၏အသက်နှင့် ခန္ဓာကိုယ်ကို မြတ်စွာဘုရားအား လှူဒါန်း ထားခြင်းတို့ဖြင့် ကြောက်စိတ်ကို ပယ်ဖျောက်ခြင်းဟု ဆိုရာ၌ အာရုံ အမျိုးမျိုး တို့ကြောင့် မိမိမှာ ကြောက်စိတ်များ ပြင်းထန်စွာ ဖြစ်ပေါ်လာသောအခါ အရဟံ- ကိလေသာရန်သူကို ပယ်သတ်တော်မူသော မြတ်စွာဘုရားပါတကား စသည် ဖြင့် မြတ်စွာဘုရား၏ ဂုဏ်တော်များကို ပွားများခြင်းဖြင့်လည်း ကြောက်စိတ်များ ပျောက်ကင်းသွားနိုင်ပေသည်။

http://www.dhammadownload.com



ထိုသို့ မြတ်စွာဘုရား၏ ဂုဏ်တော်များကို ပွားများ ပါသော်လည်း ကြောက်စိတ်များ မပျောက်ကင်းခဲ့သော် မြတ်စွာဘုရားကို တကယ်ယုံကြည် အားကိုးသောစိတ်ဖြင့် မိမိ၏ အသက်နှင့် ခန္ဓာကိုယ်ကို မြတ်စွာဘုရားအား လှူဒါန်းလိုက်ရပေသည်။ ဤကဲ့သို့ လှူဒါန်းလိုက်ခြင်းဖြင့်လည်း ကြောက်စိတ်များ ပျောက်ကင်းသွားနိုင်ပေသည်။

မြတ်စွာဘုရားသည် ကြောက်ခြင်းကို ဖြစ်စေတတ်သည့် လောဘ၊ ဒေါသ၊ မောဟ မာန်မာနစသော ကိလေသာရန်သူတို့ကို အပြီးတိုင် ပယ်သတ်ပြီးသည်ဖြစ်၍၊ ကြောက်ခြင်းမှ လုံးဝကင်းတော်မူသော မြတ်စွာဘုရား ဖြစ်ပေသည်။ ထိုမြတ်စွာဘုရား၏ အရဟံ စသော ဂုဏ်တော်များ၏ အစွမ်းသတ္တိများကြောင့် မိမိ၏ ကြောက်စိတ်များ ပျောက်ကင်းသွားနိုင်ပေသည်။

မြတ်စွာဘုရား၏ ဂုဏ်တော်တို့သည် ကြံဆ၍ မရနိုင်အောင် ထူးကဲများပြားလှပေသည်။ ထိုဂုဏ်တော်တို့၏ အစွမ်းသတ္တိ အာနုဘော်တို့သည်လည်း ကြံဆ၍ မရနိုင်အောင် ထူးကဲ များပြား လှပေသည်။ ထို့ကြောင့် မြတ်စွာဘုရား၏ အရဟံစသော ဂုဏ်တော်တို့ကို ပွားများခြင်းဖြင့် မိမိ၏ ကြောက်စိတ်များ ပျောက်ကင်းသွားနိုင်ခြင်း ဖြစ်ပေသည်။

မြတ်စွာဘုရားကို တကယ်ယုံကြည်အားကိုးသော စိတ်ဖြင့် မိမိ၏ အသက်နှင့်ခန္ဓာကိုယ်ကို မြတ်စွာဘုရားအား လှူဒါန်းထားသော ပုဂ္ဂိုလ်တို့သည် မိမိ၏အသက်နှင့် ခန္ဓာကိုယ် မဟုတ်တော့ပါဘဲ မြတ်စွာဘုရားသာ ပိုင်ဆိုင်သော အသက်နှင့်ခန္ဓာကိုယ် ဖြစ်ပေသည် ဟု ဆင်ခြင် နှလုံးသွင်းနိုင်သောကြောင့် ကြောက်စိတ်များပျောက်ကင်းသွားနိုင်ခြင်း ဖြစ်ပေသည်။

၂။ ဝိပဿနာတရားကို အဆင့်အတန်းမှီအောင် အားထုတ်ခြင်းဖြင့် ကြောက်စိတ်ကို ပယ်ဖျောက်ခြင်းဟုဆိုရာ၌ ဝိပဿနာတရား အားထုတ်၍ အဖြစ်နှင့် အပျက်ကို သိသော ဥဒယဗ္ဗယဉာဏ် အရင့်ပိုင်းသို့ ရောက်နေကြသော ပုဂ္ဂိုလ်တို့သည် ကြောက်စရာ အာရုံအမျိုးမျိုးတို့ကြောင့် ကြောက်စိတ်များဖြစ်လာသောအခါ ထိုကြောက်စိတ်များကို သိအောင် စူးစိုက်၍ ကြောက်တယ် ကြောက်တယ်ဟု ရှုမှတ်လိုက်သည်ရှိသော် ကြောက်စိတ်များ ဖြစ်ပေါ်

http://www.dhammadownload.com



လာပြီးလျှင် ပျောက် ပျောက်သွားတာကို တွေ့သိကြရမည် ဖြစ်ပေသည်။ ကြောက်စိတ်များ တစ်ဆက်တည်း မဖြစ်နိုင်တော့ပေ။ ထို့ကြောင့် ကြောက်စိတ်များ ပျောက်ကင်းသွားနိုင်ကြပေသည်။

ဝိပဿနာတရား အားထုတ်၍ အဖြစ်ကို မမြင်တော့ပါဘဲ၊ အပျက်ကိုသာ မြင်သော ဘင်ဉာဏ်သို့ ရောက်နေသော ပုဂ္ဂိုလ်တို့သည် ကြောက်စရာ အာရုံအမျိုးမျိုးတို့ကြောင့် ကြောက်စိတ်များ ဖြစ်ပေါ်လာသောအခါ ထိုကြောက်စိတ်များကို သိအောင် စူးစိုက်၍ ကြောက်တယ် ကြောက်တယ် ဟု ရှုမှတ်လိုက်သည်ရှိသော် ကြောက်စိတ်များ ရိပ်ကနဲ ရိပ်ကနဲ ကုန်ပျက်သွားတာကို တွေ့သိကြရမည် ဖြစ်ပေသည်။ ကြောက်စိတ်များ တစ်ဆက်တည်း မဖြစ်နိုင်တော့ပေ။ ထို့ကြောင့် ကြောက်စိတ်များ ကင်းပျောက်သွားနိုင်ကြပေသည်။

ဝိပဿနာတရား အားထုတ်၍ သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်နေကြသော ပုဂ္ဂိုလ်တို့သည် ကြောက်စရာအာရုံ အမျိုးမျိုးတို့နှင့် တွေ့ကြုံရပါသော်လည်း အလွန့် အလွန် ကြောက်လန့်သောစိတ်များ မဖြစ်လာတော့ပေ။ ဝိပဿနာ-သမာဓိဉာဏ်များ၏ အရှိန်ကြောင့် ကြောက်စိတ်များ ဝေးကွာပျောက်ကင်းနေတတ်ကြပေသည်။

ဝိပဿနာတရား အားထုတ်၍ ဉာဏ်စဉ်အဆင့်အတန်းမြင့်သွားပြီးသော ရဟန်းတော်အရှင်မြတ်တို့သည် မိမိတို့၏ သမာဓိဉာဏ်များကို ယုံကြည်ကြ၍ ထိတ်လန့်ဖွယ်များ ဖြစ်ရာ သုသာန် သချိုင်းများ၌ သုသာန်ဓုတင်များကို ဆောက်တည်၍ နေထိုင်လေ့ရှိကြပေသည်။ ဤကဲ့သို့ ဝိပဿနာတရားကို အဆင့်အတန်းမြင့်အောင် အားထုတ်ထားကြသော ရဟန်းတော်တို့အားလည်း ကြောက်စိတ်များ ပျောက်ကင်းနေသည်မှာ ထင်ရှားလှပေသည်။

ဆရာတော်တို့ ၁၉၉၇-ခုနှစ်က ပြည်ပသာသနာအတွက် ခရီးထွက်ခဲ့စဉ်က နယ်သာလင်တရားစခန်း၌ တရားစစ်ပေးရာတွင် နယ်သာလင်အမျိုးသမီး ယောဂီတစ်ဦးက လျှောက်ထားသည်မှာ သူဝိပဿနာတရားအားထုတ်ခဲ့တာ (၃)နှစ် ရှိသွားပါပြီ။ ဝိပဿနာတရား အားမထုတ်ခင်က အလွန်ကြောက်တတ်ပါသည်။ အိပ်ခန်းတစ်ခုတည်း၌ သူတစ်ယောက်တည်း မအိပ်ရဲခဲ့ပါ။ ယခု ဝိပဿနာတရား အားထုတ်ပြီးသောအခါ အိပ်ခန်းတစ်ခုတည်း

http://www.dhammadownload.com



မှာ သူတစ်ယောက်တည်း အိပ်ရဲလာပါသည်ဟု လျှောက်ထားပါသည်။ ဝိပဿနာ တရားအားထုတ်ခြင်းဖြင့် ဉာဏ်စဉ်အဆင့်အတန်း မြင့်သွားသော အခါ ကြောက်စိတ်များ ပျောက်ကင်းသွားကြသည်မှာ ထင်ရှားလှပေသည် စသည်ဖြင့် ဖြေကြားပေးခဲ့ရပါသည်။

ဖြေကြားပေးစဉ်က အကျဉ်းမျှသာ ဖြေကြားပေးနိုင်ခဲ့ပါသည်။ တရားဆောင်းပါး ဖတ်ရှုသူများ ပြည့်စုံစွာ မှတ်သားနိုင်စေရန် အကျယ် ဖွင့်ပြကာ ရေးသားလိုက်ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်
(၃၁-၅-၁၉၉၈)

http://www.dhammadownload.com

# ဝါရှင်တန်ဇေတဝနဝိဟာရတရားစခန်းမှမေးကြဖြေပေးရ

အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် ရေးဗားဆိုက် သက္ကျမုနိ ရိပ်သာနှင့် ဝါရှင်တန်(ဒီ-စီ)ဇေတဝန ဝိဟာရရိပ်သာမှ ဆရာတော် ဦးခီပ္ပပညော နှင့် ဦးဝီရပညောတို့က တရားဟော တရားပြ ပင့်လျှောက်ကြသဖြင့် ဆရာတော် နှင့် ဦးကောဝိဒ၊ ဦးတင်ဦးလှိုင်တို့သည် ရန်ကုန်မှ ၁၃၆၀-ပြည့် ကဆုန်လဆန်း (၁)ရက်၊ (၂၆-၄-၉၈)တနင်္ဂနွေနေ့က ကြွလာခဲ့ကြပါသည်။ တရားစခန်းများ အစီအစဉ်အရ ရေးဗားဆိုက် သက္ကျမုနိ ရိပ်သာ၌ (၁၀)ရက်၊ ချီကာဂိုဓမ္မာရာမ် ထိုင်းဘုန်းတော်ကြီးကျောင်း၌ (၅)ရက် တရားစခန်းများဖွင့်၍ ဆောင်ရွက်ခဲ့ ကြပါသည်။

ထို ရေးဗားဆိုက် သက္ကျမုနိရိပ်သာ တရားစခန်းနှင့် ချီကာဂိုတရား စခန်းများ၌ တရားဟော တရားပြ ဆောင်ရွက်ကြပြီးသောအခါ ဝါရှင်တန်၊ ဇေတဝနဝိဟာရရိပ်သာ၌ ၁၃၆၀-ပြည့်၊ ကဆုန်လဆုတ် (၈)ရက် (၁၈-၅-၉၈) တနင်္လာနေ့မှစ၍ နယုန်လဆန်း (၂)ရက် (၂၇-၅-၉၈) ဗုဒ္ဓဟူးနေ့ထိ (၁၀)ရက် တရားစခန်းဖွင့်၍ တရားဟော တရားပြ ဆောင်ရွက်ကြပါသည်။ နေ့လည် (၂)နာရီမှ ညနေ (၄)နာရီထိ တရားစစ်ပေးရပါသည်။ ည (၇)နာရီ မှ (၈)နာရီထိ တရားဟော ပေးရပါသည်။

မေး။ ။ ထိုသို့ တရားစစ်ပေးရာတွင် ယောဂီများက သူတို့ သိလိုသည်များ ကို လျှောက်ထားကြပေသည်။ အသက် (၇၆)နှစ်ရှိ ထိယင် အမည်ရှိသူ အမေရိကန်၌နေသူ အဖွားယောဂီက လျှောက်ထားသည်မှာ သူဝိပဿနာ တရား အားထုတ်ခဲ့တာ (၁၃)နှစ် ရှိသွားပါပြီ၊ ဝိပဿနာတရား အားထုတ်ရ ခြင်း၏ အကျိုးတရားများကို ထူးခြားစွာ တွေ့သိရတဲ့အကြောင်း လျှောက်ထား ပါသည်။

http://www.dhammadownload.com



သူဝိပဿနာတရားအားထုတ်ပြီးသည့်နောက် တစ်နေ့သောအခါ သူ့ခင်ပွန်းသည် ယောက်ျားက သူ၏ ဆောင်ရွက်ချက်များကို မကျေနပ်၍ ဒေါသထွက်ပြီး သူ့ခေါင်းကို ရိုက်ခွဲလိုက်ပါသည်။ သူက သူ့ခင်ပွန်းသည်အား ပြန်၍ ရိုက်နှက် နှိပ်စက်လိုသော ဒေါသမဖြစ်ဘဲ နေနိုင်ခဲ့ပါသည်။ တစ်နေ့သော အခါ သူ့ခင်ပွန်းသည် ထောင်ကျသွားခဲ့ပါသည်။ ထိုနောက် မကြာမီ ကွယ်လွန် သွားပါသည်။ ယခုအခါ ကွယ်လွန်သူ ခင်ပွန်းသည်အတွက် ကောင်းမှုများ ပြု၍ အမျှဝေလျက် ရှိပါသည်ဟု လျှောက်ထားပါသည်။

ဖြေ။ ။ သူ့ခင်ပွန်းသည်က သူ့ကို ခေါင်းရိုက်ခွဲပါသော်လည်း သူဒေါသမဖြစ် ဘဲ နေနိုင်ခဲ့သည်ဆိုရာ၌ (၁၃)နှစ်ခန့် ဝိပဿနာတရားအားထုတ်ခဲ့ခြင်းကြောင့် ဒေါသမဖြစ်ခြင်း ဖြစ်ပေသည်။ ဝိပဿနာတရားအားထုတ်နေကြသော ပုဂ္ဂိုလ် တို့သည် ရှုမှတ်ချက် ရှုမှတ်ချက်တိုင်းတို့၌ ဒေါသကို တဒင် တဒင် တစ်ခဏ တစ်ခဏပယ်နေခြင်း ဖြစ်ကြပေသည်။ သဓိရုပေက္ခာဉာဏ်သို့ ရောက်သွား သောအခါ မရှုမှတ်ဘဲနေငြားသော်လည်း သာမန်အကြောင်းများကြောင့် ဒေါသ မဖြစ်လာတော့ဘဲ ဝေးကွာနေတတ်ကြပေသည်။ ထို့ကြောင့် အဖွားယောဂီ ထိယင်သည် သူ့ကို ခေါင်းရိုက်ခွဲပါသော်လည်း ဒေါသမဖြစ်ဘဲ နေနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

သူ့ခင်ပွန်းသည် ကွယ်လွန်သွားပြီးသောအခါ ခင်ပွန်းသည်အတွက် ကောင်းမှုများ ပြုပြီး အမျှဝေလျက်ရှိသည်ဟု ဆိုရာ၌ ဝိပဿနာတရားအား ထုတ်ကြသောပုဂ္ဂိုလ်တို့သည် ရှုမှတ်ချက်တိုင်း ရှုမှတ်ချက်တိုင်းတို့၌ ဒေါသကို ပယ်ထားကြသောကြောင့် အဒေါသ-မေတ္တာတရားတို့ ဖြစ်လာကြပေသည်။ ထို့ကြောင့် မိမိကို ခေါင်းရိုက်ခွဲပြီး ကွယ်လွန်သွားသော ခင်ပွန်းသည်အား မေတ္တာမပျက်ဘဲအမျှဝေနိုင်ခြင်း ဖြစ်ပေသည်။

မေး။ ။ ထို့နောက် အဖွားထိယင်က လျှောက်ထားပြန်သည်မှာ သူ၏ သရက် ရွက်တွင် ကင်ဆာရောဂါဖြစ်နေသည်ဟု ဆရာဝန်များက ပြောကြပါသည်။ သူ အလွန်ကြောက်ရွံ့ ထိတ်လန့်၍ ဝိပဿနာတရားကို ကြိုးစားအားထုတ် ခဲ့

http://www.dhammadownload.com



ပါသည်။ ယခုအခါ သူမှာ ကင်ဆာရောဂါ မရှိတော့ပါဘဲ ကင်းပျောက်သွားပါပြီဟု လျှောက်ထားပါသည်။

ဖြေ။ ။ ဆရာဝန်ကြီးများ သမားတော်ကြီးများ ဆေးစွမ်းကောင်းများဖြင့် ကုသ၍ မပျောက်ကင်းနိုင်သော ရောဂါဆိုးကြီးများ စွဲကပ်နေကြသော ပုဂ္ဂိုလ်တို့သည် ဝိပဿနာတရားကို သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်အောင် အားထုတ်နိုင်ပါက ရောဂါများ မကျွမ်းသေးခဲ့ပါလျှင် ထိုရောဂါဆိုးကြီးများ ပျောက်ကင်းသွားနိုင်ကြပါသည်။

ရောဂါဆိုးကြီးများ ရှိနေကြသော ပုဂ္ဂိုလ်တို့သည် ဝိပဿနာတရား အားထုတ်၍ သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်လာသောအခါ ထိုရောဂါဆိုးကြီးများရှိရာသို့ မှတ်သိစိတ်ရောက်ရောက်သွားပြီးလျှင် ဖိနှိပ်ပေးသလို ဆွဲထုတ်ပေးနေသလို ဆေးကုသပေးနေသကဲ့သို့ တွေ့သိကြရပေသည်။ ဤကဲ့သို့ တွေ့သိရသည့်အတိုင်း ရှုမှတ်ကြသဖြင့် ရောဂါဆိုးကြီးများ ပျောက်ကင်းသွားကြရပေသည်။

မေး/ဖြေ။ ။ အသက် (၅၅)နှစ်ရှိ ဝိဝေကနန္ဒီ အမည်ရှိသူ သီလရှင်ယောဂီက လျှောက်ထားသည်မှာ ထိုင်၊ ထ၊ ကွေး၊ ဆန့် စသည့် အထွေထွေ အသေးစိတ်အမှတ်ကို ရှုမှတ်သောအခါ ရုပ်ကိုယ်ကြီးက စက်ရုပ်ကြီးပမာ အလိုလို လှုပ်ရှားလုပ်ကိုင်နေသကဲ့သို့ ဖြစ်ပြီး အသိစိတ်က တစ်ခြား ဖြစ်နေ၍ ကြောက်လာပါသည်ဟု လျှောက်ထားပါသည်။ ရုပ်နဲ့ နာမ် အထူးကွဲပြား၍ သိကြသော ယောဂီများမှာ ဤကဲ့သို့ မြင်လာတတ်ကြပေသည်။ ကောင်းသော မြင်ခြင်းပင် ဖြစ်ပေသည်။

ဖြေ။ ။ လွန်ခဲ့သော အနှစ် (၂၀)ကျော်ခန့်က ဗိုလ်ချုပ်တစ်ဦးလည်း ညဖက်တွင် ဝိပဿနာတရား ထိုင်၍ အားထုတ်ပြီးသောအခါ ထ၍ စင်္ကြံ လျှောက်ရာတွင် ရုပ်ကိုယ်ကြီးက စက်ရုပ်ကြီးတစ်ခုလို ရှေ့က သွားနေသကဲ့သို့ မြင်ရပြီး မိမိက နောက်က ကြည့်နေရသကဲ့သို့ မြင်ရပါသည်။ မြင်ခါစမှာ

http://www.dhammadownload.com



တော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပါသော်လည်း အနည်းငယ်ကြာလာတော့ တဖြည်းဖြည်း ကြောက်လာပါသည်ဟု လျှောက်ထားပါသည်။ ကြောက်လာတော့ ပကတိမှသာ မိမိတစ်ယောက်တည်းပင် ပြန်ဖြစ်သွားပါသည်ဟု လျှောက်ထားခဲ့ဖူးပါသည်။ ရုပ်နှင့်နာမ် အထူးကွဲပြား၍ သိခြင်းပင် ဖြစ်ပေသည်။

မေး။ ။ ထို့နောက် ဝိဝေကနန္ဒီအမည်ရှိသူ သီလရှင် ယောဂီက လျှောက်ထားပြန်သည်မှာ သူစင်္ကြံလျှောက်ရာတွင် နင်းချလိုက်သောအခါ ကြမ်းပြင်ထဲ၊ မြေကြီးထဲသို့ ခြေထောက်မြုပ်မြုပ်ဝင်သွားသကဲ့သို့ ထင်ရပါသည်။ ဘယ်လိုသဘောပါလဲဟု လျှောက်ထားပြန်ပါသည်။

ဖြေ။ ။ ထို့နောက် ဝိဝေကနန္ဒီ မှ တစ်ပါးသော အခြားသော ယောဂီများလည်း စင်္ကြံလျှောက်ရာတွင် ခြေထောက်က ကြမ်းပြင်ထဲ၊ မြေကြီးထဲသို့ မြုပ်ဝင်သွားသကဲ့သို့ တွေ့မြင်ကြတာ ရှိကြပေသည်။ ဤကဲ့သို့ တွေ့မြင်ခြင်းမှာ များသောအားဖြင့် အပျက်ကို မြင်သော ဘင်္ဂဉာဏ်သို့ ရောက်နေကြသော ယောဂီများ တွေ့မြင်ကြတာများပေသည်။ ပျက်မှုက အလွန်မြန်လှ၍ ကြမ်းပြင်ထဲ မြေကြီးထဲသို့ မြုပ်မြုပ်ဝင်သွားသကဲ့သို့ ထင်ကြရခြင်း ဖြစ်ပေသည်။ အပျက်ကို မြင်ခြင်း တစ်မျိုးပင် ဖြစ်ပေသည်။

မေး။ ။ အသက် (၃၈)နှစ်ရှိ အဂ္ဂစိတ္တအမည်ရှိသူ ရှင်သာမဏေယောဂီက လျှောက်ထားသည်မှာ သူဝိပဿနာတရားအားထုတ်ခဲ့တာ (၄)နှစ်ခွဲခန့်ရှိပါပြီ၊ သူသည် ကြောက်တတ်သူတစ်ဦး ဖြစ်ပါသည်။ တရားအားထုတ်ရာတွင် ကြောက်စိတ်များ ဝင်လာတတ်၍ မေတ္တာကမ္မဋ္ဌာန်းနှင့်ယှဉ်တွဲ၍ ဝိပဿနာတရားကို အားထုတ်ရပါသည်။ ဝိပဿနာတရားကို အားမထုတ်ခင်က သူ့ကို သူတစ်ပါးတို့က မနှစ်မြို့ကြ မုန်းနေကြသည်ဟု ထင်နေတတ်ပါသည်။ ယခုတော့ ဤကဲ့သို့ ထင်နေခြင်း၊ စိုးရိမ်ခြင်းများ မရှိတော့ပါဟု လျှောက်ထားပါသည်။

http://www.dhammadownload.com



ဖြေ။ ။ ဝိပဿနာတရားပွားများအားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် ရှုမှတ်ချက်တိုင်း၊ ရှုမှတ်ချက်တိုင်းတို့၌ ကြောက်ခြင်း၊ စိုးရိမ်ခြင်းများကို ဖြစ်စေတတ်သော ဒေါသကို တဒင်္ဂ တဒင်္ဂ တစ်ခဏ တစ်ခဏ ပယ်နေခြင်း ဖြစ်ကြပေသည်။ ဝိပဿနာဉာဏ်များ ရင့်ကျက်အားရှိလာသောအခါ မရှုမှတ်သော်လည်း ဒေါသဖြစ်တာ နည်းပါးသွား၍ ဒေါသကြောင့် ဖြစ်သည့် ကြောက်ခြင်း၊ စိုးရိမ်ခြင်းများ နည်းပါးသွားခြင်း ဖြစ်ပေသည်။

မေး။ ။ အဂ္ဂစိတ္တ အမည်ရှိသူ သာမဏေယောဂီက လျှောက်ထားပြန်သည်မှာ သူ ဝိပဿနာတရားထိုင်၍ အားထုတ်သောအခါ ငယ်ရွယ်စဉ်အခါက ပြုလုပ်ခဲ့သည်များကို ပြန်၍ သတိရရလာပြီး ပြုံးရယ်ခြင်းများ ဖြစ်ရပါသည်ဟု လျှောက်ထားပါသည်။

ဖြေ။ ။ ဝိပဿနာတရားပွားများအားထုတ်၍ သဒ္ဓါနှင့်ပညာ ဝီရိယနှင့် သမာဓိ ညီမျှသွား၍ သမာဓိဉာဏ်များ အားကောင်းလာသောအခါ၊ သတိလည်း ပို၍ အားကောင်းလာသောကြောင့် ငယ်ရွယ်စဉ်က ပြုလုပ်ဆောင်ရွက်ခဲ့သည်များကို ပြန်၍ သတိရလာတတ်ကြပေသည်။ ယောဂီအတွက် သမာဓိဉာဏ်များ တိုးတက်လာခြင်း ဖြစ်ပေသည်၊ သတိရတယ် သတိရတယ် ပြုံးတယ် ပြုံးတယ် ရယ်တယ် ရယ်တယ် ဟု ရှုမှတ်ရမည် ဟု ဖြေကြားပေးခဲ့ ရပါသည်။

ဖြေကြားပေးစဉ်က အကျဉ်းချုပ်မျှသာ ဖြေကြားပေးနိုင်ခဲ့ပါသည်။ တရားဆောင်းပါး ဖတ်ရှုသူများ ပြည့်စုံစွာ မှတ်သားနိုင်ရန် အတွက် အကျယ်ဖွင့်ပြကာ ရေးသား လိုက်ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်
(၂၄-၅-၁၉၉၈)

http://www.dhammadownload.com

# ဝါရှင်တန်တရားစခန်းမှ မေးကြ-ဖြေပေးရ

အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် ရေးဗားဆိုက် သကျမုနိရိပ်သာနှင့် ဝါရှင်တန် ဇေတဝနဝိဟာရရိပ်သာမှ ဆရာတော် ဦးခိပ္ပပညောနှင့် ဦးဝီရပညောတို့က တရားဟော တရားပြ ပင့်လျှောက်ကြသဖြင့် ဆရာတော်နှင့် ဦးကောဝိဒ၊ ဦးတင်ဦးလှိုင်တို့သည် ရန်ကုန်မှ ၁၃၆၀-ပြည့် ကဆုန်လဆန်း (၁)ရက်၊ (၂၆-၄-၉၈)တနင်္ဂနွေနေ့က ကြွလာခဲ့ကြပါသည်။ တရားစခန်းများ အစီအစဉ်အရ ရေးဗားဆိုက် သကျမုနိရိပ်သာ၌ (၁၀)ရက်၊ ချီကာဂိုဓမ္မာရာမ် ထိုင်းဘုန်းတော်ကြီးကျောင်း၌ (၅)ရက် တရားစခန်းများဖွင့်၍ ဆောင်ရွက်ကြပါသည်။

ထို ရေးဗားဆိုက် သကျမုနိရိပ်သာ တရားစခန်းနှင့် ချီကာဂိုတရားစခန်းများ၌ တရားဟော တရားပြ ဆောင်ရွက်ကြပြီးသောအခါ ဝါရှင်တန် ဇေတဝနဝိဟာရရိပ်သာ၌ ၁၃၆၀-ပြည့်၊ ကဆုန်လဆုတ် (၈)ရက် (၁၈-၅-၉၈) တနင်္လာနေ့မှစ၍ နယုန်လဆန်း (၂)ရက် (၂၇-၅-၉၈) ဗုဒ္ဓဟူးနေ့ထိ (၁၀)ရက် တရားစခန်းဖွင့်၍ တရားဟော တရားပြ ဆောင်ရွက်ကြပါသည်။ နေ့လည် (၂)နာရီမှ ညနေ (၄)နာရီထိ တရားစစ်ပေးရပါသည်။ ည (၇)နာရီမှ (၈)နာရီထိ တရားဟော ပေးရပါသည်။

မေး။ ။ ထိုသို့ တရားစစ်ပေးရာတွင် ယောဂီများက သူတို့ သိလိုရာများကို မေးလျှောက်ကြပါသည်။ အသက် (၅၆)နှစ်ရှိ အမေရိကန်၌နေသူ သူညွှတ် အမည်ရှိသူ ဗီယက်နမ်အမျိုးသမီးယောဂီက လျှောက်ထားသည်မှာ သူ ဝိပဿနာတရားအားထုတ်ခဲ့တာ (၁၂)နှစ်ရှိသွားပါပြီ။ တရားထိုင်၍ ရှုမှတ်ရာတွင် တစ်ခါတစ်ရံ အမှတ်တွေ ရပ်ရပ်သွားပါသည်။ မသိ မသိ ဖြစ်သွားပါသည် ဟုလျှောက်ထားပါသည်။

http://www.dhammadownload.com



ဖြေ။ ။ ဝိပဿနာတရားအားထုတ်၍ ဉာဏ်စဉ်အဆင့်အတန်းမြင့်သွားသော ယောဂီများမှာ ရှုမှတ်လို့ကောင်းနေစဉ်မှာပင် ယခုလို အမှတ်တွေ ရပ်ရပ်သွားသလို မသိ မသိဘဲ ဖြစ်သွားသလို ဖြစ်တတ်ကြပေသည်။ တရားသဘောအရ ကောင်းသောဖြစ်ရပ်တစ်ခုပင် ဖြစ်ပေသည်။ အမှတ်တွေ ရပ်ရပ်သွားရအောင်လည်း ယောဂီက မပြုလုပ်သင့်ပေ။ မရပ်ရအောင်လည်း မပြုလုပ်သင့်ပေ။ မိမိ ရှုမှတ်မြဲတရားကိုသာ မှန်မှန် ရှုသွားရမည် ဖြစ်ပေသည်ဟု ဖြေကြားပေးခဲ့ရပါသည်။

မေး။ ။ ထို့နောက် သူညွှတ်က လျှောက်ထားပြန်သည်မှာ သူစကြံလျှောက်ရာတွင် (၆)ချက်အထိ ရှုမှတ်လို့ ရပါသည်။ အလွှန်ပေါ့ပါးနေပါသည်။ လေထဲမှာ လျှောက်နေရသကဲ့သို့ ဖြစ်ပါသည်။ ပျက်တာတွေကိုလည်း မြင်ရပါသည်။ တစ်ခါ တစ်ခါပျက်တာများက မြန်လွန်းလှ၍ နောက်ကလိုက်မှတ်နေရသလို ဖြစ်ပါသည်။ မမှတ်ချင်တော့ဘဲ ဖြစ်လာပါသည်ဟု လျှောက်ထားပါသည်။

ဖြေ။ ။ ဝိပဿနာတရား ရှုမှတ်ကြရာတွင် ရှေ့ပိုင်းအစပိုင်းမှာ ပစ္စုပ္ပန် တည့်အောင် ရှုမှတ်နိုင်မှသာ တရားသဘောများကိုတွေ့သိနိုင်ကြပေသည်။ ဖြစ်တာ ပျက်တာများကို တွေ့သိနိုင်ကြပေသည်။ သုတ္တန်ဒေသနာတော်နည်းအရ ပစ္စုပ္ပန်တည့်အောင် ရှုမှတ်နိုင်မှ တရားသဘောများကို တွေ့သိနိုင်ကြမည်ဟု မြတ်စွာဘုရားဟောကြားတော်မူသည့်အတိုင်း ပစ္စုပ္ပန်တည့်အောင် ရှုမှတ်ကြရပေသည်။

ဝိပဿနာတရား ရှုမှတ်၍ ဉာဏ်စဉ်များ အဆင့်ဆင့်တက်ကာ ဘင်္ဂဉာဏ်သို့ ရောက်သွားသောအခါ မှတ်စရာ အာရုံများက အမြန်ပျက်ပျက်သွား၍ နောက်ကလိုက်၍ ရှုမှတ်နေကြရပေသည်။ ပစ္စုပ္ပန်မဟုတ်တော့ပါဘဲ ပျက်သွားပြီးသော အတိတ်တရားတွေကို ရှုမှတ်ကြရပေသည်။ ယောဂီ သူညွှတ်မှတစ်ပါးသော ယောဂီများလည်း လျှောက်ထားဖူးပါသည်။ ပစ္စုပ္ပန်တည့်အောင် ရှုမှတ်လို့မရတော့ပါ၊ ပျက်သွားပြီးသော အတိတ်တရားတွေကိုသာ ရှုမှတ်နေရပါသည်။ မှန်ပါရဲ့လား . . . ဟု လျှောက်ထားခဲ့ဖူးကြပါသည်။

http://www.dhammadownload.com



ဝိပဿနာတရားရှုမှတ်၍ အပျက်ကို မြင်သော ဘင်္ဂဉာဏ်သို့ ရောက်လာသောအခါ ပျက်ပျက်သွားပြီး လွန်သွားပြီးသော အတိတ်ရုပ်နာမ်တရားတို့ကို နောက်မှလိုက်၍ ရှုမှတ်နေကြရပေသည်။ မြတ်စွာဘုရား ဟောကြားသည့်အဘိဓမ္မာဒေသနာတော်နည်းအရ လွန်သွားပြီးသော အတိတ်ရုပ်နာမ်တရားများကို ရှုမှတ်နေရခြင်း ဖြစ်၍ မှန်ကန်သော ရှုမှတ်ခြင်းပင် ဖြစ်ပေသည်ဟု ဖြေကြားပေးခဲ့ရပေသည်။

ဆောင်ပုဒ် ။ ။ သုတ္တန်နည်းမှာ၊ ဖြစ်ဆဲသာ၊ မှန်စွာရှုရမည်။
အဘိဓမ္မာနည်းမှာ၊ အတိတ်သာ၊ မှန်စွာရှုရမည်။

မေး။ ။ အသက် (၅၅)နှစ်ရှိ ဝိဝေကာနန္ဒီ အမည်ရှိသော သီလရှင် ယောဂီက လျှောက်ထားသည်မှာ ဆရာတော်ဦးခိပ္ပပညောထံ၌ သူတရားအားထုတ်တာ (၇)နှစ် ရှိသွားပြီးဖြစ်ပါသည်။ သူ ဝိပဿနာတရားအားထုတ်၍ (၂)နှစ်ခန့် ကြာလာသောအခါ ရရှိလာသော အကျိုးတရားများမှာ စိတ်ချမ်းသာမှု၊ စိတ်ငြိမ်းအေးမှုများ ရှေ့ကထက်ပို၍ ရရှိလာပါသည်။ ရှေ့ကထက် သူတစ်ပါးတို့အပေါ်မှာ မေတ္တာပို၍ ထားနိုင်ခြင်း၊ သည်းခံနိုင်ခြင်း၊ ဉာဏ်ပညာများ ထက်မြက်လာခြင်း ဟူသော အကျိုးများကိုရရှိပါသည်ဟု လျှောက်ထားပါသည်။

ဖြေ။ ။ ဝိပဿနာတရားအားထုတ်၍ စိတ်ချမ်းသာမှု စိတ်ငြိမ်းအေးမှုများကို ပို၍ရလာသည်ဟု ဆိုရာ၌ ဝိပဿနာတရား ရှုမှတ်ပွားများအားထုတ်နေကြသော ပုဂ္ဂိုလ်တို့သည် စိတ်မချမ်းသာမှု စိတ်မငြိမ်းအေးမှုများကို ဖြစ်စေတတ်သည့် လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနစသော ကိလေသာတို့ကို ရှုမှတ်ချက်တိုင်း၊ ရှုမှတ်ချက်တိုင်း တဒင်္ဂ တဒင်္ဂ တစ်ခဏ တစ်ခဏ ပယ်နေခြင်း ဖြစ်ပေသည်။ ဉာဏ်စဉ်များ အတော်အဆင့်မြင့်သွားသောအခါ မရှုမှတ်သော်လည်း လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတို့ ထင်ရှားစွာ မဖြစ်လာတော့ပါဘဲ ဝေးကွာသွားကြပေသည်။ ထို့ကြောင့် စိတ်ချမ်းသာမှုများ စိတ်ငြိမ်းအေးမှုများ ရှေ့ကထက် ပို၍ ရရှိနေခြင်းပင် ဖြစ်ပေသည်။

http://www.dhammadownload.com



ရှေ့ကထက် သူတစ်ပါးတို့အပေါ်၌ မေတ္တာထားနိုင်ခြင်း၊ သည်းခံနိုင်ခြင်း၊ ဉာဏ်ပညာထက်မြက်လာခြင်း၊ ဒေါသဖြစ်တာ နည်းသွားခြင်း ဟူသော အကျိုးများကို ရရှိသည်ဟု ဆိုရာ၌ ဝိပဿနာတရား ရှုမှတ်ပွားများ အားထုတ်နေသော ပုဂ္ဂိုလ်တို့၌ ရှုမှတ်ချက်တိုင်း ရှုမှတ်ချက်တိုင်း ဒေါသကို ဝယ်ထားသည် ဖြစ်၍ အဒေါသ-မေတ္တာစိတ်များ ဖြစ်ပေါ်လာကြပေသည်။ ထို့ကြောင့် ရှေ့ကထက် သူတစ်ပါးတို့အပေါ်၌ မေတ္တာထားနိုင်ခြင်း၊ သည်းခံနိုင်ခြင်း၊ ဒေါသနည်းသွားခြင်းဟူသော အကျိုးများကို ရရှိလာခြင်းဖြစ်ပေသည်။

ဝိပဿနာတရားပွားများ ရှုမှတ်နေကြသော ပုဂ္ဂိုလ်တို့သည် ရှုမှတ်ချက်တိုင်း ရှုမှတ်ချက်တိုင်း တို့၌ အမှန်ကို ကျော်လွှန်၍ အမှားကို သိနေတတ်သော မောဟကို ပယ်ထားသည်ဖြစ်၍ အမှန်ကို သိတတ်သော အမောဟ ဖြစ်လာပေသည်။ ထို့ကြောင့် ပညာဉာဏ်များ ထက်မြက်လာခြင်းအကျိုးကို ရရှိလာခြင်း ဖြစ်ပေသည်။

မေး။ ။ အသက် (၅၇)နှစ်ရှိ လင်ဒါ အမည်ရှိသူ ဗီယက်နမ်အမျိုးသမီး ယောဂီက လျှောက်ထားသည်မှာ သူ ဝိပဿနာတရားအားထုတ်ခဲ့တာ (၇)နှစ်ရှိသွားပြီ ဖြစ်သည်။ သူသည် လမ်းလျှောက်လို့မရသည့် မကျန်းမာသူတစ်ဦး ဖြစ်ပါသည်။ ဝိပဿနာတရားအားထုတ်သဖြင့် ၁၉၉၃ခုနှစ်မှစ၍ လမ်းလျှောက်လို့ ရလာခဲ့ပါသည်။ ရောဂါမျိုးစုံလည်း ပျောက်ကင်းသွားပါသည်။ တရားတော်ပေါ်မှာ ပို၍ ယုံကြည်မှုများ ရှိလာပါသည်ဟု လျှောက်ထားပါသည်။

ဖြေ။ ။ ဝိပဿနာတရားကို နည်းမှန်လမ်းမှန် ရှုမှတ်ပွားများကြသော ပုဂ္ဂိုလ်တို့သည် ဥဒယဗ္ဗယဉာဏ်သို့ ရောက်လာသောအခါ သာမန်ရောဂါများ ဖြစ်သည့် ခေါင်းကိုက်၊ ဇက်ထိုး-အကြောတက်-ဗိုက်အောင့် စသည့်ရောဂါများ ပျောက်ကင်းသွားကြပေသည်။ ပျောက်ကင်းကြသော ယောဂီများ အများအပြားပင် ရှိခဲ့ကြပေသည်။

သမားတော်ကြီးများ ဆေးစွမ်းကောင်းများဖြင့် ကုသပါသော်လည်း၊ မပျောက်ကင်းနိုင်သည့် ရောဂါဆိုးများ ရှိနေကြသူများမှာတော့ ရောဂါများ

http://www.dhammadownload.com



မကျွမ်းသေးခဲ့လျှင် သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်အောင်အားထုတ်သော အခါ ပျောက်ကင်းသွားကြပေသည်။

နည်းမှန် လမ်းမှန် ဝိပဿနာရှုမှတ်၍ သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်လာသောအခါ ရောဂါဝေဒနာဆိုးများ ရှိရာသို့ မှတ်သိစိတ်က ရောက် ရောက်သွားပြီးလျှင် ရောဂါများကို နှိပ်ပေးသကဲ့သို့ ဆွဲထုတ်ပေးသကဲ့သို့ ဖြစ်ပြီး ဆေးကုသပေးနေသလို ဖြစ်ကြရပေသည်။ ယင်းကဲ့သို့ ဆေးကုသပေးသလို ဖြစ်သောကြောင့် ရောဂါဆိုးကြီးများ ပျောက်ကင်းသွားကြရပေသည်။ ပျောက်ကင်းကြသော ယောဂီများ အများအပြားပင် ရှိခဲ့ကြပေသည်ဟု ဖြေကြားပေးခဲ့ရပါသည်။

ဖြေကြားပေးစဉ်က အကျဉ်းမျှသာ ဖြေကြားပေးနိုင်ခဲ့ပါသည်။ တရားဆောင်းပါးဖတ်ရှုသူများ ပြည့်စုံစွာ မှတ်သားနိုင်ရန်အတွက် အကျယ်ဖွင့်ပြကာ ရေးသားလိုက်ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်
(၂၁-၅-၁၉၉၈)

http://www.dhammadownload.com

# အမေရိကန်မှာ သိမ်သမုတ်ပါ သိကောင်းစရာ

ယခုခေတ်အခါသည် ဝိပဿနာတရား ထွန်းကားလာသောအခါ ဖြစ်ပေသည်။ ထို့ကြောင့် ထိုထိုနိုင်ငံ၊ ထိုထိုမြို့ရွာအရပ်ဒေသတို့၌ ဝိပဿနာတရားစခန်းများဖွင့်၍ ဝိပဿနာတရားများ ပွားများအားထုတ်လျက် ရှိကြပေသည်။ ဆရာတော်တို့ကိုလည်း ၁၉၉၄-ခုနှစ်မှစ၍ ၁၉၉၇ခုနှစ်အထိ အမေရိကန်နိုင်ငံမှတရားဓမ္မကို လိုလားကြသော ပုဂ္ဂိုလ်များက ပင့်လျှောက်ကြသဖြင့် ကြွရောက်ကာ တရားဟော တရားပြ ဆောင်ရွက်ခဲ့ကြပါသည်။

ယခုနှစ်မှာလည်း အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်၊ ရေးဗားဆိုက် သက္ကမုနိရိပ်သာမှ ဆရာတော် ဦးခိပ္ပပညောနှင့် ဦးဝိရပညော တို့ကတရားဟော တရားပြနှင့် မိမိတို့ ရိပ်သာ၌ သိမ်မရှိသေးပါ၍ သိမ်သမုတ်ပေးပါရန် ပင့်လျှောက်ကြသဖြင့် ဆရာတော်နှင့် ဦးကောဝိဒ၊ ဦးတင်ဦးလှိုင်တို့သည် ရေးဗားဆိုက် သက္ကမုနိရိပ်သာသို့ ကြွရောက်၍ ၁၃၆၀-ပြည့်၊ ကဆုန်လဆန်း (၃)ရက် (၂၈-၄-၉၈)အင်္ဂါနေ့မှ ကဆုန်လဆန်း (၁၃)ရက် (၈-၅-၉၈) သောကြာနေ့အထိ (၁၀)ရက် တရားစခန်းဖွင့်၍ တရားဟော တရားပြလည်း ဆောင်ရွက်ကြပါသည်။ သိမ်ကိုလည်း သမုတ်ပေးခဲ့ကြပါသည်။

သိမ်သမုတ်ပေးခဲ့သည့် အစီအစဉ်မှာ -

(၁) သိမ်သမုတ်မည့်နေရာ၊ ပေ(၅၀)ပတ်လည်၊ မြေနေရာကို သက္ကမုနိရိပ်သာ ဆရာတော် ဦးခိပ္ပပညောနှင့် ဦးဝီရပညောတို့က မညီညွတ်သော မြေများကို ညီညွတ်အောင် ပြုပြင်စီစဉ်ပေးကြပါသည်။

http://www.dhammadownload.com



(၂) သိမ်သမုတ်မည့် မြေနေရာတွင် သိမ်ဟောင်းများ ရှိနေခြင်းအဖြစ်မှ ကင်းစင်စေရန်အတွက် သဒ္ဓမ္မရံသီရိပ်သာဆရာတော်ကို အမှူးထား၍ သံဃာတော်များ (၃)ရက်တိုင်တိုင် သိမ်နှုတ်ကမ္မဝါများဖြင့် နှစ်တောင့်ထွာ ဟတ္ထပါတ်စပ်အောင် သိမ်နုတ်ပေးကြပါသည်။

(၃) သက္ကျမုနိရိပ်သာသိမ်ကို နယ်သိမ်း ဗဒ္ဓသိမ်သမုတ်မည်ဖြစ်၍၊ သိမ်သမုတ်ဆဲခဏတွင် ရေးဟားဆိုက် အုပ်ချုပ်ရေးတစ်ပိုင်၊ ရပ်ကွက် အတွင်းသို့ အခြားရဟန်းတစ်ပါးပါး ဝင်ရောက်ခဲ့သော် သိမ်မအောင်တော့ပေ၊ ထို့ကြောင့် မဝင်ရောက်လာနိုင်သော အချိန်ဖြစ်သည့် ၁၃၆၀ပြည့်၊ ကဆုန်လဆန်း (၁၄)ရက် (မိုးလင်းဖက်) နံနက် ၃း၃၀မိနစ်မှ စတင်၍ သမုတ်ခဲ့ကြပါသည်။

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သဒ္ဓမ္မရံသီရိပ်သာဆရာတော်နှင့် သက္ကျမုနိရိပ်သာ ဆရာတော် ဦးဓိပ္ပပညောတို့ကို အမှူးထား၍ သံဃာတော် (၁၁)ပါးတို့ဖြင့် သမုတ်ကြပါသည်။ သံဃာတော် (၁၁)ပါးတို့က သိမ်သမုတ်မည့် မြေ၏ အရပ် (၈)မျက်နှာတို့၌ ရေနိမိတ်များကိုထား၍ အနီးပြောကြားခြင်းနှင့် အဝေးပြောကြားခြင်း (၂)မျိုးတို့ဖြင့် သိမ်နိမိတ်ကို ပြောကြားကြပါသည်။ သိမ်သမုတ်ကမ္မဝါ (၃)ကြိမ် ဖတ်၍ နယ်သိမ်း ဗဒ္ဓသိမ် သမုတ်ခဲ့ကြပါသည်။

(၄) သိမ်သမုတ်ပြီးသောအခါ သဒ္ဓမ္မရံသီရိပ်သာဆရာတော်က သိမ်၏ အမည်ကို "သာသနရက္ခိတ" သိမ်ဟု အမည်ပေးပါသည်။ မြတ်စွာဘုရား၏ အဆုံးအမသာသနာတော်ကို အရှည်တည်တံ့အောင် စောင့်ရှောက်မည့် သိမ်ဖြစ်သည်ဟူသောအဓိပ္ပါယ်ဖြင့် အမည်ပေးလိုက်ခြင်း ဖြစ်ပေသည်။

(၅) မြန်မာသက္ကရာဇ် ၁၃၆၀-ပြည့်၊ ကဆုန်လပြည့်(၁၀-၅-၉၈)၊ တနင်္ဂနွေနေ့ နံနက် (၉)နာရီအချိန်တွင် သက္ကျမုနိရိပ်သာ "သာသနရက္ခိတ" သိမ်အောင်မြင်ကြောင်း အထိမ်းအမှတ်အဖြစ်ဖြင့် သံဃာတော် (၁၁)ပါး တို့က သံဃဥပုသ်ပြုကာ အတည်ပြုကြပါသည်။

http://www.dhammadownload.com



ဆောင်ပုဒ် ။ ။ သကျမုနိ၊ မည်ရှိရိပ်သာ
သိမ်အောင်မြင်မှု၊ အတည်ပြုကာ
ထွေရိအရှင်များ၊ စိတ်ထားညီစွာ
ဥပေါသထ၊ ပြုကြ၍သိမ်မှာ

သိမ်အောင်မြင်ကြောင်း သံဃဥပုသ်ပြုကာ အတည်ပြုကြပြီးသော အခါ သံဃာတော်များက မင်္ဂလသုတ်၊ မေတ္တသုတ်၊ ပုဗ္ဗဏှသုတ် ပရိတ်တရား တော်များကို ရွတ်ဆိုကြပါသည်။

(၆) အရပ် (၁၀)မျက်နှာမေတ္တာပို့ဖြင့် သိမ်အောင်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြပါသည်။

သိမ်သမုတ်ပွဲ ပြီးသွားသည့်နောက် နေ့လည် (၁)နာရီမှ (၂နာရီ ၃၀မိနစ်)ထိ တရားပွဲ ကျင်းပကြပါသည်။ ထိုနေ့လည်တရားပွဲ၌ သဒ္ဓမ္မရံသီ ရိပ်သာဆရာတော်ဘုရား တရားဟောပေးပါရန် လျှောက်ထားကြသဖြင့် ကဆုန်လပြည့်နေ့သည် ဗုဒ္ဓနေ့ဖြစ်သည့် အကြောင်းနှင့် သိမ်အကြောင်း သိကောင်းစရာများကို ဟောကြားပေးခဲ့ပါသည်။

၎င်းသို့ ဟောကြားပေးရာတွင် ဗုဒ္ဓမြတ်စွာ၏ သာသနာတွင် သိမ်သည် ရဟန်း သံဃာတော်များနှင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့အတွက်၊ သိထားဖွယ် ကောင်းသော သာသနာတော်၏ အခြေခံတစ်ခုပင် ဖြစ်ပေသည်။ သိမ်သည် သာသနာတော် အရှည်တည်တံ့ရန်အတွက် အမြစ်အရင်းတစ်ခုပင် ဖြစ်ပေသည်။ ဝိနည်းအရာတွင် သိမ်သည် သိစရာ အလွန်ပင်များလှပေသည်။ အလွန်ပင် ကျယ်ပြန့်လှပေသည်။ ထို့ကြောင့် ရှေးဆရာတော်ကြီးများက "သဒ္ဒါမှာ လိင်၊ ဝိနည်းမှာ သိမ်" ဟူ၍ ဆိုရိုးပြုကြပါသည်။

ပါဠိသဒ္ဒါမှာ လိင်သည် အလွန်များပြားကျယ်ပြန့်လှပေသည်။ ကတ္တိလိင်၊ ပုလ္လိင်၊ နပုလ္လိင်၊ ဒွိလိင်၊ တိလိင်၊ "အ"လိင် စသည်ဖြင့် အလွန်ပင် များပြား ကျယ်ပြန့်လှပေသည်။ ထိုနည်းတူစွာ ဝိနည်းအရာမှာလည်း သိမ်သည် အလွန်ပင် များပြားကျယ်ပြန့်လှပေသည်။ ဂါမသိမ်၊ အရညသိမ်၊ နဒီသိမ်၊

http://www.dhammadownload.com



သမုဒ္ဒသိမ်၊ ဇာတဿရသိမ်၊ ဗဒ္ဓသိမ်၊ အဗဒ္ဓသိမ်၊ စပ်ကောင်းသည့်သိမ်၊ မစပ်ကောင်းသည့် သိမ် စသည်ဖြင့် အလွန်ပင် များပြား ကျယ်ပြန့်လှပေသည်။

## သိကောင်းစရာ သိမ်ရှစ်ဖြာ

ဤကဲ့သို့ သိမ်သည် သိကောင်းစရာ အလွန်ပင် များပြား ကျယ်ပြန့်ပါသော်လည်း မိမိတို့အတွက် အခြေခံကျကျ သိထားဖို့ရာမှာတော့ (၈)မျိုးပင် ရှိပေသည်။ မှီရာဖြစ်သည့် သိမ်က (၅)မျိုး မှီတတ်သော သိမ်က (၃)မျိုး ဟူ၍ (၈)မျိုးပင် ရှိပေသည်။ သိမ်ဟူသော အမည်သည် ပါဠိလို သီမ ဖြစ်ပါသည်။ သီမဆိုသည်မှာ မြန်မာလို အပိုင်းအခြား ဖြစ်ပါသည်။

မှီရာသိမ် (၅)မျိုးဆိုသည်မှာ -

| | | | |
|---|---|---|---|
| ၁။ | ဂါမသီမ | = | မြို့ရွာအပိုင်းအခြားသိမ် |
| ၂။ | အရညသီမ | = | တောအပိုင်းအခြားသိမ် |
| ၃။ | နဒီသီမ | = | မြစ်ချောင်းအပိုင်းအခြားသိမ် |
| ၄။ | သမုဒ္ဒသီမ | = | ပင်လယ်သမုဒ္ဒရာအပိုင်းအခြားသိမ် |
| ၅။ | ဇာတဿရသီမ | = | ရေအိုင်အပိုင်းအခြားသိမ် |

ဟူ၍ (၅)မျိုး ရှိပေသည်။

### (၁) ဂါမသီမ = မြို့ရွာအပိုင်းအခြားသိမ်ဟူသည် -

အစိုးရမင်းများက အခွန်ကောက်ခံခြင်း စသည် ပြုလုပ်ရန်အတွက် မြို့ရွာနယ်မြေသတ်မှတ်ပိုင်းခြားထားသော အရပ်ဒေသ သိမ်ဖြစ်ပေသည်။ ဤဂါမသီမ = မြို့ရွာအပိုင်းအခြားသိမ်သည် မြတ်စွာဘုရား အမိန့်အာဏာတော်ဖြင့် ဖြစ်ပေါ်လာသော သိမ်မဟုတ်ပေ၊ အစိုးရမင်းများ၏ အမိန့်အာဏာဖြင့် ဖြစ်ပေါ်လာသောသိမ် ဖြစ်ပေသည်။

http://www.dhammadownload.com



(၂) အရညသီမ = တောအပိုင်းအခြားသိမ်ဟူသည် -

မြို့ရွာနယ်ပယ်မှ လွတ်သော မြစ်အင်းအိုင်လည်း မဟုတ်သော ကုန်းမြေအရပ်သိမ် ဖြစ်ပေသည်။ ဤအရညသီမ = တောအပိုင်းအခြားသိမ်သည် မြတ်စွာဘုရား အမိန့်အာဏာ၊ အစိုးရမင်းတို့၏ အမိန့်အာဏာတို့ဖြင့် ဖြစ်ပေါ်လာသော သိမ်မဟုတ်ပေ။ သဘာ အလိုအလျောက် ဖြစ်ပေါ်နေသော သိမ် ဖြစ်ပေသည်။

(၃) နဒီသီမ = မြစ်အပိုင်းအခြားသိမ်ဟူသည် -

ရေစီးရေလာရှိသော မြစ်ချောင်းအမျိုးမျိုးသိမ် ဖြစ်ပေသည်။ ဤနဒီသီမ = မြစ်ချောင်းအပိုင်းအခြားသိမ်သည်လည်း မြတ်စွာဘုရား၏ အမိန့်အာဏာတို့ဖြင့် ဖြစ်ပေါ်လာသောသိမ် မဟုတ်ပေ။ သဘာအလိုအလျောက် ဖြစ်ပေါ်နေသော သိမ် ဖြစ်ပေသည်။

(၄) သမုဒ္ဒသီမ = ပင်လယ်သမုဒ္ဒရာအပိုင်းအခြားသိမ်ဟူသည်-

အရပ်လေးမျက်နှာ၌ ရှိသော အလွန်ကျယ်ပြန့်သည့် ပင်လယ်သမုဒ္ဒရာသိမ် ဖြစ်ပေသည်။ ဤသမုဒ္ဒသီမ = ပင်လယ်သမုဒ္ဒရာ အပိုင်းအခြား သိမ်သည်လည်း မြတ်စွာဘုရား၏ အမိန့်အာဏာ၊ အစိုးရမင်းတို့၏ အမိန့်အာဏာတို့ဖြင့် ဖြစ်ပေါ်လာသောသိမ် မဟုတ်ပေ၊ သဘာအလိုအလျောက် ဖြစ်ပေါ်နေသော သိမ်ဖြစ်ပေသည်။

(၅) ဇာတဿရသီမ = ရေအိုင်အပိုင်းအခြားသိမ်ဟူသည် -

လူတို့မတူးဖော်အပ်ပါဘဲ၊ အယုတ်ဆုံး မိုး (၄)လအတွင်း ရေရှိနေသော ရေအိုင်သိမ် ဖြစ်ပေသည်။ ဤဇာတဿရသီမ = ရေအိုင်အပိုင်းအခြား သိမ်

http://www.dhammadownload.com



သည်လည်း မြတ်စွာဘုရား၏ အမိန့်အာဏာ၊ အစိုးရမင်းတို့၏ အမိန့်အာဏာတို့ဖြင့် ဖြစ်ပေါ်လာသော သိမ်မဟုတ်ပေ၊ သူ့အလိုအလျောက် ဖြစ်ပေါ်နေသော သိမ်ဖြစ်ပေသည်။

မှီတတ်သော သိမ် (၃)မျိုး ဆိုသည်မှာ -

၁။ ဗဒ္ဓသီမ = ကမ္မဝါဖြင့် သမုတ်အပ်သောသိမ်
၂။ သတ္တဗ္ဘန္တရသီမ = အတောင်ဖြင့် ပိုင်းခြားအပ်သောသိမ်
၃။ ဥဒကုက္ခေပသီမ = ရေတစ်ကျဖြင့် ပိုင်းခြားအပ်သောသိမ်
ဟူ၍ (၃)မျိုး ရှိပေသည်။

၁။ ဗဒ္ဓသိမ်သည် ဂါမသိမ်ကိုမှီ၍ ဖြစ်ပေါ်လာသည့် မှီတတ်သောသိမ် ဖြစ်ပေသည်။

၂။ သတ္တဗ္ဘန္တရသိမ်သည် အရညသိမ်ကိုမှီ၍ ဖြစ်ပေါ်လာသည့် မှီတတ်သော သိမ် ဖြစ်ပေသည်။

၃။ ဥဒကုက္ခေပသိမ်သည် နဒီသိမ်၊ သမုဒ္ဒသိမ်၊ ဇာတဿရသိမ်တို့ကို မှီ၍ ဖြစ်ပေါ်လာသည့် မှီတတ်သော သိမ်ဖြစ်ပေသည်။

၁။ ဗဒ္ဓသီမ = ကမ္မဝါဖြင့် သမုတ်အပ်သော သိမ်ဟူသည် သိမ်သမုတ်မည့် နေရာကို ပေ (၅၀)၊ ပေ (၁၀၀) စသည်ဖြင့် မြေကွက်ကို ကျောက်တုံး ကျောက်တိုင်စသည်တို့ဖြင့် ရှေးဦးစွာ ပိုင်းခြားသတ်မှတ်ထားရပါသည်။ ထိုနောက် (၄)ပါးထက်များသော ရဟန်းတော်တို့သည် သိမ်ဟောင်းရှိခြင်း အပြစ်မှ ကင်းစင်စေရန် သိမ်နုတ်ကြရပါသည်။

ထို့နောက်မှ (၄)ပါး၊ (၄)ပါးထက်များသောရဟန်းတော်တို့သည် နှစ်တောင့်ထွာ ဟတ္ထပါတ်စပ်အောင်နေ၍ ကမ္မဝါဖတ်ကာ သမုတ်အပ်သော

http://www.dhammadownload.com



သိမ်ဖြစ်ပေသည်။ ဤသိမ်သည် အစိုးရမင်းတို့၏ အမိန့်အာဏာဖြင့် ဖြစ်ပေါ်လာသောသိမ် မဟုတ်ပေ။ မြတ်စွာဘုရား၏ အမိန့်အာဏာဖြင့် ဖြစ်ပေါ်လာသောသိမ် ဖြစ်ပေသည်။ ဤသကျမုနိရိပ်သာ၌ သမုတ်အပ်သော သိမ်သည် ကမ္မဝါဖြင့် သမုတ်အပ်သော ဗဒ္ဓသိမ်ဖြစ်ပေသည်။

၂။ သတ္တဗ္ဘန္တရသီမ = အတောင်ဖြင့် ပိုင်းခြားအပ်သောသိမ်ဟူသည် တောအရပ်၌ နေကြသော ရဟန်းတော်များ ချမ်းသာစွာကံပြုနိုင်ရန်အတွက် မြတ်စွာဘုရားခွင့်ပြုတော်မူသော သိမ်ဖြစ်ပေသည်။ ရဟန်းတော်များ နေရာအရပ်မှ အဗ္ဘန္တရ (၇)ခုတို့ဖြင့် ပိုင်းခြားအပ်သော အရပ်ဒေသသိမ် ဖြစ်ပေသည်။

အဗ္ဘန္တရတစ်ခုလျှင် (၂၈)တောင် ရှိပေသည်။ ရဟန်းတော်များ နေရာအရပ်မှ အရှေ့ဖက်သို့ (၁၉၆)တောင်၊ အနောက်ဖက်သို့ (၁၉၆)တောင် တောင်ဖက်သို့ (၁၉၆)တောင်၊ မြောက်ဖက်သို့ (၁၉၆)တောင်တို့ဖြင့် ပိုင်းခြားအပ်သော တောအရပ်ဒေသသည် သတ္တဗ္ဘန္တရသိမ် ဖြစ်ပေသည်။

ဤသိမ်သည် အစိုးရမင်းတို့၏ အမိန့်အာဏာဖြင့် ဖြစ်ပေါ်လာသောသိမ်မဟုတ်ပေ။ မြတ်စွာဘုရား၏ အမိန့်အာဏာဖြင့် ဖြစ်ပေါ်လာသော သိမ်ဖြစ်ပေသည်။

၃။ ဥဒကုက္ခေပသီမ = ရေတစ်ကျဖြင့် ပိုင်းခြားအပ်သောသိမ်ဟူသည် မြစ်ချောင်း သမုဒ္ဒရာရေအိုင်တို့၌ သွားလာနေထိုင်ကြသော ရဟန်းတော်များ ချမ်းသာစွာ ကံပြုနိုင်ရန်အတွက် မြတ်စွာဘုရား ခွင့်ပြုတော်မူသော သိမ် ဖြစ်ပေသည်။ မြစ်ချောင်းသမုဒ္ဒရာ ရေအိုင်တို့၌ သွားလာနေထိုင်ကြသော ရဟန်းတော်များ နေရာအရပ်မှ လက်ဖြင့် ကော်ပက်လိုက်သော ရေ၏ ကျရာအရပ်ဖြင့် ပိုင်းခြားအပ်သောသိမ် ဖြစ်ပေသည်။

ရဟန်းတော်များ၏ တည်နေရာအရပ်မှ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်မျက်နှာများသို့ အားအလယ်အလတ်ရှိသောယောကျ်ားပက်လိုက်သော ရေတစ်ကျဖြင့် ပိုင်းခြားအပ်သောသိမ် ဖြစ်ပေသည်။ ဤသိမ်ကို ရေသိမ်ဟူ၍လည်း ခေါ်ကြပေသည်။ ဤသိမ်၌ ကံပြုသောအခါ ရဟန်းတော်

http://www.dhammadownload.com



များ ရေထဲဆင်း၍လည်း ကံပြုနိုင်ပေသည်။ ကျောင်းငယ်များ ဆောက်လုပ်၍လည်း ကံပြုနိုင်ပေသည်။ မိုး (၄)လအတွင်း ရေရှိပါက ဆောင်း၊ နွေဥတုတို့၌ ရေမရှိသော သဲသောင်ပြင်၊ မြေအပြင်တို့၌လည်း ကံပြုနိုင်ပေသည်။

၁။ ဗဒ္ဓသီမ = ကမ္မဝါဖြင့် သမုတ်အပ်သော သိမ်သည် ဂါမသိမ်ကို မှီ၍ ဖြစ်ပေါ်လာသည့် မှီတတ်သော သိမ် ဖြစ်ပေသည်။

၂။ သတ္တဗ္ဘန္တရသီမ = အတောင်ဖြင့် ပိုင်းခြားအပ်သော သိမ်သည် အရညသိမ်ကို မှီ၍ ဖြစ်ပေါ်လာသည့် မှီတတ်သော သိမ် ဖြစ်ပေသည်။

၃။ ဥဒကုက္ခေပသီမ = ရေတစ်ကျဖြင့် ပိုင်းခြားအပ်သော သိမ်သည် နဒီသိမ်၊ သမုဒ္ဒသိမ်၊ ဇာတဿရသိမ်တို့ကို မှီ၍ ဖြစ်ပေါ်လာသည့် မှီတတ်သော သိမ် ဖြစ်ပေသည်။

ဤကဲ့သို့ မှီရာသိမ် (၅)မျိုးနှင့် မှီတတ်သောသိမ် (၃)မျိုးဟူ၍၊ သာသနာတော်၌ သိထားဖွယ်ရာကောင်းသော သိမ်တို့သည် အကျဉ်းချုပ်အားဖြင့် (၈)မျိုးပင် ရှိသည်ဟူ၍ ဟောကြားပေးခဲ့ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်
(၁၂-၅-၁၉၉၈)

http://www.dhammadownload.com

# တရားစခန်းသိမ်းမှာ မေးရာ ဖြေပေးပါ

ယခုခေတ်အခါသည် ဝိပဿနာတရားထွန်းကားလာသောအခါ ဖြစ်ပေသည်။ ထို့ကြောင့် ထိုထိုနိုင်ငံ၊ ထိုထိုအရပ်ဒေသ မြို့ရွာတို့၌ ဝိပဿနာတရားစခန်းများ ဖွင့်၍ ဝိပဿနာတရားပွားများအားထုတ်လျက် ရှိကြပေသည်။ ဆရာတော်တို့ကိုလည်း ၁၉၉၄-ခုနှစ်မှစ၍ ၁၉၉၇-ခုနှစ်ထိ အမေရိကန်နိုင်ငံမှ တရားမမွှလိုလားသော ပုဂ္ဂိုလ်များက ပင့်လျှောက်ကြသဖြင့် ကြွရောက်ကာ တရားဟော၊ တရားပြ ဆောင်ရွက်ခဲ့ကြပါသည်။

ယခုနှစ်မှာလည်း အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်၊ ရေဗားဆိုက် သကျမုနိရိပ်သာမှ ဆရာတော် ဦးခိပ္ပပညောနှင့် ဦးဝီရပညောတို့က တရားဟော၊ တရားပြ ပင့်လျှောက်ကြသဖြင့် ဆရာတော်နှင့် ဦးကောဝိဒ၊ ဦးတင်ဦးလှိုင်တို့သည် ရေဗားဆိုက် သကျမုနိရိပ်သာသို့ ကြွရောက်၍ ၁၃၆၀-ပြည့်၊ ကဆုန်လဆန်း (၃)ရက် (၂၈-၄-၉၈) အင်္ဂါနေ့မှ စ၍ ကဆုန်လဆန်း (၁၃)ရက် (၈-၅-၉၈) သောကြာနေ့ထိ (၁၀)ရက် တရားစခန်း ဖွင့်၍ တရားဟော တရားပြ ဆောင်ရွက်ကြပါသည်။

မေး။ ။ ၁၃၆၀-ပြည့်၊ ကဆုန်လဆန်း (၁၃)ရက် (၈-၅-၉၈) သောကြာနေ့တွင် တရားစခန်းသိမ်းပွဲ ပြုလုပ်ကြပါသည်။ ထိုစခန်းသိမ်းပွဲ၌ ယောဂီများက သူတို့မေးလိုရာ မေးခွန်းများကို မေးလျှောက်ကြပါသည်။ ဒေါ်တွန် အမည်ရှိသူ အသက်(၅၈)နှစ်ရှိ ဗီယက်နမ်အမျိုးသမီးယောဂီက မေးလျှောက်သည်မှာ ယောနိသောမနသိကာရ နှင့် သမ္မာသက်ပ္ပတို့သည် မည်ကဲ့သို့ ထူးခြားကြပါသနည်း ဟု လျှောက်ထားပါသည်။

http://www.dhammadownload.com



ဖြေ။ ။ **သဘောတရားအားဖြင့် မတူ၊ ထူးခြားပုံ**

ယောနိသောမနသိကာရဆိုသည်မှာ အသင့်အတင့် နှလုံးသွင်းခြင်း ဖြစ်ပေသည်။ သမ္မာသင်္ကပ္ပဆိုသည်မှာ မှန်ကန်စွာကြံစည်ခြင်း ဖြစ်ပေသည်။ ထိုအသင့်အတင့် နှလုံးသွင်းခြင်းနှင့် မှန်ကန်စွာကြံစည်ခြင်း တို့သည် သာမန်အားဖြင့် တူသလိုပင် ဖြစ်ပေသည်။ သို့ပါသော်လည်း နှလုံးသွင်းခြင်းနှင့် ကြံစည်ခြင်းတို့သည် သဘောတရားအားဖြင့် မတူကြပေ။ ထူးခြားကြပေသည်။

**တရားကိုယ်အားဖြင့် မတူ၊ ထူးခြားပုံ**

ယောနိသောမနသိကာရဟူသည် အကြောင်းမှန် အကျိုးမှန်တို့ကို ပညာဉာဏ်ဖြင့် ဆင်ခြင်၍ မိမိစိတ်ကို ကောင်းရာဖက်မှ ကုသိုလ်ဖြစ်အောင် ပြုပြင်ထားခြင်း ဖြစ်ပေသည်။ တရားကိုယ်အားဖြင့် မနသိကာရစေတသိက် ဖြစ်ပေသည်။ သမ္မာသင်္ကပ္ပဟူသည် မှန်ကန်စွာ ကြံစည်တတ်သောတရား၊ အာရုံပေါ်သို့ စိတ်ကို ရောက်အောင် တင်ပေးတတ်သော တရား ဖြစ်ပေသည်။ တရားကိုယ်အားဖြင့် ဝိတက်စေတသိက် ဖြစ်ပေသည်။ ဤကဲ့သို့ ယောနိသောမနသိကာရနှင့် သမ္မာသင်္ကပ္ပတို့သည် တရားကိုယ်အားဖြင့် မတူကြပေ၊ ထူးခြားကြပေသည်။

**ဖြစ်ကြောင်းအားဖြင့် မတူ၊ ထူးခြားပုံ**

ယောနိသောမနသိကာရ ရှိကြသော ပုဂ္ဂိုလ်တို့သည် ပညာဉာဏ်ဖြင့် ဆင်ခြင်၍ ခန္ဓာ (၅)ပါး ရုပ်၊ နာမ် (၂)ပါးတို့၏ မမြဲခြင်း အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ အစိုးမရခြင်း အနတ္တတို့ကို အမှန်အတိုင်း ကောင်းစွာ သိမြင်ကြ၍ ကုသိုလ်တရားများ ဖြစ်ကြရပေသည်။ ထို့ကြောင့် ယောနိသောမနသိကာရသည် ကုသိုလ်တရားများ ဖြစ်ခြင်း၏ အကြောင်း ဖြစ်ပေသည်။

http://www.dhammadownload.com



ယောနိသောမနသိကာရ ရှိကြသော ပုဂ္ဂိုလ်တို့သည် ကောင်းသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ ဖြစ်ကြသည့် ဣဋ္ဌာရုံများနှင့် တွေ့ကြုံရသောအခါ အတိတ်ဘဝများက မိမိကုသိုလ်ကံများ ပြုခဲ့၍ ကောင်းသော ဣဋ္ဌာရုံများနှင့် တွေ့ကြုံနေရခြင်း ဖြစ်ပေသည်။ နောက်နောင်အချိန်ကာလ အနာဂတ်ဘဝများ၌လည်း ဤလိုကောင်းသည့် ဣဋ္ဌာရုံများနှင့် တွေ့ကြုံရပြီး အကောင်းမြတ်ဆုံး နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားဖို့ရာ ကုသိုလ်တရားများကို ပြုလုပ်မှ တော်မည်ဟု ဆင်ခြင်နှလုံးသွင်း၍ ကုသိုလ်တရားများကို ပြုကြပေသည်။ ထို့ကြောင့် ယောနိသောမနသိကာရသည် ကုသိုလ်တရားများ ဖြစ်ခြင်း၏အကြောင်း ဖြစ်ပေသည်။

ယောနိသောမနသိကာရ ရှိသော ပုဂ္ဂိုလ်တို့သည် မကောင်းသည့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ မကောင်းသည့် အတွေ့ အနိဋ္ဌာရုံများနှင့် တွေ့ကြုံရသောအခါ ဤမကောင်းသည့် အနိဋ္ဌာရုံများနှင့် မိမိတွေ့ကြုံနေရခြင်းသည် အတိတ်ဘဝများက မိမိ မကောင်းသည့် အကုသိုလ်ကံများကို ပြုခဲ့မိလို့ တွေ့ကြုံနေရခြင်း ဖြစ်ပေသည်။ ဤမကောင်းသည့် အနိဋ္ဌာရုံ မကောင်းသည့် အကျိုးများမှ ကျော်လွန်သွားရအောင် ကောင်းမှုကုသိုလ်များကို ရှေ့ကထက် ဆထက်တိုး၍ ပြုမှ တော်မည်ဟု ဆင်ခြင်နှလုံးသွင်း၍ ကုသိုလ်တရားများကို ပြုကြပေသည်။ ထို့ကြောင့် ယောနိသောမနသိကာရသည် ကုသိုလ်တရားများ ဖြစ်ခြင်း၏အကြောင်း ဖြစ်ပေသည်။

ဝိပဿနာတရား အားထုတ်ကြသောအခါ မှတ်သိစိတ်ကို မှတ်စရာ အာရုံပေါ်သို့ တင်ပေးခြင်းသည် သမ္မာသင်္ကပ္ပ ဖြစ်ပေသည်။ မှတ်သိစိတ် မှတ်စရာ အာရုံပေါ်သို့ ရောက်သွားသောအခါ အမှန်ကို သိတတ်သည့် သမ္မာဒိဋ္ဌိ ဖြစ်လာပေသည်။ ထို့ကြောင့် သမ္မာသင်္ကပ္ပသည် သမ္မာဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်း ဖြစ်ပေသည်။

ဥပမာ - ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ပြသောနည်းဖြင့် ဝိပဿနာတရား အားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် ဖောင်းတယ်၊ ပိန်တယ်စသည်ဖြင့် ရှုမှတ်ကြရာ၌ ဖောင်းတာ ပေါ်လာသောအခါ ဖောင်းသည့် အပေါ်သို့ မှတ်သိစိတ် ရောက်သွားရအောင် တင်ပေးလိုက်

http://www.dhammadownload.com



ခြင်းသည် သမ္မာသင်္ကပ္ပ ဖြစ်ပေသည်။ ဖောင်းသည့် အပေါ်သို့ မှတ်သိစိတ် ရောက်သွားသည်နှင့် တစ်ပြိုင်နက် အမှန်ကို သိတတ်သည့် သမ္မာဒိဋ္ဌိက ဖောင်းတာက တစ်ခြား၊ မှတ်သိလိုက်တာက တစ်ခြားဟုကွဲပြားစွာ သိသွားပေသည်။ ထို့ကြောင့် သမ္မာသင်္ကပ္ပသည် သမ္မာဒိဋ္ဌိဖြစ်ခြင်း၏အကြောင်း ဖြစ်ပေသည်။

သမ္မာသင်္ကပ္ပသည် တရားကိုယ်အားဖြင့် ဝိတက်ဖြစ်ပေသည်။ ထိုဝိတက်သည် နေက္ခမ္မဝိတက်၊ အဝိဟိံသဝိတက်၊ အဗျာပါဒဝိတက်ဟူ၍ (၃)မျိုး ဖြစ်ပေသည်။ ထို(၃)မျိုးတို့တွင် နေက္ခမ္မဝိတက်သည် ကာမဂုဏ်တို့မှ လွှတ်မြောက်ခြင်းကို ကြံစည်၍ ပဌမစျာန်စသော စျာန်သမာပတ်များ ရရှိခြင်း၏ အကြောင်း ဖြစ်ပေသည်။ အဝိဟိံသဝိတက်သည် သတ္တဝါတို့အား ညှဉ်းဆဲရန် ကြံစည်ခြင်းမှ လွှတ်မြောက်၍ ဖြူစင်သွားကဲ့သို့ နေခြင်းဖြစ်သည့် ကရုဏာစျာန်ကို ရခြင်း၏ အကြောင်း ဖြစ်ပေသည်။ အဗျာပါဒဝိတက်သည် သတ္တဝါတို့အား သေကြေပျက်စီးအောင် ကြံစည်ခြင်းမှ လွှတ်မြောက်၍ ဖြူစင်သွားကဲ့သို့ နေခြင်းဖြစ်သည့် မေတ္တာစျာန်ကို ရခြင်း၏အကြောင်း ဖြစ်ပေသည်။

ယောနိသောမနသိကာရသည် အားလုံးသော ကုသိုလ်တို့၏ ဖြစ်ခြင်း အကြောင်း ဖြစ်ပေသည်။ သမ္မာသင်္ကပ္ပသည် ဝိပဿနာရှုမှတ်ပွားများသောအခါ သမ္မာဒိဋ္ဌိဖြစ်ခြင်း၏အကြောင်း ဖြစ်ပေသည်။ သမထတရားပွားများအားထုတ်သောအခါ စျာန်သမာပတ်များ ဖြစ်ခြင်း၏ အကြောင်းဖြစ်ပေသည်။ ဤကဲ့သို့ ဖြစ်ကြောင်းအားဖြင့် မတူကြပေ၊ ထူးခြား ကြပေသည်။

ယောဂီ ဒေါ်တွန် အား ဖြေကြားပေးစဉ်က သဘောတရား မတူ ထူးခြားပုံနှင့် တရားကိုယ်အားဖြင့် မတူ ထူးခြားပုံအကျဉ်းမျှကိုသာ ပြောကြားပေးနိုင်ခဲ့ပါသည်။ တရားဆောင်းပါးဖတ်ရှုသူတို့အား ပြည့်စုံစွာ မှတ်သားနိုင်စေရန်အတွက် အကျယ်ဖွင့်ပြ ရေးသားလိုက်ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

(၉-၅-၁၉၉၈)

http://www.dhammadownload.com

# ချီကာဂိုတရားစခန်းမှ မေးကြ ဖြေပေးရ

ယခုခေတ်အခါသည် ဝိပဿနာတရားထွန်းကားလာသောအခါ ဖြစ်ပေသည်။ ထို့ကြောင့် ထိုထိုနိုင်ငံ ထိုထိုအရပ်ဒေသ မြို့ရွာတို့၌ ဝိပဿနာ တရားစခန်းများဖွင့်၍ ဝိပဿနာတရား ပွားများအားထုတ်လျက် ရှိကြပေသည်။ ဆရာတော်တို့ကိုလည်း ၁၉၉၄-ခုနှစ်မှစ၍ ၁၉၉၇-ခုနှစ်ထိ အမေရိကန်နိုင်ငံမှ တရားဓမ္မလိုလားကြသော ပုဂ္ဂိုလ်တို့က ပင့်လျှောက်ကြသဖြင့် ကြွရောက်ကာ တရားဟော တရားပြ ဆောင်ရွက်ခဲ့ကြပါသည်။

ယခုနှစ်မှာလည်း အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်၊ ရေးဗား ဆိုက် သကျမုနိရိပ်သာမှ ဆရာတော် ဦးခိပ္ပပညောနှင့် ဦးဝိရပညောတို့က ပင့်လျှောက်သဖြင့် ဆရာတော်နှင့် ဦးကောဝိဒ၊ ဦးတင်ဦးလှိုင်တို့သည် ရေးဗား ဆိုက် သကျမုနိရိပ်သာသို့ ကြွရောက်၍ ၁၃၆၀-ပြည့်၊ ကဆုန်လဆန်း (၃)ရက် (၂၈-၄-၉၈) အင်္ဂါနေ့မှစ၍ ကဆုန်လဆန်း (၁၃)ရက် (၈-၅-၉၈) သောကြာနေ့ ထိ (၁၀)ရက် တရားစခန်းဖွင့်၍ တရားဟော တရားပြ ဆောင်ရွက်ကြပါသည်။ သိမ်လည်း သမုတ်ပေးခဲ့ကြပါသည်။

ထိုရေးဗားဆိုက် သကျမုနိရိပ်သာမှ တစ်ဆင့် ချီကာဂိုဓမ္မာရာမ် ထိုင်း ဘုန်းတော်ကြီးကျောင်း ဆရာတော်များ၏ ခွင့်ပြုချက်အရ ယောဂီ ဒီယက် နှင့် ဓမ္မမိတ်ဆွေများက တရားဟော တရားပြ ပင့်လျှောက်ကြသဖြင့် ဆရာတော် နှင့် ဦးကောဝိဒ၊ ဦးတင်ဦးလှိုင်တို့သည် ချီကာဂိုဓမ္မာရာမ်ထိုင်း ဘုန်းတော်ကြီးကျောင်းသို့ ကြွရောက်၍ ၁၃၆၀-ပြည့်၊ ကဆုန်လဆုတ် (၂)ရက် (၁၂-၅-၉၈) အင်္ဂါနေ့မှစ၍ ကဆုန်လဆုတ် (၆)ရက် (၁၆-၅-၉၈) စနေနေ့

http://www.dhammadownload.com



အထိ (၅)ရက် စခန်းဖွင့်ကာ တရားဟော၊ တရားပြ ဆောင်ရွက်ကြပါသည်။

ထိုချီကာဂိုမြန်မာရာမ် ထိုင်းဘုန်းတော်ကြီး ကျောင်း (၅)ရက် တရားစခန်း၌ ညနေ (၃)နာရီမှ (၄)နာရီထိ တစ်ကြိမ်၊ ည (၆)နာရီမှ (၇)နာရီထိ တစ်ကြိမ် တရားစစ်ပေးရပါသည်။ ည (၈)နာရီမှ (၉)နာရီထိ တရားဟောဖေးရပါသည်။ ဤကဲ့သို့ တရားစစ်ပေးရာတွင် ယောဂီများက သူတို့ သိလိုရာများကို မေးလျှောက်ကြပါသည်။

မေး။ ။ ဗါန္ဒမ်ရီဂို အမည်ရှိသူ အမေရိကန်နိုင်ငံ ပါဒူး တက္ကသိုလ်မှ ပါမောက္ခ တစ်ဦးဖြစ်သူ အိန္ဒိယနွယ်ဘွား အမျိုးသားယောဂီက ရှေးဦးစွာ လျှောက်ထားသည်မှာ တရားထိုင်၍ရှုမှတ်သည့်အခါ ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်လာတတ်ပါသည်။ ဘာကြောင့် ဖြစ်တာပါလဲ ဟု မေးလျှောက်ပါသည်။

ဖြေ။ ။ ဗါန္ဒမ်ရီဂို မှတ်ပါးသော ဝိပဿနာတရားအားထုတ်ကြသည့် ပုဂ္ဂိုလ်တို့သည်လည်း အားထုတ်ခါစမှာ ဗါန္ဒမ်ရီဂို ကဲ့သို့ပင် ထိုင်းထိုင်းမှိုင်းမှိုင်း စဖြစ်ကြတာများ ရှိကြပေသည်။ ဝိပဿနာသမာဓိ ဖြစ်တာများပြီး ဝီရိယက လျော့သွား၍ ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်လာခြင်း ဖြစ်ပေသည်။ ထိုကြောင့် ဝီရိယ ပြန်တိုးတက်လာရအောင် အမှတ်တွေကို ဖြန့်၍ တိုး၍ ရှုမှတ်ပေးကြရပါသည်။ ဖောင်းတယ်၊ ပိန်တယ်ဟု (၂)ချက်ရှုမှတ်၍ ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်လာလျှင် ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ် (၄)ချက် ဖြန့်၍ တိုး၍ ရှုမှတ်ပေးသောအားဖြင့် ဝီရိယကို တိုးတက်အောင် ပြုပေးကြရပေသည်။

စကြံများများ လျှောက်ပေးခြင်းနှင့် သွက်သွက်မြန်မြန် လျှောက်ပေးခြင်းတို့ဖြင့်လည်း ဝီရိယကို တိုးတက်လာအောင် ပြုပေးကြရပေသည်ဟု ဖြေကြားပေးခဲ့ရပါသည်။

မေး။ ။ ထိုနောက် ဗါန္ဒမ်ရီဂိုက လျှောက်ထားပြန်သည်မှာ ဝင်လေ၊ ထွက်လေ ရှူသွင်း၊ ရှူထုတ် ရှုမှတ်ရတာ သမာဓိဖြစ်အောင် ရှုမှတ်ရတာလား ဟု မေးလျှောက်ပြန်ပါသည်။ ဝိပဿနာတရား ရှုမှတ်တယ်ဆိုတာ ဝိပဿနာဉာဏ်

http://www.dhammadownload.com



ဖြစ်အောင် ရှုမှတ်ရတာ မဟုတ်ပါလား . . . အဘယ်ကြောင့် သမာဓိဖြစ်အောင် ရှုမှတ်ရပါသလဲဟု မေးလိုရင်း ဖြစ်ပေသည်။

ဖြေ။ ။ ဝိပဿနာရှုမှတ်ခါစမှာ ရှေးဦးစွာ သမာဓိဖြစ်အောင် ရှုမှတ်ကြရပါသည်။ သမာဓိဖြစ်မှ ဝိပဿနာဉာဏ်ဖြစ်နိုင်သည်။ သမာဓိမဖြစ်သေးပါဘဲနှင့် ယခုရှုမှတ်လိုက်တာက ရုပ်တရား ဖြစ်သည်၊ ယခုရှုမှတ်လိုက်တာက နာမ်တရား ဖြစ်သည် စသည်ဖြင့် ရှုမှတ်နေဆဲမှာပင် ခွဲခြား ခွဲခြား၍ ဝိပဿနာဉာဏ်ဖြစ်အောင် ရှုမှတ်နေလျှင် အမှတ်တွေကြ၍ တရားတွေ တော်တော်နှင့် မတွေ့နိုင်ဘဲ ဖြစ်နေတတ်ကြပေသည်။ တရားတွေတော်တော်နှင့် မတိုးတက်ဘဲ ဖြစ်နေတတ်ကြပေသည်။ ထို့ကြောင့် ဝိပဿနာရှုမှတ်ခါစမှာ ရှေးဦးစွာ သမာဓိဖြစ်အောင် အားထုတ်ကြရပေသည်ဟု ဖြေကြားပေးခဲ့ရပေသည်။

မေး။ ။ ထို့နောက် ဗါန္ဓမ်ရီဂိုက လျှောက်ထားပြန်သည်မှာ တရား ထိုင်မှတ်သည့်အခါ နားကအသံတွေ ကြားနေရပါသည်။ အသံတွေက အလွန်လဲ များပါသည်။ အလွန်လဲမြန်ပါသည်။ ဘယ်လို ရှုမှတ်ကြရမည်လဲဟု မေးလျှောက်ပြန်ပါသည်။

ဖြေ။ ။ နားကအသံတွေ ကြားနေရခြင်းသည် (၂)မျိုး ရှိပေသည်။ ပြင်ပက ပကတိသော အသံတွေ နားကိုလာတိုက်၍ ကြားရတာတစ်မျိုး၊ တရားပီတိကြောင့် နားက အလိုလိုအသံတွေ ကြားနေတာက တစ်မျိုး ဟူ၍ (၂)မျိုး ရှိပေသည်။ ထိုအသံ (၂)မျိုးလုံးကိုပင် ကြားတယ် ကြားတယ်လို့ ရှုမှတ်ရပါသည်။

ဆက်ကာ ဆက်ကာ ရှုမှတ်၍ သမာဓိဉာဏ်များ အသင့်အတင့် အားရှိလာသောအခါ ကြားတယ်၊ ကြားတယ်ဟု ရှုမှတ်လိုက်သည်ရှိသော် အသံများ တိုးတိုးသွားတာ၊ အသံများ ပြန်၍ ပြန်၍ ကျယ်လာသည်များကို တွေ့သိကြရမည့်ဖြစ်ပေသည်။ ဆက်ကာ ဆက်ကာ ရှုမှတ်၍ သမာဓိဉာဏ်များ တစ်ဆင့်အားရှိထက်သန်သောအခါ ကြားတယ် ကြားတယ်ဟု ရှုမှတ်လိုက်သည်ရှိသော်

http://www.dhammadownload.com



အသံများ တစ်ခုပြီး တစ်ခု ပျောက်ပျောက်သွားတာ၊ ပျက်ပျက်သွားတာကို တွေ့သိကြရမည် ဖြစ်ပေသည်ဟု ဖြေကြားပေးခဲ့ရပါသည်။

မေး။ ။ ထို့နောက် ဗါနွမ်ရီဂိုက လျှောက်ထားပြန်သည်မှာ ဆရာတော်ဘုရား ဟောရာ၌ စင်္ကြံလျှောက်ရာတွင် ကုန်ပျက်သည့်ဘက်သို့ စိတ်ကို ညွတ်၍ ကုန်ပျက်တာများကို သိအောင် ရှုမှတ်ရမည်ဟုလည်း ဟောကြားပါသည်။ ပေါ့တာ လေးတာကိုလည်း သိအောင် ရှုမှတ်ရမည်ဟု ဟောကြားပါသည်။ ပေါ့တာ လေးတာနှင့်ကုန်ပျက်တာ ဤ(၂)မျိုးတို့တွင် ဘယ်အရာကို သိအောင် အဓိကထား၍ ရှုမှတ်ရပါမည်လဲဟု လျှောက်ထားပြန်ပါသည်။

ဖြေ။ ။ ရှေးဦးစွာပေါ့တာ၊ လေးတာ၊ ပေါ့သည့်သဘော၊ လေးသည့်သဘောများကို သိအောင်အဓိကထား၍ ရှုမှတ်ရမည် ဖြစ်ပေသည်။ ထိုသို့ပေါ့သည့်သဘော၊ လေးသည့်သဘောများကို သိပြီးမှသာ ကုန်ပျက် ကုန်ပျက်သည်များကို ရှုမှတ်ရမည် ဖြစ်ပေသည်။

ရှေးဦးစွာပေါ့သည့်သဘော၊ လေးသည့်သဘောများကို မသိသေးပါဘဲနှင့် ခြေထောက်ပုံသဏ္ဌာန်ဒြပ်ပညတ်ကြီး တစ်ခုလုံးကို ကုန်ပျက်သည်ဟု ရှုမှတ်လို့ မရပေ။ ပေါ့သည့်သဘော၊ လေးသည့်သဘောများကို သိပြီးမှသာ ထို့ပေါ့သည့်သဘော လေးသည့်သဘောများ ကုန်ပျက်သွားတာကို ရှုမှတ်လို့ ရကြပေသည်ဟု ဖြေကြားပေးခဲ့ရပေသည်။

မေး။ ။ ထို့နောက် ဗါနွမ်ရီဂို က လျှောက်ထားပြန်သည်မှာ လူ့ဘဝမှာ လာဖြစ်ပြီး ယခုလို လုပ်ကိုင်ဆောင်ရွက်နေရတာ ဘာအဓိပ္ပါယ်ရှိပါသလဲဟု မေးလျှောက်ပြန်ပါသည်။

ဖြေ။ ။ မြတ်စွာဘုရားအလိုတော်မှာ လူ့ဘဝမှာ ဖြစ်လာပြီး လုပ်ကိုင်ဆောင်ရွက်နေရခြင်းသည် အခြားဘဝများနှင့် နှိုင်းစာလျှင် အလွန်ပင် အဓိပ္ပါယ်ရှိပေသည်။ လူ့ဘဝသို့ ရောက်လာတယ်ဆိုတာ မိမိတို့မှာ အတိတ်ဘဝများက

http://www.dhammadownload.com



ကောင်းမှုကုသိုလ်ကံများ ရှိခဲ့၍သာ လူ့ဘဝသို့ ရောက်လာခြင်း ဖြစ်ကြပေသည်။ ကောင်းမှုကုသိုလ်ကံများကြောင့် ရောက်လာသည့်အားလျော်စွာ ကောင်းမှု ကုသိုလ်များကိုလည်း ပြုလုပ်နိုင်ကြပေသည်။ မိမိလဲအကျိုးရှိအောင် သူတစ်ပါးကိုလဲ အကျိုးရှိအောင် လုပ်ကိုင် ဆောင်ရွက်ပေးနိုင်ကြပေသည်။ ထို့ကြောင့် လူ့ဘဝမှာ ဖြစ်လာခြင်းသည် ကောင်းသော ဖြစ်လာခြင်း၊ အဓိပ္ပါယ်ရှိသော ဖြစ်လာခြင်း ဖြစ်ပေသည်။

လူ့ဘဝသည် တရားထူး တရားမြတ်ရနိုင်သည့် ကောင်းမြတ်သော ဘဝဖြစ်ပေသည်။ မိမိတို့ရှေ့က မဂ် ဖိုလ် နိဗ္ဗာန်ဟူသော တရားထူး တရားမြတ်များကို ရသွားကြသည့် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့သည် လူ့ဘဝကပင် ကုသိုလ်ပါရမီအထူးတို့ကို ဆည်းပူးသွားကြရပေသည်။ သို့ဖြစ်၍ လူ့ဘဝသည် အလွန်ပင် အဓိပ္ပါယ်ရှိသော ဘဝဖြစ်ပေသည်ဟု ဖြေကြားပေးခဲ့ရပေသည်။

ဖြေကြားပေးစဉ်က အကျဉ်းမျှသာ ဖြေကြားပေးနိုင်ခဲ့ပါသည်။ တရားဆောင်းပါး ဖတ်ရှုသူများ ပြည့်စုံစွာ မှတ်သားနိုင်ရန်အတွက် အကျယ်ဖွင့်ပြကာ ရေးသားလိုက်ရပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်
(၂၀-၅-၁၉၉၈)

http://www.dhammadownload.com

# ရိပ်သာပျော်မှန် ငိုရှုပြန်

ယခုခေတ်အခါသည် ဝိပဿနာတရား ထွန်းကားလာသောအခါ ဖြစ်ပေသည်။ ထို့ကြောင့် ထိုထိုနိုင်ငံ၊ ထိုထိုအရပ်ဒေသမြို့ရွာတို့၌ ဝိပဿနာ တရား စခန်းများဖွင့်၍၊ ဝိပဿနာတရားပွဲများအားထုတ်လျက် ရှိကြပေ သည်။ ဆရာတော်တို့ကိုလည်း ၁၉၉၄-ခုနှစ်မှစ၍ ၁၉၉၇-ခုနှစ်ထိ အမေရိကန် နိုင်ငံမှ တရားဓမ္မလိုလားကြသော ပုဂ္ဂိုလ်များက ပင့်လျှောက်ကြသဖြင့် ကြွရောက်ကာ တရားဟော တရားပြ ဆောင်ရွက်ခဲ့ကြပါသည်။

ယခုနှစ်မှာလည်း အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်၊ ရေးဗား ဆိုက် သကျမုနိရိပ်သာမှ ဆရာတော်ဦးခိပ္ပပညောနှင့် ဦးဝီရပညော တို့က တရားဟော တရားပြ ပင့်လျှောက်ကြသဖြင့် ဆရာတော်နှင့် ဦးကောဝိဒ၊ ဦးတင်ဦးလှိုင်တို့သည် ရေးဗားဆိုက်သကျမုနိရိပ်သာသို့ ကြွရောက်၍ ၁၃၆၀- ပြည့်၊ ကဆုန်လဆန်း (၃)ရက် (၂၈-၄-၉၈) အင်္ဂါနေ့မှစ၍ ကဆုန်လဆန်း (၁၃)ရက် (၈-၅-၉၈) သောကြာနေ့ထိ (၁၀)ရက် တရားစခန်းဖွင့်၍ တရားဟော တရားပြ ဆောင်ရွက်ကြပါသည်။

ဤကဲ့သို့ တရားဟော တရားပြ ဆောင်ရွက်ကြရာတွင် နံနက် (၈)နာရီ မှ (၉)နာရီထိ တစ်ကြိမ်၊ ညနေ (၂)နာရီခွဲမှ (၃)နာရီခွဲထိ တစ်ကြိမ် တရားစစ် ပေးရပါသည်။ ည (၇)နာရီမှ (၈)နာရီထိ တရားဟောပေးရပါသည်။ ထိုကဲ့သို့ တရားစစ်ပေးရာတွင် ယောဂီများက သူတို့ သိလိုရာများကို လျှောက်ထားကြ ပေသည်။

မေး။ ။ ကဆုန်လဆန်း (၁၀)ရက် (၅-၅-၉၈) အင်္ဂါနေ့ ညနေ တရားစစ်ရာ တွင် အသက် (၄၁)နှစ်ရှိ ထရိန်း အမည်ရှိသူ ဗီယက်နမ် အမျိုးသမီးယောဂီ

http://www.dhammadownload.com



က လျှောက်ထားသည်မှာ အကြောင်းကိစ္စများကြောင့် ယခုအိမ်သို့ ပြန်ရပါတော့မည်။ သကျမုနိရိပ်သာ၌ ဝိပဿနာတရားအားထုတ်နေရတာ အလွန်ပျော်မွေ့ပါသည်။ မည်သည့်ပျော်မွေ့ခြင်းနှင့်မျှ မတူတဲ့ ပျော်မွေ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ရိပ်သာမှ ပြန်ရတော့မည်ဆိုတော့ ငိုချင်လာ၍ ငိုရပါသည်။ ယခုလို ငိုရတာ ကောင်းပါရဲ့လား ...။ ကုသိုလ်ဖြစ်ပါသလား ...။ အကုသိုလ် ဖြစ်ပါသလား ... ဟု လျှောက်ထားပါသည်။

ဖြေ။ ။ ငိုခြင်း (၂)မျိုး

ငိုရခြင်းတို့သည် (၂)မျိုး ရှိပေသည်။

၁။ မိဘဆွေမျိုးစသည်တို့ သေကြေပျက်စီး၍သော်လည်းကောင်း၊
စီးပွားဥစ္စာများ ဆုံးရှုံးပျက်စီး၍သော်လည်းကောင်း၊
သောကပရိဒေဝများဖြစ်၍ ငိုကြွေးခြင်းများလည်း ဖြစ်ကြရပေသည်။

၂။ ဝိပဿနာတရားအားထုတ်သောအခါ တရားသဘောများကို အလွန်နှစ်သက်မြတ်နိုးလှသည်ဖြစ်၍ တရားပီတိများကြောင့် မျက်ရည်ကျခြင်း ငိုရခြင်းများလည်း ဖြစ်ကြရပေသည်။ ဤကဲ့သို့ ငိုခြင်း (၂)မျိုး ရှိပေသည်။

ထိုငိုခြင်း (၂)မျိုးတို့တွင် မိဘဆွေမျိုးများ ပျက်စီး၍သော်လည်းကောင်း စီးပွားဥစ္စာဆုံးရှုံးပျက်စီး၍သော်လည်းကောင်း ငိုကြွေးရခြင်းသည် အပါယ် သို့ ကျရောက်စေတတ်သည့် နှလုံးမသာယာမှု ဒေါမနဿတို့ဖြင့် ငိုကြွေးရသောကြောင့် မကောင်းသော ငိုကြွေးရခြင်း ဖြစ်ပေသည်။ ကုသိုလ်တရားများ မဖြစ်ပါဘဲ ဒေါသ ဒေါမနဿတို့ ပြဋ္ဌာန်းသော အကုသိုလ်တရားများ ဖြစ်ကြရပေသည်။

ဝိပဿနာတရားအားထုတ်သောအခါ တရားသဘောများကို အလွန်နှစ်သက်မြတ်နိုးလာသည်ဖြစ်၍ တရားပီတိများကြောင့် မျက်ရည်ကျရခြင်း ငို

http://www.dhammadownload.com



ရခြင်းတို့သည် တရားထူး တရားမြတ်များရခြင်း၏ အကြောင်းဖြစ်၍ ကောင်းသော မျက်ရည်ကျခြင်း ငိုရခြင်းဖြစ်ပေသည်။ ပီတိသောမနဿတို့ဖြင့် မျက်ရည်ကျရ ငိုရသည်ဖြစ်၍ ကုသိုလ်တရားများ ဖြစ်ကြပေသည်ဟု အကျဉ်းမျှသာ ဖြေကြားပေးခဲ့ ရပါသည်။

ထရိန်း အမည်ရှိသူအမျိုးသမီး ယောဂီက ရိပ်သာ၌ တရားဖြင့် ပျော်မွေ့ရတာ မည်သည့်ပျော်မွေ့ခြင်းနှင့်မျှမတူတဲ့ ပျော်မွေ့ခြင်းဖြစ်သည်ဟု လျှောက်ထားရာ၌ သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ ။ ပျော်မွေ့ခြင်း အမျိုးမျိုးတို့တွင် တရားနှင့် ပျော်မွေ့ရခြင်းသည် အမြတ်ဆုံးပျော်မွေ့ခြင်း ဖြစ်သည်ဟု မြတ်စွာဘုရားဟောကြားတော်မူသော တရားတော်နှင့် ကိုက်ညီ၍ ကောင်းသော ပျော်မွေ့ခြင်း ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ပျော်မွေ့ဖွယ်တွင်၊ တရားလျှင်၊ မှန်ပင် မြတ်ဆုံး ဖြစ်ပေသည်။

ဝိပဿနာတရားရှုမှတ်ပွားများ၍ (၄)နံပါတ် ဥဒယဗ္ဗယဉာဏ်သို့ ရောက်သွားသော ပုဂ္ဂိုလ်တို့သည် ကိုယ်ကလဲ ပေါ့ပါး၊ စိတ်ကလဲ ပေါ့ပါး၊ ကိုယ်ကလဲ နူးညံ့၊ စိတ်ကလဲ နူးညံ့၊ ကိုယ်ကလဲ ငြိမ်းအေး၊ စိတ်ကလဲ ငြိမ်းအေး ဖြစ်ကြရပေသည်။ ဝိပဿနာပီတိသုခများဖြစ်လာ၍ ယင်းပီတိသုခတို့ဖြင့် ပျော်မွေ့နေရသည်မှာ လူသာမန်ပင် မဆိုထားနှင့် နတ်သာမန်တို့ပင် မပျော်မွေ့နိုင်သည့် ပျော်မွေ့ခြင်း တို့ဖြင့် ပျော်မွေ့နေရပေသည်ဟု မြတ်စွာဘုရားဟောကြားတော်မူသည့်အတိုင်း မည်သည့်ပျော်မွေ့ခြင်းနှင့်မှ မတူသည့် ပျော်မွေ့ခြင်းကို ရရှိနေကြပေသည်။ ထရိန်း အမည်ရှိသူ အမျိုးသမီးယောဂီသည်လည်း ဝိပဿနာပီတိသုခတို့ဖြင့် ပျော်မွေ့နေသည်ဖြစ်၍ ရိပ်သာ၌ ပျော်မွေ့ခြင်း ဖြစ်ပေသည်။

ပီတိသုခတို့ဖြင့် ပျော်မွေ့နေရသည်ဟု ဆိုရာ၌ ပီတိတို့သည် လောကဓမ္မအားဖြင့် (၄)မျိုး ရှိပေသည်။

http://www.dhammadownload.com



(၁) ကာမာမိသာပီတိ = ကာမဂုဏ်ချမ်းသာတို့ကို အလိုရှိတိုင်း ခံစားရသည်ဖြစ်၍ ဖြစ်ပေါ်လာသောပီတိ
(၂) ဝဏ္ဏာမိသာပီတိ = ဝဏ္ဏမကင်းသော ဘဝချမ်းသာများကို တောင့်တ၍ ပြုသော ကောင်းမှုတို့၏ ပြည့်စုံခြင်းကို မှီ၍ ဖြစ်ပေါ်လာသောပီတိ
(၃) လောကာမိသာပီတိ= လောကရေးရာတို့ကို ဆောင်ရွက်ရာတွင် အောင်မြင်၍ ဖြစ်ပေါ်လာသောပီတိ
(၄) ဓမ္မပီတိ = တရားအားထုတ်၍ ဖြစ်ပေါ်လာသော ပီတိ ဟူ၍ (၄)မျိုး ရှိပေသည်။

ထို (၄)မျိုးတို့တွင် ကာမာမိသာပီတိ၊ ဝဏ္ဏာမိသာပီတိ၊ လောကာမိသာပီတိတို့သည် ဗောဇ္ဈင် မကိုက်၍ တရားထူး တရားမြတ်များရကြောင်း ပီတိများ မဟုတ်သောကြောင့် ယခုဘဝမှာ တရားထူး တရားမြတ်များ ရလိုသော ပုဂ္ဂိုလ်တို့ အလိုရှိအပ်သော ပီတိများ မဟုတ်ကြပေ။

ဓမ္မပီတိတို့သည် ဝိပဿနာတရားအားထုတ်သောအခါ ထင်ရှားစွာ ဖြစ်ပေါ်လာတတ်ကြပေသည်။ ဝိပဿနာတရား အားထုတ်၍ ဖြစ်ပေါ်လာသော ပီတိတို့သည် (၅)မျိုး ရှိပေသည်။

(က) ခုဒ္ဒကပီတိ = ကျောပြင်က စိမ့်ခနဲ ရင်ထဲက သိမ့်ခနဲ တစ်ကြိမ်မျှသာ ဖြစ်ပြီးလျှင် ပျောက်ကွယ်သွားသော အငယ်စားပီတိ
(ခ) ခဏိကပီတိ = ကျောပြင်ကစိမ့်ကနဲ ရင်ထဲက သိမ့်ကနဲ စသည်ဖြင့် ခဏခဏဖြစ်သော ပီတိ
(ဂ) ဩက္ကန္တိကပီတိ = အအေးငွေ့ အပူငွေ့လေးများဖြင့် ခန္ဓာကိုယ်အောက်ပိုင်းမှ တွေ့ထိပြီး အထက်ပိုင်းသို့ သက်ဝင်၍ တက်သွားပြီးလျှင် အထက်ပိုင်းမှ အောက်ပိုင်းသို့ ကျဆင်းသက်ဝင်၍ ဖြစ်သောပီတိ

http://www.dhammadownload.com



(ဃ) ဥဗ္ဗေဂပီတိ = ခန္ဓာကိုယ် အထက်သို့ ကြွတက်၊ ပျံတက်၍ ဖြစ်သော ပီတိ

(င) ဖရဏာပီတိ = ဝါဂွမ်းများကိုဆီဖြင့် ဆွတ်ဖျန်းလိုက်သကဲ့သို့ တစ်ကိုယ်လုံးမှာ ပျံ့နှံ့၍ ဖြစ်သောပီတိ ဟူ၍ (၅)မျိုး ရှိပေသည်။

ဝိပဿနာတရားအားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် ဥဒယဗ္ဗယဉာဏ်သို့ ရောက်လာသောအခါ ဖရဏာပီတိများ ဖြစ်လာတတ်ကြပေသည်။ ဝါဂွမ်းများကို ဆီဖြင့် ဆွတ်ဖျန်းလိုက်သကဲ့သို့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဟူသော အကြည်ဓာတ် (၆)ဖြာတို့၌ ပျံ့နှံ့ကာ လူသာမန်မဆိုထားနှင့် နတ်သာမန်တို့ပင် မခံစား မတွေ့သိနိုင်သည့် နှစ်သက်ဖွယ်ရာ သာယာမှုများကို ခံစားတွေ့သိကြရပေသည်။ ယင်းသာယာမှုများဖြင့် ပျော်မွေ့နေတတ်ကြပေသည်။ တရားထိုင်ရာမှ မထချင်လောက်အောင် သာယာပျော်မွေ့နေတတ်ကြပေသည်။ ထိုပီတိများကြောင့် များသောအားဖြင့် ရိပ်သာ၌ ယောဂီများ ပျော်မွေ့ကြခြင်းဖြစ်ပေသည်။ ထိုပီတိများကြောင့်ပင် ထရိန်း အမည်ရှိသူ အမျိုးသမီး ယောဂီသည်လည်း ရိပ်သာ၌ ပျော်မွေ့နေခြင်း ဖြစ်ပေသည်။

တရားစစ်ပြီး၍ ပြန်သွားခါနီးတွင် ထရိန်း အမည်ရှိသူယောဂီက လျှောက်ထားပြန်သည်မှာ ဗုဒ္ဓ၊ ဓမ္မနှင့် ဆရာတော်ကိုပါ အားလုံးချစ်ပါသည် ဟု လျှောက်ထားပြီး ရှိခိုးဦးချ၍ မျက်ရည်ကျကာ ပြန်သွားပေသည်။ ဗုဒ္ဓ ဓမ္မနှင့် ဆရာတော်ကိုပါ ကြည်ညိုမြတ်နိုးပါသည်ဟု ဆိုလိုရင်း ဖြစ်ပေသည်။ ပြောဆိုရမည့် စကားဝေါဟာရ မကြွယ်၍ ချစ်ပါသည်ဟု လျှောက်ထားခြင်း ဖြစ်ပေသည်။

ဝိပဿနာတရားအားထုတ်၍ တရားအတွေ့ကောင်းကြသော ယောဂီပုဂ္ဂိုလ်တို့သည် ဘုရား၊ တရား၊ သံဃာနှင့် ဆရာသမားတို့ကို ရှေ့ကထက် အထူးပင် ပို၍ ကြည်ညိုလေးစား မြတ်နိုးလာကြသည်မှာ တရားသဘောအရ ဖြစ်မြဲ ဓမ္မတာပင် ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

(၆-၅-၁၉၉၈)

http://www.dhammadownload.com

# မည်သို့သေရမည်မေးပါ ဖြေပေးရာ

အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်၊ ရေးဗားဆိုက်သက္ကမုနိရိပ်သာမှ ဆရာတော်ဦးခိပ္ပပညောနှင့် ဦးဝီရပညောတို့က တရားဟော တရားပြပင့်လျှောက်ကြသဖြင့် ဆရာတော်နှင့် ဦးကောဝိဒ၊ ဦးတင်ဦးလှိုင်တို့သည် ၁၃၆၀-ပြည့်၊ ကဆုန်လဆန်း (၁)ရက် (၂၆-၄-၉၈)တနင်္ဂနွေနေ့၊ ရန်ကုန်လေဆိပ်မှ နံနက် (၇း၄၀)မိနစ်အချိန်ထွက်သည့် M.A.I လေယာဉ်ဖြင့် ဗန်ကောက်သို့ ကြွလာခဲ့ကြပါသည်။ ဗန်ကောက်လေဆိပ်သို့ မြန်မာစံတော်ချိန်၊ နံနက် (၈း၄၅)မိနစ် အချိန် ရောက်ကြပါသည်။ ဗန်ကောက်စံတော်ချိန် (၉း၀၅)မိနစ် အချိန် ရောက်ကြပါသည်။

ဗန်ကောက်လေဆိပ်မှ နေ့လည် (၁၂း၁၅)မိနစ်အချိန်တွင် တိုင်ပေသို့ E.V.A လေယာဉ်ဖြင့် ကြွလာခဲ့ကြပါသည်။ တိုင်ပေမှ လော့စ်အင်ဂျလိစ်သို့ ကြွလာခဲ့ကြပါသည်။ လော့စ်အင်ဂျလိစ်လေဆိပ်၌ ဦးဝီရပညော နှင့် သက္ကမုနိရိပ်သာမှ ဒကာများ ကြိုဆိုနေကြပါသည်။

သက္ကမုနိရိပ်သာ (၁၀)ရက်တရားစခန်းကို (၂၈-၄-၉၈)ရက် အင်္ဂါနေ့မှ (၈-၅-၉၈) ရက် သောကြာနေ့ထိ ကျင်းပ၍ တရားဟော တရားပြဆောင်ရွက်ကြပါသည်။ နံနက် (၈း၀၀)နာရီမှ (၉း၀၀)နာရီထိ တစ်ကြိမ်၊ ညနေ (၂း၃၀)မိနစ်မှ (၃း၃၀)မိနစ်အထိတစ်ကြိမ် တရားစစ်ပေးရပါသည်။ ညနေ (၇း၀၀)နာရီမှ (၈း၀၀)နာရီထိ တရားဟောပေးရပါသည်။ တရားအားထုတ်ကြသော ယောဂီ (၅၀)ခန့် ရှိပါသည်။

မေး။ ။ ဤကဲ့သို့ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် တရားစစ်ပေးရာ၌ ယောဂီများက သူတို့သိလိုရာများကို မေးလျှောက်ကြပါသည်။ အသက် (၆၂)နှစ် ရှိ

http://www.dhammadownload.com



သုခေသိနီ အမည်ရှိသူ ဗီယက်နမ် အမျိုးသမီးယောဂီက လျှောက်ထားသည်မှာ သူဘယ်လို သေရပါ့မလဲဟု လျှောက်ထားပါသည်။ ကောင်းသောသေခြင်း ဖြစ်အောင် သေပုံသေနည်းကို လျှောက်ထားခြင်း ဖြစ်ပေသည်။

ဖြေ။ ။ တရားရှုမှတ်လျက်နှင့် သေသွားခြင်းသည် ကောင်းသောသေခြင်း ဖြစ်ပေသည် စသည်ဖြင့် ဖြေကြားပေးလိုက်ရပါသည်။

သေခြင်းတို့သည် (၄)မျိုး ရှိပေသည်။

(၁) အာယုက္ခယ = လူ့ပြည်၌ဖြစ်သည့် သက်တမ်းကုန်၍ သေရခြင်း။
(၂) ကမ္မက္ခယ = လူ့ပြည်၌ဖြစ်နိုင်သည့် ကံကုန်၍ သေရခြင်း။
(၃) ဥဘယက္ခယ = လူ့ပြည်၌ဖြစ်ရသည့် သက်တမ်းနှင့် ကံ (၂)ပါး ကုန်၍ သေရခြင်း။
(၄) ဥပစ္ဆေဒက = လူ့ပြည်၌ ဖြစ်ရသည့် သက်တမ်းနှင့် ကံ (၂)ပါး လုံး မကုန်သေးပါဘဲ၊ အတိတ်ကပြုခဲ့ဖူးသော မကောင်းသည့် ကံဆိုးများ ဝင်ရောက်၍ ဖျက်ဆီးလိုက်သောကြောင့် သေရခြင်းဟူ၍ သေခြင်း (၄)မျိုး ရှိပေသည်။

လူ့ဘဝသို့ ရောက်လာကြသော ပုဂ္ဂိုလ်မှန်သမျှတို့သည် ဤသေခြင်း (၄)မျိုးတို့တွင် တစ်မျိုးမျိုးဖြင့် သေကြရမည်သာ ဖြစ်ကြပေသည်။ သေရမည့် အချိန်သို့ ရောက်လာကြသောအခါ ကောင်းသော သေခြင်းဖြင့် သေကြရဖို့မှာ အလွန်ပင် အရေးကြီးလှပေသည်။ သို့ဖြစ်၍ မသေမီ အသက်ရှင်နေခိုက်မှာ ကောင်းသောသေခြင်းဖြစ်သည့် တရားဓမ္မဖြင့် သေနိုင်ကြရအောင် ကြိုတင်၍ ပြင်ဆင်နေကြရပေသည်။

ကောင်းသော သေခြင်းဖြစ်သည့် တရားဓမ္မဖြင့် သေခြင်းတို့သည် (၄)မျိုး ရှိပေသည်။

(၁) မိမိပြုလုပ်ခဲ့သော ဒါနကုသိုလ်တို့ကို ဆင်ခြင် အောက်မေ့၍ သေခြင်း၊
(၂) မိမိတို့လုံခြုံအောင် စောင့်ထိန်းခဲ့သော သီလကုသိုလ်များကို ဆင်ခြင် အောက်မေ့၍ သေခြင်း။
(၃) မိမိတို့အားထုတ်ခဲ့ဖူးသည့် သမထတရားကိုပင် ပွားများ၍ သေခြင်း

http://www.dhammadownload.com



(၄) မိမိတို့အားထုတ်ခဲ့ဖူးသည့် ဝိပဿနာတရားကိုပင် ရှုမှတ်ပွားများ၍ သေခြင်း ဟူ၍ (၄)မျိုး ရှိပေသည်။

ဤကောင်းသောသေခြင်း (၄)မျိုးတို့တွင် ဝိပဿနာတရားအားထုတ်ထားကြသော ပုဂ္ဂိုလ်တို့သည် ဝိပဿနာတရားရှုမှတ်၍ ကောင်းသောသေခြင်းဖြင့် သေနိုင်ကြမည် ဖြစ်ပေသည်။

ကွယ်လွန်ခါနီးမှာ အကြောင်းနှင့်အကျိုးကို သိအောင်ရှုမှတ်နိုင်၍ ပစ္စယပရိဂ္ဂဟဉာဏ်ကို ရရှိပြီး မှ ကွယ်လွန်သွားကြသော ပုဂ္ဂိုလ်တို့သည် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်ဟူသော ကောင်းမြတ်သည့် သုဂတိဘဝသို့ ရောက်သွားကြမည် ဖြစ်ပေသည်။

ဝိပဿနာသမာဓိဉာဏ် အခြေခံရှိကြသော ပုဂ္ဂိုလ်တို့အတွက် ကွယ်လွန်ခါနီးမှာ အကြောင်းနှင့်အကျိုးကို သိသော ပစ္စယပရိဂ္ဂဟဉာဏ် သို့ ရောက်ဖို့ရာမှာ အလွန်မခက်လှပေ၊ ကွယ်လွန်ခါနီးမှာ ဖြစ်နေသည့် အနာရောဂါကို ရှုမှတ်နေရင်းပင် အကြောင်းနှင့် အကျိုးကို သိသော ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်သွားနိုင်ကြပေသည်။ နာတယ် နာတယ် စသည်ဖြင့် ရှုမှတ်နေရင်းပင် နာတာရှိနေလို့ မှတ်သိနေရတာပဲ၊ နာတာကအကြောင်းပဲ၊ မှတ်သိနေရတာက အကျိုးပဲဟု ကွယ်လွန်ခါနီးမှာပင် အကြောင်းနှင့်အကျိုးကို သိသော ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်သွားနိုင်ကြပေသည်။

ဝိပဿနာသမာဓိဉာဏ် အခြေခံရှိပြီးသော ပုဂ္ဂိုလ်တို့သည် သေရမည့် ရောဂါဝေဒနာများဖြစ်လာသောအခါ သေရမည့် အချိန်ကာလကို ကြိုတင်၍ သိနေတတ်ကြပေသည်။ အချို့သော ပုဂ္ဂိုလ်တို့သည် (၁၀)ရက်ခန့် လောက်မှစ၍ ကြိုတင်ကာ သိနေကြပေသည်။ အချို့သော ပုဂ္ဂိုလ်တို့သည် (၄)ရက် (၅)ရက်ခန့်မှစ၍ ကြိုတင်ကာ သိနေကြပေသည်။ အချို့သော ပုဂ္ဂိုလ်တို့သည် တစ်နာရီ နှစ်နာရီခန့်မှစ၍ ကြိုတင်ကာ သိနေကြပေသည်။

ထိုသို့ သိနေကြသောကြောင့် ယခုဘဝ ကိုယ်နဲ့အသက်ကို မငဲ့ကွက်တော့ပါဘဲ အမှတ်ကိုသာ သတိပြု၍ ရှုမှတ်နေတတ်ကြပေသည်။ ဤကဲ့သို့ ကိုယ်နဲ့ အသက်ကို မငဲ့ကွက်ဘဲ ရှုမှတ်နေကြသောကြောင့် ကွယ်လွန်ခါနီးမှာမှ တရားရသွားကြပေသည်။ သောတာပန်အဖြစ်စသည်များကို ရရှိသွားကြပေသည်။

http://www.dhammadownload.com



## သေရမည့်အချိန်ကို ကြိုတင်သိပုံ

ကသစ်ဝိုင်ဆရာတော်ဘုရားကြီး၏ ယောဂီတစ်ဦးဖြစ်သည့် ဆရာတော်၏ ဖခင်ကြီးသည် ကွယ်လွန်ခါနီး (၁၀)ရက်ခန့်မှစ၍ ဤဘဝ ဤအသက်ခန္ဓာသည် ယခု ဖိစီးနှိပ်စက်လာသော အနာရောဂါမှ မလွန်မြောက်နိုင်တော့ပေ ဟု ကြိုတင်၍သိလာပေသည်။ ဆေးကုသပေးနေသော ဆရာနှင့် မိသားစုတို့အား ဤကဲ့သို့ အသိပေးကာ ပြောကြားလိုက်ပေသည်။ မိမိ၏အသက်ခန္ဓာသည် ယခုဖိစီးလာသော အနာရောဂါမှ မလွန်မြောက်နိုင်တော့ပေ။ သို့ဖြစ်၍ မိမိကို ဆေးမတိုက် မကျွေးကြပါနှင့် တိုက်ကျွေးနေလျှင် ဆေးဆရာလဲ မသိမလိမ္မာရာ ရောက်နေပေသည်။ မကျန်းမာသူ လူမမာလည်း မသိမိုက်မဲရာ ရောက်ပေသည်ဟု မကွယ်လွန်မီ (၁၀)ရက်ခန့်မှစ၍ အသိပေးပြောကြားခဲ့ပါသည်။ ဖခင်ကြီးသည် ယင်းကဲ့သို့ ပြောကြားပြီးနောက် (၁၀)ရက်ခန့် အတွင်းမှာပင် ကွယ်လွန်သွားပေသည်။

ဤကဲ့သို့ ဝိပဿနာတရားအားထုတ်ထားကြသော ပုဂ္ဂိုလ်တို့သည် သေရမည့်အချိန်အခါကို ကြိုတင်၍ သိလာတတ်ကြပေသည်။ ကြိုတင်၍ သိလာကြသောကြောင့် ကိုယ်နဲ့အသက်ကို မငဲ့ကွက်ကြတော့ပါဘဲ ရှုမှတ်ကြသဖြင့် ကွယ်လွန်ခါနီးမှာမှ တရားရသွားကြပေသည်။ သောတာပန်အဖြစ်စသည်များကို ရရှိသွားကြပေသည်။ ကောင်းသောသေခြင်းဖြင့် သေသွားကြရပေသည် စသည်ဖြင့် ဖြေကြားပေးခဲ့ရပါသည်။

ယောဂီ သုခေသိနီ ကို ဖြေကြားပေးစဉ်က တရားရှုမှတ်လျက်နှင့် သေသွားခြင်းသည် ကောင်းသောသေခြင်းဖြစ်ပေသည် စသည်ဖြင့် အကျဉ်းမျှကိုသာ ဖြေကြားပေးနိုင်ခဲ့ပါသည်။ တရားဆောင်းပါးဖတ်ရှုသူများ ပြည့်စုံစွာမှတ်သားနိုင်ရန်အတွက် အကျယ်ဖွင့်ပြကာ ရေးသားလိုက်ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်
(၅-၅-၁၉၉၈)

http://www.dhammadownload.com

# ထိုင်းဘုန်းတော်ကြီးမေးရာ ဖြေပေးပါ

အမေရိကန်နိုင်ငံ၊ ကာလီဖိုးနီးယားပြည်နယ်၊ ရေးဗားဆိုက်၊ သကျမုနိရိပ်သာမှ ဆရာတော်ဦးခိပ္ပပညောနှင့် ဦးဝီရပညောတို့က တရားဟောတရားပြ ပင့်လျှောက်ကြသဖြင့် ဆရာတော်နှင့် ဦးကောဝိဒ၊ ဦးတင်ဦးလှိုင်တို့သည် ၁၃၆၀-ပြည့်၊ ကဆုန်လဆန်း (၁)ရက် (၂၆-၄-၉၈) တနင်္ဂနွေနေ့ ရန်ကုန်လေဆိပ်မှ နံနက် (၇း၄၀)မိနစ်ထွက်သည့် M.A.I လေယာဉ်ဖြင့် ဗန်ကောက်သို့ ကြွလာခဲ့ကြပါသည်။ ဗန်ကောက်လေဆိပ်သို့ မြန်မာစံတော်ချိန်၊ နံနက် (၈း၄၅)မိနစ် အချိန် ရောက်ကြပါသည်။ ဗန်ကောက်စံတော်ချိန် (၉း၀၅)မိနစ် အချိန် ရောက်ကြပါသည်။

ဗန်ကောက်လေဆိပ်မှ နေ့လည် (၁၂း၁၅)မိနစ်အချိန်တွင် တိုင်ပေသို့ E.V.A လေယာဉ်ဖြင့် ကြွလာခဲ့ကြပါသည်။ တိုင်ပေမှ လော့စ်အင်ဂျလိစ်သို့ ကြွလာခဲ့ကြပါသည်။ လော့စ်အင်ဂျလိစ်လေဆိပ်သို့ ညနေ (၃း၁၆)မိနစ် အချိန်ရောက်ကြပါသည်။ လော့စ်အိန်ဂျလိစ်လေဆိပ်၌ ဦးဝီရပညော နှင့် သကျမုနိရိပ်သာမှ ဒကာ၊ ဒကာမများ လာရောက်၍ ကြိုဆိုနေကြပါသည်။

သကျမုနိရိပ်သာ (၁၀)ရက် တရားစခန်းကို (၂၈-၄-၉၈)ရက်၊ အင်္ဂါနေ့မှစ၍ ဖွင့်ကြမည်ဖြစ်၍ (၂၇-၄-၉၈)ရက် တနင်္လာနေ့ တစ်နေ့အနားယူကြပါသည်။ ထိုနေ့ညနေ (၄း၀၀)နာရီခန့်အချိန်တွင် အွန်တေရီယိုဘုရားကျောင်း၌ သီတင်းသုံးနေထိုင်သော ထိုင်းဘုန်းတော်ကြီး ကြွရောက်လာပြီးလျှင် ဝိပဿနာတရား ရှုမှတ်သောအခါ တရားသဘောများကို တွေ့ရပုံနှင့် မရှင်းလင်းသော တရားသဘောများကို လျှောက်ထားပါသည်။

မေး။ ။ ထိုင်းဘုန်းတော်ကြီးက လျှောက်ထားသည်မှာ သူ ဝိပဿနာတရား ထိုင်၍ အားထုတ်ရာတွင် ပါဠိလို ပြောကြားသည့် အသံများကို ကြားရပါသည်။

http://www.dhammadownload.com



ထိုပါဠိ၏အဓိပ္ပါယ်များကို သူနားမလည်ပါ၊ အချို့သောပါဠိများမှာ မြတ်စွာဘုရားဟောကြားသည့် ပါဠိများနှင့် မတူကြပါ၊ ဘယ်လိုမှတ်ယူရပါမည်နည်းဟု လျှောက်ထားပါသည်။

ဖြေ။ ။ ထိုင်း၍ ဝိပဿနာတရား အားထုတ်ရာတွင် ဤကဲ့သို့ နားက အသံများ ကြားနေရသည်မှာ ထိုင်းဘုန်းတော်ကြီးမှ အခြားတစ်ပါးသော ယောဂီများလည်း ရှိကြပါသည်။ ဝိပဿနာတရားအားထုတ်၍ ဖြစ်ပေါ်လာသော ပီတိများပင် ဖြစ်ပေသည်။ ဝိပဿနာညစ်ညူးကြောင်း ပီတိ (၅)မျိုးတို့တွင် ဥဗ္ဗေဂပီတိပင် ဖြစ်ပေသည်။ ဥဗ္ဗေဂပီတိသည် အလွန်ဆန်းကြယ်သော ပီတိဖြစ်ပေသည်။

ဥဗ္ဗေဂပီတိသည် အထက်သို့ မြောက်တက်၊ ခုန်တက်ခြင်းများလည်း ဖြစ်တတ်ပေသည်။ ရှေးခေတ်အခါက ကောင်းကင်သို့ ပျံတက်သွားပြီးလျှင် စိတ်ညွတ်ရာသို့ ရောက်သွားတာလည်း ရှိကြပေသည်။ လက်ခြေများ အလျှင်အမြန်တုန်ခါနေခြင်းများလည်း ဖြစ်နေတတ်ကြပေသည်။ ငိုချင်၊ ရယ်ချင်များ ဖြစ်လာ၍ ငိုခြင်း၊ ရယ်ခြင်းများလည်း ဖြစ်နေတတ်ကြပေသည်။ နားမှ မကြားဖူးသည့် အသံအမျိုးမျိုးတို့ကိုလည်း ကြားနေတတ်ကြပေသည်။

ဤကဲ့သို့ အဆန်းတကြယ်ဖြစ်သည်များကို ယောဂီများက လိုက်၍ ကြံစည်စိတ်ကူးကာ အဖြေများကို ရှာဖွေလေ့ရှိကြပေသည်။ ယင်းကဲ့သို့ အဖြေများကို ရှာဖွေနေပါက အမှတ်တွေကြဲ၍ ရှေ့သို့ တရားတက်တာ နှေးသွားတတ်ကြပေသည်။ ထို့ကြောင့် ထိုကဲ့သို့ ဖြစ်သော ပီတိတို့သည် ဝိပဿနာညစ်ညူးကြောင်းများ ဖြစ်ကြပေသည်။ ယင်းကဲ့သို့ ဖြစ်လာခဲ့သော ပီတိတရားကို ဖြစ်လာသည့်အတိုင်း ပြန်၍ ရှုမှတ်ကြရပေသည်။

မြောက်တက်၊ ခုန်တက်ခြင်းများ ဖြစ်လာလျှင် မြောက်တယ်၊ မြောက်တယ်၊ ခုန်တယ်၊ ခုန်တယ်၊ တုန်ခါခြင်းများ ဖြစ်လာလျှင်လည်း တုန်တယ်၊ တုန်တယ်၊ ခါတယ်၊ ခါတယ်၊ ငိုချင်မှုများဖြစ်လာ၍ ငိုရလျှင်လည်း ငိုတယ်၊ ငိုတယ်၊ ရယ်ချင်မှုများ ဖြစ်လာ၍ ရယ်ရလျှင်လည်း ရယ်တယ် ရယ်တယ် ဟု ရှုမှတ်ကြရပေသည်။ နားမှ အသံများကြားလာလျှင်လည်း ကြားတယ် ကြားတယ် ဟု ရှုမှတ်ကြရပေသည်။

http://www.dhammadownload.com



**မေး။** ။ ထိုင်းဘုန်းတော်ကြီးက လျှောက်ထားပြန်သည်မှာ ဝိပဿနာတရား အားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် စိတ်တည်ငြိမ်မှုများ ဖြစ်လာပြီး ရှုမှတ်လို့ ကောင်းသောအခါ သမာဓိနှင့်ဥပေက္ခာ အဘယ်ကဲ့သို့ ခွဲခြား၍ သိရပါမလဲ . . . ဟု သမာဓိနှင့် ဥပေက္ခာတို့၏ ထူးခြားပုံကို လျှောက်ထားပြန်ပါသည်။

**ဖြေ။** ။ သမာဓိနှင့် ဥပေက္ခာတို့သည် ဝိပဿနာတရား ရှုမှတ်၍ ကောင်းနေစဉ်မှာ စိတ်တည်ငြိမ်ပုံချင်း တူသလိုလို ဖြစ်ပါသော်လည်း မတူကြပေ။ သမာဓိသည် တစ်ရံတစ်ခါ ကောင်းသည့် သာယာဖွယ်အာရုံများ၌လည်း တည်ငြိမ်မှုများ ဖြစ်နေတတ်ပေသည်။ တစ်ရံတစ်ခါ မကောင်းသည့်အာရုံများ၌လည်း တည်ငြိမ်မှုများ ဖြစ်နေတတ်ပေသည်။

ဥပေက္ခာသည် ကောင်းသည့် သာယာဖွယ်အာရုံများကိုလည်း လျစ်လျူရှု၍ မကောင်းသည့် အာရုံများကိုလည်း လျစ်လျူရှု၍ တည်ငြိမ်မှုများ ဖြစ်နေပေသည်။ ချမ်းသာနှင့် ဆင်းရဲကိုလည်း အညီအမျှ ရှု၍ တည်ငြိမ်မှုများ ဖြစ်နေပေသည်။ ဤကဲ့သို့ သမာဓိနှင့် ဥပေက္ခာတို့သည် တည်ငြိမ်မှုများ ရရှိနေပုံများ တူသလိုလိုပင် ဖြစ်ပါသော်လည်း သဘောအားဖြင့် မတူကြပေ။ ထူးခြားလျက် ရှိကြပေသည်။

**မေး။** ။ ထိုင်းဘုန်းတော်ကြီးက လျှောက်ထားပြန်သည်မှာ မျက်စိ၊ နား စသည့် အကြည်ဓာတ်များမှာ အာရုံများ လာတိုက်ပြီးလျှင် အလျင်အမြန် ပျက်ပျက်သွားတာကို တွေ့သိရပေသည်။ တိုက်တာနှင့် ပျက်တာ နှစ်မျိုးကို တွေ့သိကြရပါသည်။ မှန်ပါရဲ့လားဟု လျှောက်ထားပြန်ပါသည်။

**ဖြေ။** ။ မျက်စိအကြည်ဓာတ်၊ နားအကြည်ဓာတ်တို့၌ အဆင်းရူပါရုံ၊ အသံသဒ္ဒါရုံစသည်တို့လာတိုက်သည်နှင့် အလျင်အမြန် ပျက်ပျက်သွားတာ (၂)မျိုးကို တွေ့သိခြင်းသည် အမှန်အတိုင်း တွေ့သိရခြင်းပင် ဖြစ်ပေသည်။ ဝိပဿနာ တရားရှုမှတ်၍ ဘင်္ဂဉာဏ်သို့ ရောက်လာသောအခါ ဉာဏ်ထက်မြက်သော ယောဂီပုဂ္ဂိုလ်တို့သည် မြင်တယ်၊ ကြားတယ် စသည်ဖြင့်

http://www.dhammadownload.com



ရှုမှတ်လိုက်သည် ရှိသော် မျက်စိ အကြည်၊ နားအကြည်တို့၌ လာတိုက်သကဲ့သို့ ဖြစ်ပြီး အလျင်အမြန် ပျက်ပျက်သွားတာကို တွေ့သိကြရပေသည်။ အချို့သော ယောဂီပုဂ္ဂိုလ်များက အကြည်ဓါတ်များ၌ အာရုံများ လာတိုက်တာနှင့် အလျင်အမြန် ပျက်ပျက်သွားတာ (၂)မျိုးလုံးကို သိကြပေသည်။ အချို့သော ယောဂီပုဂ္ဂိုလ်များက တစ်မျိုးကိုသာ သိကြပေသည်။

ဉာဏ်စဉ်နုသေးသော ယောဂီများမှာ မြင်တယ်၊ မြင်တယ်၊ ကြားတယ်၊ ကြားတယ် စသည်ဖြင့် ရှုမှတ်လိုက်သောအခါ မျက်စိအကြည်၊ နားအကြည်စသည်တို့၌ အဆင်း အသံစသည်တို့ လာ၍တိုက် - တိုက်သွားသော ဖဿကိုသာ တွေ့သိကြရပေသည်။ ပျက်ပျက်သွားတာကို မတွေ့သိကြရပေ။ ဉာဏ်စဉ်ရင့်၍ ဘင်ဉာဏ်သို့ ရောက်လာသောအခါကျမှ ပျက်တာကိုလည်း တွေ့သိကြရပေသည်။

ဉာဏ်စဉ်နုစဉ်မှာ မျက်စိက မြင်တယ် မြင်တယ် ဟု ရှုမှတ်လိုက်သောအခါ သဘောတရား (၅)မျိုးတို့တွင် တစ်မျိုးမျိုးကို တွေ့သိကြရပေသည်။

၁။ မျက်စိထဲက ကြည် - ကြည်သွားသည်ဟု မျက်စိ အကြည်ဓာတ်ကိုလည်း သိလာတတ်ကြပေသည်။

၂။ မြင်ရသည့် အဆင်းရူပါရုံသည် မျက်စိအကြည်သို့ ရောက်လာသလိုလည်း သိလာတတ်ကြပေသည်။

၃။ မျက်စိကနေ၍ သိသိသွားသည်ဟု မြင်သိစိတ်လေး ဖြစ်သွားသည်ကိုလည်း သိလာတတ်ကြပေသည်။

၄။ မျက်စိအကြည်၌ လာ၍ တိုက်တိုက်သွားသည်ဟု အတွေ့ဖဿကိုလည်း သိလာတတ်ကြပေသည်။

၅။ မြင်လို့ကောင်းသလို ဖြစ်သည့် ခံစားမှုဝေဒနာကိုလည်း သိလာတတ်ကြပေသည်။ ဤကဲ့သို့ သဘောတရား (၅)မျိုးတို့တွင် တစ်မျိုးမျိုးကို တွေ့သိ၍ မြင်ကာမျှမတ္တမှာ တည်သွားတတ်ကြပေသည်။

ထိုသဘောတရား (၅)မျိုးတို့တွင် မျက်စိအကြည်ဓာတ်နှင့် အဆင်းရူပါရုံတို့သည် ရုပ်တရားတို့ဖြစ်ကြပေသည်။ မြင်သိစိတ်နှင့် အတွေ့ဖဿခံစား

http://www.dhammadownload.com



မှုဝေဒနာတို့သည် နာမ်တရားတို့ ဖြစ်ကြပေသည်။ ဤကဲ့သို့ မြင်တယ် မြင်တယ် ဟု ရှုမှတ်ရာ၌ တရား(၅)မျိုး ပါဝင်နေသည်ဟု သိကြရပေသည်။ တရား (၅)မျိုး လုံး ဒုက္ခသစ္စာများပင် ဖြစ်ကြပေသည်။

ဆောင်ပုဒ် ။ ။ မျက်စိမြင်ရ၊ ရုပ်ကနှစ်ဖြာ
မြင်တွေ့ခံစား၊ နာမ်ကားသုံးဖြာ
မြင်စဉ်တွေ့ရ၊ ဒုက္ခသစ္စာ
မြင်တယ်ဟု၊ မှတ်ရှုသိရပါ။

ထိုင်းဘုန်းတော်ကြီးအား ဖြေကြားပေးစဉ်က အကျဉ်းမျှသာ ဖြေကြား ပေးနိုင်ခဲ့ပါသည်။ တရားဆောင်းပါးဖတ်ရှုသူများ ပြည့်စုံစွာ မှတ်သားနိုင်ရန် အတွက် ပြည့်စုံအောင် အကျယ် ဖွင့်ပြ ရေးသားလိုက်ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်
(၃၀-၄-၁၉၉၈)

http://www.dhammadownload.com

# တိုကျိုသံရုံးမှာ ဟောကြားရာ အနှစ်သာရသုံးဖြာ

ဂျပန်နိုင်ငံ နာဂိုယာမြို့မှ ဒေါက်တာသန်းအုန်း + ဒေါ်ခင်ဖုန်းမြင့်နှင့် သမီး မဆုမွန်တို့က တရားဟော၊ တရားပြ ပင့်လျှောက်ကြသဖြင့် ဆရာတော်နှင့် ဦးတင်ဦးလှိုင်တို့သည် ဘန်ကောက်မြို့မှ တစ်ဆင့် ၁၃၆၀-ပြည့်၊ နယုန်လဆုတ် ၁၂-ရက်၊ (၂၁-၆-၉၈) တနင်္ဂနွေနေ့တွင် နာဂိုယာသို့ ကြွလာခဲ့ကြပါသည်။ နာဂိုယာ၌ တရားဟော၊ တရားပြဆောင်ရွက်ပြီးသောအခါ တိုကျိုမြို့ မြန်မာသံရုံးမှ သံအမတ်ကြီး ဦးစိုးဝင်း နှင့် ဇနီး ဒေါ်ခင်ဝင်းကြည်တို့က တရားဟော၊ တရားပြ ပင့်လျှောက်ကြသဖြင့် ၁၃၆၀-ပြည့်၊ ဝါဆိုလဆန်း ၆-ရက်၊ (၂၉-၆-၉၈) တနင်္လာနေ့တွင် မြန်မာသံရုံးသို့ ဒေါက်တာသန်းအုန်း + ဒေါ်ခင်ဖုန်းမြင့် တို့၏ မော်တော်ကားဖြင့် ကြွသွားကြပါသည်။

၁၃၆၀-ပြည့်၊ ဝါဆိုလဆန်း ၇-ရက်၊ (၃၀-၆-၉၈) အင်္ဂါနေ့ ည ၇-နာရီမှ ၈-နာရီအထိ မြန်မာသံရုံး အဖွဲ့သူ၊ အဖွဲ့သားများနှင့် မြန်မာတရားနာပရိသတ်တို့အား အနှစ်သာရ (၃)ပါးတရား ဟောကြားပေးခဲ့ရပါသည်။

တရားနာပရိသတ်များ၏ သန္တာန်၌ အနှစ်သာရ ဟုတ်တာနှင့် အနှစ်သာရမဟုတ်တာဟူ၍ ၂-မျိုး ကွဲပြားလျက် ရှိနေကြပေသည်၊ အနှစ်သာရ ဟုတ်တာနှင့် အနှစ်သာရ မဟုတ်တာဟူ၍ ၂-မျိုး ကွဲပြားရခြင်း အကြောင်းမှာ ပါရမီအခြေခံ နုနယ်သေးသည့် ပုဂ္ဂိုလ်များ၏ ယူဆချက် နှင့် ပါရမီ အခြေခံ ရင့်ကျက်ပြီးသည့် ဘုရားလောင်းစသည့် ပုဂ္ဂိုလ်များ၏ ယူဆချက်တို့ကြောင့် ကွဲပြားရခြင်း ဖြစ်ပေသည်။

ပါရမီ အခြေခံ နုနယ်သေးသည့် ပုဂ္ဂိုလ်များ၏ ယူဆချက်များမှာ -

၁။ မိမိတို့၏ ပစ္စည်းဥစ္စာတို့သည် မိမိတို့ အလိုရှိရာကို အသုံးပြုဖို့ရာ အားကိုးရသည့် အနှစ်သာရများ ဖြစ်ကြပေသည်ဟု ယူဆကြပေသည်။

http://www.dhammadownload.com



၂။ မိမိတို့၏ ခန္ဓာကိုယ်သည်လည်း အလိုရှိရာကို ပြုလုပ်နိုင်ဖို့ရာ အားကိုးရသည့် အနှစ်သာရပင် ဖြစ်ပေသည် ဟု ယူဆကြပေသည်။

၃။ မိမိတို့၏ အသက်(ဇီဝိတိန္ဒြေ)သည်လည်း မိမိတို့၏ ဘဝ အရှည်တည်တံ့ဖို့ရာ အားကိုးရသည့် အနှစ်သာရ ဖြစ်ပေသည် ဟု ယူဆကြပေသည်။ ဤကဲ့သို့ ပါရမီအခြေခံ နုနယ်သေးသည့် ပုဂ္ဂိုလ်များက ထို ၃-မျိုးကို အနှစ်သာရ ဟု ယူဆကြပေသည်။

ပါရမီအခြေခံ ရင့်ကျက်ပြီးသော ဘုရားလောင်းစသော ပုဂ္ဂိုလ်တို့က ထို ၃မျိုးလုံး တစ်ခုမျှ အနှစ်သာရ မဟုတ်ကြပေ၊ အကြောင်းအမျိုးမျိုးတို့ကြောင့် အချိန်မရွေး ပျက်စီးသွားနိုင်ကြပေသည်။ ထို့ကြောင့် အနှစ်သာရ မဟုတ်ကြပေ-ဟု ယူဆကြပေသည်။

## ပစ္စည်းဥစ္စာများ အနှစ်သာရ မဟုတ်ပုံ

၁။ ပစ္စည်းဥစ္စာတို့သည် ရေကြီး၊ ရေလွှမ်းမိုးခံရသောကြောင့်လည်း ပျက်စီးသွားနိုင်ကြပေသည်။ မီးလောင်သောကြောင့်လည်း ပျက်စီးသွားနိုင်ကြပေသည်။ မင်းဘဏ္ဍာ အဖြစ်ဖြင့် အသိမ်းခံရသောကြောင့်လည်း ပျက်စီးသွားနိုင်ကြပေသည်။ ခိုးသူ ဓားပြတို့ ခိုးယူ လုယူသွားသောကြောင့်လည်း ပျက်စီးသွားနိုင်ကြပေသည်။ အမွေခံဆိုးတို့ နှောင့်ယှက်သောကြောင့်လည်း ပျက်စီးသွားနိုင်ကြပေသည်။ ကံကောင်းထောက်မ၍ အကြောင်းအမျိုးမျိုးတို့ကြောင့် မပျက်စီးပါသော်လည်း ထိုပစ္စည်းဥစ္စာများကို နောင်ဘဝအတွက် ဘယ်လိုနည်းနှင့်မှ မယူသွားနိုင်ကြပေ၊ ထို့ကြောင့် ပစ္စည်းဥစ္စာတို့သည် အနှစ်သာရ မဟုတ်ကြပေ။

ဆောင်ပုဒ်။ ။ ငါးပါးရန်စု၊ ဆက်ဆံမှုကြောင့်၊ ပစ္စည်းဥစ္စာ၊
အဖြာဖြာ၊ မှန်စွာနှစ်ဓမည်။

http://www.dhammadownload.com



## ပစ္စည်းဥစ္စာထဲမှ ဒါန အနှစ်သာရ ထုတ်ယူရပုံ

ထိုပစ္စည်းဥစ္စာများကို အလှူခံပုဂ္ဂိုလ်တို့အား လှူဒါန်းလိုက်သောအခါ ဒါနကုသိုလ်ကောင်းမှုများ ရရှိလာကြပေသည်၊ ဒါနကုသိုလ်ကောင်းမှုများသည် မိမိတို့အတွက် အနှစ်သာရများပင် ဖြစ်ကြပေသည်။ ထိုဒါနကုသိုလ်ကောင်းမှုများသည် နိဗ္ဗာန်ချမ်းသာသို့ ရောက်သည့်ဘဝတိုင်အောင် ကောင်းကျိုးချမ်းသာအမျိုးမျိုးတို့ကို ရရှိစေ၍ အနှစ်သာရ အဖြစ်ဖြင့် ဒါနကုသိုလ်ရှင်နောက်သို့ လိုက်ပါသွားကြပေသည်။ ထိုကြောင့် ပစ္စည်းဥစ္စာများကို လှူဒါန်းလိုက်သောအားဖြင့် ဒါနကုသိုလ်အနှစ်သာရကို ထုတ်ယူကြရခြင်း ဖြစ်ပေသည်။

ဆောင်ပုဒ် ။ ။ ပစ္စည်းထဲမှ၊ ထုတ်ယူရ၊ ဒါန အနှစ်မည်။

## ဒါနပြုရာ ဝမ်းမြောက်တာ အဓိကဖြစ်ပုံ

ဒါနကုသိုလ်ပြုတဲ့အခါ ဒါနကုသိုလ် အနှစ်သာရကို ထုတ်ယူတဲ့အခါမှာ မဟပ္ဖလ=အကျိုးကြီးတဲ့ဒါန ကုသိုလ်ဖြစ်အောင် လှူဒါန်းကြရပေသည်။ မလှူမီ ရှေ့အဖို့ကလည်း သီလ သမာဓိ ပညာနှင့် ပြည့်စုံသည့် အလှူခံပုဂ္ဂိုလ်များနှင့်လည်း တွေ့ကြုံရ၍၊ မိမိမှာလည်း တရားသဖြင့် ရှာဖွေလို့ ရရှိထားသည့် ပစ္စည်းဥစ္စာများ ရှိနေသည့် အခိုက်ဖြစ်၍၊ စေတနာ သဒ္ဓါတရားကလည်း ထက်သန်နေသည့် အခိုက်ဖြစ်၍ လှူဒါန်းရတော့မည် ဟု မလှူမီကလည်း ဝမ်းမြောက်ဝမ်းသာဖြစ်အောင် ဆင်ခြင်နှလုံးသွင်းကြရပေသည်။

လှူနေဆဲခဏမှာလည်း ရည်မှန်းခဲ့သည့်အတိုင်း သီလ သမာဓိ ပညာနှင့် ပြည့်စုံသော အလှူခံပုဂ္ဂိုလ်တို့အား တရားသဖြင့် ရှာဖွေ၍ ရရှိထားသော လှူဖွယ်ပစ္စည်းများကို စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့် ယခု လှူဒါန်းရပေသည် ဟု ဝမ်းမြောက်ဝမ်းသာဖြစ်အောင် ဆင်ခြင်နှလုံးသွင်း၍ လှူဒါန်းကြရပေသည်။

http://www.dhammadownload.com



လှူဒါန်းပြီးသည့် နောက်ကာလ၌လည်း သတိရတိုင်း သတိရတိုင်း အနှစ်သာရ မဟုတ်သည့် ပစ္စည်းဥစ္စာများထဲမှ အနှစ်သာရဖြစ်သည့် ဒါနကုသိုလ်ကောင်းမှုကို ထုတ်ယူလိုက်ရပေပြီ ဟု အဖန်ဖန် အထပ်ထပ် ဝမ်းမြောက် ဝမ်းသာဖြစ်အောင် ဆင်ခြင် နှလုံးသွင်းကြရပေသည်။

ဤကဲ့သို့ မလှူမီ၊ လှူနေဆဲ၊ လှူပြီးသည့်နောက်ကာလတို့၌ ဝမ်းမြောက် ဝမ်းသာနှင့် လှူဒါန်းလိုက်ရသည့် ဒါနကုသိုလ်သည် မဟပ္ဖလ-အကျိုးကြီးသော ဒါနကုသိုလ် ဖြစ်ပေသည်။ ထို့ကြောင့် ဒါနကုသိုလ်ပြုရာ၌ ဝမ်းမြောက်ဝမ်းသာ က အဓိက ဖြစ်ပေသည်။

ဆောင်ပုဒ် ။ ။ ဒါနအရာ၊ ဝမ်းမြောက်တာ၊ မှန်စွာအဓိကဖြစ်ပေ
သည်။

## ဒါနကုသိုလ် အနှစ်သာရ ဖြစ်ပုံသာဓက

ဒါနကုသိုလ်သည် ယခုဘဝမှစ၍ ရဟန္တာဖြစ်သည့်ဘဝတိုင်အောင် ဒါနကုသိုလ်ရှင်ကို အကျိုး ၅-မျိုး ရစေကာ ဒါနကုသိုလ်ရှင်နောက်သို့ အခိုင်အမာ လိုက်ပါသွားပေသည်။ ထို့ကြောင့် အနှစ်သာရဖြစ်ပေသည်။ ဒါနကုသိုလ် အနှစ်သာရဖြစ်ပုံ သာဓကများမှာ အများအပြားပင် ရှိပေသည်။ ထင်ရှားသည့် သာဓကတစ်ခုမှာ ကဿပမြတ်စွာဘုရား လက်ထက်တော်အခါက ရဟန်း ၂ပါး တို့ပင် ဖြစ်ကြပေသည်။

ကဿပမြတ်စွာဘုရား လက်ထက်တော်အခါက ရဟန်းတော် ၂-ပါး တို့သည် ရဟန်းတရား အားထုတ်ကာ အတူတကွ နေထိုင်ကြပေသည်။ ရဟန်းတော်တစ်ပါးက ဒါနကုသိုလ်ကို တတ်နိုင်သမျှ ပြုလေ၏။ ရဟန်းတော်တစ်ပါးက ရဟန်းဆိုသည်မှာ ဒါနပြုဖို့မလို၊ အကျင့်သိက္ခာ ကျင့်ဖို့သာလိုသည် ဟု ယူဆကာ ဒါနကုသိုလ်ကို မပြုဘဲ နေလေ၏။

ထိုရဟန်းတော်နှစ်ပါးတို့သည် အယူအဆချင်း တူမျှအောင် ညှိနှိုင်းလို့ မရကြဘဲပင် အတူတကွ နေထိုင်ကြရပေသည်။ ရဟန်းဘဝမှ ပျံလွန်တော်

http://www.dhammadownload.com



မူသွားကြသောအခါ လူပြည် နတ်ပြည်တို့၌ အဖန်ဖန် ကျင်လည်ကြပြီးလျှင် ဂေါတမမြတ်စွာဘုရား ပွင့်တော်မူလာသောအခါ ကောသလမင်းကြီး၏ နန်းတော်မှာ လူလာဖြစ်ကြပေသည်။

ဒါနကုသိုလ် ပြုထားသည့် ရဟန်းတော်က ကောသလမင်းကြီး၏ အမြတ်နိုးဆုံး မိဖုရားကြီး၏ သားတော်ဖြစ်လာလေသည်။ ဒါနကုသိုလ် မပြုသည့် ရဟန်းတော်က နန်းတွင်းသူ အခိုင်းအစေမ၏ သား ဖြစ်လာလေသည်။ သားငယ်နှစ်ယောက်တို့သည် တစ်နေ့ထဲမှာပင် ဖွားမြင်ခဲ့ကြပေသည်။ တစ်နေ့သောအခါ သားငယ်နှစ်ယောက်တို့အား အမည်ပေးမင်္ဂလာ ပြုလုပ်ဖို့ရာ စီစဉ်ကြလေ၏။ ထိုသို့ စီစဉ်နေကြရာတွင် လူကြီးများ အခန်းတွင်း၌ မရှိခိုက်မှာ သားငယ်နှစ်ယောက်တို့သည် အချေအတင် စကားပြောကြလေ၏။

ဒါနကုသိုလ် ပြုခဲ့သည့် မင်းကြီး၏ သားတော်က ဒါနကုသိုလ် မပြုခဲ့သည့် အခိုင်းအစေမ၏သားကို ဤကဲ့သို့ ပြောကြားဇလေ၏။ "သင်သည် ရဟန်းဘဝဖြစ်စဉ်က ဒါနပြုဖို့ရာ အကျွန်ုပ် တိုက်တွန်းပြောကြားတာကို နားမထောင်ခဲ့၍ ယခုအခါ ကြမ်းတမ်းသည့် အခင်းအရုံများနှင့် ဆင်းရဲစွာ နေရ၏။ ဒါနပြုထားသည့် အကျွန်ုပ်မှာတော့ အလွန်မွန်မြတ်သည့်၊ နူးညံ့သည့် အခင်းအရုံများနှင့် နေရသည်ကို သင်မြင်ရသည် မဟုတ်လော" ဟု အပြစ်တင်စကား ပြောကြားလေ၏။

ဒါနကုသိုလ် မပြုခဲ့သည့် အခိုင်းအစေမ၏ သားကလည်း ပြန်၍ ချေပလေသည်၊ "မွန်မြတ်သည့် အခင်းအရုံများသည်လည်း ပထဝီဓာတ်ပင် ဖြစ်ပေသည်၊ ကြမ်းတမ်းသည့် အခင်းအရုံများသည်လည်း ပထဝီဓာတ်ပင် ဖြစ်ပေသည်။ ပထဝီဓာတ်ချင်း အတူတူဖြစ်ပါလျက် သင်မာနတွေ ဖြစ်နေသည်"ဟု ပြန်၍ ချေပလေ၏။

ထိုသားငယ်နှစ်ယောက်တို့ ပြောကြားနေသည့် စကားတို့ကို အစ်မတော် သုမနမင်းသမီးကြားသွားသောအခါ မြတ်စွာဘုရားထံ သွားရောက်၍ လျှောက်ထားလေ၏။ "မြတ်စွာဘုရား . . . မြတ်စွာဘုရား၏ သာသနာတော်၌ ပုဂ္ဂိုလ်နှစ်ဦး ရှိကြပေသည်။ သဒ္ဓါတရားချင်းလည်း တူကြပေသည်၊ သီလတရားချင်းလည်း တူကြပေသည်၊ ပညာတရားချင်းလည်း တူကြပေသည်။

http://www.dhammadownload.com



သို့ပါသော်လည်း တစ်ဦးက ဒါနကုသိုလ်ကောင်းမှုကို ပြုပါသည်။ တစ်ဦးက ဒါနကုသိုလ်ကောင်းမှုကို မပြုပါ၊ ထိုပုဂ္ဂိုလ်နှစ်ဦးတို့သည် အကျိုးပေးခြင်း တူကြပါသ လား ဘုရား . . .” ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားက မိန့်ကြားတော်မူသည်မှာ “သုမနမင်းသမီး . . . ထိုပုဂ္ဂိုလ်နှစ်ဦးတို့ အကျိုးပေးခြင်း မတူကြပေ၊ ဒါနကုသိုလ်ပြုထားသော ပုဂ္ဂိုလ်က ဒါနကုသိုလ်မပြုထားသော ပုဂ္ဂိုလ်ကို အကျိုးငါးမျိုးတို့ဖြင့် သာလွန်လွှမ်းမိုးနေပေသည်။ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာများခြင်း၊ အခြံအရံပေါ်များခြင်း၊ အစိုးရခြင်း ဟူသော အကျိုးငါးမျိုးတို့ဖြင့် သာလွန်လွှမ်းမိုးနေပေသည်” ဟု မိန့်ကြားတော်မူလိုက်ပေသည်။

သုမနမင်းသမီးက ထပ်မံ၍ လျှောက်ထားပြန်သည်မှာ “မြတ်စွာဘုရား . . . ထိုပုဂ္ဂိုလ်နှစ်ဦးတို့သည် လူ့ပြည်မှ ကွယ်လွန်၍ နတ်ပြည်သို့ ရောက်သွားကြတဲ့အခါမှာ အကျိုးပေးခြင်း တူသွားကြပါပြီလားဘုရား . . . ” ဟု လျှောက်ထားပြန်ပါသည်။

မြတ်စွာဘုရားက “ သုမနမင်းသမီး . . . နတ်ပြည်သို့ ရောက်သွားကြသည့်အခါမှာလည်း အကျိုးပေးခြင်း မတူကြပေ၊ ဒါနကုသိုလ်ပြုထားသည့် နတ်သားက ဒါနကုသိုလ် မပြုသည့် နတ်သားကို အကျိုးငါးမျိုးတို့ဖြင့်ပင် သာလွန်လွှမ်းမိုး နေပေသည်။ နတ်၌ဖြစ်သော အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာများခြင်း၊ အခြံအရံပေါ်များခြင်း၊ နတ်၌ဖြစ်သော အစိုးရခြင်း ဟူ၍ ဤအကျိုး ငါးမျိုးပင် သာလွန်လွှမ်းမိုးနေပေသည်။

သုမနမင်းသမီးက လျှောက်ထားပြန်သည်မှာ “မြတ်စွာဘုရား . . . ထိုပုဂ္ဂိုလ်နှစ်ဦးတို့သည် နတ်ပြည်မှ စုတေကွယ်လွန်၍ လူ့ပြည်သို့ ပြန်ရောက်လာကြတဲ့အခါမှာ အကျိုးပေးခြင်း တူသွားကြပါပြီလားဘုရား . . .” ဟု လျှောက်ထားပြန်ပါသည်။

မြတ်စွာဘုရားက “သုမနမင်းသမီး . . . လူ့ပြည်သို့ ပြန်ရောက်လာကြတဲ့အခါမှာလည်း အကျိုးပေးခြင်း မတူကြပေ၊ ဒါနကုသိုလ်ပြုထားသည့် ပုဂ္ဂိုလ်က ဒါနကုသိုလ် မပြုသည့် ပုဂ္ဂိုလ်ကို အကျိုးငါးမျိုးဖြင့်ပဲ သာလွန်လွှမ်းမိုး နေပေသည်။ လူ၌ဖြစ်သော အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာများ

http://www.dhammadownload.com



ခြင်း၊ အခြံအရံပေါများခြင်း၊ လူ့ဖြစ်သော အစိုးရခြင်း ဟူသော ဤအကျိုးငါးမျိုးပင် သာလွန် လွှမ်းမိုးနေပေသည်။

ဆောင်ပုဒ်။ ။ သက်ရှည်ဆင်းလှ၊ ချမ်းသာရ၍၊ များလှခြံရံ၊ စိုးရပြန်၊ ငါးတန်ဒါန အကျိုးတည်း။

သုမနမင်းသမီးက လျှောက်ထားပြန်သည်မှာ "မြတ်စွာဘုရား ... ထိုပုဂ္ဂိုလ်နှစ်ဦးတို့သည် သာသနာဘောင်သို့ ဝင်၍ ရဟန်းပြုကြသည့်အခါမှာ အကျိုးပေးခြင်း တူသွားကြပါပြီလားဘုရား ..." ဟု လျှောက်ထားပြန်ပါသည်။

မြတ်စွာဘုရားက "သုမနမင်းသမီး ... သာသနာဘောင်သို့ ဝင်၍ ရဟန်းပြုကြသည့်အခါမှာလည်း အကျိုးပေးခြင်း မတူကြပေ၊ ဒါနကုသိုလ် ပြုထားသည့် ရဟန်းတော်က ဒါနကုသိုလ် မပြုသည့် ရဟန်းတော်ကို အကျိုးငါးမျိုးဖြင့်ပင် သာလွန်လွှမ်းမိုးနေပေသည်။ သင်္ကန်း ပေါများခြင်း၊ ဆွမ်း ပေါများခြင်း၊ ကျောင်း ပေါများခြင်း၊ ဆေးပစ္စည်း ပေါများခြင်း၊ အတူတကွ နေထိုင်ကြသည့် သီတင်းသုံးဖော်တို့၏ အကြည်အညိုကို ခံယူရခြင်း ဟူသော အကျိုးငါးမျိုးပင် သာလွန်လွှမ်းမိုးနေပေသည်" ဟု မိန့်ကြား တော်မူလိုက်ပေသည်။

သုမနမင်းသမီးက လျှောက်ထားပြန်သည်မှာ "မြတ်စွာဘုရား ... ထိုပုဂ္ဂိုလ်နှစ်ဦးတို့သည် ဝိပဿနာတရားအားထုတ်၍ ရဟန္တာဖြစ်သွားကြသည့် အခါမှာ အရဟတ္တဖိုလ်ချမ်းသာကို ခံစားကြရာတွင် တူကြပါသလားဘုရား ...၊ ထူးကြပါသလားဘုရား ..." ဟု လျှောက်ထားပြန်ပါသည်။

မြတ်စွာဘုရားက မိန့်ကြားတော်မူသည်မှာ "သုမနမင်းသမီး ... ရဟန္တာဖြစ်သွားပြီး၍ အရဟတ္တဖိုလ်ချမ်းသာကို ခံစားကြတဲ့အခါမှာတော့ မထူးကြတော့ပေ၊ တူသွားကြပေသည်" ဟု မိန့်ကြားတော်မူလိုက်ပေသည်။

သုမနမင်းသမီးက ဝမ်းမြောက်လှ၍ "မြတ်စွာဘုရား အံ့ဩဖွယ် ကောင်းလှပါသည်ဘုရား ... အံ့ဩဖွယ် ကောင်းလှပါသည်ဘုရား ...၊

http://www.dhammadownload.com



ဒါနကုသိုလ်ကောင်းမှုများကို ပြုသင့်လှပါသည်ဘုရား . . .” ဟု လျှောက်ထား၍ ရှိခိုးဦးချကာ မြတ်စွာဘုရားထံမှ ပြန်သွားလေ၏။

ဤရဟန်းနှစ်ပါးတို့၏ သာဓကကို ထောက်ထား၍ ဒါနကုသိုလ်သည် ယခုဘဝမှစ၍ ရဟန္တာဖြစ်သည့်တိုင်အောင် အနှစ်သာရအဖြစ်ဖြင့် အခိုင်အမာ လိုက်ပါသွားနိုင်သည်မှာ ထင်ရှားလှပေသည်။

## ခန္ဓာကိုယ် အနှစ်သာရ မဟုတ်ပုံ

၂။ မိမိတို့၏ ခန္ဓာကိုယ်သည် အဘယ်ကြောင့် အနှစ်သာရ မဟုတ်ပါသလဲ . . . ဆိုပါလျှင် ၉၆ပါး စသော ရောဂါအမျိုးမျိုးတို့နှင့် ဆက်ဆံနေသောကြောင့် ဒီနေ့၊ ဒီလ၊ ဒီနှစ်မှာ ကျန်းမာနေပါသော်လည်း နောက်နေ့၊ နောက်လ၊ နောက်နှစ်များ၌ ရောဂါများ စွဲကပ်၍ အိပ်ရာတွင် လဲလျောင်းကာ မည်သည့်အရာကိုမျှ မပြုနိုင်တော့ဘဲ ဖြစ်သွားနိုင်ပေသည်။ ထို့ကြောင့် ဤခန္ဓာကိုယ်သည် အနှစ်သာရမဟုတ်, ဟု ဆိုရပေသည်။

ဆောင်ပုဒ် ။ ။ ရောဂါအစု၊ ဆက်ဆံမှုကြောင့်၊ ဤကိုယ်ခန္ဓာ၊
အဖြာဖြာ၊ မှန်စွာနှစ်မမည်။

## ခန္ဓာကိုယ်မှ သီလအနှစ်သာရ ထုတ်ယူရပုံ

အနှစ်သာရ မဟုတ်သော ဤခန္ဓာကိုယ်မှ သီလကုသိုလ် အနှစ်သာရကို ထုတ်ယူကြရပေသည်။ သီလ သမာဓိ ပညာနှင့် ပြည့်စုံကြသော ရဟန်းတော် သံဃာတော်များနှင့် အသက်သိက္ခာ ဂုဏ်ဝါကြီးမားကြသော ပုဂ္ဂိုလ်တို့အား ရှိခိုးခြင်း၊ အရိုအသေပြုခြင်း၊ ထိုပုဂ္ဂိုလ်တို့၏ အမှုကြီးငယ်တို့ကို ပြုလုပ်ပေးခြင်းတို့ဖြင့် ခန္ဓာကိုယ်မှ သီလကုသိုလ် အနှစ်သာရကို ထုတ်ယူကြရပေသည်။ ရှိခိုးခြင်း၊ အရိုအသေပြုခြင်းဟူသော အပစာယနကုသိုလ်နှင့် အမှုကြီးငယ်များကို ပြုလုပ်ပေးခြင်း ဟူသော ဝေယျာဝစ္စကုသိုလ်တို့သည် သီလကုသိုလ်ထဲမှာ ပါဝင်ကြပေသည်။

http://www.dhammadownload.com



ဆောင်ပုဒ် ။ ။ ပစာ, ဝေယျာ၊ သီလမှာ၊ သွင်းကာယူရသည်။

ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ စသည်တို့ကို ခံယူဆောက်တည်ကြသည့်အခါမှာလည်း ဤခန္ဓာကိုယ်၏ ကိုယ် နှုတ်တို့ဖြင့်ပင် ခံယူဆောက်တည်ရ၊ ကျင့်သုံးရသောကြောင့် ခန္ဓာကိုယ်မှ သီလကုသိုလ် အနှစ်သာရကို ထုတ်ယူရခြင်းပင် ဖြစ်ပေသည်။

ဆောင်ပုဒ် ။ ။ ခန္ဓာကိုယ်မှ၊ ထုတ်ယူရ၊ သီလအနှစ်မည်။

## သီလအကျိုးငါးပါး အနှစ်သာရဖြစ်ပုံ

သီလကုသိုလ်နှင့် ပြည့်စုံကြသော ပုဂ္ဂိုလ်တို့သည် အနှစ်သာရဖြစ်သည့် အကျိုးတရား ငါးပါးတို့ကို ရရှိနိုင်ကြပေသည်။

၁။ တရားသဖြင့် ပစ္စည်းဥစ္စာ ရှာဖွေသည့်အခါ ရလွယ်ခြင်းအကျိုး

၂။ ကောင်းသော ဂုဏ်သတင်းတို့ဖြင့် ကျော်ကြားရခြင်းအကျိုး

၃။ အလှူပွဲစသော ပွဲနေပွဲထိုင် ပရိသတ်များသို့ ချဉ်းကပ်ရသောအခါ ဝမ်းမြောက်ဝမ်းသာ ချဉ်းကပ်ရခြင်းအကျိုး

၄။ ကွယ်လွန်ခါနီးမှာ ကောင်းသောအာရုံနိမိတ်များ ထင်မြင်၍ မတွေမဝေ ကွယ်လွန်ရခြင်းအကျိုး

၅။ ကွယ်လွန်သွားပြီးသော နောက်ကာလ၌ နတ်ပြည်သို့ ရောက်ရခြင်းအကျိုး ဟူသော ဤအကျိုးငါးပါးတို့သည် နိဗ္ဗာန်ချမ်းသာသို့ ရောက်သည့် ဘဝတိုင်အောင် အခိုင်အမာ လိုက်၍ ပါနိုင်ကြပေသည်။ ထို့ကြောင့်အနှစ်သာရတို့ ဖြစ်ကြပေသည်။

ဆောင်ပုဒ် ။ ။ ပစ္စည်းရလွယ်၊ ဂုဏ်ကောင်းကြွယ်၍၊ မငယ်မျက်နှာ၊
မတွေကာသေ၊ ရောက်လေနတ်ရွာ၊ ဤငါးဖြာ၊
မှန်စွာ သီလအကျိုးတည်း။

http://www.dhammadownload.com



## အသက်ဇီဝိတိန္ဒြေ အနှစ်သာရ မဟုတ်ပုံ

မိမိတို့၏ အသက်သည် ရုပ်သက်၊ နာမ်သက် နှစ်မျိုးလုံးပင် အတွင်းမှ ဖြစ်လိုက်၊ ပျက်လိုက်နှင့် မမြဲခြင်း အနိစ္စသဘောက နှိပ်စက်နေသောကြောင့် အချိန်မရွေး ပျက်စီးသွားနိုင်ပေသည်။ ဒီနေ့ ရှင်နေပါသော်လည်း မနက်ဖြန်ခါ ရှင်ချင်မှ ရှင်တော့မည် ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် အတိုင်း တကယ်တမ်း အားကိုးလို့ရသည့် အနှစ်သာရ မဟုတ်ပေ။ ထို့ကြောင့် ဘုရားအလောင်း စသော ပါရမီအခြေခံ ရင့်ကျက်ပြီးကြသော ပုဂ္ဂိုလ်တို့က မိမိတို့၏ အသက်သည်လည်း အနှစ်သာရ မဟုတ်, ဟု ယူဆကြခြင်း ဖြစ်ပေသည်။

ဆောင်ပုဒ် ။ ။ အနိစ္စသဘော၊ နှိပ်စက်သောကြောင့်၊ အသက်ဇီဝါ၊ အဖြာဖြာ၊ မှန်စွာနှစ်မမည်။

## အသက်ထဲမှ ဝိပဿနာ အနှစ်သာရ ထုတ်ယူရပုံ

မိမိတို့ အသက်ရှင်နေသည့် အခိုက်သည် ဝိပဿနာတရား အားထုတ်လို့ရသော အခါပင် ဖြစ်ပေသည်။ ကွယ်လွန်သွားပြီးသောအခါ ဘယ်ဘုံဘဝများသို့ ရောက်သွားကြမည်ကို မသိကြရပေ၊ ဝိပဿနာတရား အားထုတ်နိုင်သော ဘုံဘဝများသို့ ရောက်ချင်မှ ရောက်ကြတော့မည် ဖြစ်ပေသည်။ ထို့ကြောင့် ယခုဘဝ အသက်ရှင်နေခိုက်မှာ ဝိပဿနာတရားကို အားထုတ်ကြရခြင်း ဖြစ်ပေသည်။ အသက်ရှင်နေခိုက် ဝိပဿနာတရား အားထုတ်ခြင်းသည် အသက်ထဲမှဝိပဿနာကုသိုလ်အနှစ်သာရကို ထုတ်ယူခြင်းပင် ဖြစ်ပေသည်။

ဆောင်ပုဒ် ။ ။ သက်ဇီဝမှ၊ ထုတ်ယူရ၊ ဝိပဿ်အနှစ်မည်။

http://www.dhammadownload.com



## ဝိပဿနာမှာ ဥပေက္ခာ အဓိကဖြစ်ပုံ

အသက်ဇီဝိတိန္ဒြေထဲမှ ဝိပဿနာ အနှစ်သာရကို ထုတ်ယူလို၍ ဝိပဿနာတရား အားထုတ်ကြသည့် အခါမှာတော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်တာက အဓိက မဟုတ်ပေ၊ လျစ်လျူရှုခြင်း ဥပေက္ခာက အဓိက ဖြစ်ပေသည်။

ဝိပဿနာတရား အားထုတ်သောအခါမှာ ကောင်းတာ၊ ဆိုးတာ နှစ်မျိုးလုံးကို လျစ်လျူရှုကာ ဥပေက္ခာပြုကြရပေသည်။ ချမ်းသာတာ၊ ဆင်းရဲတာ နှစ်မျိုးလုံးကိုလည်း လျစ်လျူရှုကာ ဥပေက္ခာ ပြုကြရပေသည်၊ စီးပွားရေးကြီးပွားရေးများကိုလည်း လျစ်လျူရှုကာ ဥပေက္ခာပြုကြရပေသည်။ မိသားစုများအတွက်ကိုလည်း လျစ်လျူရှုကာ ဥပေက္ခာပြုကြရပေသည်။

ဤကဲ့သို့ လျစ်လျူရှုကာ ဥပေက္ခာပြု၍ ပစ္စုပ္ပန်တည့်အောင် ရှုမှတ် နိုင်မှသာ သမာဓိ ဖြစ်နိုင်ပေသည်။ သမာဓိဖြစ်လာသောအခါ ဝိပဿနာဉာဏ် များလည်း ဖြစ်လာကြပေသည်။ ဝိပဿနာဉာဏ် ပြည့်စုံသွားသောအခါ မဂ်ဖိုလ်တရားထူး တရားမြတ်များကို ရရှိသွားကြမည် ဖြစ်ပေသည်။ ထိုကြောင့် ဝိပဿနာတရား ရှုမှတ်ကြရာတွင် ဥပေက္ခာက အဓိက ဖြစ်ပေသည်။

ဆောင်ပုဒ် ။ ။ ဝိပဿနာမှာ၊ ဥပေက္ခာ၊ မှန်စွာအဓိကဖြစ်ပေသည်။

## ဝိပဿနာ အနှစ်သာရ အခိုင်မာဆုံးဖြစ်ပုံ

ဝိပဿနာ အနှစ်သာရသည် မိမိတို့အတွက် အကောင်းဆုံး အနှစ်သာရ ဖြစ်ပေသည်။ ဝိပဿနာတရား အားထုတ်၍ သောတာပတ္တိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သို့ ရောက်ကာ သောတာပန် ဖြစ်သွားသည်နှင့် တစ်ပြိုင်နက် အပါယ်တံခါး အပြီးတိုင် ပိတ်သွားကြရပေသည်။ ထို့ကြောင့် ဝိပဿနာအနှစ်သာရသည် အကောင်းဆုံး အခိုင်မာဆုံး အနှစ်သာရဖြစ်ပေသည်။

တရားနာပရိသတ်များနှင့် အသိဉာဏ်ပြည့်ဝကြသော ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့သည် ယခုဘဝမှာ သောတာပန်ဖြစ်အောင် ဝိပဿနာတရား

http://www.dhammadownload.com



အားထုတ်မည်ဟု ရည်ရွယ်ချက် ထားကြသည့် ပုဂ္ဂိုလ်တွေ များကြပေသည်။ သောတာပန်ဖြစ်မှလည်း မိမိတို့၏ ဘဝခိုင်မာမှုကို ရရှိကြမည် ဖြစ်ပေသည်။ အကယ်၍ ယခုဘဝမှာ သောတာပန်အဖြစ်ကို မရရှိလိုက်ကြပါလျှင် နောင်ဘဝများတွင် ဂတိငါးဖြာ ချာချာလည်သွားကြမည် ဖြစ်ပေသည်။

၁။ နိရယဂတိ = ငရဲသို့လည်း ကျရောက်သွားနိုင်ကြပေသည်။
၂။ တိရစ္ဆာနဂတိ = တိရစ္ဆာန်ဘဝသို့လည်း ရောက်သွားနိုင်ကြပေသည်။
၃။ ပေတဂတိ = ပြိတ္တာဘုံဘဝသို့လည်း ရောက်သွားနိုင်ကြပေသည်။
၄။ မနုဿဂတိ = လူ့ဘုံဘဝသို့လည်း ပြန်ရောက်နိုင်ကြပေသည်။ သို့သော် ဝိပဿနာတရား အားထုတ်နိုင်သည့် လူမျိုး ဖြစ်ချင်မှ ဖြစ်ပေတော့မည်။
၅။ ဒေဝဂတိ = နတ်ဘုံဘဝသို့လည်း ရောက်သွားနိုင်ကြပေသည်၊ သို့သော် သာသနာတော်ကို ကိုးကွယ်ဆည်းကပ်သည့် နတ်ကောင်းနတ်မြတ်များ ဖြစ်ချင်မှ ဖြစ်တော့မည်။

ထို့ကြောင့် နောင်ဘဝများတွင် ဝိပဿနာတရား အားထုတ်ဖို့ရာ မလွယ်ကူကြတော့ပေ။ သို့ဖြစ်၍ ယခုဘဝ အသက်ရှင်နေသည့် အခိုက်မှာ အသက်ထဲမှ ဝိပဿနာကုသိုလ် အနှစ်သာရကို ထုတ်ယူနေကြရခြင်းဖြစ်ပေသည်။ ဝိပဿနာကုသိုလ် အနှစ်သာရကို ထုတ်ယူနိုင်ကြသည် မှာလည်း အကြောင်းလေးဖြာဆုံခိုက်မှာသာ ထုတ်ယူနိုင်ကြပေသည်။

၁။ အလွန်ရခဲသည့် လူ့အဖြစ်ကို ရထားခြင်းတည်းဟူသော အကြောင်း
၂။ အလွန်ရှင်နိုင်ခဲသည့် အသက်ရှင်နေခြင်းကို ရထားခြင်းတည်းဟူသော အကြောင်း
၃။ အလွန်ကြားနာရခဲသည့် သူတော်ကောင်းတရားတို့ကို ကြားနာနေရခြင်းတည်းဟူသော အကြောင်း
၄။ အလွန်တွေ့ကြုံနိုင်ခဲသည့် သာသနာတော်ကြီးနှင့် တွေ့ကြုံနေရခြင်းတည်းဟူသော အကြောင်း

http://www.dhammadownload.com



ဤအကြောင်းလေးဖြာ ဆိုနေသည့်အခိုက်မှာသာ အပါယ်တံခါးကို ပိတ်စေနိုင်သည့် ဝိပဿနာကုသိုလ် အနှစ်သာရကို ထုတ်ယူနိုင်ကြပေသည်။

ဆောင်ပုဒ် ။ ။ အကြောင်းလေးဖြာ၊ ဆိုဖို့ရာ၊ လွန်စွာခဲယဉ်းသည်။
ဆိုခဲလှစွာ၊ ကြောင်းလေးဖြာ၊ ဆိုကာနေကြပြီ။

ဤအကြောင်းလေးဖြာ ဆိုခိုက်မှာ နည်းမှန်လမ်းမှန် သတိပဋ္ဌာန် ဝိပဿနာတရားကို အားထုတ်ကြပါလျှင် အပါယ်တံခါးကို ပိတ်စေနိုင်သည့် အရိယာမဂ်များကို ရရှိသွားကြမည် ဖြစ်ပေသည်။

ဆောင်ပုဒ် ။ ။ အကြောင်းလေးဖြာ၊ ဆိုခိုက်မှာ၊ အရိယာမဂ်ဟာ ရသင့်သည်။

အရိယာမဂ်တွေဆိုသည်မှာ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ် ဟူ၍ လေးမျိုးရှိပေသည်။ ထိုလေးမျိုးတို့တွင် သောတာ ပတ္တိမဂ်ကို ရလိုက်သည်နှင့် တစ်ပြိုင်နက် အနမတဂ္ဂသံသရာ = အစမထင် သံသရာတစ်ခွင်၌ ဖြစ်ခဲ့ရသည့် ဘဝပေါင်းများစွာတို့က မှသိမိုက်များ၍ ပြုလုပ် ခဲ့မိသည့် အပါယ်ငရဲသို့ ကျရောက်စေနိုင်သော ကံဆိုး ကံဟောင်းများကို သောတာပတ္တိမဂ်ဉာဏ်က အပြီးတိုင် ပယ်သတ်လိုက်ပေသည်။ နောင်ဘယ်သောအခါမှ အပါယ်သံသရာအတွက် အကျိုးပေးခွင့် မရတော့ပေ၊ အပါယ်သံသရာမှ အပြီးတိုင် လွတ်မြောက်သွားကြရပေသည်။

ယခုဘဝမှာလည်း ငယ်ရွယ်စဉ်အခါက မသိမိုက်များ၍ ပြုလုပ်ခဲ့မိသည့် အပါယ်ငရဲသို့ ကျစေနိုင်သော ကံဆိုး ကံဟောင်းများ ရှိခဲ့လျှင်လည်း ထိုကံဆိုး ကံဟောင်းများကို သောတာပတ္တိမဂ်ဉာဏ်က အပြီးတိုင် ပယ်သတ်လိုက်ပေသည်။ နောင်ဘယ်သောအခါမှ အပါယ်သံသရာအတွက် အကျိုးပေး

http://www.dhammadownload.com



ခွင့် မရတော့ပေ၊ အပါယ်သံသရာမှ အပြီးတိုင် လွတ်မြောက်သွားကြရပေသည်။ ဤကဲ့သို့ အပါယ်သံသရာမှ အပြီးတိုင် လွတ်မြောက်သွားရခြင်းသည် လည်း အသက်ရှင်ခိုက်မှာ အသက်ထဲမှ ဝိပဿနာကုသိုလ် အနှစ်သာရကို ထုတ်ယူရခြင်း၏ အကျိုးပင် ဖြစ်ပေသည်။

ဝိပဿနာ အနှစ်သာရကို ထုတ်ယူ၍ အမှတ်များ ပြည့်သွားသော အခါ သောတာပန် ဖြစ်သွားကြပေသည်။ သောတာပန်ဖြစ်သွားသည်နှင့် တစ်ပြိုင်နက် ဘဝသံသရာမှာ မကြောက်မရွံ့ ကျင်လည်၍ ရသွားကြပေသည်။ ယခုဘဝမှ ကွယ်လွန်သွားလျှင် ငရဲသို့များ ကျသွားရဦးမည်လော . . .၊ တိရစ္ဆာန်ဘဝများသို့ ရောက်သွားရဦးမည်လော . . .၊ ပြိတ္တာဘဝသို့ ရောက် သွားရဦးမည်လော . . .၊ အလွန်ရုပ်ရည်ဆိုးဝါးသည့် အသုရကာယ်ဘဝများသို့ ရောက်သွားရဦးမည်လော . . . ဟူ၍ပင် ယုံမှား သံသယများ မရှိကြတော့ပေ၊ မိမိသည် ဤယုတ်နိမ့်သော ဘုံဘဝများသို့ မရောက်နိုင်တော့ပေ ဟု ဆုံးဖြတ် ကာ ဘဝသံသရာမှာ မကြောက်မရွံ့ ကျင်လည်၍ ရရှိသွားပေသည်။

ဤကဲ့သို့ ဘဝသံသရာမှာ မကြောက်မရွံ့ ကျင်လည်၍ ရသွားခြင်း သည်လည်း အသက်ရှင်နေခိုက်မှာ အသက်ထဲမှ ဝိပဿနာကုသိုလ် အနှစ် သာရကို ထုတ်ယူရခြင်း၏ အကျိုးပင် ဖြစ်ပေသည်။

ဘဝသံသရာမှာ ကျင်လည်ရသည့်အခါမှာလည်း ယခုဘဝထက် စိတ် နေစိတ်ထား မြင့်မြတ်သည့်ဘဝ၊ ယခုဘဝထက် အမျိုးအနွယ်အားဖြင့် မြင့်မြတ် သည့်ဘဝ၊ ယခုဘဝထက် ပစ္စည်းဥစ္စာများ ပေါများ ကြွယ်ဝသည့်ဘဝ၊ ယခု ဘဝထက် ရုပ်ရည်အဆင်း လှပတင့်တယ်သည့် ဘဝများသို့ (များသောအား ဖြင့်) ရောက်သွားကြရပေသည်။ သောတာပန်စသော အရိယာဖြစ်ပြီးသော ပုဂ္ဂိုလ်တို့သည် ယခုဘဝအောက် ယုတ်နိမ့်သည့် ဘဝများ၌ မဖြစ်ကြရတော့ ပေ၊ ယခုဘဝထက် မြင့်မြတ်သည့် ဘဝများ၌သာ ဖြစ်ကြရပေသည်။

http://www.dhammadownload.com



ဤကဲ့သို့ ယခုဘဝထက် မြင့်မြတ်ရာ ဘုံဘဝများ၌ ဖြစ်ကြရခြင်းသည်လည်း အသက်ရှင်နေခိုက်မှာ အသက်ထဲမှ ဝိပဿနာကုသိုလ် အနှစ်သာရကို ထုတ်ယူရခြင်း၏ အကျိုးပင် ဖြစ်ပေသည်။

ဝိပဿနာကုသိုလ်အနှစ်သာရကို ထုတ်ယူ၍ သောတာပန်ဖြစ်ပြီးသော ပုဂ္ဂိုလ်တို့သည် မြင့်မြတ်ရာ မြင့်မြတ်ရာ ဘုံဘဝတို့၌ ဖြစ်ကြရ၍ ဘဝချမ်းသာများ နှင့် တွေ့သွားကြရသောကြောင့် ဝိပဿနာတရား အားထုတ်မှုကို မေ့သွားကြပါလျှင်လည်း ခုနစ်ဘဝသာ မေ့နိုင်ကြပေသည်။ ခုနစ်ဘဝပြည့်သွားသောအခါ အထူးသံဝေဂရပြီး ဝိပဿနာတရားကို အားထုတ်ကြသဖြင့် ရဟန္တာဖြစ်ကာ နိဗ္ဗာန်သို့ ဝင်စံကြရပေသည်။

ဤကဲ့သို့ ရဟန္တာဖြစ်ပြီး နိဗ္ဗာန်သို့ ဝင်စံရခြင်းသည်လည်း အသက်ရှင်ခိုက်မှာ အသက်ထဲမှ ဝိပဿနာကုသိုလ် အနှစ်သာရကို ထုတ်ယူရခြင်း၏ အကျိုးပင် ဖြစ်ပေသည်။ အနှစ်သာရသုံးပါး တရားကို အကျယ် ဟောကြားတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။

## အကျဉ်းဆောင်ပုဒ်များ

ပစ္စည်းထဲမှ၊ ထုတ်ယူရ၊ ဒါနအနှစ်မည်။
ခန္ဓာကိုယ်မှ၊ ထုတ်ယူရ၊ သီလအနှစ်မည်။
သက်ဇီဝမှ၊ ထုတ်ယူရ၊ ဝိပဿအနှစ်မည်။

ဤကဲ့သို့ အနှစ်သာရသုံးပါးတရားကို နာကြားရသဖြင့် နာကြားရသောအတိုင်း လိုက်နာ ကျင့်ကြံပွားများ အားထုတ်နိုင်ကြပြီးလျှင် မိမိတို့ အလိုရှိအပ် တောင့်တအပ်သည့် တရားထူး တရားမြတ်တို့ကို ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို လွယ်ကူသော အကျင့်ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း . . .။

သာဓု . . . သာဓု . . . သာဓုပါဘုရား . . .။

http://www.dhammadownload.com



## တရားသိမ်းပွဲ မေတ္တာပို့

အရပ်ဆယ်မျက်နှာနေ၊ အားလုံးသောသတ္တဝါတွေ၊ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာစွာဖြင့်၊ မိမိတို့ခန္ဓာဝန်ကို၊ ရွက်ဆောင်နိုင်ကြပါစေ ...။

သာဓု ... သာဓု ... သာဓုပါဘုရား ...။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# အမျှဝေကာ မိ-ဘကျေးဇူးဆပ်ပါ

ဂျပန်နိုင်ငံ နာဂိုယာမြို့မှ ဒေါက်တာသန်းအုန်း + ဒေါ်ခင်ဖုန်းမြင့်နှင့် သမီး မဆုမွန်တို့က တရားဟော၊ တရားပြ ပင့်လျှောက်ကြသဖြင့် ဆရာတော်နှင့် ဦးတင်ဦးလှိုင်တို့သည် အမေရိကန်နိုင်ငံ တရားစခန်း ၆-ခုတို့၌ တရားဟောတရားပြဆောင်ရွက်ပြီး၍ အပြန်ခရီးတွင် ဘန်ကောက်မြို့မှ တစ်ဆင့် ၁၃၆၀-ပြည့်၊ နယုန်လဆုတ် ၁၂-ရက်၊ (၂၁-၆-၉၈) တနင်္ဂနွေနေ့တွင် နာဂိုယာမြို့သို့ ကြွလာခဲ့ကြပါသည်။ ဒေါက်တာသန်းအုန်း-ဒေါ်ခင်ဖုန်းမြင့်နှင့် သမီး မဆုမွန်တို့က မိမိတို့ နေအိမ်ကို ယာယီစံကျောင်းအဖြစ်ဖြင့် လှူဒါန်းကြသောကြောင့် ထိုအိမ်၌ပင် တရားဟော၊ တရားပြ ဆောင်ရွက်ကြပါသည်။

၁၃၆၀-ပြည့်၊ ဝါဆိုလဆန်း - ၁ရက် (၂၄-၆-၉၈)ဗုဒ္ဓဟူးနေ့သည် ဒေါက်တာသန်းအုန်း၏ ဖခင်ကြီး ဦးအုန်း ကွယ်လွန်ခဲ့သည့် ၂၁-နှစ် ၁လပြည့်နှင့် မိခင်ကြီး ဒေါ်ခင်သန်းသန်း (ကွယ်လွန်) ကို ရည်မှန်းသောနေ့ ဖြစ်ပေသည်။ ဒေါ်ခင်ဖုန်းမြင့်၏မိခင်ကြီး ဒေါ်ခင်နု ကွယ်လွန်ခဲ့သည့် ၈-နှစ် နှင့် ၈-လပြည့်သောနေ့လည်း ဖြစ်ပေသည်။ ထို့ကြောင့် ထိုဗုဒ္ဓဟူးနေ့၌ အရုဏ်ဆွမ်းကပ်ပြီးသောအခါ ကွယ်လွန်သွားကြသော မိ-ဘများကို ရည်မှန်း၍ ဆရာတော်အား တိစီဝရိတ်သင်္ကန်း ၃-ထည်ကိုလည်း လှူဒါန်းကြပေသည်။ ဆရာတော်၏ နဝကမ္မအတွက် ရည်မှန်း၍ ဂျပန်ယန်း နဝကမ္မ ဝတ္ထုငွေများကိုလည်း လှူဒါန်းကြပေသည်။

ဤကဲ့သို့ လှူဒါန်းကြရာ၌ မြတ်စွာဘုရား၏ တရားဒေသနာတော်အရ မိ-ဘများအတွက် ရည်မှန်း၍ ကောင်းမှုကုသိုလ်များ ပြုလုပ်ကာ အမျှဝေကြရပေသည်၊ အမျှဝေသောအားဖြင့် မိ-ဘများ၏ ကျေးဇူးကို ဆပ်ကြရပေသည်၊ မိ-ဘတို့၏ ကျေးဇူးတို့သည် ဆပ်လို့မကြေနိုင်လောက်အောင် ကြီးမားကြပေသည် ဟူ သော အဓိပ္ပါယ်များကို ဖော်ပြကာ တရားဟောကြားပေးခဲ့ရပါသည်။

http://www.dhammadownload.com



## ကျေးဇူးဆပ်ရ လွယ်ပုံ၊ ခက်ပုံ

ဟောကြားပေးခဲ့ပုံမှာ . . .

ကျေးဇူးကြီးမားလှသည့် မိ-ဘများ၏ ကျေးဇူးကို သား-သမီးများက အသက်ထင်ရှား ရှိနေကြသည့် မိ-ဘများ၏ ကျေးဇူးကိုလည်း ဆပ်ကြရပေသည်။ ကွယ်လွန်သွားကြသော မိ-ဘများ၏ ကျေးဇူးများကိုလည်း ဆပ်ကြရပေသည်။ အသက်ထင်ရှားရှိနေကြသည့် မိ-ဘများ၏ ကျေးဇူးကို ဆပ်ကြရခြင်းသည် လွယ်ကူကြပေသည်။

မိ-ဘများ ကြိုက်နှစ်သက်ကြသည့် ဘောဇဉ်အာဟာရများကို ချက်ပြုတ်ကာ လှူဒါန်းသောအားဖြင့်လည်း ကျေးဇူးဆပ်ကြရပေသည်။ အဝတ်အထည်များ ချုပ်လုပ်၍ လှူဒါန်းသောအားဖြင့်လည်း ကျေးဇူးဆပ်ကြရပေသည်။ မိ-ဘတို့၏ အဝတ်အထည်များကို ဖွတ်လျှော်ပေးခြင်းစသော ဝတ်ကြီး-ဝတ်ငယ်များကို ပြုလုပ်ပေးသောအားဖြင့်လည်း ကျေးဇူးဆပ်ကြရပေသည်။ ဤကဲ့သို့ ကျေးဇူးဆပ်ရတာ လွယ်ကူပေသည်။

အသက်ရှင်နေခိုက်မှာ ပုဂ္ဂိုလ်က ထင်ရှားရှိနေသောကြောင့် မိ-ဘများ၏ ကျေးဇူးကိုဆပ်ရတာ လွယ်ကူကြပေသည်။ ထို့ကြောင့် အသက်ထင်ရှားရှိနေကြသော မိ-ဘများကို အလူးသတိပြု၍ ကျေးဇူးဆပ်ကြရပေသည်။

ကွယ်လွန်သွားကြပြီးသော မိ-ဘများ၏ ကျေးဇူးကို ဆပ်ရသည်မှာ ပုဂ္ဂိုလ်က ထင်ရှားမရှိတော့တဲ့အတွက်ကြောင့် ကျေးဇူးဆပ်ရတာ မလွယ်ကူလှပေ။ မြတ်စွာဘုရား ပေးသနားတော်မူသော နည်းတစ်ပါးဖြင့်သာ ကျေးဇူးဆပ်လို့ ရကြပေသည်။

## အမျှဝေသောအားဖြင့် ကျေးဇူးဆပ်ရပုံ

မြတ်စွာဘုရား ပေးသနားတော်မူသောနည်းမှာ . . .

ယခုအခါ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်များ ပြုလုပ်နေကြသည့် အမျှဝေသောနည်းပင် ဖြစ်ပေသည်။ မိ-ဘများ အသက်ရှင်နေစဉ်က မိမိတို့ကို ထိုက်

http://www.dhammadownload.com



သင့်သော ပစ္စည်းဥစ္စာများပေးခဲ့ဖူးခြင်း၊ မိမိတို့အတွက် အကျိုးရှိအောင် ဆောင်ရွက်ပေးခဲ့ခြင်း စသော မိ-ဘများ၏ ဂုဏ်ကျေးဇူးများကို အစဉ်သတိရ အောက်မေ့လျက် မိ-ဘများအတွက် ရည်မှန်း၍ သီလ၊ သမာဓိ၊ ပညာ နှင့် ပြည့်စုံကြသော ဆရာတော် သံဃာတော်များနှင့် အသက်သိက္ခာ ဂုဏ်ဝါကြီးမားကြသော ပုဂ္ဂိုလ်တို့အား သင်္ကန်း၊ အဝတ်အထည်၊ စားဖွယ်သောက်ဖွယ်စသည့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းကြရပေသည်။

လှူဒါန်းပြီးသောအခါ ကွယ်လွန်သွားကြသော မိ-ဘများထံ ဤကောင်းမှုကုသိုလ် အဖို့အစုများ ရောက်သွားကြပါစေ ကွယ်လွန်သွားကြသည့် မိ-ဘများ ရရှိသွားကြပါစေ ဟု အမျှပေးဝေကြရပေသည်။ ဤကဲ့သို့ အမျှပေးဝေခြင်းသည် မြတ်စွာဘုရား ပေးသနားတော်မူသောနည်းဖြင့် ကွယ်လွန်သွားကြသော မိ-ဘများ၏ ကျေးဇူးကို ပြန်၍ဆပ်ကြခြင်းပင် ဖြစ်ပေသည်။

## ကျေးဇူးဆပ်တာ မင်္ဂလာ

မိ-ဘများ ကွယ်လွန်သွားကြခြင်းသည် လောကရေးရာဘက်က ကြည့်လျှင် ဉာတိဗျသန ဆုံးရှုံးနစ်နာပျက်စီးခြင်းတစ်ခုပင် ဖြစ်ပေသည်။ မိ-ဘများ၏ ကျေးဇူးများကို သိ၍ အမျှပေးဝေသောအားဖြင့် ကျေးဇူးပြန်ဆပ်ရသည့်အတွက်ကြောင့် မင်္ဂလာတစ်ပါးပင် ဖြစ်ပေသည်။ မင်္ဂလာဟူသည် မကောင်းသည့် အပြစ်ဒဏ်အမျိုးမျိုးတွေ ပျောက်ကွယ် ပျောက်ကွယ် သွားပြီးလျှင် ကောင်းကျိုး ချမ်းသာ အမျိုးမျိုးတွေ ရောက်ရှိ၊ ရရှိလာစေတတ်တဲ့ အတွက်ကြောင့် မင်္ဂလာဟု ဆိုရပါသည်။

## အထူးဝိသေသန - မ၍ အမျှဝေပုံ

ဤကဲ့သို့ အမျှဝေသောအားဖြင့် မိ-ဘတို့၏ ကျေးဇူးများကို ဆပ်ကြရာ၌ အမျှဝေရာတွင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး စသော ရှေ့ဆရာတော်ကြီးများက အထူး ဝိသေသန-မ၍ အမျှဝေစေကြပါသည်။

http://www.dhammadownload.com



ဤ ဆရာတော်ဘုရားကြီးများ၏ အမျှဝေစေသောနည်းဖြင့် အမျှဝေကြရပေသည်။ ကွယ်လွန်သွားကြသော မိ-ဘတို့သည် ဖြစ်လေရာ ရောက်လေရာ ဘုံဘဝများက နတ်၏ နား၊ နတ်၏ မျက်စိ၊ နတ်၏ ဝိညာဉ်များဖြင့် သိနိုင်၊ မြင်နိုင်၊ ကြားနိုင် ကြပြီးလျှင် သာဓု ခေါ်နိုင်ကြပါစေဟု အထူးဝိသေသန-မ၍ အမျှဝေကြရပေသည်။

နတ်တို့သည် လူတို့ကဲ့သို့ မဟုတ်ကြပေ။ သူတို့ကြားသိလိုသောအခါ မိုင်ပေါင်း သိန်း-သန်း-ကုဋေမက ဝေးကွာသည့် အရပ်ဒေသမှာ ရှိနေကြသည့် အသံသေး၊ အသံဝေးများကို ဒိဗ္ဗသောတ ဟုဆိုအပ်သော နတ်တို့၏ နားဖြင့် ကြား၍သိသွားနိုင်ကြပေသည်။ ထို့ကြောင့် နတ်၏နား၊ နတ်၏ မျက်စိ၊ နတ်၏ ဝိညာဉ်ဖြင့် သိနိုင်၊ မြင်နိုင်၊ ကြားနိုင်ကြပြီးလျှင် သာဓုခေါ်နိုင်ကြပါစေဟု အထူးဝိသေသန-မ၍ အမျှဝေကြရပေသည်။

ထိုကဲ့သို့ သားသမီးစသော မိသားစုတို့က အမျှဝေဆဲခဏ၌ ကွယ်လွန်သွားကြသော မိ-ဘများက ဖြစ်လေရာ၊ ရောက်လေရာ ဘုံဘဝများမှ ကြားသိကြ၍ သာဓု ခေါ်လိုက်ကြပါလျှင် သား-သမီးစသော မိသားစုတို့က ကောင်းမှုကုသိုလ်များကို ပြုပေးသည်နှင့်အမျှ၊ ပြုပေးသည်ထက်မကပင် မိ-ဘများမှာ ကောင်းကျိုးချမ်းသာ အမျိုးမျိုးတွေ ခံစားရရှိသွားနိုင်ကြပေသည်။ ရှေ့အတိတ်ဘဝများက ပြုခဲ့ကြသော ကောင်းမှုကုသိုလ်ကံများနှင့် ပေါင်းစပ်၍ နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားသည့်တိုင်အောင် မိ-ဘများမှာ အထောက်အပံ့ကောင်းများလည်း ဖြစ်သွားနိုင်ကြပေသည်။

## မိ-ဘတို့၏ကျေးဇူး ကြီးမားပုံ

ဤကဲ့သို့ သား-သမီးများက မိ-ဘများ၏ ကျေးဇူးကို အသက်ထင်ရှားရှိနေသည့် အခိုက်မှာလည်း ဆပ်ကြ၍ ကွယ်လွန်သွားပြီးသောအခါမှာလည်း ဆပ်ကြပါသော်လည်း မိ-ဘတို့၏ ကျေးဇူးတို့သည် ဆပ်လို့မကြေနိုင်၊ ဆပ်လို့မကုန်နိုင်ကြပေ၊ မိ-ဘတို့၏ ကျေးဇူးကို သိတတ်သည့် သား-သမီးတစ်ယောက်က အမိကို ညာဘက် ပခုံးတွင်ထမ်း အဘကို ဘယ်ဘက်

http://www.dhammadownload.com



ပခုံးတွင် ထမ်း၍ ပြုစုလုပ်ကျွေးပါသော်လည်း မိဘတို့၏ ကျေးဇူးတို့ကို ဆပ်လို့မကြေနိုင်၊ မကုန်နိုင်ပေ၊ တရားနှင့် ဆပ်မှသာ ကြေနိုင်၊ ကုန်နိုင်သည် ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

သီလနှင့် မပြည့်စုံကြသေးသော မိ-ဘများကို သီလနှင့်ပြည့်စုံလာ ရအောင် တရားဟောပြ၊ သမာဓိဉာဏ်များနှင့် မပြည့်စုံကြသေးသော မိ-ဘ များကို သမာဓိဉာဏ်များနှင့် ပြည့်စုံလာရအောင် တရားဟောပြမှသာ မိ-ဘ ကျေးဇူးကို ဆပ်လို့ကြေနိုင်၊ ကုန်နိုင်ကြပေသည်ဟု ဟောကြားတော်မူခဲ့ပါသည်။

မိဘတို့၏ ကျေးဇူးကြီးမားသည့် အကြောင်း-၃-ပါးတို့ကို သိဖို့ရာ အင်္ဂုတ္တိုရ် ပါဠိတော်၌ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

၁။ ဗြဟ္မာတိ မာတာပိတရော = မိ-ဘတို့သည် သားသမီးများအတွက် ဗြဟ္မာနှင့် တူကြပေသည်။

၂။ ပုဗ္ဗာစရိယာတိဝုစ္စရေ = မိ-ဘတို့သည် သားသမီးများအတွက် အကောင်းဆုံး လက်ဦးဆရာတို့ ဖြစ်ကြပေသည်။

၃။ အာဟုနေယျာစ ပုတ္တာနံ = မိ-ဘတို့သည် သားသမီးများအတွက် အကောင်းဆုံး ပူဇော်ရာ ဖြစ်ကြပေသည်ဟူ၍ ဟောကြားတော်မူခဲ့ပါသည်။

## မိ-ဘတို့ ဗြဟ္မာနှင့်တူပုံ

၁။ မိ-ဘတို့သည် သားသမီးများအတွက် ဗြဟ္မာနှင့် တူကြပေသည် ဟု ဟောကြားရာ၌ ဗြဟ္မာပြည်တွင် ရှိနေကြသော ဗြဟ္မာတို့သည် ဗြဟ္မစိုရ်တရား - ၄ပါး ပွားများကာ နေကြပေသည်။ တစ်လောကလုံးမှာရှိနေကြသော ပုဂ္ဂိုလ်သတ္တဝါတွေ ကိုယ်-စိတ်နှစ်ဖြာ ချမ်းသာကြပါစေဟူ၍ မေတ္တာပွားကာ၊

http://www.dhammadownload.com



ဆင်းရဲပဟူသမျှမှ လွတ်ကင်းသွားကြပါစေဟူ၍ သနားခြင်း ကရုဏာပွားကာ၊ မိမိတို့ ရရှိထားကြသည့် ချမ်းသာများ တည်မြဲတိုင်းမှာ တည်နိုင်ကြပါစေဟူ၍ ဝမ်းမြောက်ခြင်း မုဒိတာပွားကာ၊ ပုဂ္ဂိုလ်သတ္တဝါတွေ ချမ်းသာ၊ ဆင်းရဲများနှင့် တွေ့နေကြရခြင်းသည် ကမ္မသကာ၊ ကမ္မယောနိ-ကံကြောင့်ပင် ဖြစ်ပေသည်ဟူ၍ လျစ်လျူရှုခြင်း ဥပေက္ခာပွားကာ ဗြဟ္မစိုရ်တရား ၄-ပါး နှင့် နေကြပေသည်။

ထို့အတူ မိ-ဘတို့သည်လည်း သား-သမီးတို့အပေါ်၌ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရား ၄-ပါးနှင့် အမြဲတမ်းလိုပင် ပွားများ၍နေကြသောကြောင့် မိ-ဘတို့သည် သား-သမီးများအတွက် ဗြဟ္မာနှင့် တူကြပေသည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

မိ-ဘတို့သည် သား-သမီးများနှင့် အတူတကွ နေထိုင်ကြရသောအခါ သား-သမီးများကို မြင်တိုင်း၊ တွေ့တိုင်း "ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးရန်အန္တရာယ်တွေကင်းကြပါစေ" ဟူသော မေတ္တာမှာ အလိုလိုပွားပြီးသား ဖြစ်နေကြပေသည်။ တိုင်းတစ်ပါး၊ အရပ်တစ်ပါးသို့ ရောက်နေကြသည့် သား-သမီးများအတွက်လည်း သတိရတိုင်း သတိရတိုင်း "ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးရန်အန္တရာယ်တွေကင်းကြပါစေ"ဟူသော မေတ္တာမှာ အလိုလိုပွားပြီးသား ဖြစ်နေကြပေသည်။

မိ-ဘတို့သည် သားငယ် သမီးငယ်များ ထိခိုက်နာကျင်ခြင်း ဒုက္ခဝေဒနာ၊ ဖျားနာခြင်း ဒုက္ခဝေဒနာများ ခံစားနေရသည်ကို တွေ့မြင်ကြရသောအခါ အလွန်သနားခြင်း ကရုဏာ ဖြစ်ကြပေသည်။ ထိုသနားခြင်း ကရုဏာဖြင့် သားသမီးများ၏ ဆင်းရဲဒုက္ခအမျိုးမျိုးတို့မှ လွတ်မြောက်ကြောင်းများကို အကြိမ်ကြိမ် အဖန်ဖန် ပြုလုပ်ပေးကြပေသည်။ ဤကဲ့သို့ မိ-ဘများ၏ သနားခြင်း ကရုဏာများသည်လည်း မရေမတွက်နိုင်လောက်အောင် များပြားလှပေသည်။ ထို့ကြောင့်လည်း မိ-ဘတို့၏ ကျေးဇူးတို့သည် မရေမတွက်နိုင်လောက်အောင် များပြားခြင်း ဖြစ်ကြရပေသည်။

မိ-ဘတို့သည် သားငယ်၊ သမီးငယ်များ ကျန်းကျန်းမာမာနှင့် ရွှင်ရွှင်ပြပြ နေထိုင်ကြတာ၊ အတတ်ပညာတွေ သင်နေကြတာများကို မြင်ရသော

http://www.dhammadownload.com



အခါ အလွန့်ပင် ဝမ်းမြောက်ခြင်း မုဒိတာများ ဖြစ်ကြရပေသည်။ "သားငယ်၊ သမီးငယ်တို့မှာ ရရှိထားသော ချမ်းသာများ မဆုတ်ယုတ်သွားကြပါစေလင့်၊ တည်မြဲတိုင်းမှာတည်နိုင်ကြပါစေ"ဟူသော ဝမ်းမြောက်ခြင်း မုဒိတာတို့သည်လည်း အကြိမ်ကြိမ် အဖန်ဖန် ဖြစ်ကြရပေသည်။ ဤကဲ့သို့ မိ-ဘတို့၏ ဝမ်းမြောက်ခြင်း မုဒိတာတို့သည်လည်း မရေမတွက်နိုင်အောင် များပြားလှပေသည်။ ထို့ကြောင့်လည်း မိ-ဘတို့၏ ကျေးဇူးသည် မရေမတွက်နိုင်လောက်အောင် များပြားရခြင်း ဖြစ်ကြရပေသည်။

"မိ-ဘတို့သည် သားငယ် သမီးငယ်တို့အပေါ်၌ အကောင်းနှင့် အဆိုး နှစ်ရပ်လုံးပင် ဖြစ်ချင်ရာပဲဖြစ်စေတော့"ဟု လျစ်လျူရှုခြင်း ဥပေက္ခာစစ်စစ်တော့ မဖြစ်နိုင်ကြပေ။ ပညာတွေ တတ်မြောက်၍ လူ့ဘောင် လူ့လောကမှာ ရပ်တည်သွားနိုင်သော သား-သမီးများအတွက် သာမန်လျစ်လျူရှုသည့် ဥပေက္ခာမျှသာ ဖြစ်ကြပေသည်။ ဤကဲ့သို့ မိ-ဘတို့သည် သား-သမီးများအပေါ်၌ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ်တရား ၄-ပါး ပွားများ၍ နေကြသောကြောင့် ဗြဟ္မာနှင့် တူကြပေသည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

## အကောင်းဆုံးဆရာ လက်ဦးဆရာ ဖြစ်ပုံ

၂။ မိ-ဘတို့သည် သား-သမီးများအတွက် အကောင်းဆုံးဆရာ၊ လက်ဦးဆရာတို့ ဖြစ်ကြပေသည်ဟု ဟောကြားရာ၌ မိ-ဘတို့သည် သားငယ်၊ သမီးငယ်များ သိတတ်တဲ့အရွယ်မှစ၍ သားငယ် သမီးငယ်တို့ . . . ဤလိုမသွားနဲ့၊ ဤလိုသွားရတယ်၊ ဤလိုမထိုင်နဲ့၊ ဤလိုထိုင်ရတယ်၊ ဤလိုမစားနဲ့၊ ဤလိုစားရတယ်၊ ဤလိုရှိခိုးရတယ်၊ ဤလိုပုဂ္ဂိုလ်တွေကို ကိုးကွယ်ဆည်းကပ်ရတယ်၊ ဤလိုပုဂ္ဂိုလ်တွေကို ပေါင်းသင်းရတယ် စသည်ဖြင့် မေတ္တာ၊ ကရုဏာများ ရှေ့ထား၍ သင်ပြပေးကြပေသည်။

ပညာရှိ မိ-ဘတို့သည် သားငယ် သမီးငယ်တို့အား ဤကဲ့သို့လည်း အဆုံးအမပေးကြပေသည်။ သားငယ် သမီးငယ်တို . . . သအသက် မသတ်နဲ့၊

http://www.dhammadownload.com



သူ့အသက်သတ်ရင် အပါယ်ငရဲသို့ ကျပြီးသည့်အပြင် နောင်ဖြစ်လေရာ ဘဝတိုင်းတို့၌ ကိုယ့်အသက်တိုနေတတ်တယ်၊ သူတစ်ပါးတို့၏ သတ်ဖြတ်ခြင်းကို ခံရတတ်တယ်။ သူ့ဥစ္စာမခိုးနဲ့၊ သူ့ဥစ္စာခိုးရင် အပါယ်ငရဲသို့ ကျပြီးသည့်အပြင် နောင်ဖြစ်လေရာ ဘဝတိုင်းတို့၌ ကိုယ့်မှာ ပစ္စည်းဥစ္စာ ရှားပါးနေတတ်တယ်၊ မွဲနေတတ်တယ်၊ သူတစ်ပါး သားမယားကို မလွန်ကျူး မဖျက်ဆီးနဲ့၊ လွန်ကျူး ဖျက်ဆီးရင် အပါယ်ငရဲသို့ ကျပြီးသည့်အပြင် နောင်ဖြစ်လေရာ ဘဝတိုင်းတို့၌ ကိုယ့်ကို မြင်တဲ့သူတိုင်းက မုန်းနေတတ်တယ်၊ ရန်သူ -ရန်ဘက်တွေ များနေတတ်တယ်ဟုလည်း အဆုံးအမ ပေးကြပေသည်။

သားငယ် - သမီးငယ်တို့ . . . သူတစ်ပါးတို့မှာ အကျိုးစီးပွား ပျက်စီးသွားရအောင် လိမ်မပြောနဲ့၊ လိမ်ပြောရင် အပါယ်ငရဲသို့ ကျပြီးသည့်အပြင် နောင်ဖြစ်ရာ ဘဝတိုင်းတို့၌ ကိုယ်ပြောသည့်စကားကို မည်သူမှ နားမထောင်ချင်ဘဲ ဆန့်ကျင်ဘက် ပြုလုပ်တတ်ကြပေသည်။ ကောင်းတာပြောလည်း ဆိုးတာ ပြောတယ်လို့ပင် ထင်နေတတ်ကြပေသည်ဟုလည်း အဆုံးအမကို ပေးကြပေ သည်။

သားငယ် - သမီးငယ်တို့ . . . အရက်သေစာ မသောက်စားနဲ့၊ ၅ပါး သီလ သိက္ခာပုဒ်မှန်းကို လွန်ကျူးနိုင်လောက်အောင် အရက်သေစာ သောက်စားရင် အပါယ်ငရဲသို့ ကျပြီးသည့်အပြင် နောင်ဖြစ်လေရာ ဘဝတိုင်းတို့၌ ရူးသွပ်နေတတ်သည်၊ သတိမေ့တတ်သည်၊ ဉာဏ်တုံးတတ်သည်၊ အရှက်အကြောက် ကင်းမဲ့နေတတ်သည် စသည်ဖြင့် မေတ္တာ၊ ကရုဏာရှေ့ထား၍ အဆုံးအမပေးကြပေသည်။ ဤကဲ့သို့ ပြောဆိုဆုံးမပေးလိုက်ခြင်းသည် သားငယ်၊ သမီးငယ်တို့အတွက် အကောင်းဆုံး အဆုံးအမများ ဖြစ်ကြပေသည်။ တစ်သက်ပတ်လုံး မမေ့နိုင်သည့် အဆုံးအမများ ဖြစ်ကြပေသည်။ ထို့ကြောင့် မိ-ဘတို့သည် သား-သမီးများအတွက် အကောင်းဆုံးဆရာ၊ လက်ဦးဆရာ ဖြစ်ပေသည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

တရားနာ ပရိသတ်မိသားစုများ လူ့ဘောင် လူ့လောကမှာ ယခုလိုတင့်တင့်တယ်တယ် ချမ်းချမ်းသာသာ နေနိုင်ကြသည်မှာ မည်သူ့အဆုံးအမကို ခံယူခဲ့လို့လဲ . . . ဟု ဆိုပါလျှင် မိဘများ၏ အဆုံးအမများကို ခံယူခဲ့

http://www.dhammadownload.com



လို့ပင် ဖြစ်ကြပေသည်။ မိ-ဘတို့၏ အဆုံးအမများကို ခံယူခဲ့ကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့၏ မိ-ဘများကို မတွေ့ရ မမြင်ရငြား သော်လည်း သူတို့၏ မိ-ဘများမှာ ပြည့်စုံနေကြသည့် ဗုဒ္ဓယဉ်ကျေးမှု၊ လူမှု ရေးယဉ်ကျေးမှုတို့ကို သား-သမီးတို့၏ ယဉ်ကျေးမှုများမှ မှန်းဆ၍ သိကြရ ပေသည်။ မိ-ဘတို့၏ အဆုံးအမများသည် ဘယ်အရပ်ဒေသသို့ ရောက်ရောက် မမေ့ကြတော့ပေ။ ထို့ကြောင့် မိ-ဘတို့သည် သား-သမီးတို့အတွက် အကောင်း ဆုံး လက်ဦးဆရာ ဖြစ်ကြပေသည်။ ဤဂုဏ်ကျေးဇူးတို့ကြောင့်လည်း မိ-ဘ တို့၏ ကျေးဇူးတို့သည် ဆပ်လို့မကြေနိုင်လောက်အောင် ဆပ်လို့မကုန်နိုင် လောက်အောင် ဖြစ်ကြရပေသည်။

## အကောင်းဆုံး ပူဇော်ရာ ဖြစ်ပုံ

မိ-ဘတို့သည် သား-သမီးများအတွက် "အကောင်းဆုံးပူဇော်ရာဖြစ် ကြပေသည်" ဟု မြတ်စွာဘုရား ဟောကြားရာ၌ မိ-ဘတို့သည် အရိယာ သံဃာတော်များ၌ ရှိကြသော အာဟုနေယျဂုဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့ ဖြစ်ကြပေသည်။ ထို့ကြောင့် အကောင်းဆုံး ပူဇော်ရာ ဖြစ်သည့် ပုဂ္ဂိုလ်များ ဖြစ်ကြပေသည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

မိ-ဘတို့ကို သား-သမီးများက ရှိခိုးဦးချ၍လည်း ပူဇော်ကောင်းပါသည်၊ အဝတ်အထည်များ ချုပ်လုပ်ကာ လှူဒါန်း၍လည်း ပူဇော်ကောင်းပါသည်။ စားဖွယ် သောက်ဖွယ်များ ချက်ပြုတ်ကာ လှူဒါန်း၍လည်း ပူဇော်ကောင်းပါ သည်။ ခြေလက် ဆုပ်နယ်ပေးခြင်းစသော ဝတ်ကြီး၊ ဝတ်ငယ်များ ပြုလုပ် ပေး၍လည်း ပူဇော်ကောင်းပါသည်။

မိခင်ဖြစ်သူ မကျန်းမမာ ဖြစ်လာသောအခါ သားဖြစ်သူက ခြေ-လက် စသည်များကို ဆုပ်နယ်နှိပ်နင်းပေးခြင်း၊ အဝတ်အထည်များကိုဖွတ်လျှော် ပေးခြင်း၊ မသန့်ရှင်းသည်များကို သန့်ရှင်းအောင် ကိုယ်ထိလက်ရောက် သုတ်သင်ပေးခြင်း၊ စားဖွယ်သောက်ဖွယ်များကို ချက်ပြုတ်စီမံ၍ ပါးစပ်ထဲ ရောက်အောင် ခွံ့ပေးခြင်းစသည်များကို ပြုစုပေးနိုင်ကြပေသည်။

http://www.dhammadownload.com



မိခင်နှင့် သားတို့သည် အမျိုးသား၊ အမျိုးသမီးအနေအားဖြင့် အသွင်ပင် မတူကြပြားသော်လည်း မိခင်က အရိယာသံဃာမှာရှိသည့် အာဟုနေယျဂုဏ်နှင့် ပြည့်စုံသည့်ပုဂ္ဂိုလ်ဖြစ်သောကြောင့် အနီးကပ်ပြုစုကောင်းပါသည်။ ပူဇော်ကောင်းပါသည်။

ဖခင်ဖြစ်သူ မကျန်းမမာဖြစ်လာသောအခါ သမီးဖြစ်သူက ခြေ-လက်စသည်များကို ဆုပ်နယ်နင်းနှိပ်ပေးခြင်း၊ အဝတ်အထည်များကို ဖွတ်လျှော်ပေးခြင်း၊ မသန့်ရှင်းသည်များကို သန့်ရှင်းအောင် ကိုယ်ထိလက်ရောက် သုတ်သင်ပေးခြင်း၊ စားဖွယ်သောက်ဖွယ်များကို ချက်ပြုတ်စီမံ၍ ပါးစပ်ထဲရောက်အောင် ခွံ့ပေးခြင်းစသည်များကို ပြုစုပေးနိုင်ကြပေသည်။

ဖခင်နှင့်သမီးတို့သည် အမျိုးသမီး အမျိုးသား အနေအားဖြင့် အသွင်ပင် မတူကြပြားသော်လည်း ဖခင်က အရိယာသံဃာ၌ရှိသော အာဟုနေယျဂုဏ်နှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်ဖြစ်သောကြောင့် အနီးကပ် ပြုစုကောင်းပါသည်။ ပူဇော်ကောင်းပါသည်။ ဤကဲ့သို့ အကောင်းဆုံး ပူဇော်ရာဖြစ်သည့် ဂုဏ်ကျေးဇူးများကြောင့်လည်း မိ-ဘတို့၏ ကျေးဇူးတို့သည် ဆပ်လို့မကြေနိုင်လောက်အောင် ဆပ်လို့ မကုန်နိုင်လောက်အောင် ဖြစ်ကြရပေသည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

ဤကဲ့သို့ မိ-ဘတို့သည် ဗြဟ္မာနှင့်တူသော ဂုဏ်၊ အကောင်းဆုံးဆရာ၊ လက်ဦးဆရာဖြစ်သောဂုဏ်၊ အကောင်းဆုံးပူဇော်ရာဖြစ်သောဂုဏ် ဟူသော ဂုဏ်ကျေးဇူး (၃)ပါးတို့ကြောင့် မိ-ဘတို့၏ ကျေးဇူးတို့သည် ဆပ်လို့ မကြေနိုင်၊ ဆပ်လို့မကုန်နိုင်ဘဲ ဖြစ်ကြရပေသည်။

## မှတ်သားဖွယ် ဆောင်ပုဒ်များ

၁။ မိ-ဘဟူသည်၊ ဗြဟ္မာတူ၏။ လက်ဦးဆရာ၊ ပူဇော်ရာ၊ မှန်စွာ ဖြစ်ပေသည်။

၂။ ထို့ကြောင့်ပင်လျှင်၊ ကျေးဇူးရှင်၊ အစဉ် ဖြစ်ပေသည်။

http://www.dhammadownload.com



ယနေ့ပြုလုပ် ဆောင်ရွက်ကြသည်မှာ ဒေါက်တာ သန်းအုန်း + ဒေါ်ခင်ဖုန်းမြင့် နှင့် သမီး မဆုမွန် မိသားစုတို့က ကွယ်လွန်သွားကြသော မိ-ဘတို့၏ ကျေးဇူးတို့ကို အစဉ်သတိရ သိကြ၍ ကောင်းမှုများ ပြုလုပ်ကာ အမျှဝေသောအားဖြင့် ကျေးဇူးဆပ်ကြခြင်းပင် ဖြစ်ပေသည်။

ဤကဲ့သို့ မိ-ဘတို့၏ ကျေးဇူးကို အစဉ်သိ၍ ကျေးဇူးဆပ်ကြသော သားသမီးတို့သည် ယခုဘဝမှာလည်း ကိုယ်ချမ်းသာ စိတ်ချမ်းသာနှင့် လောကီ-လောကုတ္တရာ နှစ်ဖြာသော အကျိုးတရားများ တိုးပွားအောင် ဆောင်ရွက်နိုင်ကြမည် ဖြစ်ပေသည်။ နောက်နောင်ဘဝများမှာလည်း နိဗ္ဗာန်ရောက်သည့် ဘဝတိုင်အောင် လောကီ-လောကုတ္တရာ နှစ်ဖြာသော အကျိုးတရားများ တိုးပွားအောင် ဆောင်ရွက်နိုင်ကြမည် ဖြစ်ပေသည်ဟု ဟောကြားပေးခဲ့ရပါသည်။

ဤကဲ့သို့ မိ-ဘတို့၏ ဂုဏ်ကျေးဇူးများကို အစဉ်သိကြ၍ ကွယ်လွန် သွားကြသော မိ-ဘတို့အား အမျှဝေသောအားဖြင့် ကျေးဇူးဆပ်ကြရမည် ဟူသော တရားတော်ကို နာကြားရသဖြင့် နာကြားရသောအတိုင်း လိုက်နာ၊ ကျင့်ကြံ၊ ပွားများ၊ အားထုတ်နိုင်ကြပြီးလျှင် မိမိတို့အလိုရှိအပ်၊ တောင့်တအပ် သော တရားထူး တရားမြတ်တို့ကို ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာဖြစ်သော နိဗ္ဗာန် ချမ်းသာကို လွယ်ကူသောအကျင့်ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက် ပြုနိုင်ကြပါစေ ကုန်သတည်း။

သာဓု . . . သာဓု . . . သာဓု . . . ။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်
(၂၅-၆-၁၉၉၈)
ခေတ္တ-နာဂိုယာ

http://www.dhammadownload.com

# ဗုဒ္ဓဘာသာအဖြစ်မှ ပြောင်းနိုင် - မပြောင်းနိုင်

ဂျပန်နိုင်ငံ၊ နာဂိုယာမြို့မှ ဒေါက်တာသန်းအုန်း၊ ဒေါ်ခင်ဖုန်းမြင့် နှင့် သမီး မဆုမွန်တို့က တရားဟော တရားပြ ပင့်လျှောက်ကြသဖြင့် ဆရာတော်နှင့် ဦးတင်ဦးလှိုင်တို့သည် အမေရိကန်နိုင်ငံ တရားစခန်း(၆)ခုတို့မှ တရားဟော၊ တရားပြဆောင်ရွက်ခဲ့ကြပြီး၍ အပြန်ခရီးတွင် ဘန်ကောက်မြို့မှတစ်ဆင့် ၁၃၆၀ပြည့်၊ နယုန်လဆုတ် (၁၂)ရက်၊ (၂၁-၆-၉၈) တနင်္ဂနွေနေ့တွင် နာဂိုယာမြို့သို့ ကြွလာခဲ့ကြပါသည်။ ဒေါက်တာသန်းအုန်း၊ ဒေါ်ခင်ဖုန်းမြင့် နှင့် သမီး မဆုမွန်တို့က မိမိတို့၏ နေအိမ်ကို ယာယီစံကျောင်းအဖြစ်ဖြင့် လှူဒါန်းကြသောကြောင့် ထိုအိမ်၌ပင် တရားဟော၊ တရားပြ ဆောင်ရွက်ကြပါသည်။

မေး ။ ။ ၁၃၆၀ပြည့်၊ ဝါဆိုလဆန်း (၄)ရက် (၂၇-၆-၉၈) စနေနေ့၊ နံနက်အရုဏ်ဆွမ်းစားပြီးသောအခါ ဒေါက်တာသန်းအုန်း၊ ဒေါ်ခင်ဖုန်းမြင့်တို့က တရားနှင့်စပ်သော သိဖွယ်ရာများကို လျှောက်ထားကြပါသည်။ ထိုသို့ လျှောက်ထားရာတွင် ဒေါ်ခင်ဖုန်းမြင့်က လျှောက်ထားသည်မှာ ဗုဒ္ဓဘာသာဝင်ဖြစ်သူတစ်ဦးသည် နောင်ဘဝများတွင် ဗုဒ္ဓဘာသာမဟုတ်သည့် တိုင်းပြည်များမှာ သွားရောက်၍ ဖြစ်နိုင်ပါသလား . . .၊ ဗုဒ္ဓဘာသာမှ တစ်ခြားသော ဘာသာသို့လည်း ပြောင်းသွားနိုင်ပါသလား . . . ဟု လျှောက်ထားပါသည်။

ဖြေ ။ ။ ဗုဒ္ဓဘာသာဝင်တစ်ဦးသည် နောင်ဘဝများတွင် ဗုဒ္ဓဘာသာ မဟုတ်သည့် တိုင်းပြည်များ၌ သွားရောက်၍ ဖြစ်နိုင်ပါသည်။ သောတာပန်စသော အရိယာ မဖြစ်သေးလျှင် ဗုဒ္ဓဘာသာမှ တစ်ခြားသော ဘာသာသို့လည်း ပြောင်းသွားနိုင်ပေသည်။ သောတာပန်စသော အရိယာဖြစ်ပြီးသော ဗုဒ္ဓဘာသာဝင်

http://www.dhammadownload.com



ပုဂ္ဂိုလ်တို့သည် သောတာပန်ဖြစ်သည်မှစ၍ ဗုဒ္ဓဘာသာမဟုတ်သော တိုင်းပြည်များ၌ သွားရောက်၍ ဖြစ်ပါသော်လည်း ဗုဒ္ဓဘာသာမှတစ်ပါးသော အခြား ဘာသာသို့ ပြောင်းသွားခြင်း မရှိတော့ပေ။ ဗုဒ္ဓဘာသာတရား၌သာ မြဲမြံစွာ တည်နေကြပေသည်။

ဗုဒ္ဓဘာသာဝင်တစ်ဦးသည် နောင်ဘဝများတွင် ဗုဒ္ဓဘာသာ မဟုတ်သော တိုင်းပြည်များ၌ ဖြစ်နိုင်ခြင်း၏ အကြောင်းများမှာ ထိုဗုဒ္ဓဘာသာ မဟုတ်သော တိုင်းပြည်များ၌ ရှိနေကြသော သာယာဖွယ် အာရုံအမျိုးမျိုးတို့ကို သာယာ၍ စွဲလမ်းမှုများ ရှိနေသောကြောင့်ပင် ဖြစ်ပေသည်။

ဥပမာ . . . အမေရိကန်နိုင်ငံ၊ ဥရောပနိုင်ငံ၊ ဂျပန်နိုင်ငံ စသော သာယာဖွယ် ရုပ်ဝတ္ထုများ အလွန်တိုးတက်နေကြသော နိုင်ငံများ၏ သာယာဖွယ် ရုပ်ဝတ္ထုများ၏ တိုးတက်နေပုံတို့ကို စာစောင်များ၊ သတင်းစာများ၌ ဖတ်ရှုရ၍ဖြစ်စေ၊ ရုပ်မြင်သံကြားများ၌ ကြည့်ရှုရ၍ဖြစ်စေ၊ ထို တိုင်းပြည်နိုင်ငံများသို့ ကိုယ်တိုင်သွားရောက်ကာ တွေ့မြင်ရ၍ဖြစ်စေ၊ သာယာမှု၊ စွဲလမ်းမှုများ ဖြစ်လာတတ်ကြပေသည်။

ဤကဲ့သို့ မြင်စဉ်၊ တွေ့စဉ်၊ ကြားစဉ်က ဖြစ်လာခဲ့သော သာယာမှု စွဲလမ်းမှုများ ရှိခဲ့ကြသော ပုဂ္ဂိုလ်တို့သည် ထိုတိုင်းနိုင်ငံတို့၌ရှိကြသော သာယာဖွယ် စွဲလမ်းဖွယ်ဖြစ်သည့် ဝတ္ထုအာရုံတို့ကို ပြန်၍ သတိရတိုင်း သတိရတိုင်း သာယာမှု၊ စွဲလမ်းမှုများ အဖန်ဖန် အထပ်ထပ် ဖြစ်နေတတ်ကြပေသည်။ ယင်းကဲ့သို့ အဖန်ဖန် အထပ်ထပ် ဖြစ်နေသည့် သာယာမှု၊ စွဲလမ်းမှုတို့ကြောင့် ဗုဒ္ဓဘာသာဝင်တစ်ဦးသည် နောင်ဘဝများတွင် ဗုဒ္ဓဘာသာမဟုတ်သော တိုင်းပြည်များ၌ သွားရောက်၍ ဖြစ်နိုင်ပေသည်။ ဗုဒ္ဓဘာသာမှတစ်ပါး အခြားသော ဘာသာတစ်ခုခု သို့လည်း ပြောင်းသွားနိုင်ပေသည်။

သောတာပန်စသော အရိယာဖြစ်ပြီးသော ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် သောတာပန် ဖြစ်သည်မှစ၍ အယူလွဲ၊ အယူမှား ဖြစ်သည့် ဒိဋ္ဌိ၊ ရတနာသုံးပါး နှင့် ကံ၊ ကံ၏အကျိုးစသည်တို့၌ ယုံမှား သည့် ဝိစိကိစ္ဆာနှင့် မဂ္ဂင်မပါသော တိရစ္ဆာန် စသည်တို့၏ အကျင့်ဖြင့် နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားနိုင်သည်ဟု ယူဆသည့် သီလဗ္ဗတပရာမာသတို့ကို အကြွင်းမဲ့ ပယ်ထားပြီး ဖြစ်

http://www.dhammadownload.com



ကြသောကြောင့် နောင်ဘဝများတွင် ဗုဒ္ဓဘာသာမဟုတ်သော တိုင်းပြည်များ၌ သွားရောက်၍ ဖြစ်ပါသော်လည်း ဗုဒ္ဓဘာသာမှတစ်ပါးသော အခြားဘာသာ တစ်ခုခုသို့ ပြောင်းသွားခြင်း မရှိတော့ပေ။ ဗုဒ္ဓဘာသာတရား၌သာ မြဲမြံစွာ တည်နေကြပေသည်။

သောတာပန်စသော အရိယာမဖြစ်သေးသော ပုထုဇဉ်ပုဂ္ဂိုလ်များ၏ ဝတ္ထုအာရုံတို့၌ သာယာမှုသည် တရားကိုယ်အားဖြင့် လောဘတဏှာပင် ဖြစ်ပေသည်။ စွဲလမ်းမှုသည် လောဘတဏှာကြောင့် ဖြစ်သော ဥပါဒါန်ဖြစ်ပေသည်။ ထိုတဏှာနှင့် ဥပါဒါန်ရှိနေကြသော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် မဖြစ်သင့်၊ မဖြစ်ထိုက်သော အရပ်ဒေသ၊ မရောက်သင့် မရောက်ထိုက်သော ဘုံဘဝတို့၌ ဖြစ်နေ ရောက်နေတတ်ကြပေသည်။ ရှေးအခါက ဤကဲ့သို့ မဖြစ်သင့် မဖြစ်ထိုက်သော ဘုံဘဝတို့၌ ဖြစ်ခဲ့ကြသည့် သာဓကများမှာ အများအပြားပင် ရှိခဲ့ကြပေသည်။

ထင်ရှားသော သာဓကမှာ . . . သိကြားမင်း၏သား ဂေါပကနတ်သားကို ဖြေဖျော်ကြသည့် အဆိုကျော် အကကျော် ဂန္ဓဗ္ဗနတ်သား (၃)ယောက်တို့ပင် ဖြစ်ကြပေသည်။ ဂေါပကနတ်သားသည် လူ့ဘဝ၌ဖြစ်စဉ်က ဂေါပိကာမည်သော သာကီဝင်မင်းသမီးဖြစ်ခဲ့ပေသည်။ ထိုမင်းသမီးသည် ရတနာ (၃)ပါးတို့၌ အလွန်ကြည်ညိုသောစိတ်ရှိ၏။ ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်း၍နေ၏။

ထို ဂေါပိကာမင်းသမီးသည် အမျိုးသမီးအဖြစ်ကို မနှစ်သက် အမျိုးသားအဖြစ်ကိုသာ နှစ်သက်သည်ဖြစ်၍ ဈာန်ရသည့် ရဟန်း (၃)ပါးကို ပြုစုလုပ်ကျွေးလျက်နေ၏။ ဂေါပိကာမင်းသမီးသည် ကွယ်လွန်သွားသောအခါ တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏သား ဂေါပကနတ်သား ဖြစ်လာ၏။ ဈာန်ရ ရဟန်း (၃)ပါးတို့သည် ဂေါပကနတ်သားကို အဆိုအကတို့ဖြင့် ဖြေဖျော်ကြသည့် ဂန္ဓဗ္ဗနတ်မျိုးတို့၌ဖြစ်လာကြပေ၏။ ဈာန်ရ ရဟန်းတို့သည် အမှန်အားဖြင့် အဘိဓမ္မာ ဒေသနာတော်အရ ဗြဟ္မာပြည်၌ ဖြစ်ကြရမည် ဖြစ်ပေသည်။ ယခုသော်ကားအတိတ်ဘဝများက ဖြစ်ခဲ့ဖူးသည့် ဂန္ဓဗ္ဗနတ်မျိုး၌ သာယာမှု၊ တဏှာ၊ စွဲလမ်းမှု ဥပါဒါန်တို့ရှိခဲ့ကြသောကြောင့် ယုတ်နိမ့်သည့်

http://www.dhammadownload.com



ဘုံဘဝ ကချေသည် ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်ကြရပေသည်။

ဤသာဓကကို ထောက်ထားသောအားဖြင့် ဗုဒ္ဓဘာသာဝင်တစ်ဦးသည် သာယာမှုတဏှာ၊ စွဲလမ်းမှု ဥပါဒါန်တို့ကြောင့် ဗုဒ္ဓဘာသာ မဟုတ်သောတိုင်းပြည်တို့၌ ဖြစ်နိုင်သည်မှာ ထင်ရှားလှပေသည်ဟု ဖြေကြားပေးခဲ့ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်